www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

ရူးရူ၍နက်ရှိုင်းသော

BURMESE CLASSIC .com



(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(မေသေတ္တာယိုလ်)

## ရူးရှုးနက်ရှိုင်းသော


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၄၀၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၂၁၁၀၇၁၁၀၁

၂၀၀၀ ခုနှစ်၊ ဧပြီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ - ဦး[illegible](၀[illegible])၊ [illegible]စာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ - ဦး[illegible](၅၅၇၄)၊ [illegible]-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။



၈၉၅.၈၃

ရှင်မိုး(မေသေတ္တာယိုလ်)

ရူးရှုးနက်ရှိုင်းသော/ရှင်မိုး(မေသေတ္တာယိုလ်)၊ ရန်ကုန်။

[illegible]စာပေ၊ ၂၀၀၀။

၂[illegible] စာ၊ ၁[illegible] စင်တီ။

(၁) ရူးရှုးနက်ရှိုင်းသော


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
## (ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com








အမ...

www.burmeseclassic.com

www.burmeseclassic.com







၁

ထိုအဖြစ်အပျက်တစ် ခု စတင်ဖြစ်ပွားလာရခြင်း၏ အစ်မြစ်ကိုကြည့်လျှင် သူ့ဘက်က နှုတ်ဆိတ်ဆော့မှုကြောင့်လည်း ကောင်း၊ မခံချင်စိတ် ကြီးမားလွန်းသောကြောင့်လည်းကောင်း၊ တစ်စုံတစ်ခုကိုဆိုလျှင် မရမက အဘင်းရယူလိုသော သူ့စရိုက်ကြောင့်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသောကြောင့်လည်းကောင်း တွေဖြင့်ဤသို့သော ဖြစ်နိုင်ခြေများရှိသည်။ အမှန်စင်စစ် ပြောရလျှင် လင်းခေးလို လူငယ်တစ်ယောက်နှင့် မိတ်ဆွေရင်းချာတစ်ယောက်ပမာ ပေါင်းသင်းသည့်အပြင် သည်ဆက်မက ပတ်သက်ချင်မှုများရှိသော ဦးကျော်ဆွေကလည်း သူ့ရဲ့အငြင်းသန်မှုကိုသိလျက် ဖွတ်မိုတ်၍ လောင်းကြေးထပ်ချင်ခဲ့တာသည်း သည်အဖြစ်၏ နိဒါန်းအစတည်း။



www.burmeseclassic.com

www.burmeseclassic.com



**အကယ်၍သာ (၁၉၉၄)ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ ကို စတင်ကတည်းက** သည်လိုစတင် လောင်းကြေးမထပ်ခဲ့ဘူး ဆိုလျှင် သူ ရှုံးစရာအကြောင်းမရှိပါ။ ပြီးတော့ သူ အင်မတန်မှ မလုပ်ချင်ဆုံးသော အလုပ်တစ်ခုကို ဖျစ်ညှစ်ပြီး လုပ်ရလိမ့်မည် မထင်ပါ။ တကယ်တော့ တွေးကြည့်ရင် သူပဲ မှားခဲ့တယ်လို့ ဆိုရမလား။ အီတလီနှင့် ဘရာဇီးဘောလုံးအသင်းသာ ဖိုင်နယ်ပွဲစဉ် အထိ မိုလ်လုမို့ ထိပ်တိုက်မတွေ့ခဲ့ဘူးဆိုလျှင်ကော၊ အင်း … ဒါလည်း သူ့ဘက်က စရှုံးဖို့သာ ပိုပြီးဖြစ်နိုင်သည်။

"မောင်ရင် ဘယ်အသင်းက အားပေးချင်သလဲ၊ ကြည့်ရတာ ဘရာဇီးအသင်း နိုင်မယ်လို့ ကိုယ် ယုံကြည်တယ်၊ တွေ့လား ဘရာဇီးအသင်း ခြေသွက်ပုံများ ဘယ်လောက် အံ့သြစရာကောင်းလိုက်သလဲ ဆိုတာ၊ အင်း … **အီတလီဟာ တစ်ပွဲရှုံးပြီးပေမယ့် နောက်ပိုင်း ဆက်တိုက်ကိုနိုင်အောင် ကစားနိုင်ဖို့ အတော်လေးကို ခဲယဉ်းလှတဲ့ကိစ္စ**"

ဦးကျော်ဆွေသည် ထိုစကားကို ထိုနေရာမှာတင် ရပ်တန့်ပစ်ခဲ့မည်ဆိုလျှင် သည်လို လောင်းကြေးထပ်ပွဲတစ်ခု ဆက်ဖြစ်လာနိုင်လိမ့်မည် မထင်။

"နေစမ်းပါဦး မောင်လင်းခေးရဲ့၊ မင်းက အီတလီအသင်းကို ဘာဖြစ်လို့ အားပေးချင်ရတာလဲ၊ ဘရာဇီးကိုပဲ ကိုယ်နဲ့ စိတ်တူကိုယ်တူ အားပေးစမ်းပါကွာ၊ အီတလီက နောက်တန်းညံ့တယ်၊ ဖိုင်နယ်တောင် ရောက်မှာမဟုတ်ဘူး"





ကဲ … ဘယ်လောက် ဆေါ်သဖြစ်ချင်စရာကောင်းလိုက် သလဲ။ လူဆိုတာ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်၊ ကိုယ့်သဘောနဲ့ ကိုယ်။ ဒါကို အတင်းအဓမ္မ ဒါကြိုက်ရမယ်၊ ဟိုဟာကြိုက်ရမယ်နဲ့ အမိန့်ပေးချင်တဲ့ အတွက် ဦးကျော်ဆွေမှာ အပြည့်ဖြစ်သည်။ ဒါကြောင့် အများတကာတွေ ပြောဖူးကြသံကြားရတာ မှန်နေမည် ထင်ရဲ့။ ဦးကျော်ဆွေ ဟာ သူ့ရဲ့တစ်ဦးတည်းသောသမီးနဲ့ အမြဲ တမ်း ငြင်းခုန်တတ်ပြီး စကားဆယ်ခွန်းမပြည့်ခင် သမီးဖြစ်သူက စိတ်ကောက်ရှောင်ထွက်သွားတတ်စမြဲတဲ့။

"ဒီတစ်ပွဲလည်း ဘရာဇီး နိုင်သွားပြန်ပြီ၊ နောက်ပွဲတွေလည်း နိုင်ဖို့ပဲရှိတယ်၊ ကဲ … မောင်ရင် ဆုံးဖြတ်ချက် ပြင်လို့ရသေး တယ်နော်၊ ပြင်ဦးမလား"

**"ဒီလိုတော့ တစ်ဖက်သတ်မပြောပါနဲ့ အန်ကယ်၊ နောက် ဆုံးပွဲအထိ စောင့်ကြည့်ပါဦး၊ အီတလီဟာ** ရောဘတ်တို ဘက်ဂီယိုကြောင့် မဟုတ်ဘူးဆိုတာ အန်ကယ်လည်း မြင်ပြီးသားပဲ ဆယ်ယောက်တည်းနဲ့ ကစားသွားတဲ့ပွဲကို မေ့ပစ်လို့မရဘူးလေ၊ ဘရာဇီးမှာက ရိုမာရီယိုနဲ့ ဘီဘက်တို သာ အကောင်းဆုံး၊ အီတလီမှာ ရောဘတ်တိုဘက်ဂီယို၊ ဒီနိုဘက်ဂီယို၊ မာဒီနီ၊ ဆစ်(ခ)နိုရီ ကြိုက်တဲ့လူ ရွေးထုတ် စမ်း၊ အကောင်းဆုံးတွေချည်းပဲ၊ အန်ကယ် မမြင်တတ်လို့ပါ၊ ဘရာဇီးရဲ့ ကျန်တဲ့လူတွေဟာ ရိုမာရီယိုဆီကို ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



ခေါ့ထက်ရောက်အောင် ပို့နေသလိုပဲ၊ အီတလီလည်း ခေတ့်အသင်းမဟုတ်သလို ဘရာဇီးဟာလည်း နာမည်ကြီးအသင်းဓါ၊ ဒီလို တစ်ဖက်သတ်ဝေဖန်တာတော့ မကောင်းဘူးပေါ့"

"အို ... အို ... ကောင်းပြီ ... ကောင်းပြီ၊ မောင်ရင့်ဆုံးဖြတ်ချက် မမြင်ရင်လည်း ကိုယ်တို့ရဲ့ ဒီလို စကားနိုင်လုပွဲကလေးကို ဆက်လက်ရတာပေါ့"

"ခဏလေး အန်ကယ်၊ ခဏလေးနေပါဦး၊ ကျွန်တော်တို့ ဒီလို စကားနိုင်လု ငြင်းခုံကြမယ့်အစား ဒီလိုပွဲကလေးကို မှတ်မှတ်ရရရှိသွားအောင် တစ်ခုခု လောင်းကြေးထပ်ရင် ကောင်းမလား"

ဦးကျော်ဆွေသည် ကိုယ်တိုင်က အလောင်းအစားဝါသနာကြီးသူပီပီ လင်းခေးထံမှ ထိုစကားကိုကြားရလျှင် အကြီးအကျယ်သဘောကျလျက် ထိုလောင်းကြေးပွဲကို လက်ခံဖို့ စိတ်ကူးမိသည်။ အင်း ... သည်ကောင်ဟာ ငါ့ခြေရာနင်းမယ့်ကောင်၊ ငါ့ကိုလည်း အကြီးအကဲဆိုပြီး ဂရုမထားမိဘဲ ကိုယ့်ယုံကြည်ချက်ကို ငြင်းဆန်ပြောဆိုရဲတဲ့ကောင်။ ငါ့လိုပဲ အလောင်းအစားကိစ္စကို ဝါသနာပါတဲ့ကောင်၊ ဒါတွေနဲ့တွက်ဆပြီး သူ့လိုလူမျိုးကို စိတ်ချရမယ့်မိသားစုဝင်တစ်ယောက် ဖြစ်ချင်တယ်။ လောကကြီးမှာ ငွေကို ဂရုစိုက်စရာမလိုလောက်အောင် ကြွယ်ဝချမ်းသာနေမှတော့ သည်လိုဖြောင့်မတ်မှန်ကန်တဲ့ လူငယ်တစ်ယောက် အမှန်တကယ်





လိုအပ်သည်။ သို့မှသာ သူ မရှိတော့ချိန်မှာ သမီးအတွက် စိတ်ချရမည်။

ပြောသာ ပြောရသည်။ သမီးဖြစ်သူသည် သူနှင့် တစ်စက်လေးမှ စကားပြော အဆင်မပြေလှချေ။ သူမကလေးရဲ့ ယုံကြည်ချက်ကတစ်မျိုး။ သူကတစ်မျိုးနဲ့ သူတို့သားအဖ စစ်အေးတိုက်ပွဲတစ်ပွဲ ဆင်နွှဲလာတာ နှစ်နဲ့ချီလှပါပကော။ သူ့စကားကို နည်းနည်းလေးမှ မနာခံခဲ့သောသမီး။ အခုလောလောဆယ် သူ့မှာ ဖြစ်ချင်နေသော ဆန္ဒတစ်ခုကိုတောင် ဖွင့်မပြောရဲအောင် သမီးရဲ့ စိတ်ကို သိနေသူပီပီ သည်အလောင်းအစားပွဲမှာ ဘာကို လောင်းကြေးထပ်သင့်သလဲ ဆိုတာ အကြီးအကျယ် စဉ်းစားရတော့သည်။

"အန်ကယ်လည်း ဘယ်လိုလောင်းကြေး ထပ်ချင်သလဲ ပြောပါ၊ လူကြီးဆိုတော့ အရင် ဦးစားပေးတဲ့ အနေနဲ့ အန်ကယ်ပဲ စပြောပါ"

အင်း ... သည်သူငယ်ဟာ အတင်းအကျပ်ကို လောင်းကြေးထပ်ခိုင်းနေတော့တာပဲ။ မဖြစ်တော့ဘူး၊ ငါကလည်း နဂိုကတည်းက အလောင်းအစားဝါသနာက ပါလွန်းနေတယ်။ ကိုယ့်လက်အောက်က လူငယ်ကလေးကို ကိုယ်က စကမ်းလှမ်းရတာတော့ မကောင်းဘူးပေါ့။ သို့သော် လူကြီးပီပီ စကားကြွယ်နိုင်လျှင် သူ့အတွက် အရှက်သိက္ခာကို မထိပါးနိုင်ချေ။ နိုင်ခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိ။ ရှုံးခဲ့လျှင် သူ့အကြံအစည်ကို သည်မောင်ရင်ကလေး သိသွားရင် သူလည်း မျက်နှာပူစရာ။ ကဲ ... တစ်ခုခုကိုတော့ ဆုံးဖြတ်မှပဲ။

"ဒီလိုလုပ်ကွာ၊ ကိုယ်ရှုံးရင် အခု ကိုယ်လုပ်နေတဲ့ လုပ်ငန်းတွေရဲ့ ပိုင်ဆိုင်မှုလေးပုံတစ်ပုံ မင်းကို ပေးမယ်"

"ဟာ ... ဟာ ... အန်ကယ် အဲဒီလောက်ထိ ပွဲမကြမ်းသင့်ဘူး ထင်တယ်၊ တန်ဖိုးသိပ်များလွန်းပါတယ်၊ ကျွန်တော့်ဘက် လောင်းကြေးက အဲဒီလောက်ကို လိုက်နိုင်မှာ မဟုတ်ဘူး"

"ဘာလဲကွ ... မင်း ကြောက်သွားပြီလား၊ တန်ဖိုးနည်းတာများတာ ဂရုစိုက်မနေပါနဲ့ကွာ၊ အရေးကြီးတာက ဒီပွဲဖြစ်ဖို့ပဲ မဟုတ်လား၊ မင်းဘက်က ဘယ်လို လောင်းကြေးမျိုးများ ပေးချင်လို့လဲ၊ ကိုယ့်ကို ပြောပါဦး၊ အကယ်၍ မောင်ရင့် လောင်းကြေးကို ကိုယ် သဘောမကျဘူးဆိုရင် ကိုယ့်ရဲ့ သဘောကိုကော ပြောခွင့်ရှိမလား"

"ကျွန်တော့်ဘက်က အင်း ... ကျွန်တော် မပြောတတ်အောင်ပါပဲခင်ဗျာ၊ အန်ကယ့်လောင်းကြေးက သိပ်များလွန်းနေတယ်၊ အန်ကယ် ဖြစ်ချင်တာကို အရင်ပြောပါ၊ ကျွန်တော် တတ်နိုင်မယ့် အကြောင်းအရာဆိုရင်တော့ ကျွန်တော် လောင်းကြေးအဖြစ် သတ်မှတ်ပါ့မယ်"





ထိုစကားကို ပြောထွက်မိသော ကိုယ့်ပါးစပ်ကို ကိုယ့်ဘာသာပင် ပိတ်ရိုက်ပစ်ချင်တော့သည်။ ဦးကျော်ဆွေသည် သူ့အတွက် အစကတည်းက သည်လောင်းကြေးကိုပဲ တမင်ကြံစည်ထားသလားလို့ သံသယဖြစ်ရမှာတော့ ခပ်ခက်ခက်ပါပဲ။ သူကိုယ်တိုင်က ဦးကျော်ဆွေရဲ့ သဘောထားကို လက်ခံချင်ခဲ့ခြင်းကပင် သည်အဖြစ်ရဲ့ အဓိကတရားခံဖြစ်ဖို့တည်း။

"မောင်ရင် ကိုယ်ခိုင်းတဲ့အလုပ်တစ်ခုကို မဖြစ်မနေ လုပ်ပေးပါ့မယ်လို့ ကတိပေးရမယ်၊ အဲဒါ မောင်ရင့်လောင်းကြေးပဲ၊ မောင်ရင် ရှုံးရင်ပေါ့၊ နိုင်ခဲ့ရင်တော့ ကိုယ်လုပ်ငန်းတွေရဲ့ လေးပုံတစ်ပုံ မင်း ပိုင်ပြီ၊ ဘယ်လိုလဲ ကျေနပ်မလား"

"အန်ကယ်က ဘာခိုင်းမှာလဲ"

"အို ... ဟို ... စိတ်ချ ... စိတ်ချ၊ ဥပဒေနဲ့ လွတ်ကင်းပါတယ်၊ ရာဇဝတ်မှုလည်း မဟုတ်ဘူး၊ မောင်ရင့်သိက္ခာကိုလည်း မထိပါးစေရပါဘူး၊ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးတစ်ခုပါပဲ၊ မောင်ရင် လုပ်ပေးနိုင်မှာပါ၊ မောင်ရင့်အတွက် ကံကောင်းခြင်းတစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်"

"အိုကေ ... ကျွန်တော် ကတိပေးတယ် အန်ကယ်"

ဤနှုတ်ကတိသည် သူ့ဘဝကို အဆုံးအဖြတ်ပေးနိုင်သော နှုတ်ကတိမှန်း လင်းခေး မသိခဲ့ချေ။ အမှန်ပြောရသော် ဦးကျော်ဆွေ၏ စည်းစိမ်လေးပုံတစ်ပုံကိုလည်း မက်မောလို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အင်မတန်ကို အလောင်းအစားဝါသနာပါလွန်းသော သူ့အပြစ်ပင်တည်း။

ထိုနေ့မှစ၍ ကမ္ဘာ့ဖလားဘောလုံးပွဲကို ကြည့်ဖို့ သူ့မှာ ညဘက် အိပ်ရေးပျက်ရတော့သည်။ စီးကရက်ကုမ္ပဏီရဲ့ တင်သွင်းပြသမှုကို မစောင့်နိုင်လှစွာ ညဘက်မှာ ဂြိုဟ်တုက တိုက်ရိုက်ဖမ်းယူပြီး ကြည့်ထားနှင့်သတဲ့။ သူ့လိုလူတစ်ယောက်မှာတော့ သည်ဂြိုဟ်တုကြီး မတပ်နိုင်ပေမယ့် ဦးကျော်ဆွေတို့လို လူတွေမှာတော့ တပ်ဆင်ထား၍ အမြဲလိုလို ဦးကျော်ဆွေရဲ့အိမ်မှာ သွားကြည့်ရခြင်းသည်လည်း တစ်ဒုက္ခ။ ဦးကျော်ဆွေရဲ့ တစ်ဖက်သတ် ဝေဖန်ချက်ကို မခံချိမခံသာ နားထောင်လျက် ပြန်လည်ချေပရခြင်းလည်း တစ်ဒုက္ခ။

အီတလီပွဲကန်မည့် ပွဲစဉ်ဆိုရင် ရင်ထိတ်ရခြင်းလည်း တစ်ဒုက္ခ၊ ဘရာဇီးအသင်းကန်မည့် ပွဲစဉ်ဆိုရင် စိတ်ပုပ်မွေးကာ ရှုံးပါစေလို့ဆုတောင်းရခြင်းသည်လည်း တစ်ဒုက္ခ။ စည်းစိမ်ကို မက်လို့တော့မဟုတ်ချေ။ ဘယ်သူမဆို ကိုယ်သာ အနိုင်ရချင်စိတ် အတ္တရှိတတ်သည့်နည်းတူပင်။

အမှန်ဝန်ခံရလျှင် သူနိုင်ခဲ့မည်ဆိုရင်တောင် သည်စည်းစိမ်ကို အပိုင်မသိမ်းဘဲ ဦးကျော်ဆွေရဲ့ လုပ်ငန်းထဲမှာ ပြန်၍ ရှယ်ယာဝင်ထားလိုက်ဖို့ သူ့မှာစိတ်ကူးရှိခဲ့သည်။ သို့သော် ကံကြမ္မာက သူ့ကို မျက်နှာသာမပေးခဲ့ချေ။ ထိုအကြောင်း သိ





ခွင့်ရသောနေ့သည် အီတလီနှင့် ဘရာဇီးတို့၏ ဗိုင်နယ်ပွဲစဉ် ကစားသောနေ့တွင်ဖြစ်သည်။ အရာရာက သူ့ကို လှောင်ပြောင်ရယ်မောခဲ့ကြသည်။ သူ့အတွက် မှတ်လောက်သားလောက်အောင် ပညာပေး ဆုံးမခဲ့ကြသည်။

မခံချင်စိတ်၊ အငြင်းသန်စိတ်၊ လောင်းကစားလိုစိတ်များကို တစ်ခါတည်း ချုပ်ငြိမ်းသွားစေတော့သည်။ တစ်ခုပဲပြောစရာရှိသည်။ သည်ပွဲမှာ ရှုံးနိမ့်ခဲ့ခြင်းသည် သူ့အတွက်ကောင်းဖို့ဖန်လာသည်ဟု သူငယ်ချင်းတွေက အားကျကြပေမယ့် သူကတော့ အင်မတန်မှ စိတ်ပျက်လှသတဲ့။ ရင်မဆိုင်ချင်လှသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"သမီးက ကိုယ့်ကို အမြဲ ကလန်ကဆန် လုပ်လေ့ရှိတယ်၊ ကိုယ့်အပေါ် အရင်တုန်းက အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး မသက်သာတဲ့ မျက်လုံးနဲ့ အမြဲကြည့်တတ်တယ်၊ သူထင်ထားတာက သူ့မာမီ ဒုတိယဇနီးဖြစ်ရတာဟာ မယားကြီးရှိပြီးသားဖြစ်တဲ့ ကိုယ့်ရဲ့ဖြားယောင်းမှုကြောင့်လို့ အထင်ရှိနေတယ်၊ မောင်ရင် မသိသေးတဲ့ ကိုယ့်အကြောင်းတွေပြောရရင် ကိုယ်က အင်မတန်ပွေတဲ့ ယောကျ်ားတစ်ယောက်ပါ၊ တိတိကျကျ ရေတွက်ရရင် ကိုယ့်မှာ တရားဝင်ဇနီး လေးယောက်ရှိခဲ့ဖူးတယ်၊ ဟဲ ဟဲ ... တရားမဝင်တာတွေ ထည့်မပြောရသေးဘူးနော်၊ မယားကြီးနဲ့က မိဘပေးစားလို့ ယူခဲ့ရတယ်၊ သားသုံးယောက်ရပြီးချိန်မှာ သမီးရဲ့ မာမီကို သိပ်ချစ်တဲ့စိတ်နဲ့ လူပျိုဆိုပြီး လိမ်ညာ



လက်ထပ်ခဲ့တယ်၊ မယားကြီးနဲ့ သားသုံးယောက်က စိတ်ဆိုးကြတာပေါ့၊ သမီးရဲ့မာမီ မမြလေးကို ရန်လုပ်ကြ၊ နောက် ကိုယ်က သူတို့ဘက် မပါမှန်းသိလို့ ငြိမ်သွားကြ၊ အဲဒီအချိန်မှာ သမီးကိုမွေးတယ်၊ သမီးဟာ ကိုယ့်အချစ်ဆုံးသမီးပါပဲ၊ ကိုယ် သမီးကို ချစ်တယ်၊ သမီးဟာ သိတတ်တဲ့အရွယ်တည်းကစပြီး ကိုယ့်ကို အမြင်မကြည်မှန်းသိတာတောင် ကိုယ် သမီးကို ခွင့်လွှတ်တယ်၊ မမြလေးနောက်မှာ ထပ်ယူဖြစ်တဲ့ မိန်းမနှစ်ယောက်နဲ့တော့ သားသမီး မထွန်းကားခဲ့ပါဘူး၊ ဒါကြောင့် သမီးက ကိုယ့်ရဲ့တစ်ဦးတည်းသော ချစ်သမီးပေါ့"

"တစ်ခုမေးချင်တယ် အန်ကယ်၊ အန်ကယ့်ဇနီးနဲ့ သားတွေကကော ဘယ်ရောက်သွားပြီလဲ"

"မကေသီကလည်း ဆွေကြီးမျိုးကြီးထဲက မိန်းကလေး၊ မာနကလည်း ခေါင်ခိုက်နေတော့ ကိုယ့်ကို ခြေသလုံးဖက်မတောင်းပန်ခဲ့ပါဘူး၊ အခု နိုင်ငံခြား သွားကြတာတွေ ခေတ်မစားချိန်ကတည်းက သူ့သားသုံးယောက်ကို ခေါ်ပြီး ကနေဒါမှာ အပြီးအပိုင် သွားနေတယ်၊ ဟိုမှာက သူ့အစ်ကိုကြီး မိသားစုရှိလေရဲ့၊ ကျန်တဲ့ဇနီးတွေကလည်း သူတို့စိတ်ကျေနပ်လောက်တဲ့ အခြေအနေမျိုးတွေ ပေးထားကြတော့ ကိုယ့်ကို ဆူဆူပူပူမလုပ်ကြပါဘူး၊ ကိုယ် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရှိမှန်းသိရက် လက်ထပ်ခဲ့ကြတာကိုး၊ မမြလေး တစ်ယောက်ကိုသာ ကိုယ်က လိမ်ညာလက်ထပ်ခဲ့မိတာ ကိုယ့်အနေနဲ့ သမီးရဲ့ မာမီအပေါ်မှာ မှားခဲ့တယ်၊ သမီး အပေါ်မှာလည်း မယားငယ်သမီးဆိုပြီး မျက်နှာငယ်ရ အောင် ဖန်တီးပေးမိခဲ့တယ်၊ ဒါကြောင့် သမီးကို ကိုယ်ပိုင် ဆိုင်သမျှ အကုန်ပေးထားခဲ့ပြီးပြီ၊ သမီးအတွက် စိတ်ချရမယ့် လက်တွဲဖော်တစ်ယောက်ကိုသာ ရှာပေးဖို့လိုတော့တယ်ဆို တာ ကိုယ် ကြံစည်တွေးတောနေခဲ့တာ ကြာပါပြီ၊ ကိုယ့် မျက်စိထဲမှာ သဘောအကျဆုံးကတော့ မောင်ရင်ပဲ”

မျက်နှာကို ဖြန်းခနဲဖြတ်ရိုက်ခံရသလို စပ်ဖျဉ်းဖျဉ်း ဖြစ်သွားရသည်။ သူ့ရဲ့မာနကို ထိခိုက်သောစကားဟု သူ ယူဆ သည်။ ကိုယ့်အစွမ်းအစမရှိဘဲ မိန်းမတစ်ယောက်ရဲ့ ပိုင်ဆိုင်မှု ပစ္စည်းပုံပေါ်ကနေ အောင်မြင်ကြီးပွားအောင် စွမ်းဆောင်ရမတဲ့။ ထိုမိန်းမ၏ စည်းစိမ်မပြိုလဲရအောင် စောင့်ရှောက်ရမယ်တဲ့။ သူ့ ရဲ့ရိုးသားမှုဟူသော ဂုဏ်သိက္ခာကို သူတို့သားအဖ ပိုင်ဆိုင်သော ငွေကြေးနဲ့ထပ်ပြီး ဝယ်မတဲ့။

ကဲ ... ဘာများ တတ်နိုင်ဦးမှာမို့လဲ။ လောင်းကြေး အရ သူက ဦးကျော်ဆွေ ခိုင်းတာ လုပ်ပါ့မယ်လို့ ကတိကလည်း လွှန်ပြီးပြီ။ သူ့လောင်းကြေးစားကြေးပွဲကလည်း ရှုံးခဲ့ပြီ။ သူ လုပ်ပေးရုံသာပါပဲ။ သို့သော် ...





“ကိုယ့်သမီးနဲ့ မောင်ရင့်ကို သဘောတူထားတာ ကြာပါပြီ၊ ဒါပေမဲ့ သမီးက ကိုယ့်ကို အမြဲကလန်ကဆန် လုပ်နေကျဆို တော့ ကိုယ့်စကားကို နားထောင်မှာမဟုတ်ဘူး၊ ဒီတော့ မောင်ရင်နဲ့ လက်ထပ်ပေးဖို့ကိစ္စကို သဘောတူမှာမဟုတ်ဘူး၊ အဲဒါတွေ ကြိုသိထားတော့ မောင်ရင် အရင်ဆုံး စလုပ်ရ မှာက ကိုယ့်သမီးကို ပိုးပန်းဖို့ပဲ၊ အင်း ... ပြောရတာ မျက်နှာပူသား၊ ကိုယ့်သမီးကို အဖေကိုယ်တိုင်က သမက် တော်ချင်တဲ့ သမက်လောင်းကို ပိုးပန်းခိုင်းရတဲ့အဖြစ်၊ နည်းလမ်းပေးရတဲ့အဖြစ်၊ အေး ... ဒီလိုမှမလုပ်ဘဲ ဒီခေတ် ကြီးထဲမှာ ကိုယ့်သမီးလို သူဌေးမလေးကို သိုက်တူးမယ့်ငနဲနဲ့ တွေ့ရင် ကိုယ် ယူကျုံးမရဖြစ်ရမှာ”

တဲ့လေ။ ဘယ်လောက် ခံပြင်းစရာကောင်းလိုက်တဲ့ အဖြစ်လဲဆိုတာ။ ဖြစ်နိုင်ရင် ဝုန်းဒိုင်းကြဲပေါက်ကွဲအော်ဟစ်ပစ် ချင်မိသည်။ ငွေကြေးခန ကြွယ်ဝသူတွေဟာ သူတို့စည်းစိမ်ကို ခံစိုးရိမ်ကြတာပဲ။ ကိုယ့်အတွက် ကိုယ် သိပ်သိတတ်ကြတာ ပဲ။

လုပ်ဘူးကွာ၊ ဘာဖြစ်သလဲဆိုရင်လည်း ဦးကျော်ဆွေ သည် သူ့ကိုချစ်ခင်သူပီပီ “အေး ... မင်းသဘောပါပဲ”လို့ ရယ် မောပြုံးပြုံး ခွင့်လွှတ်ပေးမည့်သူပင်။ ဒါပေမဲ့ ကတိတစ်လုံးကို အင်မတန်မှ တန်ဖိုးထားမြတ်နိုးသော လင်းခေးသည် ထိုစကား



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောမထွက်ရဲပါ။ မင်းသားကြီး ကျော်ဆွေနဲ့ နာမည်တူသော
ဦးကျော်ဆွေသည် ထူးဆန်းလှစွာ ထိုမင်းသားနဲ့ ရုပ်ရည်တူချော
မောလျက် သူ့ဇနီးမမြလေးမှာ ရှေးခေတ်က နန်းတွင်းမင်းသမီး
တစ်ပါးလို ကျက်သရေရှိလှသူဖြစ်သည်။ သူတို့နှစ်ဦးရဲ့ သမီး
မေဂန္ဓဝင်သည် သူ့ရဲ့ဇနီးလောင်းဖြစ်ရမတဲ့။ သူမက ဘယ်လိုပုံ
ရှိပါလိမ့်။ ဦးကျော်ဆွေအိမ်ကို ချောင်းပေါက်မတတ် ရောက်ဖူး
ပေမယ့် တစ်ခါမှ မဆုံဖူးသလို ဓာတ်ပုံလည်း မမြင်ဖူးပါ။ သူ
၏မိခင် မမြလေးရဲ့ ပန်းချီကားကြီးနဲ့သာ အမြဲဆုံရသူမှာ လင်
ခေးပင်တည်း။

"မမြလေးကလည်း လွန်ခဲ့တဲ့ငါးနှစ်က ဆုံးခဲ့ပြီမို့ ကိုယ်က
သမီးရဲ့အိမ်ထောင်ရေးကို ဖခင်တန်မဲ့ ဝင်စီစဉ်ရတော့တာ
ပေါ့၊ ကဲ ... မောင်ရင်လေး ကိုယ့်ရဲ့အစီအစဉ်တွေကို နား
ထောင်ပါဦး"

"ခဏလေးနေပါဦး အန်ကယ်၊ အကယ်၍ ကျွန်တော့်ကို
မေဂန္ဓဝင်က ပြန်ပြီး သဘောမကျဘူးဆိုရင်ကော ဘယ်လို
လုပ်မလဲ"

"အကြိမ်ကြိမ် အဖန်ဖန်ကြိုးစားမှ မိန်းမတစ်ယောက်ရဲ့အချစ်
ဆိုတာကို ရမှာပေါ့ကွ"

"ထားပါတော့၊ အဲဒီလိုကြိုးစားတောင် မရခဲ့ရင် ကျွန်တော်
တို့ ဘယ်လိုလုပ်ကြမလဲ"





"ဒါဆိုလည်း အချိန်သတ်မှတ်မယ်ကွာ၊ သုံးနှစ်ဆိုရင်
မင်း ကျေနပ်မလား၊ ဒီသုံးနှစ်အတွင်းမှာ မင်းကြိုးစားပေါ့၊
သုံးနှစ်ပြည့်လို့မှ ကိုယ်တို့ဖြစ်စေချင်တဲ့ အခြေအနေတစ်ခုကို
မရခဲ့ဘူးဆိုရင်တော့ ဒီလောင်းပွဲမှာ မင်းဘက်က လျော်ကြေး
ရပြီးပြီလို့ ကိုယ်သဘောထားပါတယ်"

သုံးနှစ် ... အင်း ... သုံးနှစ်ဆိုတာ တကယ့်တကယ်
တော့ ခဏလေးပါ။ သည်လောကမှာနကြီးတဲ့၊ ခနဂုဏ်ကြွယ်တဲ့
ယောကျ်ားတွေကို အထင်မကြီးဘူးဟု ကြွေးကြော်တတ်တဲ့၊ မေဂန္ဓ
ဝင်ဆိုတဲ့ မိန်းမဟာ တော်ရုံအချိန်အတိုင်းအတာလေးနဲ့ သူ့ကို
လက်ခံလာနိုင်လိမ့်မည်မထင်။ ပြီးတော့ သူမရဲ့ပတ်ဝန်းကျင်မှာ
သူ့ထက်ပညာတတ်သော၊ ပစ္စည်းဥစ္စာကြွယ်ဝသော၊ အဆင့်အတန်း
မြင့်မားသော ယောကျ်ားသားတွေ ဝိုင်းဝိုင်းလည်နေမှာ။ သူ့ကို
ချက်လုံးလုမ်းကြည့်ရင်တောင် အင်မတန်ကံကောင်းလို့ပဲ။

သို့သော် ... သူလိုလူတစ်ယောက်အတွက် မိန်းမ
ဘစ်ယောက်ကို အချိန်ကုန်ခံ ပိုးပန်းရသည်မှာ အတော်လေးသိက္ခာ
မရှိသောအလုပ်ဟု ယူဆချင်သည်။ ထိုမိန်းမက စိတ်မထင်လျှင်
အော်ငေါက်မှာ၊ ရန်တွေ့မှာ၊ သူ့ အရှက်ကွဲအောင် လုပ်မှာတွေကို
တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ချင်သေးသည်။ ထိုမိန်း
မ၏ မျက်နှာကလေးကို မြင်ရဖို့အရေး မျှော်တလင့်လင့်ကြီး
ဖြစ်ရမှာကို စိတ်မရှည်ချင်လှပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူ့ညီအသက်အရွယ်ထိ ရည်းစားတစ်ယောက်မှ မထားဖြစ်ခဲ့တာသာကြည့်။ ရည်းစားတစ်ယောက်ထားမိခြင်းတည်းဟူသောဒုက္ခ သူငယ်ချင်းတွေထံမှ အမြဲလိုလိုကြားရစမြဲ။ ထိုရည်းစား စိတ်ကောက်ရင် ချော့ရ၊ ဘယ်သူမဆိုကိုယ့်ချစ်သူမျက်နှာ အမြဲတွေ့ချင်၍ အမြဲဆုံရအောင် အချိန်ပေးရ ရည်းစားနဲ့ကိုယ် စိတ်သဘောချင်းမညီရင်တောင် ကိုယ်က အလျှော့ပေးရနဲ့ ဒါတွေကို စိတ်ကုန်လွန်းလို့ မသိချင်ယောင်ဆောင်နေခဲ့ခါမှ ကံတရားက ဖန်တီးလာရတယ်လို့။ ဘယ်လောက် စိတ်ပျက်စရာကောင်းလဲ။

❖ ❖ ❖





သူမနှင့် ပထမဆုံးဆုံတွေ့ရသည့်နေ့တွင် သူမသည် အစိမ်းရင့်ရောင်ဝတ်စုံကို ဆင်မြန်းထားခဲ့လေသည်။ အစိမ်းရင့်ရောင် ပိုးသားအင်္ကျီရင်ဖုံး၏ လက်အရှည်သည် တံတောင်ဆစ်အောက်အထိမှာ ခပ်ကားကား၊ ထိုနေရာကားကားကလေးမှာ အနားကွပ် အစိမ်းရင့်များက အမြင်တစ်မျိုးဆန်းလှသည်။ ရင်ဖုံး၏ ကြယ်သီးများတပ်ရာအခြမ်းတွင် ပန်းထိုးထားသေးသလို ကြယ်သီးများက ရွှေခေတ်သဏ္ဍာန်တွေ လွှမ်းမိုးနေလေရဲ့။ ဒါတော့ ... သူမရဲ့လုံချည်ဝတ်ဟန်က ထူးခြားလေစွ။ ခြေမျက်စိဖုံးနေသေးရဲ့။ ဆံပင်ရှည်တို့ သည် ဖြောင့်စည်း၍ ခါးအထိရှည်ရှိကာ နဖူးပြင်ကို အပြောင်သိမ်းလျက် နားရွက်နောက်မှာ ဆံသုပ်တစ်ချောင်းဖြင့် ခပ်ရိုးရိုးစုစည်းထားလေသည်။ သူမ၏ မျက်နှာကလေးကတော့ ကြည့်ကောင်းလှသည်။ သူမသည် ပုံတော် ဖိနပ်ခုံအမြင့် အစိမ်းရင့်ကို စီးထားသေး၍ မြင့်မားရှည်သွယ်သော ခြေက ပိုမိုတင့်တယ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးတည်း စိန်နားကပ်က ဆံဖျပ်ဖျပ်လက်လျက် ရွှေဆွဲကြိုးခပ်ရှည်ရှည်က ရင်ခေါင်းထိရောက်ကာ စိန်လော့ကက်မှာရှိသော စိန်ပွင့်သေးသေးလေးများက တောက်ပနေပြန်သေးသည်။ မာနကြီးသော နှုတ်ခမ်းများကို ပိုင်ဆိုင်သော၊ အသားရောင်ညိုဖျော့ဖျော့ရှိသော၊ ထက်မြက်သည့် မျက်ခုံးများကို ပိုင်ဆိုင်သော မြန်မာစာဂုဏ်ထူးတန်းကျောင်းသူ ပီသပါပေတယ်လို့ အမှတ်ပေး၍ ရနိုင်ပြန်သတဲ့။

တစ်ခုပဲ ပြောစရာရှိသည်။ သူမသည် ယောကျ်ားတစ်ယောက်ကို တသသ စွဲလမ်းသွားရလောက်အောင် အလွန်တရာ ချောမောလှပသည့် ရုပ်ရှည်ကို မပိုင်ဆိုင်ထားတာပဲရှိသည်။ သာမန်ထက် အနည်းငယ် ပိုလှသည်ဆိုသော်လည်း သူမ၏မျက်နှာကို တစ်ခါမြင်ပြီးသူတိုင်းကတော့ ...

"ယဉ်စစကလေးနဲ့ မြန်မာဆန်ဆန် လှပသူကလေးပါ"

ဟု ဝေဖန်နိုင်လောက်သော မေန္တဝင်ဖြစ်ပြီး သူမသည် နာမည်နဲ့လိုက်ဖက်စွာ ဂန္ထဝင်ဆန်နေသေးသတဲ့။

သူမသည် သူ့ကို သူမ၏လက်ထဲမှ နုတ်သျှင်နောင် ရတုပေါင်းချုပ်လောက် စိတ်မဝင်စားပါ။ ပြီးတော့ ယောကျ်ားချော့သည်တစ်ယောက် ရောက်လာပါလားဟူ၍လည်း ခပ်ရှံ့ရှံ့ဖြစ်မသွားခဲ့သလို ဖခင်တစ်ယောက် အိမ်ပြန်လာ၍ ဟက်ဟက်ပက်ပက် ကြိုဆိုနှုတ်ဆက်မည့်ဟန်လည်း မရှိချေ။ အင်း ... စိတ်ပျက်





စရာနဲ့ပင် စတင်လာခဲ့ပြီ။ သည်မိန်းမဟာ သိပ်ထက်မြက်မည့်ပုံပဲ။ သူမကို ချဉ်းကပ်ဖို့ အတော်လေး ကြိုးစားရလိမ့်မည် ထင်ပါရဲ့။

"သမီး ကျောင်းကပြန်ရောက်တာ ဇာတာသားနော်၊ အတော်ပဲ ဖြစ်သွားတယ်၊ သမီးကို တိုင်ပင်စရာ အကြောင်းရှိလို့"

သူမသည် ရတုပေါင်းချုပ်ကို နည်းနည်းလေးမှ မျက်လုံးမခွာချေ။ မင်းလိုသမီးမျိုးသာ ငါ့သမီးဖြစ်ရင် ပြားပြားဝပ်နေအောင် ဆုံးမပစ်လိုက်ရမှာပေါ့။

"ဒယ်ဒီ့ခြံဝင်းထဲမှာ လွတ်နေတဲ့ အိမ်ကလေးတစ်လုံးကို သမီး ခွင့်ပြုမယ်ဆိုရင် မောင်လင်းခေးကို နေဖို့ခေါ်ထားချင်တယ် သမီး၊ အခုနောက်ပိုင်းမှာ ဒယ်ဒီ့လုပ်ငန်းတွေ တိုးချဲ့လာတော့ မောင်လင်းခေးကပဲ တာဝန်ယူရတာများတယ်လေ၊ ဒါကြောင့် အလုပ်တွေကို ဒယ်ဒီနဲ့ အမြဲတိုင်ပင်နိုင်အောင် ခေါ်ထားလိုက်မယ်သိလား၊ သမီးက အိမ်ရှင်ဆိုတော့ ဒယ်ဒီကခွင့်တောင်းရတာ၊ သမီး ဘယ်လိုသဘောရလဲ"

"ဒီစကားကို သတိထားပြောပါ ဒယ်ဒီ၊ ကျွန်မနဲ့ ဒယ်ဒီ့ပစ္စည်းတွေနဲ့ တစ်ခုမှ မဆိုင်ပါဘူး၊ နောက်ပြီး ဒယ်ဒီ့ကိစ္စတွေ ကျွန်မ ဘာမှ နားမလည်ဘူးဆိုတာ ဒယ်ဒီ မေ့နေပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆို ဒယ်ဒီ မောင်လင်းခေးကို အဲဒီအိမ်ကလေးမှာ ဒယ်ဒီ့သဘောအရ ခေါ်ထားလိုက်တော့မယ်၊ တစ်ခုမှာထားချင်တာက မောင်လင်းခေးဟာ ဒယ်ဒီ့မွေးစားသားတစ်ယောက်လိုမို့ သမီးလိုအပ်တဲ့ အကူအညီတောင်းနိုင်တယ်၊ အိမ်သားတစ်ယောက်လို ဆက်ဆံနိုင်တယ်"

"သူက ဘယ်နှယောက်မြောက်မိန်းမရဲ့သား ဆိုတာကိုရောထည့်ပြောဖို့ ဒယ်ဒီ မေ့ထားတာလား၊ မွေးစားသားလို့ ညာမပြောပါနဲ့ ဒယ်ဒီ၊ နံပါတ်စဉ် ဘယ်လောက်ရဲ့သားပါလို့ ပေါ်ပေါ်ထင်ထင် ပြောနိုင်ပါတယ်"

"မောင်လင်းခေးဟာ ဒယ်ဒီ့တပည့်ရင်းပါ သမီး၊ သူတစ်ပါးကို အားနာစရာဖြစ်အောင် မပြောနဲ့လေကွယ်၊ မိကောင်းဖခင်သားသမီး ပီသစမ်းပါ"

သူမသည် အင်မတန်မှ ရိုင်းစိုင်းလှစွာ သူမ၏ဖခင်စကားကို ဆုံးအောင်နားမထောင်ဘဲ ထိုနေရာမှ ဆတ်ခနဲထကာ အိမ်ထဲဝင်သွားလေသည်။ တော်တော့်ကို ခေါင်းမာတဲ့မိန်းမပဲ။ ဖခင်ရဲ့မေတ္တာကို နားမလည်တဲ့မိန်းမပဲ။

သူမ၏ခြေလှမ်းများသည် အရာရာကို ထီမထင်သော၊ ယုံကြည်ချက်ပြည့်ဝသော၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသော ခြေလှမ်းများ၏ ဟန်ပန်အတိုင်းဖြစ်နေသည်။ ပြီးတော့





သူမ၏မျက်လုံးများ ...။ တောက်ပ၍ အရည်လဲ့ပြီး နူးရှထက်မြက်မှုက ကြီးစိုးနေသော မျက်ဝန်းတို့သည် သူ့ကို တစ်ချက်သာကြည့်လိုက်သော်လည်း အစိပ္ပာယ်များစွာ ပါဝင်လှသည်။ သဘောက သူ့ကို ရှုတ်ချသော၊ အထင်သေးသော၊ ထီမထင်သော၊ သူမဖခင်၏ ပစ္စည်းဥစ္စာကို မက်မောသည့်ယောက်ျားတစ်ယောက်အဖြစ်စွပ်စွဲလိုသော ... တွေနှင့် ပြည့်နှက်နေခဲ့ပြန်သေးသည်။

ဘယ်လောက် ခံပြင်းစရာကောင်းလိုက်သလဲဆိုတာ ဖခင်ရော၊ သမီးပါ သူ့ကို ခံပြင်းချင်လောက်စဖွယ် သူ့မာနကို ထိပါးသောစကားတို့ဖြင့် နှိပ်စက်တာတ်ခြင်းက စရိုက်တို့တူမတူ မသိသေးပေမယ့် သူမထံမှ အကြည့်တစ်ချက်နဲ့တင် ခံပြင်းရပြီ။ ခြော် ... ဝဋ်ဒုက္ခများခဲ့လေစွ။

"ဘယ်လိုလဲ မောင်ရင်၊ ကိုယ့်သမီးရဲ့ကြိုဆိုပုံက မသင်းပျံ့ဘူးလား၊ မဖော်ရွေဘူးလား"

သေချာတာကတော့ သူမကို အမြင်ကတ် မုန်းတီးခဲ့သွားတာပဲရှိသည်။ သည်လို ဆက်ဆံလို့ရယ်တော့ မဟုတ်ချေ။ ဦးကျော်ဆွေဘက်မှ တွေးပေးရင်တောင် ကြားလူသူစိမ်းဖြစ်သော သူက ဝင်ပြီး အမြင်ကတ်ချင်ရတဲ့အဖြစ်ပဲ။ ကိုယ့်ကျေးဇူးရှင် ရင်းရှင်းပြောရရင် ကိုယ့်ရဲ့ဖခင်ရင်းတစ်ယောက်ကို ဘယ်တော့မှ အကောင်းမမြင်တဲ့ မိန်းမဟာ ဘယ်တော့မှ ဘုန်းကံကြီးမယ့်မိန်းမမဟုတ်ဘူးဆိုတာ မေဂန္ဓဝင် သိသွားအောင် နားချကြည့်ချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာ သူသည် အတော်လေးကို စိတ်ညစ်နေရသည်။ တစ်သက်လုံး သူများအရိပ်အောက် မခိုပါဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရင်း တိုးတက်ကြီးပွားအောင်လုပ်မယ်။ တစ်ပြားမှမချမ်းသာသော ဘဝကနေ ကြီးပွားတိုးတက်သွားသူတွေကို အတုယူမယ်။ မိန်းမကို မှီခိုကြီးပွားရတဲ့လူ မဖြစ်စေရဘူး။ ကိုယ့်အစွမ်းအစနဲ့ ကြီးပွားအောင်မြင်အောင် လုပ်မယ်ဆိုသော သန္နိဋ္ဌာန်များလည်း ပျက်ရပြီ။

အဲဒါ ဘယ်သူ့အပြစ်လဲ။ သူ့အပြစ်လို့ စင်းစင်းကြီး ပေါ်လွင်ခဲ့ပြီတည်း။ အခုတော့ ကတိကို လေးစားမြတ်နိုးသူပီပီ ကတိအတိုင်း သူများခိုင်းတာကို အောင့်အည်းသည်းခံလုပ်ပေးနေခဲ့ရပြီ။





အိမ်ကလေးသည် သူ့အတွက်တော့ အတော်လေး ကြီးမားလှသော တိုက်အိမ်ကလေးဖြစ်သည်။ တစ်ထပ်ခွဲပေမယ့် အပြင်ဘက်ဝရန်တာလေး ထုတ်ထားခြင်းက သဘောတွေ့စရာ။ အစိမ်းနုနုများနှင့် အပြာနုနုဆေးရောင်များသာ လွှမ်းခြုံသော တိုက်အိမ်ကလေးမှာ နေခွင့်ရမည့်အဖြစ်မျိုး တစ်ခါမှ အိပ်မက်မမက်ခဲ့ဖူးပါ။ သူ ပိုင်ဆိုင်သော မိဘအမွေပျဉ်ထောင်အိမ်ကလေးကိုတော့ လွမ်းဆွတ်လှသားပင်။ ဖေဖေနဲ့မေမေ ထားခဲ့သော ပျဉ်ထောင်အိမ်သေးသေးလေးမှာ သူ နှစ်သက်စွာ စိုက်ပျိုးထားသော စံပယ်ပင်များရှိသည်။ စံပယ်ပွင့်သောရာသီဆိုလျှင် ရှူရှိုက်ရသော လေထဲမှာ စံပယ်နံ့ပါနေသည်ကိုက ပီတိဖြစ်စရာ။ ထိုအိမ်ကလေးမှာ သူ့ကို မေမေ မွေးခဲ့သည်။ သူဆယ်တန်းအောင်တော့ ဖေဖေ ဆုံးခဲ့သည်။ ပြီးတော့ တက္ကသိုလ်က ဘွဲ့တစ်ခုရခဲ့သည့်အချိန်တွင် မေမေက သူ့ကို စိတ်ချစွာထားရစ်ခဲ့ပြန်သည်။ ထိုအိမ်ကလေးမှာ ဖေဖေနဲ့ မေမေ ထားခဲ့သော အမွေးပစ္စည်းကလေးများဖြင့် နိုင်ငံခြားဘော



www.burmeseclassic.com

www.burmeseclassic.com



သာစကားပြောသင်တန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ၊ လက်နှိပ်စက်သင်တန်းတွေ၊ စာရင်းကိုင်သင်တန်းတွေတက်ပြီး ဦးကျော်ဆွေရဲ့ကုမ္ပဏီတွေမှာ အလုပ်ရခဲ့သည်။

ကဲ ... အခုတော့ သူတစ်ခါမှ မမျှော်လင့်ထားခဲ့သော ဘဝတစ်ခုကို စတင်ရတော့မည်တဲ့။ လောကကြီးက တကယ်တွေးကြည့်ရင် မတရားတဲ့လောကကြီးပါ။

"ကျွန်တော် ဒီကွက်လပ်လေးမှာ စံပယ်ပင်တချို့ စိုက်ခွင့်ရှိမလား အန်ကယ်"

"အို ... ရတာပေါ့၊ စိုက်ပါ ... စိုက်ပါ၊ ပန်းစိုက်တာပဲ အဆိပ်ပင်စိုက်တာမှ မဟုတ်တာ၊ ဒီမှာ မောင်လင်းခေး၊ မင်းကို ဒီအိမ်နေခွင့်ပေးထားစဉ် ကာလတစ်လျှောက်လုံး ဒီအိမ်ဟာ မင်းအိမ်ပဲ၊ ကြိုက်တာလုပ်ခွင့်ရှိတယ်၊ လုပ်သာလုပ်၊ ကိုယ် အားလုံးခွင့်ပြုပြီးသား"

ဟုတ်တာပေါ့။ ဆင်တစ်ကောင်လုံးကို ကျုံးသွင်းပြီးမှပဲလို့တော့ ခနဲ့လိုက်ချင်သားပင်။ မာနကြီး၍ မောက်မာသော မိန်းမတစ်ယောက်ကို အောက်ကျခံပြီး ချစ်ရေးဆိုဖို့ ထိုမိန်းမ၏ အချစ်ကိုပြန်ရဖို့ သူ့လောက်မလုပ်ချင်သူဟာ အခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကို ကြုံနေရပြီ။

လင်းခေးသည် အရာရာတိုင်းအတွက် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရင်း ရှေ့ဆက်ရမည့် အနာဂတ်တစ်ခုကို





ကြိုတင်မှန်းဆရင်း မေဂန္ဓဝင်ကို ရင်နှီးအောင်ကြိုးစားပါဟူသော ဦးကျော်ဆွေ၏ အမိန့်စကားကို စိတ်ပျက်ရင်း ဦးကျော်ဆွေ၏အရိပ်၊ မေဂန္ဓဝင်၏အရိပ်တွင် ခိုလှုံရသော ပထမဆုံးနေ့ကို ဖြတ်သန်းရလေသည်။ ကြည့်စမ်း ... ဘယ်လောက်ကျဉ်းကျပ်ရတဲ့ဘဝလဲ။ သည်ဘဝကို အားကျချင်ကြသော သူငယ်ချင်းတွေကို ပြောပြလိုက်ချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၁)

## မေဂန္ထဝင်



ဒါဟာ အချစ်တဲ့လားဟု မေ့ကိုမေးကြလျှင် မေက ဟင့်အင်း ... မေ မသိပါဘူးလို့ ငြင်းရဦးမည်။ မေ့အတွက်တော့ ဒါဟာ စိတ်အလိုလိုက်မှု၊ တစ်စုံတစ်ရာရဲ့ ဖြားယောင်းမှုနဲ့ ရူးရူးနက်ရှိုင်းသော စိတ်ခံစားမှု တစ်ခုပါလို့တော့ ဖြေချင်နေဆဲပင် ...။

www.burmeseclassic.com

www.burmeseclassic.com



## ၁

မေသည် ကားစက်ကို နှိုးမရတော့သည့်အဆုံး ကားတံခါးကို ဒေါသတကြီး တွန်းဖွင့်ကာ အိမ်ထဲက တစ်ယောက် ယောက်ကို အော်ခေါ်မလို့ဟန်ပြင်စဉ် သူသည် မေ့ဆီလျှောက်လာ ခဲ့သည်။ ဆောရီးပဲ ... ရှင်က ဒယ်ဒီလူဆိုတော့ ကျွန်မကို ကူညီ အရောဝင်ဖို့မကြိုးစားနဲ့ဟု မေသည် ခပ်တိုးတိုးရေရွတ်လျက် _

"ဦးစော ... ဦးစော၊ ဒီကို ခဏလာပါဦး၊ အရေးကြီး တယ်၊ မြန်မြန်လာပါ"

မေ့အသံကျယ်ကျယ်ကြောင့် ဦးစော ကြားမှာ မလွဲ မသွေဖြစ်သည်။ အဲဒါဆို သဘောပေါက်မေတော့။ ရှင့်ကို မလို လားမှန်း ရှင် သိဖို့ကောင်းလေရဲ့။ မေသည် လက်ပတ်နာရီ အကြိမ်ဆယ့်တစ်ခါမြောက် ကြည့်အပြီးတွင် သူသည် မေ့အနား အနဲ့ကြံဖို့ကောင်းလှစွာ ရောက်လာခဲ့သည်။ မဟုတ်ဘူး ... မဟုတ် ဘူး၊ မေ ခေါ်တာ ရှင့်ကိုမဟုတ်ပါဘူး ကိုအတာရဲ့။ နေစမ်းပါဦး





နာမည်က ခပ်မေ့မေ့ရယ်။ ဒက်ဒီဘက်သား ဆိုကတည်းက ဘမင်မေ့ပစ်လိုက်တာ။

"မမေဂန္ဓဝင် ... ကား ဘာဖြစ်သလဲ"

"ကျွန်မ ရှင့်ထက်အသက်ကြီးတဲ့ မိန်းမပုံများ ပေါက်နေလို့ လား၊ ကျွန်မနာမည်ရှေ့ မ,ထည့်ခေါ်ရင် ကျွန်မ အင်မတန် စိတ်ဆိုးတတ်တယ်ဆိုတာ ရှင် မသိသေးဘူး ထင်ပါရဲ့။ နောက်မခေါ်ဖို့ ကြိုသတိပေးထားပါရစေ"

"အိုး ... ကောင်းပြီလေ၊ ကျွန်တော့်ကို ဒီလိုသတိပေးထား တော့ ကျွန်တော် မှတ်ထားပါ့မယ်၊ ကျွန်တော် မေဂန္ဓဝင် လို့ပဲ ခေါ်မယ်နော်၊ ကဲ ... မေဂန္ဓဝင် ကားဘာဖြစ်သလဲ"

"ဘာဖြစ်မှန်းမသိလို့ ဦးစောကို ကြည့်ခိုင်းမလို့ ခေါ်တာ ပေါ့၊ ဘယ်နေရာ ဘာဖြစ်သလဲသာသိရင် ကိုယ့်ဘာသာပဲ ဖြစ်အောင် ပြင်လိုက်ပြီးပြီ၊ ဘယ်သူ့အကူအညီမှ ခေါ်စရာ မလိုဘူး၊ ဒီမှာ ... တစ်ဆိတ် ကျေးဇူးပြုပြီး ကျွန်မကို လာပြီး အရော ပါနဲ့လား၊ ကျွန်မ ဘယ်ယောက်ျားပျို တစ်ယောက်နဲ့မှ စကားမပြောချင်ဘူး"

သိပ်ရိုင်းတဲ့မိန်းမပဲလို့ ကဲ့ရဲ့ပစ်လိုက်စမ်း။ အဲသည် ကဲ့ရဲ့တာကိုပဲ လိုချင်တယ်။ မိန်းမမြင်ရင် အရောဝင်ချင်တဲ့ ယောက်ျားတွေ အတွက် ရသင့်တဲ့စကားက ဒါတွေပဲရှိတယ် ... လို့ မေသည် စိတ်ထဲကနေ ရန်တွေ့ပစ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ဟန်များတဲ့ ယောကျ်ားတစ်ယောက်ပဲ။ ကုမ္ပဏီပိုင်ရှင်ရဲ့ စိတ်ချယုံကြည်ရတဲ့ လက်အောက်ငယ်သားမို့လို့သာပေါ့။ ပိုင်ရှင်အစစ်များဖြစ်ရင် ဘယ်လောက် ဟန်တွေမာန်တွေ ထားလိုက်လိမ့်မလဲဆိုတာ။ ကျွန်မကို အမွေသိန်းပေါင်းများစွာ ပိုင်ဆိုင်ထားတဲ့ သူဌေးသမီးကလေးဆိုပြီး အရောဝင်မို့တော့ မစဉ်းစားလေနဲ့။ မေဂန္ဓဝင်ဟာ ယောကျ်ားတစ်ယောက်ရဲ့ အရိပ်အာဝါသအောက်မှာ နေချင်တဲ့မိန်းမ မဟုတ်ဘူး။

ဝန်ခံချင်တာ တစ်ခုတော့ သူ မသိအောင် ပြောပြဦးမည်။ သူသည် အင်မတန်ချောမောသန့်ပြန့်သည့် ရုပ်ရည်သော ယောကျ်ားတစ်ယောက်တည်း။ ပြီးတော့ ညို့အားပြင်းသော မျက်ခုံးများနှင့် မျက်လုံးတစ်စုံကိုလည်း ပိုင်ဆိုင်သေးသည်။ မြမားသော မေ့အရပ်ကိုကျော်လျက် မိုးရပ်နေသော သူ့အရပ်ကြီးမေက မနာလိုချင်ပါ။ သူ့အသားရေတို့က ဖြူစင်လှသော်လည်း ယောကျ်ားပီသမှုကိုတော့ ငြင်းဆန်လို့ မရချေ။ သို့သော် သူသည် ယောကျ်ားတစ်ယောက်ဖြစ်ပြီး မေ့ဖခင်ရဲ့ ပိုင်ဆိုင်မှုတွေကို မေ မောဘူးလို့ ဘယ်သူ အာမခံနိုင်သလဲ။ ပြီးတော့ မေ့ကို မေ့ ကို၊ မေ့စည်းစိမ်ဥစ္စာကို၊ မေ့လှပမှုတို့ကို မမက်မောပါဘူး ဘယ်လိုသက်သေပြနိုင်သလဲ။ အရာရာကို သတိကြီးစွာ ကြည့်နိုင်မှ။ သူ့ကို ခပ်မာမာ ဆက်ဆံမှ၊ မောက်မောက် အော်ဟစ်နိုင်မှ ...။





သူသည် မေ့အမူအရာ၊ အပြောအဆိုနှင့် ဆက်ဆံရေးတို့ကို တစ်စက်လေးမှ ဂရုမစိုက်ဟန်ဖြင့် မေ မကြားလိုလှသော သူ့စကားကို ဆက်ပြောပြန်သေးသည်။

အို ... စိတ်ပျက်ရလေစွ။

"ခင်ဗျားကို အရောဝင်တာ မဟုတ်ဘူး၊ ကျွန်တော့်ကျေးဇူးရှင်ရဲ့ သမီးတစ်ယောက်အနေနဲ့ ကူညီချင်တာပါ၊ ကျွန်တော်က မိန်းမမြင်တိုင်း အရောဝင်တတ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူး မေဂန္ဓဝင်"

"ကောင်းတာပေါ့၊ သိပ်ကောင်းတဲ့ အကျင့်စာရိတ္တပဲ၊ အမြဲထိန်းသိမ်းနိုင်ရင် ပိုကောင်းတာပေါ့နော်၊ ကဲ ... ကဲ ... ရှင်သွားနိုင်ပါပြီ၊ ဟိုမှာ ဦးစော ထွက်လာပြီ၊ ကျွန်မကားကို သူပဲ ကြည့်နေကျပါ"

သူသည် မေ၏ ခပ်ရိုင်းရိုင်းစကားကို တစ်စက်လေး နားကျင်ဟန်ဖြင့် မေ့အား ကျောခိုင်းကာ ဒယ်ဒီ့အခန်းရှိရာ ပါထပ်ဆီ ခပ်အေးအေး လျှောက်သွားပြန်တော့ မေက ...လိုနေရင်း မကျေနပ်ချင်ပြန်။ ဒါပေမဲ့ မေသည် ခဏလေးနှင့် ...စ်လိုက်သည်။ မေ့အာရုံထဲမှာ ဘယ်ယောကျ်ားမှ မရှိစေရ။ ...ယောကျ်ားကိုမှ မယုံသင့်ဘူး၊ အရောမဝင်သင့်ဘူး၊ မဆက်ဆံ ...ဘူး။ တော်ရုံသင့်ရုံ ပြောဆိုတာပဲ တော်ရာကျမည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ဘဝမှာ အလိုအပ်ဆုံးက မေသည် အများက
လေးစားအားကျရသော ပါမောက္ခကြီး ဖြစ်ရမည်။ စာအသင်အပြ
ကောင်းသော မြန်မာစာ ဆရာမကြီးလည်း ဖြစ်ရမည်။ ကျောင်း
သားတွေက အားကိုးချင်နေရမည်။ မြန်မာစာပါမောက္ခကြီး ဒေါ်ဗေ
ဂန္ဓဝင် ဆိုလျှင် အားလုံးက သိနေစေရမည်။ မြန်မာစာကျောင်း
သုံးပြဋ္ဌာန်းစာအုပ်တွေကို ရေးသူမှာ မေဂန္ဓဝင်ပဲ ဖြစ်ရမည်
ပြီးတော့ ကလေးသူငယ်တွေကို မေ ချစ်သည်။ ဒါကြော
ကလေးတွေနဲ့ သက်ဆိုင်သော ကဗျာလေးတွေကို မေက ပုံနှိ
ထုတ်ဝေဖို့ အစီအစဉ်လည်း ရှိသည်။ ကလေးပုံပြင်ကလေးတွေ
ပြန်လည်ရေးသားပြုစုမည်။ နိုင်ငံခြားဘာသာမှ တိုက်ရိုက်ပြန်
ပြီး မြန်မာစာ အရေးအသား ကောင်းကောင်းဖြင့် ကလေး
ဖတ်လို့ရအောင် မေက ရေးသားနေခဲ့သည်မှာ သိပ်မကြာသေး
မိဘတွေက မေဂန္ဓဝင် ရေးသားသော ပုံပြင်၊ ကဗျာစာအုပ်တွေ
ဆိုလျှင် ကလေးတွေအတွက် တကူးတက ဝယ်ပေးရလောက်သ
အထိ မေ့နာမည်ကို ကျော်ကြားစေချင်သည်။ မေ့ကို လေးစား
ချင်သည်။ မေ့ကို အသိအမှတ် ပြုစေချင်သည်။

မေ လိုအပ်တာ သည်ဂုဏ်ပုဒ်တွေပဲဖြစ်သည်။
ဒယ်ဒီ့စည်းစိမ်တွေကို ကိုယ်ကျိုးအတွက် မသုံးစွဲပါ။ မေ့လုပ်
အဝဝအတွက်အကျိုးရှိရှိ အသုံးချပစ်ရမည်။ ဒါတွေက မေ့လို
အကြံအစည်တွေတည်။ ကဲ … ဘယ်သူကများ မေ့ကို … ပြီး





ခမ့်ရဲ့စိတ်ကူးတွေကို လိုက်မီနိုင်လိမ့်မလဲ။ စိန်ခေါ်လိုက်ချင်သေး
တော့။

"သမီး … ကျောင်းချိန်နီးနေပြီလား"

မေသည် လက်ပတ်နာရီကို ထပ်မံကြည့်လျက် …

"နောက်ထပ် ဆယ့်သုံးမိနစ်မှ မပြီးရင် ကျွန်မ ကျောင်း မမီနိုင်တော့ဘူး၊ ဒီတော့ အဲဒီအချိန်အတွင်း ပြီးအောင်လုပ် ပေးနိုင်ပါ့မလား"

ဟု စိတ်ပျက်လက်ပျက် မေးမိသည်။ ဦးစော၏
"မရနိုင်ဘူး၊ ဒီထက်ကြာဦးမ" ဆိုသော တုံ့ပြန်သံသည် မေ့စိတ်
ပျက်မှုကို ပိုမိုဖြည့်ဆည်းပေးလေသည်။

သည်နေ့ ကျောင်းမတက်ရင် မဖြစ်တဲ့နေ့ကျမှ
ကားက ဒုက္ခပေးရတယ်လို့လေ။ အို … ဘာပဲဖြစ်ဖြစ် ဘတ်စ်စီး
ပြီးသွားလည်း ကျောင်းရောက်တာပဲ။ သွားမယ် … ကျောင်းမသွား
လို့ မဖြစ်ဘူး။ မေသည် ဘယ်သူ့ကို ဘာမှမပြောတော့ဘဲ ခြံဝင်း
ကျယ်ကြီးကို ကွေ့ပတ်ကာ ခပ်သွက်သွက် လျှောက်လာလိုက်
တော့သည်။ မေ့စိတ်မြန်မှုကို သိပြီးနှင့်သော ဦးစောသည် ကား
ကို ကြိုးစားပမ်းစားပြင်ရင်း မေ့ကို အမီလိုက်ဖို့ စိတ်ကူးနေပုံရ
သည်။ ဒယ်ဒီ့ကားကို ယူမသွားချင်ပါ။ မေသည် မရှိသင့်သော
မာနတစ်ခုကို ဒယ်ဒီ့အပေါ်မှာ ထားချင်သားပင်။ ဒယ်ဒီက "ဒါ
သမီးအတွက်ကား" ဆိုလျှင် မေသည် အိမ်မှာရှိသမျှ ကားတွေထဲက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တစ်စီးတလေကိုမှ ယောင်လို့တောင် မောင်းတော့မှာ မဟုတ်ချေ။

မေသည် ဒယ်ဒီ့ကို စိတ်နာသည်။ မုန်းသည်။ ဒယ်ဒီ့စကားကို တစ်ခွန်းတလေမှ နားမထောင်ဘူးခဲ့ပါ။ ဒယ်ဒီ့ကို အမြဲလိုလို စကားနာထိုးရမှ ကျေနပ်သည်။ ဒါဟာ မှားသလား မှန်သလား မေ ဘယ်တုန်းကမှ မဆန်းစစ်ကြည့်မိသေးပါ။

"မေဂန္ဓဝင်"

ဟူသော ခေါ်သံတစ်ခုသည် မေ့နံဘေးဆီမှ ထွက်ပေါ်လာစဉ်တွင် မေသည် အတော်လေးကို စိတ်ညစ်ညူးသွားရတော့သည်။ ဘတ်စ်ကားဂိတ်မှာရှိသော လူတော်တော်များများတို့က မေ့ကို ဂရုတစိုက် လှေလာနေရသည့်အထဲ မေ့နံဘေးတွင် ချဉ်းကပ်လာသောလူကြောင့် ပို၍ အာရုံစိုက်ကြပြီ။ ဟင်း ... စိတ်ပျက်စရာပင် ကောင်းသေးတော့။

"မေဂန္ဓဝင် ... ကျွန်တော်နာမည် စိုးဗလပါ၊ မေဂန္ဓဝင်ကတော့ ကျွန်တော့်ကို သိမှာမဟုတ်ပါဘူး၊ ကျွန်တော် မေဂန္ဓဝင်တို့ အတန်းထဲကပါပဲ၊ မေဂန္ဓဝင်ရဲ့ကား ဒီနေ့ ဘာဖြစ်လို့ မယူလာတာလဲ၊ ဘတ်စ်ကားဂိတ်မှာ ရပ်နေတာတွေ့လို့ ကျွန်တော့်ကားနဲ့ ကားကြုံလိုက်ရအောင် လာခေါ်တာပါ၊ မေဂန္ဓဝင် ... ကျွန်တော်ပြောတာတွေ ကြားရဲ့လား၊ မေဂန္ဓဝင်က မတုန့်မလှုပ်နဲ့"





"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး၊ ကျွန်မနားက ထွက်သွားဖို့ဆိုတဲ့ ကိစ္စက ရှင်နဲ့အသက်ဆိုင်ဆုံးပဲ"

"ဟာ ... ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ တစ်တန်းတည်းချင်းတွေ ရင်းရင်းနှီးနှီးပေါ့၊ ကျွန်တော့်ကားနဲ့ ကျောင်းကို ကားကြုံလိုက်ဖို့ ဖိတ်ခေါ်တာပဲပါ၊ ကျွန်တော်တို့က မိတ်ဆွေသူငယ်ချင်းတွေပဲ၊ သူစိမ်းမဆန်သင့်ပါဘူးဗျာ၊ ကျွန်တော်က မေဂန္ဓဝင်နဲ့ ခင်မင်ချင်လို့ပါ"

"ကျွန်မ ဘယ်ယောကျ်ားနဲ့မှ အသိအကျွမ်း ဖြစ်ချင်ဘူးဆိုတာ ရှင် သတင်းမကြားမိဘူး ထင်ပါရဲ့၊ ကဲ ... ရှင်သွားဖို့သင့်ပြီ၊ ကျွန်မ ဒီလောက်ပဲ ပြောပါရစေ၊ ဒီ့ထက်ရိုင်းတဲ့စကားတွေ ပြောဖို့လည်း ကျွန်မမှာ အဆင်သင့်ရှိပြီးသားလို့ ရှင့်ကို သတိပေးလိုက်တယ်နော်၊ ဒါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါစေ"

စိုးဗလ ဆိုသော နာမည်ကို မေ အနည်းငယ် ရင်းနှီးဖူးပါသည်။ ဘာဖြစ်လို့လဲဆိုရင် သည်နာမည်က လူသိများသော နာမည်တစ်ခုမို့ပါ။ နောက်မို့ မေက တော်ရုံနဲ့ယောကျ်ားတစ်ယောက်ကို သတိပြုမိတတ်သူ မဟုတ်ချေ။ စိုးဗလသည် ကျောင်းမှာတော့ တော်တော်လေး နာမည်ထွက်သော၊ မိန်းကလေးတိုင်း၏ ပါးစပ်ဖျားမှာ အမြဲလိုလို ကြားရလေ့ရှိသော လူတစ်ယောက်ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်ပုံ ခေတ်ရှေ့ပြေးပြီး ခပ်ညှုညှု



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်များက အပြည့်ရှိလေသည်။ ပြီးတော့ မေ့ကို အရောဝင်သည်မှာ မေ့ရဲ့အပြင်အဆင်နှင့် သူ့အပြင်အဆင် ကွာခြားမှုကို လူတွေ အာရုံစိုက် သတိပြုမိစေချင်သော စိတ်ကူးနှင့် ရောသည်ဟု မေက တစ်ထစ်ချ တွက်ဆခဲ့ပြီးပြီ။

မေသည် စောင့်ဆိုင်းရတာကြာလှပြီဖြစ်သော ဘတ်စ်ကားကို ဆက်စောင့်ဖို့ မစဉ်းစားတော့ဘဲ အငှားကားတစ်စီးတလေကိုများ ငှေ့ရမလားဆိုသော မျှော်လင့်ချက်ဖြင့် ပလက်ဖောင်းပေါ်မှ ကားလမ်းပေါ်သို့ တစ်လှမ်းဆင်းလိုက်စဉ် လေးဘီးတစ်စီးသည် မေ့ရှေ့မှာ တုံ့ခနဲ လာရပ်လေသည်။

"မေဂန္ဓဝင် ကျောင်းသွားမလို့လား၊ လမ်းကြုံတယ်၊ ဒီကားကို ကျွန်တော် ငှားလာတာပေမယ့် မေဂန္ဓဝင် လိုက်ခဲ့ပါလား၊ ကျောင်းနောက်ကျနေဦးမယ်"

မေသည် မမျှော်လင့်သော လင်းခေးကို ဆုံလိုက်ရသည့်အတွက်၊ ပြီးတော့ လင်းခေး၏ အကူအညီကို ယူရတော့မည့်အဖြစ်အတွက် အရာရာကို မကျေမနပ် ဖြစ်ချင်သတဲ့။

"မလိုပါဘူး၊ ကျွန်မဘာသာ ကားငှားသွားပါ့မယ်"

"မေဂန္ဓဝင် အတွက် ဒီကားကို ကျွန်တော် ဟိုနားက ငှားပေးလာတာပါ၊ မေဂန္ဓဝင် တက်လိုက်သွားရုံပဲ၊ ကျွန်တော် လိုက်မို့ပေးဖို့မလိုလည်း နေခဲ့လို့ ရပါတယ်၊ ကဲ ... ကဲ ... လာလေ ကားပေါ်တက်ပါ"





စောစောက စကားကတစ်မျိုး၊ အခုတော့တစ်မျိုး ဖြစ်ပြန်သည်။ ဟင်း ... တဘ်ပဲ တတ်နိုင်လွန်း။ ရှင်သာ ကားပေါ်မှာ ကျွန်မနဲ့အတူတူ တက်လိုက်ရဲရင် တက်လိုက်ကြည့်၊ ဒယ်ဒီ့ကို ချက်ချင်း အလုပ်ထုတ်ပစ်ခိုင်းလိုက်မယ်ဟု မေသည် တိတ်တဆိတ် ကြိမ်းဝါးလေသည်။ ထို့နောက် လူကြည့်သည့်ဒဏ်ကို မခံနိုင်တာ၊ ယောကျ်ားနှစ်ယောက်ကြားမှာ ပါဝင်ပတ်သက်နေရသော မိန်းမတစ်ယောက် မဖြစ်လိုလှတာ၊ စိုးဗလ၏ကားနဲ့ မတော်တဆ ကားကြုံလိုက်ရမှာ စိုးတာတွေနှင့် နောက်ဆုံးတော့ မေသည် လင်းခေး ငှားပေးလိုက်သည့် လေးဘီးကလေးပေါ် တက်လိုက်ရတော့သည်။ လင်းခေးသည် မေ့ကို ငေးကြည့်ကျန်ခဲ့လေရဲ့။ အခုတော့ မေဂန္ဓဝင် ဆိုတဲ့ မိန်းမဟာ ယောကျ်ားတစ်ယောက်ရဲ့ အကူအညီကို လက်ခံလိုက်ရပြီပေါ့။ ကိုယ့်ကိုယ်ကိုယ် အနည်းငယ် ဆဲရေးလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

မေနှင့် လင်းခေးတို့ ထပ်မံဆုံစည်းရခြင်းကတော့ မေ အတော်လေး သံသယဖြစ်လောက်စဖွယ်သော ဆုံစည်းရမှုတည်း။ သူ့ဘက်က တမင်ကြံစည်သလား မေမသိချေ။ မေတို့ နှစ်ယောက်သည် မျက်နှာချင်းဆိုင် တွေ့ရခဲ့ပါသည်။ မေက မေ့မြန်မာစာ စာအုပ်များနှင့် အမြဲနစ်မြုပ် အလုပ်ရှုပ်နေခဲ့၍ သူ့ကို မဆုံဖြစ်ခြင်းဖြစ်ပြီး သူကတော့ မေ့အရိပ်အကဲကို စောင့်ကြည့်ချင် စောင့်ကြည့်နေမှာပေါ့ဟု မေက တမင် တစ်ဖက်သတ် တွေးပစ်လိုက်သည်။ ထိုနေ့က မေသည် စာဖတ်ရတာ ညောင်းညာလှသဖြင့် ခြံထဲမှာ လမ်းဆင်းလျှောက်ရင်း ရေဖျန်းချင်စိတ် ဖြစ်လာ၍ မေ နှစ်သက်သော နှင်းဆီတချို့ကို ရေပိုက်ကလေးဖြင့် ရေဖျန်းနေခဲ့သည်။ မေသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ရေဖျန်းနေခဲ့၍ ဘေးပတ်ဝန်းကျင်ကို သတိမထားမိခဲ့ပါ။ နောက်ပြီး သူ့ကိုလည်း သည်ခြံထဲမှာနေတဲ့ လူတစ်ယောက်အဖြစ် မေ့လျော့နေခဲ့၍ပင်။





အကယ်၍ မေကသာ သူ့ကိုမတွေ့ခဲ့ဘူးဆိုလျှင် သူသည် မေ့ကို ဘယ်လောက်ကြာကြာထိများ ချောင်းကြည့်နေခဲ့လိမ့်မည်လဲ မသိချေ။ မတော်တဆ မေ့မျက်လုံးများက သူနေထိုင်ရာ တိုက်အိမ်ကလေး၏ရှေ့မှ မြေကွက်လပ်ကို ကြည့်မိစဉ်မှာ မေ့အား ငေးနေသော သူ့မျက်လုံးများနှင့် ဆုံလိုက်ရတာပါပဲ။ သူခိုးလူမိသွားဟန် ရှက်ကိုးရှက်ကန်းဖြင့် မေ့အား မဆီမဆိုင် လက်ပြကာ မထင်မှတ်လွန်းစွာ မေ့အနားဆီ လျှောက်လာခဲ့သည်တဲ့လေ။

စပို့ရှပ်လက်ပြတ်နှင့် ဂျင်းပင်န်အပြာရင့်တို့ကို ဆင်မြန်းလျက် ကတ်(ပ)ဦးထုပ်ကလေးကို နောက်ပြန်လှန်၍ဆောင်းထားသေးသည်။ ရာဘာဖိနပ်ဝတ်ထားသော ခြေလှမ်းများက သေသပ်ခန့်ညားသည်ဟု မေက ချီးကျူးချင်သားပင်။ နေစမ်းပါဦး ... မေ ဘာတွေများ တွေးနေမိပါလိမ့်။ ရှက်စရာ ကောင်းလိုက်တာကွယ်။ ယောကျ်ားတစ်ယောက်ကို တစ်ခါမှ သည်လောက် ကြာကြာ အသေးစိတ် မကြည့်ဖူးသော မေသည် လင်းခေးဟူသော လူတစ်ယောက်ကို သေသေချာချာ ကြည့်မိသတဲ့။ အံ့သြစရာပင်ကောင်းသေးတော့။

"မေဂန္ဓဝင် နှင်းဆီကြိုက်တယ် ထင်တယ်"

မဟုတ်သေးပါဘူး။ ဒါ ဘာမှမဆိုင်တဲ့ မေးခွန်း။ တမင်သက်သက် အရောဝင်ချင်လို့ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလုပ်မလို့လဲ"

ဟု မေက မေးမိသေးပြန်သတဲ့။ တခြား အော်ဟာစ်ရန်တွေ့စကားကို ပြောဖို့သင့်လျက် ကိုယ့်ပါးစပ်ကို ကိုယ်ဖြတ်ရိုက်ပစ်ချင်စရာပင်။

"ဩော် ... ကျွန်တော် အခု စံပယ်ပင်တွေကို စိုက်နေတယ်၊ ကျွန်တော့် စံပယ်တွေအတွက် မြေသြဇာထည့်နေတာပါ၊ ဒါနဲ့ မေဂန္ဓဝင်ရဲ့ နှင်းဆီပင်တွေကိုရော ထည့်ချင်သလားလို့ပါ"

"မလိုပါဘူး၊ အဲဒါ ဦးစော လုပ်တဲ့ အလုပ်တွေပဲ၊ ကျွန်မ အပင်ပန်း မခံနိုင်ဘူးရှင့်"

"မေဂန္ဓဝင် မပင်ပန်းရပါဘူး၊ ကျွန်တော် လက်ပေလက်စနဲ့ တစ်ခါတည်း ထည့်ပေးလိုက်မယ်လေ၊ ဦးစောကို စောင့်နေစရာ မလိုပါဘူး"

ပြောပြောဆိုဆိုပင် သူသည် မေ့ နှင်းဆီအိုးတွေနားဒူးတုပ်ထိုင်ချကာ လက်ထဲက မြေသြဇာထုပ်တွေ ဆိုးဆိုးဆတ်ဆတ် ထည့်လေ၏။ ဒါဟာ သူ တမင်ဖန်တီးတာ၊ တမင် အရောဝင်တာ၊ မေ့ဆီက ခင်မင်ရင်းနှီးမှုတင်မက တခြားတစ်ခုခုကိုပါ အရယူချင်လို့ ဖြားယောင်းတာတွေနှင့် မေသည် အပြစ်တင်ရင်း သူ့အနားမှ ရှောင်ထွက်သွားဖို့ ရေပိုက်ကိုပိတ်၍ ခြေလှမ်းပြင်စဉ် မေ့အကြံအစည် မအောင်မြင်ကြောင်း သိခွင့်ရလေ၏။





"ခဏလေး နေပါဦး မေဂန္ဓဝင်၊ ကျွန်တော် သိချင်တဲ့ အကြောင်းအရာလေးတစ်ခု မေးချင်လို့ပါ"

ဟူသော တားမြစ်သံကြောင့်ပင်တည်း။ မေသည် အတော်လေးကို စိတ်ပျက်သည့် အသံဖြင့် ...

"ကျွန်မ ရှင်နဲ့စကားပြောဖို့ အချိန်အလုံအလောက် မရှိသေးဘူးရှင့်၊ ရှင် မေးတဲ့ အကြောင်းအရာဟာ ဒယ်ဒီ ဖြေနိုင်မယ်ဆိုရင် ရှင် ဒယ်ဒီကိုပဲ မေးလိုက်ဖို့ သင့်တယ်"

"အန်ကယ်လည်း မသိနိုင်တဲ့ အကြောင်းအရာပါ"

"ကျွန်မ မဖြေချင်ရင် ဖြေမှာမဟုတ်ဘူး ဆိုတာတော့ ကြိုပြောထားရလိမ့်မယ်"

မေသည် သူက မေ့ကို ချဉ်းကပ်နေသည်ဟု သိသိကြီးနဲ့ သူ့ကို စကားလက်ခံပြောရခြင်းကို ပျော်သလိုလို ဖြစ်ချင်သားပင်။ ဟင့်အင်း ... တခြားတွေ မတွေးနဲ့ဦး။ ဒါဟာ မေ့ဘက်က ရိုးရိုးသားသား ဆက်ဆံချင်မှု ဖြစ်သည်ကွယ့်။ မေက မေ့ထက်နိမ့်ကျသော ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားမိမည်ဆိုလျှင်တောင် ထိုစိတ်ကို ဖျောက်ဖျက်ပစ်ဖို့ သတ္တိတွေအပြည့်နဲ့ မိန်းမတည်း။

"ဟိုးတစ်နေ့က ကျွန်တော်သာ လေးဘီးကား ငှားမပေးလိုက်ဘူးဆိုရင် မေဂန္ဓဝင်ဟာ ဟိုလူ့ကားနဲ့ လိုက်သွားမှာပဲလား၊ အဲဒီလူက မေဂန္ဓဝင်နဲ့ သိကျွမ်းနေတဲ့လူလား၊ ကျွန်တော် သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တာပဲ။ အဓိပ္ပာယ် မရှိလိုက်တာ။ စိုးဗလဟာ ဘယ်သူဖြစ်ဖြစ်ပေါ့။ အဲဒါကြောင့် ယောက်ျားတွေဟာ အရော ဝင်လွန်းရင် မကောင်းတာဟု မေသည် အနည်းငယ် ဒေါသဖြစ်ချင်သွားသည်။

"ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာမို့ ရှင် သိခွင့်မရှိဘူး"

"ကျွန်တော်သိမှဖြစ်မယ်၊ အဲဒီလူကို သိမှဖြစ်မယ် မေဂန္ဓဝင်၊ အန်ကယ်က ကျွန်တော့်ကို မေဂန္ဓဝင်နဲ့ ပတ်သက်တဲ့လူ မှန်သမျှ စုံစမ်းခိုင်းထားတယ်"

"အံမယ် ... ဒယ်ဒီက ... ကျွန်မကို၊ ဟင်း ... ဘာမှမဆိုင်တာ၊ ကျွန်မ ဘာလုပ်လုပ် ဒယ်ဒီ ကျွန်မကို ဘယ်တုန်းက များ တားလို့ရဖူးလို့တုန်း၊ ရှင် သိလည်းမသိဘဲနဲ့ ဝင်မပါချင်စမ်းပါနဲ့"

"ဒီလိုတော့ အယူအဆ မမှားသင့်ဘူးလေ၊ ဖခင်တစ်ယောက် အနေနဲ့ သူ့သမီးကို စိတ်ပူမှာပေါ့၊ ပြီးတော့ ကိုယ့်ဖခင်ဟာ လူကောင်းဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ် ကိုယ့်အပေါ်မှာတော့ မေတ္တာတရား ကြီးမားတာ မေဂန္ဓဝင် မေ့ထားဖို့ မသင့်ဘူး၊ အန်ကယ့်ကို ကျွန်တော် လေ့လာရသမျှဆိုရင် အန်ကယ်ဟာ မေဂန္ဓဝင်ကို အတော်ချစ်ရှာပါတယ်၊ မေဂန္ဓဝင် အထင်မလွဲသင့်ဘူး၊ အင်း ... ပြောဖို့တောင် လိုမယ်မထင်ပါဘူးဗျာ၊ မေဂန္ဓဝင်က မြန်မာစာဂုဏ်ထူးတန်း တက်နေ





တဲ့ ကျောင်းသူတစ်ယောက်ပဲ၊ မိခင်မေတ္တာ၊ ဖခင်မေတ္တာတွေကို ကျွန်တော့်ထက်ပိုပြီး သိနေလောက်အောင် စာတွေဖတ်ရမှာပါ"

ကြည့်စမ်း ... ယောက်ျားတစ်ယောက်ရဲ့ ဆုံးမစကား မေက လိုက်နာရမတဲ့။ ဘယ်လောက် ခံပြင်းစရာ ကောင်းကိ်သလဲဆိုတာ။ ရှင်ဟာ သိပ်စကားတတ်တာပဲ၊ သိပ်ဆရာလုပ်ဘဲ။

"နေစမ်းပါဦး၊ ရှင် အခုပြောနေတဲ့ စကားတွေကို ဒယ်ဒီက ရှင့်ကို ရေ့နေငှားပြီး ပြောခိုင်းတာလား၊ ဒီမှာ ဒယ်ဒီ့ကို ရှင်ပြန်ပြောဖို့ စကားကိုပါ တစ်ခါတည်း မှာလိုက်မယ်၊ မေဂန္ဓဝင်ဟာ ဒယ်ဒီ့စကားကိုသာ နားမထောင်ရင် ရှိမယ်၊ အဲဒီလောက် အတွေးအခေါ် မညံ့ဖျင်းဘူး၊ ပြီးတော့ ဘယ်ယောက်ျားတစ်ယောက်ကိုမှ အထင်မကြီးတတ်ဘူး၊ အားမကိုးတတ်ဘူးဆိုတာလည်း ပြောဖို့မမေ့နဲ့ဦး"

လင်းခေးသည် ဟက်ခနဲ တစ်ချက် ရယ်မောလိုက် ...

"အဲဒီထဲမှာ ကျွန်တော်ကော ပါတယ်မဟုတ်လား၊ မေဂန္ဓဝင် အားမကိုးလိုတဲ့ ယောက်ျား၊ အထင်မကြီးတဲ့ ယောက်ျားစာရင်းဝင်လေ၊ ကျွန်တော့်နာမည်က ထိပ်ဆုံးက ပြေးနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေသည် အားနာရကောင်းမှန်း မသိစွာ "သိပ်မှန်တာပေါ့"ဟု ခပ်တည်တည် ပြောချပစ်လိုက်လျှင် လင်းခေးသည် သူ့နဖူး သူပြန်ရိုက်ကာ "သေလိုက်စမ်းကွာ"ဟူ၍ ရေရွတ်လိုက် စဉ်တွင် သူ့အား ထားရစ်ခဲ့သည်။

မေသည် သူနဲ့ စကားလက်ဆုံ သည်လောက်ကြာ ကြာ မပြောဖူးခဲ့၍ သည်တစ်ကြိမ် စကားပြောရခြင်းကို မှန်တာ ဝန်ခံရလျှင် ကျေနပ်သလိုလို ရှိသားပင်။ ပြီးတော့ ပြောပြရဦး မည်။ မေသည် သူနဲ့ပြောဆိုခဲ့ရသမျှနှင့် သူ့အမူအရာတို့ကို မကြာခဏ မြင်ယောင်ကာ ခပ်တိုးတိုး ကျိတ်ရယ်နေမိပြန်သေး သည်။ မေ သူ့ကို ခဏ ခဏ စကားပြောကြည့်ချင်သည် သို့သော် မေ သူ့ကို ယိမ်းယိုင်လွယ်တာတော့ မဟုတ်ချေ။ မေ ကို ချဉ်းကပ်ချင်မှန်း သိသိကြီးနှင့် သူ့ကို လိုလိုလားလား ဆက် ဆံတာကတော့ မေ လွန်တာပေါ့နော်။ ဒါပေမဲ့ မေ သူ့ကို ချင်သည်။ သူနဲ့စကားနိုင်လုရတာကို ပျော်ပါသည်။ ဒယ်ဒီက ဖားပြီး မေ့ကို ဒယ်ဒီနဲ့ ငြိမ်းချမ်းရေးရအောင် ဆက်သွယ်ပေး ချင်တာကိုသိလျက် မေက မိုက်မိုက်မဲမဲ ခွင့်လွှတ်ချင်သားပင်

◆◆ ❧ ◆◆





## ၃

ခရမ်းရင့်ရောင် ပိုးသားရင်ဖုံးကလေးကို ရွေးချယ် ဝတ်ဆင်၍ ခရမ်းရင့်ရောင် ဘရိုကိတ်အပွင့် ရောင်စုံလုံချည်က လေးကို သေသပ်အောင် ဆွဲဆန့်ကာ မေသည် သေသပ်စွာ ထုံး နှောင်ထားသော ဆံထုံးကလေးမှ သစ်ခွခရမ်းရောင်တစ်ပွင့်ကို မှန်ထဲမှာ ကိုယ်တစ်ပတ်လည် ပြန်ကြည့်ပြီးချိန်တွင် အမေ့အလှ ပြင်ဆင်ခြင်း ပြီးဆုံးလေ၏။ မေ့အတွက် အောက်ခံမိတ်ကပ်လူး ရုံ၊ အပေါ်က သနပ်ခါးပျစ်ပျစ်လိမ်းရုံ၊ ကရင်ပတ်(ဖ)ရိုက်ရုံနဲ့ နှုတ်ခမ်းဆိုးဆေးဖျော့ဖျော့ ဆိုးရုံတို့ဖြင့် အလှပြင်ဆင်ခြင်း ပြီး ဆုံးရစမြဲတည်း။

သည်နေ့သည် မေ့အတွက် အလွန်တရာမှ အရေး ကြီးသော နေ့တစ်နေ့ဖြစ်သည်။ မေကိုယ်တိုင် ရေးသားဖွဲ့ဆိုထား သော ကဗျာတို့ကို ပုံနှိပ်ထုတ်ဝေခြင်းနှင့် ပတ်သက်၍ မေ့ကို



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးခွင့်ကြသော စာနယ်ဇင်းများထဲမှ မေ့ လိုလားသော စာနယ်ဇင်းကို အင်တာဗျူးလက်ခံဖို့ အိမ်မှာပင် ချိန်းဆိုထားခဲ့၏။ သူတို့အမြင်မှာ မေသည် စံပြမိန်းမတစ်ယောက် ဖြစ်နေရမည်။ မေ့ကဗျာများထဲကအတိုင်း ကလေးသူငယ်တွေရဲ့ အနာဂတ်ကို သာ အလေးထားတတ်သော ဆရာမကောင်းတစ်ယောက် ဖြစ်ရမည်။ မေက မူကြိုတွေဖွင့်မှာ၊ ကလေးအစီအစဉ်ကဏ္ဍတွေကို တီဗီမှာ ရေးသားထုတ်လွှင့်မှာ၊ မြန်မာစာမိခင်ကြီးဖြစ်ဖို့ ကြိုးစားမှာတွေ မေက ပြောပြချင်သေးသည်။

မေ့ရဲ့သီးစစ်(Thesis)မှာ ဘာတွေရေးသားပြုစုမည် ဆိုတာကိုလည်း မေ ကြွားချင်သေးသည်။ မေသည် စိတ်ကူးတို့ဖြင့် ကိုယ့်အောင်မြင်မှုကို ကိုယ်တိုင်ကျေနပ်နေချင်သားပင်။ ကဲ... ဘယ်သူများ မေ့ခြေလှမ်းတွေကို မီခဲ့လို့လဲ။ မေ့လို ရဲရဲတင်းတင်း ငွေအမြတ်အစွန်း မကြည့်ဘဲ သည်လိုကလေးကဗျာစာအုပ်တွေ ထုတ်ရဲသလား။ မေက ဒယ်ဒီရှာဖွေထားသမျှ ငွေတွေကို ထိုင်ဖြုန်းနေတယ်ပဲ ကဲ့ရဲ့ကြ၊ ပြောကြပါစေ။ မေ့ရဲ့ဖြုန်းတီးခြင်းကို ဘယ်သူက မှားတယ်လို့ တားရဲလို့လဲ။ မေ့ဂန္ထဝင်သည် အခုတော့ အားလုံးရဲ့ပါးစပ်ဖျားမှာ ရေပန်းစားစ ပြုလာခဲ့ပြီ။

မေသည် မေ့အခန်းရှိရာ အပေါ်ထပ်မှ ဧည့်ခန်းဆီ လှေကားမှတစ်ဆင့် ဆင်းလာစဉ်တွင် ဒယ်ဒီဆီလာသော သူနှင့် ဆုံဖြစ်အောင် ဆုံလိုက်သေးသည်။ သူသည် မေ့ကို မက်မောသလို





မျက်လုံးများနှင့် ကြည့်သွားသည်ဟု မေက လိုရာဆွဲတွေးပစ်လိုက်သည်။ မေ့ရဲ့အောင်မြင်မှု၊ ကျော်ကြားမှု၊ ငွေကြေးအလှအပနဲ့ ပညာအရည်အချင်းတွေဟာ ယောက်ျားတွေအတွက် စိတ်ကူးယဉ် မျှော်လင့်ချင်စရာပေါ့ဆိုတဲ့ အတွေးဖြင့် နှာကြည်းချင်ပြန်သတဲ့။

"ကျွန်မက ဆယ်တန်းကို ဆေးကျောင်းတက်လို့ရတဲ့ အမှတ်နဲ့ အောင်ခဲ့ပါတယ်၊ ဆယ်တန်းမှာ လေးဘာသာဂုဏ်ထူးပါခဲ့တဲ့အထဲမှာ မြန်မာစာဂုဏ်ထူး ပါခဲ့ရတာကို ပိုပြီး ဂုဏ်အယူဆုံးပဲ၊ ပြီးတော့ ကျွန်မဆယ်တန်းအောင်တုန်းက တစ်ပြည်လုံး မြန်မာစာအမှတ်အများဆုံးမှာ ကျွန်မက နံပါတ်တစ်ပေါ့၊ ကျွန်မ မြန်မာစာကို ကြိုက်တယ်၊ စိတ်ဝင်စားတယ်၊ ကျွန်မတို့ မြန်မာလူမျိုးတွေက နိုင်ငံခြားဘာသာစကားကို အလွယ်တကူ သင်ယူတတ်မြောက်ကြပေမယ့် ကျွန်မတို့ မြန်မာဘာသာနဲ့ စကားကို နိုင်ငံခြားသားတွေ တော်ရုံနဲ့ သင်ယူမတတ်မြောက်နိုင်လို့ မြန်မာစာကို အထင်ကြီး လေးစားရမါတယ်၊ ဒါကြောင့် ကျွန်မ မြန်မာစာအဓိကကျောင်းသူဘဝကို မြတ်မြတ်နိုးနိုး ခံယူခဲ့တာပါ"

"ဪ ... ဟုတ်လား၊ ဆရာမရဲ့စိတ်ကူးစိတ်သမ်းက တော်တော်ထူးဆန်းတာပဲနော်၊ လူတိုင်းက ဆေးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်ရဖို့ အသည်းအသန် လိုချင်နေပေမယ့် ဆရာမက ကိုယ်ယုံကြည်ရာကို ကျေကျေနပ်နပ် ရဲရဲဝံ့ဝံ့ လုပ်နိုင်သားနော်"

"လူတစ်ယောက်မှာ ဝါသနာဆိုတာ သိပ်အရေးကြီးပါတယ်၊ ဝါသနာမပါဘဲလုပ်တဲ့ အလုပ်တစ်ခုဟာ ဘယ်တော့မှ ထူးထူးချွန်ချွန် ဖြစ်မှာမဟုတ်ဘူး၊ အောင်မြင်မှာလည်း မဟုတ်ဘူး ဆိုတာကို ကျွန်မ လက်ခံလို့ပါ၊ အကယ်၍ ကျွန်မသာ ဆရာဝန်ဖြစ်ခဲ့မယ်ဆိုရင် ကျွန်မဟာ ထူးချွန်တဲ့ဆရာဝန် ဖြစ်လာမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ဝါသနာမပါရင် ဘယ်အလုပ်ကိုမှ စိတ်ဝင်တစား လုပ်လို့ မရလို့ပါ"

"အဲဒါ သိပ်မှန်တဲ့ အယူအဆပါပဲ ဆရာမ"

ထို့နောက် မေသည် မေ့အနာဂတ် ရည်မှန်းချက်များကို မမေ့မလျော့ ပြောပြခဲ့ပြန်သည်။ အင်တာဗျူးသော အမျိုးသမီး၏ မျက်လုံးတွေမှာ မေ့ကို အားကျဟန်တွေ အထင်းသားဖြစ်နေကြောင်း မေက ရိပ်မိလျက် ယစ်မူးရပြန်သည်။ မေ့စည်းစိမ်ကြွယ်ဝမှု၊ ဒယ်ဒီ့ဂုဏ်သိက္ခာ၊ မေ့ပညာ အရည်အချင်း၊ မေ့အလှအပကို့ကို အားကျကာ မေ့ကို မနာလိုတောင် ဖြစ်နိုင်လောက်ရှာပရဲ့။

"ခါတ်ပုံနည်းနည်း ရိုက်ယူမယ်နော်"





ဆိုပြီး ခွင့်တောင်းလျှင် မေသည် အလွယ်တကူပင် လက်ခံလိုက်သည်။ အဲဒါ မေမမှားဘူးဟု မေက ယူဆသည်။ ဘာပဲဖြစ်ဖြစ် မေ့ကဗျာစာအုပ်တွေကို အသုံးပြုသော မူကြိုကျောင်းတွေ၊ မူလတန်းကျောင်းလေးတွေ (အထူးသဖြင့် သူငယ်တန်းလေးတွေ)၊ ကလေးမိခင်တွေက မေ့ကို မြင်ဖူးချင်ကြမှာ။ သူတို့ကလေးတွေရဲ့ ဆိုလွယ် တေးကဗျာတွေကို ရေးပေးသူမှာ အသက်နှစ်ဆယ့်သုံးနှစ်မျှသာရှိသော မြန်မာစာဂုဏ်ထူးတန်းကျောင်းသူတစ်ယောက်အဖြစ် အံ့သြပြောဆို ချီးကျူးကြမှာ ... ဒါတွေကို မေကယူချင့်သေးသည်။

အဲဒါ မေ့ရဲ့အတ္တတွေပဲပေါ့။

မေသည် မိမိကို ဝိုင်းဝန်းချီးကျူး ထောပနာပြုသူများကြားမှာ ပီတိဝေခဲ့ရခြင်းများကို ဟားတိုက်လှောင်ပြောင်လိုသော ယောကျ်ားတစ်ယောက်နှင့် စကားစစ်ထိုးပွဲ ဆင်နွှဲရစဉ်တွင် ခံပြင်းစွာ ကြုံဆုံရလေသည်။

ထိုသူမှာ အံ့သြဖွယ်ကောင်းလောက်စွာ လင်းခေးခဲ့နေခဲ့ပြီး မေ ဘာကြောင့် အံ့သြရသလဲဆိုရင် သူက မေ့ကို စိတ်မောလိုလားနေသောစိတ်ဖြင့် ချဉ်းကပ်နေသည်ဟု မေက ထင်ထားသောကြောင့်ပင်တည်း။

"အင်း ... ကလေးသူငယ်တွေကို လိမ္မာဖို့၊ မိဘရိုသေဖို့၊ ဘာသာတရား ကိုင်းရှိုင်းဖို့၊ ပညာကြိုးစားဖို့၊ ဆရာသမား



www.burmeseclassic.com

www.burmeseclassic.com



ကို ပူဇော်ဖို့ ဆုံးမတဲ့ ကဗျာတွေရေးတဲ့ ဆရာမကိုယ်တိုင် က ဖခင်ကို လျစ်လျူရှုထားတာ၊ ဖခင်ရဲ့မေတ္တာကို နား မလည်တာ၊ ဖခင်ကို ရန်လိုနေတာတော့ ထည့်မပြောလို ဘူးလား မေဂန္ဓဝင်၊ သိပ်ရယ်စရာကောင်းတဲ့ ဟန်ဆော မြောက်ပင့် အင်တာဗျူးကြီးပဲ”

ဟူသော လှောင်ပြောင်စကားဖြင့် လင်းခေးသည် မေ့အောင်မြင်မှုကို ထိပါးလေသည်။ မေသည် အတော်ဒေ ဒေါသဖြစ်လျက် သူ့အား မျက်ထောင့်နီနီဖြင့် တည့်တည့်ဖြ ကြည့်ကာ ...

“တစ်ဆိတ် ကျေးဇူးပြုပြီး ရှင့်ရဲ့စကားတွေ ရုပ်သိမ်းထ လိုက်စမ်းပါ၊ ပြီးတော့ ကျွန်မကို စော်စော်ကားကာ ကဲ့ရဲ့တာကို တောင်းပန်စမ်းပါ၊ ရှင်ဟာ ကျွန်မနဲ့ ဒယ် ကြားမှာ ဘာဖြစ်လို့ ဝင်ပါချင်မှန်း မသိဘူး ကိုလင်းခေ ဒါဟာ ကျွန်မတို့သားအဖကိစ္စ၊ ရှင်လို သူစိမ်းတစ်ရဲ က ဝင်ဖျန်ဖြေစရာ မလိုပါဘူး”

ဟု ပြန်လည် ရန်ထောင်ပစ်လိုက်သည်။ တစ်သ လုံး သည်လိုနေလာတာ ရှင့်စကားကို နားယောင်လို့ ကျေအေ မယ် ထင်သလား၊ ဝေးသေး ... သိပ်ကိုဝေးသေး။

“အမှန်ကိုပြောရင် လူတွေက မကြိုက်ဘူးဆိုတာ ကျွန်တေ လက်တွေ့ကြုံရလို့ ယုံကြည်သွားခဲ့ပြီ မေဂန္ဓဝင်၊ ခင်ဗျ





လည်း အမှန်ကို ဝေဖန်ရင် မကြိုက်တဲ့ လူစားမျိုးထဲမှာ ပါနေပြီပဲ၊ သူများထက် ထူးခြားချင်တဲ့ မေဂန္ဓဝင်မှာ လူ တကာမှာရှိတဲ့ စိတ်ဓာတ်မျိုး ရှိနေတာတော့ သတိပြုရမယ့် အချက်ပဲ”

“ရှင် ... ကျွန်မကို ဝေဖန်စရာမလိုဘူး၊ အခုလောလော ဆယ် ရှင် လိုချင်တာ ဘာလဲ၊ ဘာစကားကို တုံ့ပြန်စေ ချင်တာလဲ၊ အဲဒါပဲ ကျွန်မ သိချင်တယ်”

“မလိုချင်ပါဘူး၊ ဘာစကားကိုမှ တုံ့ပြန်စေချင်လို့ ဒီလို ပြောတာ မဟုတ်ပါဘူး၊ မေဂန္ဓဝင် ဖြစ်ချင်တဲ့ ဘဝတစ်ခု ကို တက်လှမ်းနေချိန်မှာ အဘက်ဘက်က လစ်ကွက်ဟာ ကွက်မရှိအောင် Prefect ဖြစ်အောင် ပံ့ပိုးပေးချင်တာပါ၊ မေဂန္ဓဝင်ဟာ အမျိုးသမီးတိုင်း အားကျငေးမောရတဲ့၊ အတုယူရတဲ့၊ အားကိုးကြရတဲ့ Ideal Woman တစ်ယောက် အဖြစ် မြင်ချင်တာပါ၊ အဲဒါ ကျွန်တော့်ရဲ့ စေတနာအရင်း ခံပဲ”

သေတော့မှာပဲ။ သည်လူဟာ မေ့ကို ဘယ်နှယ်ဆုံးမ ချင်နေပြန်တာလဲ။ မေ့ရဲ့လှုပ်ရှားမှုအဝဝကို စောင့်ကြည့်အပြစ် တင် ဝေဖန်ရင်း မေ့ကို တိုးတက်အောင်လည်း ပံ့ပိုးပေးဦးမတဲ့။ သိပ်လှပဆန်းကြယ်တဲ့ အတွေးအခေါ်တွေပဲ။ မေတော့ ဟားတိုက် ရယ်မောမိတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လင်းခေးဟာ သာမန်ယောက်ျားတစ်ယောက် မဟုတ်တော့ဘူးဆိုတာ ထည့်သတိထားမှ။ သူဟာ ဒယ်ဒီ့ကို အပိုင်ကိုင်ပြီး မေ့ကို ခြယ်လှယ်ဖို့ ကြိုးစားစပြုလာပြီ။ ပြီးတော့ သူဟာ အရည်အချင်းပြည့်ဝတဲ့ Ability ရှိတဲ့ ယောက်ျားတစ်ယောက်ပဲ။ မေက သူ့ကို မေ့လျော့ထားလို့ မရတော့ဘူး၊ သူက မေ့ရဲ့အမှားတွေကို ထောက်ပြတတ်လာပြီ။ ပြီးတော့ ... မေ့ကို အမိန့်ပေးချင်လာပြီ။

နောက်ပြီး လင်းခေးဟာ ဒယ်ဒီ့အကြောင်းပြချက်ခိုင်ခိုင်လုံလုံ သိပ်မရှိဘဲ သည်ခြံ၊ သည်အိမ်၊ သည်ပတ်ဝန်းကျင်ကို ရောက်လာရတဲ့ လှို့လှို့ဝှက်ဝှက်နိုင်လှသော လူတစ်ယောက်ဆိုတာ မေ့မထားရမယ့် အချက်ပဲ။

"မေဂန္ဓဝင် ... ခင်ဗျားကတော့ အောင်မြင်မှု လှေကားတစ်ထစ်ကို နင်းတက်နိုင်ခဲ့ပြီမို့ မိုးမမြင် လေမမြင် ပျော်နေမှာပေါ့၊ မေဂန္ဓဝင်ရဲ့အဖေ ဘာဖြစ်နေသလဲ ဆိုတာကိုတော့ နည်းနည်းပါးပါး သတိထားကြည့်ဖို့ကောင်းတယ်၊ တစ်မိုးအောက်တည်းမှာ အတူတူနေရတဲ့ သားအဖနှစ်ယောက်ဟာ တစ်ယောက်အကြောင်း တစ်ယောက် မသိကြဘူးဆိုရင်တော့ လူကဲ့ရဲ့စရာ ဖြစ်ကုန်လိမ့်မယ်"

ဘုရားရေ ... ဒယ်ဒီ ဘာဖြစ်လို့ပါလိမ့်။ မှန်တာဝန်ခံရရင် မေသည် ဒယ်ဒီ့ပစ္စည်းတွေနဲ့ အရင်းတည်ပြီး မေ့





အောင်မြင်မှုကို အရယူခဲ့သော်လည်း ဒယ်ဒီ့ကို ဘာလုပ်မယ်၊ ဘာကိုင်မယ်နဲ့ လုံးဝမတိုင်ပင်ခဲ့ချေ။ ပြီးတော့ ဒယ်ဒီနဲ့ တစ်နေ့နေ့လို့မှ စကားသုံးခွန်းပြည့်အောင်တောင် ပြောတာမှ မဟုတ်ခဲ့တာ။

"ဒယ်ဒီ ဘာဖြစ်သလဲလို့ ခင်ဗျား မေးသင့်တယ်"

"ကျွန်မ မမေးလည်း ရှင် ပြောဖြစ်အောင် ပြောမှာပါပဲ ကိုလင်းခေးရယ်၊ မေးစရာ မလိုဘူးလို့ ထင်တယ်"

"ကဲ ... ကဲ ... ကျွန်တော် ရှုံးတယ်ပဲ ထားပါ၊ ကျွန်တော်က မပြောဘဲ မနေနိုင်ဘူး၊ ပြောရမှာပဲ၊ အန်ကယ့်မှာသွေးတိုးရောဂါအပြင် နှလုံးနဲ့ ဆီးချိုရောဂါပါ ဖြစ်နေတယ်၊ ဒါ့ကြောင့် အခုဆို လုပ်ငန်းတွေအကုန် ကျွန်တော် လုပ်ပေးနေရပြီ မေဂန္ဓဝင်၊ မေဂန္ဓဝင်ဟာ ဖခင်ကို အထင်လွဲစိတ်နဲ့ လျစ်လျူရှုထားသမျှ ခင်ဗျားပဲ ခံရမှာ၊ ကျွန်တော်က လုပ်ငန်းတွေအကုန် လက်ဝါးကြီးအုပ်ပစ်လို့ ရတယ်နော်၊ ဒီလုပ်ငန်းတွေကို ကျွန်တော့်လောက် နားမလည်တဲ့၊ မတတ်ကျွမ်းတဲ့ ခင်ဗျားဟာ ကျွန်တော်လှည့်သမျှ ခံလိုက်ရမှာပဲ"

"အဓိပ္ပာယ်မရှိတာ၊ ဒယ်ဒီ့ရောဂါက ချက်ချင်းမသေနိုင်ပါဘူး၊ ပြီးတော့ ... ရှင် လက်ဝါးကြီးအုပ်လည်း ကျွန်မ ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မအတွက် စည်းစိမ်ဥစ္စာထက် ပညာက အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အခုတော့ မေဂန္ဓ ဝင့်ပညာကို ကြွားဝါဖို့အတွက် အန်ကယ့်စည်းစိမ်တွေကို အသုံးချနေရတာပဲလေ၊ ကဲပါ ... ဒါတွေထားတော့၊ အခု ကျွန်တော်ပြောချင်တာက အန်ကယ်ဟာ သူ ဒီလိုရောဂါ ခံစားရချိန်မှာ သူ့ကို ကုသနေတဲ့ ဆေးဝါးတွေထက် သူ့အချစ်ဆုံး တစ်ဦးတည်းသောသမီးကို ပိုအားကိုးမှာ ဆိုတာပါပဲ၊ ကျွန်တော် အမိန့်ပေးတာ မဟုတ်ပါဘူး၊ ခင်ဗျား စဉ်းစားဆင်ခြင်ဖို့ သတိပေးတာပါ"

အို ... မေ့ကို ဝေဖန်ခဲ့ပြန်ပြီ။ ရှင်ဟာ သည်လိုပဲ အနိုင်ဒီဂရီတွေ ဆက်တိုက်ဆင့်ပြီး မေ့ကို တွေဝေအောင် လုပ်တတ်လှချည်လား။ မေ့အမှားတွေ တမင်မေ့ထားခြင်းအား တစ်ဖန်ပြန်လည်တူးဆွရဲတဲ့သူပဲ။ ပြီးတော့ ... မေ့ကိုလည်း မညှာမတာ ဝေဖန်ရဲတဲ့လူပဲ။

သူ မသိအောင် ပြောပြရဦးမည်။ သူ မေတို့ရဲ့အိမ်ထဲက ထွက်သွားပြီး မကြာမီ မေသည် ဒယ်ဒီ့အခန်းကို သွားချောင်းကြည့်ကာ ဒယ်ဒီ့အခြေအနေကို အကဲခတ်ခြင်းအား လုပ်မိတာပဲဖြစ်သည်။ ဒယ်ဒီ့ကို စတင်မုန်းတတ်သာခါစ အရွယ်တည်းက ဒယ်ဒီ့အခန်း၊ ဒယ်ဒီ့ပတ်ဝန်းကျင်နဲ့ ဒယ်ဒီနဲ့ သက်ဆိုင်သမျှတွေကို ခြေဦးမလှည့်ခဲ့သော မေသည် သူ့ထံမှ ဝေဖန်ကဲ့ရဲ့စကားကို မခံချင်လှစွာ သည်အလုပ်ကို ပထမဆုံးအကြိမ် လုပ်မိခြင်းတည်း။ ဒယ်ဒီ မမြင်ခင် လစ်ထွက်ခဲ့ခြင်းကလည်း ပထမဆုံးတည်း။





၄

ထိုသို့ လင်းခေး၏ ကဲ့ရဲ့ဝေဖန်မှုကို မေသည် ခကျေမနပ် ခံယူရရှိပြီးနောက် မေတို့နှစ်ယောက် အချိန်တော်တော်ကြာကြာ မျက်နှာချင်းဆိုင် မဆုံဖြစ်ကြချေ။ သူကလည်း သူ့အလုပ်များဖြင့် အချိန်ကုန်နေသလားတော့ မေ မသိပေမယ့် မေသည် မေ့ကျောင်းစာများ၊ ကဗျာများ၊ ပြန်လည်ရေးသားပြုစုနေသော ပုံပြင်များ၊ တီဗီမှာလွှင့်ခွင့်ရသော ကလေးအစီအစဉ်အတွက် မေ့ဇာတ်လမ်းများကို ဇာတ်ညွှန်းရေးခြင်းများ၊ ဆိုလွယ်သားများနှင့် အချိန်အားတောင် မရှိခဲ့ချေ။ တစ်နေ့တာမှာ (၂၄) နာရီရှိခြင်းကတောင် နည်းပါးလှသည်ဟု မေက အပြစ်တင်ချင်သေးသတဲ့။ အဲသည်လောက်တောင် မေ့မှာ အလုပ်များနေရသည်။

သို့သော် မေ စိတ်ညစ်သလားဆိုတော့ စိတ်မညစ်ချေ။ သည်လိုကြိုးစားမှသာ မေ မျှော်မှန်းထားရာ အောင်မြင်ခြင်းတံတိုင်တစ်ခုကို ရရှိမည်ဟု မေက ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေသည် အရာရာကို မေ့သဘောကျ စိတ်လိုက်မာန်ပါ လိုက်လုပ်သော်လည်း ကြာတော့ မေ့ခန္ဓာကိုယ်က မေ့စိတ်အလိုကို မလိုက်နိုင်မှန်း သိခွင့်ရခြင်းကတော့ ထိုသို့ နေ့မအား ညမအား စိတ်ကို အနားမပေးသောအခါ မေ နေမကောင်းဖြစ်ဖို့ ဖန်လာသည့်အဖြစ်ကြောင့်တည်း။ ထိုနေ့က မေသည် အနည်းငယ် နှာစေး‌ချောင်းဆိုးလောက်သာ ဖြစ်သည်ထင်ကာ မိုးတစိမ့်စိမ့်ရွာနေလျက်က ကျောင်းကိုသွားဖြစ်အောင် သွားလိုက်သေးသည်။ ပြီးတော့ … နောက်ထပ်ထုတ်ဖို့ ကဗျာစာအုပ်အတွက် သွားပြီး စီစဉ်လိုက်သေးသည်။ မေ့ ဆိုလွယ်တေးတွေကို ဆိုပေးနိုင်မည့် ကလေးတွေရဲ့အိမ်ပေါက်စေ့ကိုလည်း သွားဆွေးနွေးလိုက်သေးသည်။

"ဆရာမ … နေမကောင်းဘူးလား၊ နှာအရမ်းစေးပြီး မျက်လုံးတွေလည်း နီနေတယ်၊ မိုးကလည်း အေးအေးနဲ့ အိမ်ပြန်နားပါဦးလား"

လို့ တချို့ဓာလေကတော့ သတိပေးသား။

ဟင့်အင်း … သည့်အလုပ်တွေကို ဘယ်အချိန်လုပ်လုပ် ရတာပဲဆိုပြီး ထင်တဲ့လူတွေ ရှိရင်ရှိမယ်။ အဲသည်လူတွေထဲမှာ မေ မပါဘူး။ လူဆိုတာ အချိန်နဲ့ အခါနဲ့ ရှိတယ်။ ကိုယ်လုပ်နိုင်တုန်းအချိန်၊ ကိုယ့်ဇာတာစန်းလာဘ် တက်တဲ့အချိန်ပြီးတော အသက်အရွယ်ဆိုတာလည်း ရှိသေးရဲ့။ မေက သည်အသက်အရွယ်မှာ သည်လိုဖြစ်ဖို့ ဖန်လာတဲ့သူ ဖြစ်သည်။



နောက်တစ်ဖန် မေသည် ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ အောင်မြင်မှုကိုရတယ်။ တော်တော့်ကို ပါရမီထူးတဲ့ အမျိုးသမီးပဲဟူ၍ လူတိုင်းရဲ့ပါးစပ်ဖျားမှာ တသသ ပြောနေရတဲ့ သာမန်လူမဟုတ်တဲ့ မိန်းမတစ်ယောက်လည်း ဖြစ်ချင်သေးသည်။ ဆရာမကြီး ငွေတာရီလို၊ ဆရာမကြီး ခင်နှင်းယုလို၊ ဆရာမကြီး ဂျာနယ်ကျော်မမလေးလို၊ ဆရာမကြီး ကြည်အေးလို၊ ဆရာမကြီး နုယဉ်လို ပါရမီထူးတဲ့မိန်းမများစာရင်းဝင်လည်း ဖြစ်ချင်သေးရဲ့။

မေသည် စိတ်ကိုအနားမပေး၊ ခန္ဓာကိုယ်ကိုလည်း အနားမပေးသောအခါ အိမ်လည်း ပြန်ရောက်ရော မေ့ခေါင်းတွေ မထူနိုင်အောင် တစစ်စစ် ထိုးကိုက်လာတော့သည်။

"ကျွတ် … ဖျားတော့မယ် ထင်တယ်၊ စိတ်ညစ်စရာကောင်းပါဘိတော့"

ဟု မေသည် စိတ်ပျက်လက်ပျက် ညည်းညူလျက် ဆေးတချို့ကို ကိုယ့်ဘာသာ ယူသောက်လျက် အနွေးထည်အထပ်ထပ်ဝတ်ကာ အိပ်ရာထဲ စောင်ခြုံကွေးနေလိုက်ရင် နောက်နေ့ပျောက်မှာပါ။ နည်းနည်းပါးပါး ဖျားတာပါတွေနှင့် အာခံလိုက်သေးသည်။ သို့သော် နောက်တစ်နေ့၏နံနက်တွင် မေသည်အိပ်ရာထဲက ထလို့မရအောင်တောင် ဖျားခဲ့သတဲ့။

"မမမေ … သတိရပြီလား၊ အဖျားတစ်ရာ့လေးတောင်ရှိတယ်၊ မတင်က မမမေ မနိုးသေးပါလား၊ ဘာဖြစ်လို့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အခန်းတံခါး လာခေါက်တော့လည်း အထဲက ဘာသံမှ မကြားရတာနဲ့ ခဏခဏဆုံးရတော့ နောက်ဆုံးစိတ်ပူပြီး တံခါးသော့ကိုဖျက်ပြီး ဝင်ကြရတယ်၊ မမမေကို ခေါ်လို့မရဘူး၊ ကိုယ်တွေလည်း ခြစ်ခြစ်တောက် ပူနေတာနဲ့ ဆရာဝန်ကို အိမ်ပင့်လိုက်ရတယ်၊ တော်ပါသေးရဲ့ ... မတင်သာ သတိမရှိရင် မမမေတော့ ဒုက္ခရောက်မှာ၊ ဘဘကြီးက မမမေ မနေ့က ဖျားနေလျက် မိုးရွာထဲအပြင်သွားတာ သူ့ကို အသိမပေးရလားဆိုပြီး မတင်တို့ကို ဆူသေးတယ်"

မေသည် မေ့ဝေယျာဝစ္စဟူသမျှ လုပ်ပေးဖို့ ဒယ်ဒီ သတ်သတ် ခေါ်ယူမွေးစားခဲ့သော မတင်၏စကားတို့ကို စိတ်ပျက်လက်ပျက် နားထောင်ရင်း မေ သည်လိုအိပ်ရာထဲမှာ ရက်ကြာကြာ လဲနေရင် မေ့အလုပ်တွေ လစ်ဟင်းကုန်တော့မှာကို ပူပန်ရှုပြန်သည်။ မဖြစ်ဘူး ... မဖြစ်ဘူး။ မေ သည်လို လဲကျနေလို့ မဖြစ်ဘူး။ မြန်မြန်နေကောင်းမှ ဖြစ်မယ်။ နောက်မို့ မေ့သီချင်း ကဗျာလေးတွေကိုဆိုမည့် ကလေးတွေကို လေ့ကျင့်ပေးဖို့ အချိန်သိပ်မရဘဲနေမယ်။ ပထမဆုံးလွှင့်ခွင့်ရတဲ့ အစီအစဉ်မှာ အဘက်ဘက်က ပြည့်စုံမှ မေ့နာမည် လူသိများမှာ၊ မေဂန္ဓဝင် ဆိုတဲ့ နာမည်တစ်ခုကို လူတိုင်းရဲ့အာရုံထဲမှာ အမြဲရှိနေဖို့ အစီအစဉ်တွေ မဖန်တီးနိုင်တော့ဘဲနေမယ် ... တွေနှင့် မေသည်





ကိုယ့်ကျန်းမာရေးထက် အောင်မြင်မှုကိုသာ ငမ်းငမ်းတက်နေသေးသတဲ့။

"သမီးဟာ မမြလေး ခြေရာကို တစ်ထပ်တည်း နင်းတယ်၊ ခေါင်းမာတာ ဖွဲကြီးတာ လိုချင်တာ ဖြစ်ချင်တာကို မရ, ရအောင် ကြိုးစားရယူတာတွေက မမြလေးရဲ့စိတ်ဓာတ်၊ ကိုယ့်ကိုယ်ကိုယ် လူသိများစေချင်တာ၊ ထူးထူးခြားခြား ဖြစ်ချင်တာက ဒယ်ဒီ့စိတ်ဓာတ်၊ ဘာပဲဖြစ်ဖြစ် ဒယ်ဒီ့ စကားကို နားမထောင်ချင်ရင်နေပါ သမီးရယ်၊ ကိုယ့်ကိုယ်ကိုယ် ဉာဏ်ဖို့သင့်တယ်၊ သမီးဖြစ်ချင်တာတွေ တဖြည်းဖြည်း ဖြစ်လာပြီပဲ၊ နည်းနည်း စိတ်လျှော့မှပေါ့"

"အို ... ဒယ်ဒီ ဘာသိလို့လဲ၊ မေက အခုဆို အခုချက်ချင်း ထလုပ်လိုက်ရမှ၊ ဒယ်ဒီ့ငွေတွေကို သုံးခွင့်ရတုန်း အကျိုးရှိရှိ သုံးထားတာ"

"ငွေတွေကို ဘယ်တော့မှ မသုံးခွင့်ပေးမှာ မဟုတ်တာ၊ ဒီ ပစ္စည်းတွေအကုန် သမီးကို ဒယ်ဒီ အပိုင်ပေးပြီးပြီပဲ၊ သမီး မေ့နေပြီထင်တယ်"

"ဘယ်သိနိုင်ပါမလဲ၊ တစ်ချိန်ချိန်မှာ ဒယ်ဒီ့မယားကြီးနဲ့ သားသုံးယောက်က ပြန်လုနိုင်တယ်၊ မေ့ကို တရားစွဲနိုင်တယ်၊ ဒါမှမဟုတ် ဒယ်ဒီ့မယားငယ်နှစ်ယောက်က ပေါင်းပြီး လုချင်လုနိုင်တယ်၊ မထင်မရှားတဲ့ အငယ်တွေထဲက



www.burmeseclassic.com

www.burmeseclassic.com



ထပြီး ဆူပွက်ဆန္ဒပြနိုင်တယ်၊ မေက ကံကြမ္မာကို မယုံတတ်ဘူး ဒယ်ဒီ"

ဒယ်ဒီသည် ထိုစကားကို မေနဲ့ နှစ်ယောက်တည်း ရှိချိန်မှာသာ ကြားရမည်ဆိုလျှင် သည်လောက် ရှက်ရွံ့လိမ့်မည် မထင်ပါ။ ယခုတော့ လင်းခေးဆိုတဲ့ သူ့ရဲ့ယုံကြည်စိတ်ချရသော၊ သူ့ကို လေးစားနေခဲ့သော တပည့်တစ်ယောက်ရှေ့မှာ ပက်ခနဲ မေက ပြန်ပြောလိုက်သည့်အတွက် အဲတော်လေးကို ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့သည်။ ဆောရီး ... ဒယ်ဒီ၊ မေ သည်လိုမရည်ရွယ်ခဲ့ပါဘူး။ မေက ပြောနေကျတိုင်းမို့ လင်းခေးကိုမေ့ပြီး လက်လွတ်စပယ် ပြောမိတာပါ။ ထို့နောက် ဒယ်ဒီသည် မေ့ကို စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ထွက်သွားတော့သည်။

"ခင်ဗျား ခုနပြောတဲ့ စကားအတွက် ခင်ဗျားအဖေကို တိုက်ရိုက်ရှိခိုး မတောင်းပန်ချင်ဘူး ဆိုရင်တောင် ဘုရားရှိခိုးရင်းနဲ့ တောင်းပန်သင့်တယ်လို့ ကျွန်တော် အကြံပေးပါရစေ"

လင်းခေးသည် မေ့ခုတင်ဘေးက စားပွဲကလေးပေါ်မှ ပန်းအိုးထဲ သူ့စံပယ်ခိုင်တွေထိုးရင်း ခပ်တိုးတိုး ရိလိုက်သေးသည်။ တကယ်ဆို ဒယ်ဒီခေါ်လို့ အတူတူ လိုက်လာရတယ်ထားပါ။ ဒယ်ဒီ ထွက်သွားချိန်မှာ သူပါ လိုက်သွားသင့်တယ်။ ရှင်ဟာ ရိုးကိုမရိုးတော့ပါဘူး။ သည်ပတ်ဝန်းကျင်ကို ရောက်လာ





ပြီး ခြောက်လမပြည့်ခင်ကလေးမှာ အိမ်တွင်းရေးကို သည်လောက် ...င်မစွက်ဖက်သင့်ဘူး။ မေသည် အနည်းငယ် ကြည့်မရတော့တာ ...င့် မျက်လုံးမှိတ်ကာ သူ့စကားကို မကြားချင်ဟန်ဆောင်ရင်း ...ပ်ဖို့ပြင်ဆင်ပစ်လိုက်တော့လည်း မရချေ။

"ကျွန်တော် စံပယ်တွေ မေဂန္ဓဝင့်ကို အရင်ဆုံး လက်ဆောင်ပေးဖြစ်တာပါ၊ ဒီနေ့မှ စံပယ်တွေပွင့်လိုက်ကြတာ မနည်းဘူး၊ အရင်က ဘယ်သူ့ကိုမှ လက်ဆောင်မပေးဖြစ်ပေမယ့် ဒီတစ်ခါတော့ မေ့ကို အဲ ... မေဂန္ဓဝင့်ကို လက်ဆောင်ပေးမိပြီ ... ဟဲ ဟဲ"

ဟူ၍ မေ့ကို အသံဖြင့် နှိပ်စက်သေး။ မေသည် ရင်...င်းနည်းခုန်သလို ရှိသားပင်။ သို့သော် ချက်ချင်း မသိချင်ဟန် ...ာင်ပစ်လိုက်သည်။

"မေဂန္ဓဝင်ကို ကျွန်တော် 'မေ'လို့ ခေါ်ပါရစေနော်၊ ရင်းနှီးတဲ့ လူတစ်ယောက်အနေနဲ့ပါ"

အို ... ဘယ်သူကများ မရိုးမသားစိတ်နဲ့ ရှင် ခေါ်...ါတယ်လို့ စွပ်စွဲလို့လား။ မေသည် သူ့ကို အမြန်သွားစေချင် ...ပြီ။ မေ့ကို နှိပ်စက်လှသော သူ့ရဲ့မာန်ပါသည့် အသံတို့ကို ...ကြားချင်တော့ပြီ။ မေ့ကို "မေ"ဟု ခေါ်ကြသူတွေ မနည်းတဲ့ ...ားမှာ သူက "မေလို့" ခေါ်မှာကို မေက စိုးရိမ်ခဲ့ပြန်ပြီ။ မေ ...ည် ကိုယ့်ကိုယ်ကိုယ် ဘာတွေမှားယွင်းနေပြီလဲဟူ၍ မဆန်းစစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သေးပါ။ မေ့ရဲ့အောင်မြင်မှုတွေကို မျှဝေစားသုံးမယ့် ယောက်ျ
တစ်ယောက်တလေကိုမှ မေ မလိုချင်သေးပါ။

"မေ ... စံပယ်နံ့လေးတွေ ကြိုက်ရဲ့လား"

"ကျွန်မ နှင်းဆီပဲ ကြိုက်တယ်၊ စံပယ်မကြိုက်ဘူး"

"ဟုတ်တာပေါ့၊ နှင်းဆီက အလှမာန်ဝင့်ပြီး မာနကြီးတယ် သူ့ရဲ့ဆူးတွေက အမှတ်မဲ့ ခူးမိရင် ဒုက္ခပေးနိုင်တယ် စူးရှနက်ရှိုင်းတဲ့ ဒဏ်ရာကလေးလည်း ရနိုင်တယ်၊ အဲ ကြောင့် မေ ကြိုက်သင့်ပါတယ်၊ စံပယ်ကတော့ ရိုးသာ အေးဆေးပြီး ကြောက်တတ်တဲ့ အပျိုမလေးပေါ့"

"ဘာတွေ လာပြောနေတာလဲ၊ ကျွန်မ အိပ်တော့မယ်"

လင်းခေးသည် မေ့စကားကို လိုက်နာကာ ထွ သွားဟန်တူသည်။ မျက်စိမှိတ်ထားခဲ့သော်လည်း သူ့ခြေလှမ်းဆ ရဲ့အသံလုံလုံကို မေက မှတ်သား နားထောင်မိပြန်သတဲ့။

•• •





## ၁

မေသည် အဖျားတာရှည်မှုကို သည်းမခံနိုင်တော့စွာ ည်နေ့ တစ်ရက်မှာတော့ ကျောင်းသွားမည်။ လုပ်စရာရှိတာ လေးတွေလုပ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ဘယ်သူမှမသိ ာင် အပြင်ထွက်ရန် ကြံစည်ခဲ့လေ၏။ သို့သော် ထိုအကြံအစည် အောင်မြင်ခဲ့ချေ။ မေ ကားကိုထုတ်ရန် ဂိုဒေါင်ဆီအသွားတွင် ယ်ပန်းချုံတွေကြားမှ မေ့ကို စောင့်နေသော သူ့ကို စိတ်ပျက် ယ် တွေ့ရလေသည်။ အင်း ... မေ့ကို ဝင်တားဦးမယ်၊ ဝင်ပြီး ာလုပ်ဦးမယ် ထင်ပါရဲ့။

"ဘယ်လဲ ... မေ၊ နေမကောင်းသေးဘူးလည်း ဆိုသေး တယ်၊ အပြင်ထွက်ဖို့ မသင့်ဘူးထင်တယ်"

"ဒီနေ့ မတက်လို့ မဖြစ်တဲ့ အရေးကြီးတဲ့ အတန်းတစ်ခု တက်ရဦးမယ်၊ ကျူတိုရီရယ်လည်း ရှိတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို တားဖို့တော့ မစဉ်းစားနဲ့၊ တစ်သက်လုံး ဘယ်သူ့စကားမှ နားမထောင်ဘဲ ကိုယ်လုပ်ချင်တာ လုပ်လာတာပါ ကိုလင်းခေး၊ ရှင့်စကားကို နားမထောင်နိုင်ဘူး

ကားကို ဂိုဒေါင်ထဲက ထုတ်ယူဖို့ ကားတံခါးသော့ကိုဖွင့်တော့ မထင်မှတ်လွန်းစွာ သူသည် မေ့လက်ထဲက သော့လုယူလိုက်လေသည်။

မေသည် ဒေါသတကြီးဖြင့် သူ့ကို ဆတ်ခနဲ လှည့်ကြည့်ကာ ...

"ဒါ ဘာလုပ်တာလဲ"

ဟု အငိုက်ခံလိုက်ရခြင်းကို မကျေမနပ် အော်ဟပ်လိုက်မိသည်။

"ကျွန်တော် ကားထုတ်ပေးမလို့ပါ မေ၊ တစ်ခုတော့ ပြောချင်တယ် မေ၊ ဒီလောက် နေမကောင်းဖြစ်နေတာ ကားမောင်းဖို့ မသင့်ဘူး"

"ရှင်ဟာလေ ကိုယ်နဲ့မဆိုင်ဘဲ နေရာတကာ ဝင်ပါတယ်၊ ရှင့်ကို ဒယ်ဒီနဲ့တိုင်မယ်"

"အန်ကယ်က ကျွန်တော့်ကို တာဝန်ပေးပြီးသား၊ မေ့ညီမလေးတစ်ယောက်လို ကူညီစောင့်ရှောက်ပေးရမယ်ကဲ ... မေ နည်းနည်းနောက်ဆုတ်၊ ကျွန်တော် ကားထုတ်လိုက်ဦးမယ်"





ကြည့်စမ်း ... တမင်ခနဲ့တာ ရွဲ့တာ။ မေ့ကို ကူညီချင်လို့ ကူညီရတာ မဟုတ်ပါဘူး။ ဒယ်ဒီ့အမိန့်ကြောင့်တဲ့လေ။ ဘယ်လောက် မာနကြီးလိုက်တဲ့ စကားလဲ။ မေကပဲ သူ့ကို စိတ်ဝင်စားပြီး မရိုးမသား တွေးနေသလိုမျိုး။ ဟင်း ... ရှင့်လိုလူများအတွက် ဆံချည်တစ်မျှင်လောက်တောင် အရေးမပါဘူး။ ရှင်ဟာ မေ့ရဲ့စည်းစိမ်တွေကို မမက်မောဘူးလို့ ပြောနိုင်မလား။ မေ့ကျော်ကြားအောင်မြင်မှုကို မေ့အပါးမှာ မှီခိုပြီး မေနဲ့အတူ မစားသုံးချင်ဘူးလို့ အာမခံနိုင်မလား။ ပြီးတော့ ဒယ်ဒီ့လက်အောက်ငယ်သား တပည့်တစ်ယောက်ဟာ မေ့ရဲ့အဖော် မဖြစ်ထိုက်ဘူး၊ မေက ကိုယ့်ကို မှီတွယ် အရိပ်ခိုမယ့်လူမျိုးကို မလိုချင်ဘူး။ ကိုယ်နဲ့အတူတူ လက်တွဲနိုင်မယ့် အရည်အချင်းရှိတဲ့လူဖြစ်ဖြစ်၊ ကိုယ်က အားကိုးမှီတွယ်ထိုက်တဲ့ မေ့ထက် မြင့်မားသောလူဖြစ်ဖြစ်သာ လက်တွဲချင်ခဲ့သူဖြစ်သည်။

အပြင်ဘက်သို့ ထုတ်ပေးပြီးသည့်တိုင် ကားပေါ်ကဆင်းမလာသေးသော လင်းခေးကြောင့် မေသည် ထိုနေရာတွင်ဆက်ပြီးရပ်နေလို့မရအောင် သိချင်လှစွာ ကားရပ်ထားရာဆီခပ်သွက်သွက် လျှောက်သွားလိုက်သည်။ သတိထားမိတာကတော့မေသည် ခြေလှမ်းတွေကို မလှမ်းချင်လောက်အောင် အားအင်ချည့်နဲ့နေသလို ခံစားရကာ ခေါင်းထဲက မူးနောက်နောက် ဖြစ်နေသေးခြင်းပင်။ ဒါကို လင်းခေး သတိမထားမိပါစေနှင့်ဟူသောဆုတောင်းက မပြည့်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



"မေ့ပုံစံကြည့်ရတာ အားနည်းနေသလိုပဲ၊ ကျွန်တော်ပဲ လိုက်ပို့ပေးတော့မယ်၊ ကဲ ... ကားပေါ်တက်ပါ မေ၊ မေ့ကို ကျွန်တော် ဒီလိုပုံစံမျိုးနဲ့ လွှတ်လိုက်ရမှာ စိတ်မချဘူး"

"ကျွန်မ တစ်ခုခုဖြစ်လည်း ဒယ်ဒီက ရှင့်ကို အပြစ်မတင်ပါဘူး၊ လိုက်မပို့ပါနဲ့၊ ကျွန်မ ကျောင်းမှာလည်း ကြာဦးမယ်၊ ပြီးတော့ တခြားလုပ်စရာတွေလည်း ရှိသေးတယ်"

"ဒါဆိုရင်တော့ ကျွန်တော် မေ့ကို ကားသော့ မပေးနိုင်ဘူး၊ မေ့ဘာသာ ကားမောင်းသွားရင် ဒုက္ခရောက်လိမ့်မယ်၊ အကယ်၍ ဟိုးတစ်ခါတုန်းကလို ကားငှားသွားမယ်ဆိုရင်လည်း ကျွန်တော် မေ့နောက်က တကောက်ကောက် လိုက်နေရလိမ့်မယ်၊ ဒီတော့ ကျွန်တော် မလိုက်စေချင်ရင် ကျွန်တော့်ကို လိုက်မပို့စေချင်ရင် မေ အိမ်ထဲမှာ အနားယူ၊ ကဲ ... ဘယ်လို ဆုံးဖြတ်ချင်သလဲ မေ"

"ကောင်းပြီ၊ ရှင် ဒီလောက်တောင် အကျပ်ကိုင်မနေနဲ့၊ ကျွန်မကို ရှင်ပဲ ကားမောင်းပို့ပေးတော့၊ ဒီလောက်တောင် ပို့ချင်နေတာ"

မေသည် တစ်ခါတည်းနဲ့ စိတ်ပျက်သွားစေရမယ်၊ မှတ်လောက် သားလောက်အောင် လိုက်ပို့ခိုင်းလိုက်မယ်၊ နောက်တစ်ခါ မပို့ချင်တော့ပါဘူးလို့ ငြင်းဆန်သွားစေရမယ် ဆိုသော အတွေးများဖြင့် လင်းခေး၏ လိုက်ပို့ရန် တောင်းဆိုမှုကို လက်ခံလိုက်လေ၏။





"ကျွန်တော့်ကို အန်ကယ်က ကားမောင်းသင်ပေးထားတာ အတော်ပဲ ဖြစ်သွားတာပေါ့"

ဟူ၍လည်း မဆီမဆိုင် မေ့ကို စကားစရှာသေး။ မေက မတူမတန်သလို ပုံစံဖြင့် မသိချင်ဟန် ဆောင်လိုက်သေး။

"တစ်ခရီးတည်းသွားကြတဲ့သူ အချင်းချင်း စကားလေးဘာလေးတော့ ပြောသင့်ပါတယ် မေ၊ နောက်မို့ ပျင်းစရာကြီး ဖြစ်နေလိမ့်မယ်ဗျ"

"ကျွန်မ တစ်ယောက်တည်းသွားရင် ရှင့်ကို စကားပြောစရာ မလိုတော့ ပိုပြီးတောင် သက်သာသေး၊ အခုတော့ ရှင့်ကို စကားပြောရလို့ လေကုန်တာနဲ့ မောပြီးပါ ပင်ပန်းလိမ့်မယ်"

"ဟုတ်လား ... ဆောရီးဗျာ၊ ဒါဆိုလည်း ကျွန်တော်ငြိမ်ငြိမ်ကလေး နေပါမယ်"

အဲဒါ မေ့ကိုရွဲ့တာပဲဟု မေသည် လင်းခေးပြောသမျှ စကားတွေကို မကောင်းမြင်လိုက်ပြန်သည်။

ထို့နောက် လင်းခေးသည် မေ့ကို ထပ်မံနှောင့်ယှက် စကားမပြောတော့ချေ။ မေသည် လမ်းဘေးသစ်ပင်တွေကို လိုက်ကြည့်ရင်း မေ ဘာဖြစ်လို့ သူ့ကို လိုက်ပို့ဖို့ သဘောတူခဲ့ ါလိမ့်ဟု ဇဝေဇဝါ တွေးမိပြန်သေးသည်။ နောက်ပြီး သူနဲ့စကား ေ်ထိုးပွဲ မလုပ်ရပြန်တော့ ပျင်းရိသလိုလို ဖြစ်ချင်သားပင်။ သူက မေ့ဘဝမှာ မှတ်မှတ်ထင်ထင်ဖြစ်အောင် လုပ်ပေးနိုင်စွမ်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သော ယောက်ျားတည်း။ သူ့ဘက်ကို ဘယ်လိုသဘောနဲ့ ပတ်သက်ချင်ပါစေ၊ မေက စိတ်မဆိုးမိခဲ့တာကတော့ တခြားသောသူတွေနဲ့ ကွာခြားသော သဘောထားဖြစ်ပြီး ဘာကြောင့်လဲလို့တော့ မေက မဆန်းစစ်တော့ပါ။

"မေ့ကို ဒီနေရာကပဲ စောင့်နေမယ် ဖြစ်မလား၊ အတန်းထဲထိ လိုက်ပို့ပေးချင်ပေမယ့် မေ့သိက္ခာကို ထိခိုက်မှာစိုးလို့ပါ"

"ရတယ်၊ ဒီကပဲစောင့်"

မေသည် ခေါင်းမူးမူးနောက်နောက်နှင့်ပင် မေတက်လိုလှသော အတန်းကို တက်ဖြစ်အောင် အားတင်းတက်လိုက်သေးသည်။ ထိုဆရာမ၏ စာအသင်အပြကောင်းမှုကို မေကလေးစားသည်။ ဒါကြောင့် မေ တစ်ခါမှ သူ့အတန်းကို မပျက်ခဲ့ဖူးချေ။ ပြီးတော့ ထိုဆရာမသည် မေ့ ကဗျာစာအုပ်ကလေးများကိစ္စမှာ တစ်တပ်တစ်အား ပါဝင်ကူညီပေးသူလည်း ဖြစ်ပြန်သည်။ မေသည် သွီးစစ်တင်ရင်လည်း သည်ဆရာမ၏အကူအညီကို ထပ်မံယူဖို့ တွေးလိုက်သေးသည်။

အတန်းပြီးချိန်မှာ ကျူတိုရီယယ်ဖြေဖို့ တခြားအတန်းကို ပြောင်းတက်ရတော့ မေသည် ထိုဆရာမနံဘေးကို အပြေးလိုက်သွားမိသည်။ မေ့ရဲ့ကျော်ကြားမှုကို အတော်လေး ကြည့်မရသော တချို့တလေက ...





"နေရာတကာ သူ့နာမည်ချည်းပဲ၊ အခုလည်း ဆရာမကို ဘာတွေကပ်ဖားဦးမလဲ မသိဘူး"

ဟု မကြားတကြား ရန်လိုကြသေး။ အို ... ဒါများဂရုစိုက်လို့။ လောကမှာ ကိုယ့်လုပ်သမျှကို လိုက်အပြစ်တင်မနာလိုနေတာဟာ ကိုယ့်လောက် မတော်ကြတဲ့သူတွေ လုပ်တဲ့အလုပ်ဟု မေသည် ထုံးစံအတိုင်း မာနတက်ရပြန်သည်။

"သမီး ဖျားနေတယ်ဆို၊ အခုလည်း သိပ်နေကောင်းပုံမရဘူး၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ တော်ကြာ ကိုယ်လုပ်ချင်တာတွေ ထင်သလောက် မလုပ်နိုင်ဘဲ ဖြစ်နေမယ်သမီး"

"စိတ်ချပါ၊ မေ ဆရာမ စကားကို နားထောင်ပါ့မယ်"

ကျူတိုရီယယ် ဖြေလည်းပြီးရော မေ့တစ်ကိုယ်လုံးနွမ်းခွေကာ အခန်းထဲကထွက်ဖို့ ခြေလှမ်းတွေကိုတောင် မနည်းသယ်နေရသည်။ ခေါင်းတစ်ခုလုံးလည်း ခဲဆွဲထားသလိုပဲ။ ခြေတွေ လက်တွေတောင် မသယ်ချင်တော့အောင်ပဲ။ မျက်ခွံတွေကလည်း သိပ်လေးလံတာပဲ။ အသားတွေ ခြစ်ခြစ်တောက် ပူလောင်လာကာ မေသည် "ဒုက္ခပါပဲ၊ မေတော့ အရမ်းဖျားနေပြန်ပြီ"ဟု အထိတ်တလန့် တွေးမိချိန်တွင် မျက်လုံးတွေ ပြာခနဲဖြစ်ပြီး လူက ယိုင်နဲ့လာစဉ် လင်းခေးကို ကယောင်ကတမ်းဖြင့် ထမ်းတမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ခြေလှမ်း လေးလေးပင်ပင်များသည် ရပ်ထားရာ ကားရှိရာဆီ တစ်လှမ်းချင်း လျှောက်လာတော့ လင်းခေးသည် မေ့အခြေအနေကို ရိပ်မိပုံဖြင့် ကားနားမှာ ရပ်နေရာမှ မေ့ဆီ ခပ်မြန်မြန် လျှောက်လာတာကို တွေ့ရလေသည်။ ထိုအခါ မေက ကျေနပ်သလိုတော့ ဖြစ်ချင်သားပင်။ မေသည် ယိမ်းယိုင်လွယ်သော မိန်းမတစ်ယောက်တော့ မဟုတ်ပေမယ့် သူ့ကိုတော့ အတော်လေး ခင်မင်အားကိုးချင်စိတ်က အလိုအလျှောက် ဖြစ်ပေါ်နေမိပြန်သည်။

"မေ ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ၊ မေ လမ်းလျှောက်တာ ပြိုလဲတော့မယ့် အတိုင်းပဲ၊ အဖျားပြန်တက်လာပြီလား၊ ခေါင်းမူးလာတာလား"

"နေပါဦး၊ ရှင့်မေးခွန်းတွေ များတာနဲ့တင် ပိုခေါင်းမူးလာရပြီ၊ ကျွန်မ ကားထဲ မြန်မြန်ဝင်မှဖြစ်မယ်၊ နောက်မို့ ဒီနေရာမှာတင် ရပ်ပျက် ဆင်းပျက်-ထိုးအန်မိလိမ့်မယ်"

သူသည် တဟာဟာနှင့် မေ့ကို ပျာပျာသလဲ ပြုစုယုယချင်ဟန်တွေ ဖြစ်ပေါ်လာခြင်းကို မေသည် အဖျားတွေ တရှိန်ရှိန် တက်နေတာတောင် ကြိတ်ဟားချင်သေးသည်။ တကယ်တော့ ရှင်ဟာ ခင်ဖို့ကောင်းတဲ့ မိတ်ဆွေတစ်ယောက်အဆင့်မှာပဲ နေသင့်တယ်။ မေတို့နှစ်ယောက် အမုန်းမပွားကြရဖို့ မေ့ဆီက "အချစ်"ဆိုတဲ့ မဖြစ်နိုင်တဲ့ အရာတစ်ခုကိုတော့ တောင်းဖို့မသင့်ပါဘူး။





"မေ ... ဒေါက်တာဦးအောင်သာရဲ့ ဆေးခန်းကို တစ်ခါတည်းဝင်ပြလိုက်ကြရအောင်ကွာ၊ အိမ်ကိုရောက်အောင် ပြန်နေရင် မေ ဒီထက်အဖျားတက်လာနိုင်တယ်"

"ရှင်နဲ့ နှစ်ယောက်တည်း ဆေးခန်းသွားပြလို့ ဘယ်ဖြစ်မလဲ၊ မေ သိက္ခာကျတယ်"

"ဒေါက်တာဦးအောင်သာက ကျွန်တော်တို့ရဲ့ Family တစ်ခုလုံးအကြောင်းကို သိထားတဲ့ မိသားစုဆရာဝန်ပါ၊ မေ့ကို အထင်သေးမှာ မဟုတ်သလို မေ့သိက္ခာလည်းကျစရာ မလိုပါဘူး၊ ဒီနေရာမှာ အတွေးခေါင်နေရင် မေပဲ ဒုက္ခရောက်မှာ၊ မေ မြန်မြန်နေကောင်းမှ ဖြစ်မယ်ဆို၊ မေ့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်ဆို၊ ဒါဆို မေ ကျွန်တော့်အကြံပေးချက်ကို လက်ခံလိုက်ပါ၊ မေ့အတွက် ကောင်းဖို့ချည်းပါပဲ မေရယ်"

သေတော့မှာပဲ။ သူ့စကားတွေက ဘာဖြစ်လို့ သည်လောက် ဒက်ခနဲနေအောင် မှန်ကန်နေရတာလဲ။ ဟုတ်တော့ ဟုတ်သားနော်။ မေ မြန်မြန်ကျန်းမာမှ ဖြစ်မယ်ဆိုတာကို ဘာဖြစ်လို့ မေ့လျော့ချင်သွားတာပါလိမ့်။ မေ့အောင်မြင်ခြင်းတွေကို လက်လွှတ်ခံလို့မဖြစ်။ မေ့အတွက် အချိန်တွေဟာ တန်ဖိုးရှိလှသည်ဟု မေသည် တိတ်ဆိတ်စွာတွေးလျက် သူ ခေါ်ဆောင်ရာဆေးခန်းကို လိုက်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ _ ဘယ်လောက် အံ့ဩစရာ ကောင်းလိုက်သလဲ။

နောက်ဆုံးတော့ မေဆိုတဲ့ မိန်းမဟာ လင်းခေးရဲ့ အမိန့်တွေကို အလိုအလျောက် နားထောင်ရတဲ့သူ ဖြစ်လာရပြီကွယ်။

"မေဂန္ဓဝင်ဟာ လူနဲ့မမျှအောင် ဦးနှောက်ကို အလုပ်သိပ်ပေးလွန်းတယ်၊ ဦးနှောက်ကို ခဏအနားပေးထားပါ၊ ခန္ဓာကိုယ်ကို သေသေချာချာ အနားပေးလိုက်ပါ၊ အခုတော့နည်းနည်းလေး နေကောင်းခါနီးမှ တောက်လျှောက်အလုပ်တွေ လုပ်ချင်နေလို့ ဘယ်ရမလဲ၊ အဖျားပြန်တက်လာပြီပေါ့၊ အန်ကယ် သတိပေးရရင် ဒီသုံးလေးရက်အတွင်း ဘယ်မှမသွားဘဲ အိမ်မှာအနားယူ ဆေးမှန်မှန်စား၊ အိပ်ချိန်အပြည့်အဝပေးလိုက်ရင် မေဂန္ဓဝင် လုံးဝအိုကေသွားမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ မေ အနားယူပါ့မယ်"

ဟူ၍ မေ့အဖြေစကားကို သူ မကြားအောင်လည်း ခပ်တိုးတိုး ပြောရသေးသည်။ သိနိုင်တာမဟုတ်၊ တော်ကြာ သူပြောတာ မှမှန်ဘူးလားဆိုတဲ့ အကြည့်နဲ့ မေ့ကို ဆရာလုပ်ဦးမှာကို မေ မနာခံချင်ခဲ့ပါ။

"ကျွန်တော်လည်း တစ်ခါတုန်းက အဲဒီရောဂါမျိုး ဖြစ်ဖူးတယ်၊ ဆယ်တန်းကျောင်းသား ဘဝကပေါ့၊ ကျွန်တော်က





ဆေးကျောင်းအရမ်းတက်ချင်တာ၊ ကျွန်တော့်မိဘတွေကလည်း တစ်ဦးတည်းသောသားဖြစ်တဲ့ ကျွန်တော့်ကို တတ်နိုင်သလောက်ကလေးနဲ့ ထားပေးချင်တယ်၊ အဆုံးစွန်သူတို့ဘိုးဘွားပိုင် ပျဉ်ထောင်အိမ်ကလေးကိုတောင် ရောင်းပြီးထားဖို့အထိ ရည်ရွယ်စိတ်ကူးခဲ့ကြတာ၊ အဲဒီတော့ကျွန်တော် အစွမ်းကုန် ကြိုးစားကျက်မှတ်ရတော့တာပေါ့၊ နေ့မအား ညမအား ကျက်လွန်းမက ကျက်မိတော့ သိပ်မကြာပါဘူး အိပ်ချိန်ဆိုပြီး စာအုပ်ပိတ်၊ အိပ်ရာထဲဝင်အိပ်ပေမယ့် လူက အိပ်တော့အိပ်သလိုပဲ၊ ဒါပေမဲ့ ဦးနှောက်က မအိပ်ဘူး၊ စာတွေကျက်နေသလိုပဲ၊ ဥပမာ အိပ်ချိန်လေးနာရီပေးထားရင် အဲဒီလေးနာရီစလုံးကို ကျွန်တော့်ဦးနှောက်က စာတွေကျက်တယ်၊ မအိပ်ခင် ကျက်ထားသမျှစာတွေကို အထပ်ထပ် ပြန်ကျက်နေတယ်၊ မျက်လုံးတွေကပိတ်ပြီး အိပ်လို့ဗျ၊ ပတ်ဝန်းကျင်ကိုမေ့ပြီး အိပ်နေတဲ့အတိုင်းပဲ၊ တခြားလူတစ်ယောက်က လာကြည့်ရင် ကျွန်တော် အိပ်နေတာပဲမြင်မှာ၊ နောက်တော့ ကျွန်တော် ခပ်ကြောင်ကြောင် ဖြစ်ချင်သွားတော့တာပဲ၊ အိပ်ရေးမဝတဲ့ဒဏ်ကြောင့်ပေါ့၊ နှစ်တစ်ဝက်လောက် အဲဒီရောဂါကိုပျောက်အောင် ပြန်ကုနေရတဲ့ဘဝနဲ့ လိုချင်တဲ့ဆေးကျောင်းတက်နိုင်အောင်လည်း စာမေးပွဲကို မဖြေနိုင်ခဲ့ပါဘူး၊ အခုလည်း



www.burmeseclassic.com

www.burmeseclassic.com



မေဂန္ဓဝင်က ဦးနှောက်ကို သိပ်အသုံးပြုနေတာ များလွန်းတော့ အဲဒီရောဂါ ဖြစ်ချင်စပြုနေပြီ”

မေ့ကို တမင် “ရူးသွားပြီပဲဖြစ်ဖြစ်၊ ရူးတော့မယ်ပဲဖြစ်ဖြစ် ကဲ့ရဲ့ချင်သောစကား”ဟု မေက သိမြင်လျက် သူ့စကားများကို ပြန်လည်ချေပရပါသည်။

“ကျွန်မ ဘယ်တော့မှ မရူးဘူး စိတ်ချ၊ ရူးခဲ့တာ၊ မေဂန္ဓဝင်က ဖြစ်ချင်တာတွေ ဖြစ်အောင်လုပ်မယ်၊ ဒါ ရူးနေတာပဲလို့ ဆရာဝန်ကတောင် မပြောခဲ့တာကို ရှင်က တမင်ကဲ့ရဲ့တာလား”

“မေက ကျွန်တော်ပြောတဲ့ စကားဆို အကောင်းကိုမမြင်ဘူး”

သူသည် ခြောက်ကပ်ကပ်ရယ်လျက် မေ့ကို တစ်ချက်တော့ လှည့်ကြည့်ပါသည်။ သူ လှည့်ကြည့်သလားလို့ မမ ဘာကြောင့် သိနေသလဲဆိုတာသာကြည့်။ မေလည်း သူ့အမူအရာတွေကို သူခိုးဖမ်းသလို အကဲခတ် ကြည့်နေလို့တည်း။ ပြီးတော့ မေသည် သူ့အကြည့်ကို လက်မခံလိုလှစွာ မျက်ခန် တစ်ဖက်သို့ လှည့်၍ ရှောင်လွှဲပစ်လိုက်ပါသည်။ လင်းခေးဆိုတဲ့ ယောက်ျားကို လျှော့တွက်လို့ မဖြစ်ဘူး။ သူဟာ အင်မတန် ပါးနပ်တဲ့ ယောက်ျား၊ ခေတ်ယောက်ျား မဟုတ်ဘူးဟူ၍ မေသည် ကမူးရှူးထိုး တွေးလိုက်သတဲ့။

◆ ❧ ◆





သည်နေ့ဟာ မေ့ကို အတော်လေး ကောင်းကျိုးမဲ့လေသောနေ့ဖြစ်ကြောင်း ထပ်မံသိခွင့်ရခြင်းကတော့ မေနဲ့သူတို့ အတူတူပြန်လာခြင်းကို ဒယ်ဒီက မသင်္ကာသလို မျက်လုံးများဖြင့် စိုက်ကြည့်အကဲခတ်တာကို ရင်ဆိုင်ရ၍ပင်တည်း။

“မောင်ရင် ... ဘယ်တုန်းက သမီးနဲ့ ပါသွားသလဲဆိုတာကို ကိုယ် မသိလိုက်ရပါလား၊ အိမ်ကလူတွေတောင် သိပုံမရဘူး၊ ဘယ်သူကမှ ဘာမှလာမပြောကြဘူး”

ထိုစကားသံဖြင့် ဒယ်ဒီက ဆီးကြိုနှုတ်ဆက်ခြင်းအား မေသည် ဘဝင်မကျလှချေ။ မေကပဲ အကျင့်ဖောက်ပြန်သော သမီးအဖြစ် စွပ်စွဲချင်သလား ဒက်ဒီ။

“မေက ဖျားနေရက်နဲ့ ကျောင်းသွားမယ်ဆိုပြီး ကားလာထုတ်တာကြောင့် ကျွန်တော် စိတ်မချတာနဲ့ ကားမောင်းလိုက်ပို့တာပါ အန်ကယ်၊ အပြန်မှာ အဖျားပြန်တက်နေလို့တောင် ဆေးခန်းတစ်ခါတည်း ဝင်ပြခဲ့ရသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် လူကြီးကို အသိပေးသွားသင့်တယ်၊ ဒယ်ဒီ့မှာ သမီးရော၊ လင်းခေးရော ပျောက်နေလို့ စိတ်ပူလိုက်ရတာ"

ကြည့်စမ်း ... ရက်စရာ ကောင်းလိုက်တဲ့အဖြစ် မေကပဲ ယောကျ်ားနောက် ခိုးရာလိုက်သွားသလိုလို သဘောဆောင်သည်။ ဟင့်အင်း ... မဟုတ်သေးပါဘူး ဒယ်ဒီ။ ဒယ်ဒီဟာ မေ့ကို ချစ်တယ်လည်း ဆိုသေးရဲ့။ မေ့စိတ်သဘောထား လေ့လာအကဲမခတ်တတ်သေးပါလား။ မေဟာ ကိုယ့်တန်ဖိုး ကိုယ် အမြဲမြင့်တင်နေတဲ့ မိန်းမပါ။ ယောကျ်ားနောက်ကို ခိုးလိုက်ပြေးတတ်တဲ့ ခပ်ညံ့ညံ့မိန်းမတစ်ယောက် မဟုတ်တာ ဒယ်ဒီ ဘာကြောင့်မသိသေးပါလိမ့်။

မေသည် ဒယ်ဒီ မကြိုက်မှန်းသိ၍ သူနဲ့ ပိုမိုတွဲသွား တွဲလာလုပ်ပြဖို့ လျှပ်တစ်ပြက် အကြံအစည်ပင် ပေါ်လာသေးရဲ့ မေဟာ တခြားလူတွေအပေါ်မှာသာ စံပြမိန်းမ ဖြစ်ချင်ဖြစ်မည် ဒယ်ဒီ့အပေါ်မှာတော့ သမီးဆိုးပဲ ဖြစ်ချင်ပါသည်။ မေက ဒယ်ဒီ့ကို မုန်းနေသေး၍တည်း။

"နောက်ဆို သွားစရာရှိရင် ဒယ်ဒီ့ကိုပြောပြီးမှ သွား သမီး၊ သမီး ရုတ်တရက် ပျောက်သွားတော့ ဒယ်ဒီ့နှလုံး တွေ ဆောင့်ခုန်သွားလိုက်တာ၊ ပရက်ရှာတွေလည်း တ ထိုးတက်သွားတယ်၊ တစ်ကိုယ်လုံး ဖျဉ်းဖျဉ်း ဖျဉ်း





ကွယ်၊ သမီးကို ဒယ်ဒီ့လက်ထဲကနေ ဘယ်နေရာကိုမှ မရောက်သွားစေချင်ဘူး"

"ဟိုး ... ဟိုး ... ဒယ်ဒီ၊ ဒယ်ဒီ့စကားတွေ တစ်ဆိတ် စော်ကားလွန်းလာပြီ၊ မေ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ဒယ်ဒီ သိရက်သားနဲ့ ဒီလိုစကားတွေ ပြောတာဟာ မေ့ရဲ့သိက္ခာကို စော်ကားလိုက်တာနဲ့ အတူတူပဲ၊ မေက မာမီ့လို ယောကျ်ားတစ်ယောက် အယုံသွင်းသမျှ ယုံလွယ်တဲ့မိန်းမ မဖြစ်စေရဘူး၊ ဖြစ်လည်း ဖြစ်မှာမဟုတ်ဘူး၊ ပြီးတော့ ... မေဟာ ခင်ပွန်းယောကျ်ားရဲ့ အရိပ်အာဝါသကို ခိုလှုံမယ့် မိန်းမ မဟုတ်ဘူး၊ မေ့အစွမ်းအစနဲ့ ကြီးပွားအောင်မြင်အောင် လုပ်မှာ၊ မေက ကျော်ကြားတဲ့သူ ဖြစ်ရမှာ၊ မေ့ကို အားလုံးက အားကျရတဲ့သူဖြစ်အောင် လုပ်မှာ၊ မေ့ဘဝမှာ လက်တွဲဖော်ဆိုတာ မလိုအပ်ဘူး၊ မေ့မှာ လက်တွဲဖော်ရှိပြီးသား၊ အဲဒါက ဘယ်သူလဲ သိလား၊ အောင်မြင်မှုနဲ့ ပညာဂုဏ်ပဲ၊ သိလား ဒယ်ဒီ၊ ကဲ ... မေ ခေါင်းမူးနေလို့ သွားနားလိုက်ဦးမယ်၊ ဒယ်ဒီလည်း အေးအေးဆေးဆေး အနားယူပါ၊ စိတ်ဒုက္ခမများပါနဲ့၊ အထူးသဖြင့် မေနဲ့ပတ်သက်လို့ပေါ့"

မေ ဆတ်ခနဲ ကိုယ်ကိုလှည့်လိုက်တော့ မေ့ကို ...အား ပြန်ရန်တွေ့သော သမီး၊ မိုက်ရိုင်းသော သမီးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ရဲ့ရှုတ်ချလိုသော မျက်လုံးများနှင့် သူ့ကို ဆုံဖြစ်အောင် ဆုံ လိုက်သေးသည်။ သို့သော် မေ ဂရုမစိုက်ပါ။ ရှင့်ဆီက အထင် ကြီးမှုမရလို့လည်း မသေသွားနိုင်ပါဘူး။ မေဂန္ထဝင်ဟာ ဘယ်လို ခိန်းမလဲဆိုတာ လူတိုင်းအားကျနေပြီပဲ။ မေသည် သူ့ကြောင့် မေ သည်လိုအထင်ခံရတယ်၊ မေ့ကို ဒယ်ဒီ မယုံသင်္ကာဖြစ်ရတယ် လူရှေ့သူရှေ့မှာ သတိပေး တားမြစ်ခံရတယ်တွေနှင့် သူ့ကို အသားလွတ် မုန်းတီးပစ်လိုက်သည်။ ခုနက သူ ဂရုတစိုက် ကူညီပေးသမျှကို တမင်မေ့ပစ်လိုက်ပါသည်။ မေက ကိုယ့်အတွက် ကိုယ်သာ အာရုံစိုက်သော မိန်းမလည်း ဖြစ်လေသည်။

အိပ်ရာထဲလှဲ၍ ဆေးအရှိန်ဖြင့် မှိန်းနေခိုက်တွင် အောက်ထပ်ဆီမှ ရယ်သံသဲ့သဲ့နှင့် စကားသံသဲ့သဲ့တို့ကို ကြားနေ တော့ မေ အနည်းငယ် ဒယ်ဒီ့ကို စိတ်မကောက်စဖူး စိတ်ကော ချင်သွားသည်။ ဒယ်ဒီက မေ့ကိုကျတော့ ဆူချင်သလိုလို စကားမ ပြောပြီး လင်းခေးကျတော့ တစ်ခွန်းတလေမှတောင် မဆူပူ တကယ်ဆို ဒယ်ဒီ့မှာ ဆူပိုင်ခွင့်၊ မေးမြန်းပိုင်ခွင့်၊ တားမြစ်ပိုင် ရှိတာပဲ။ လင်းခေးဟာ ဒယ်ဒီ့အရိပ်ကို ခိုနေရတဲ့လူတစ်ယော ပဲ။ ဒယ်ဒီ ဘာလို့ သူ့ကို သံသယဖြစ်ဟန်နဲ့ မဆူပူရပါလိ တစ်ခုခုတော့ မှားယွင်းနေပြီထင်တယ်။

"သွားစမ်း ... ဒါတွေ အချိန်ကုန်ခံပြီး ဦးနှောက်ထဲ ထ မတွေးဘူး၊ ဦးနှောက်ကို အနားပေးမယ်၊ သုံးလေး





လောက် နားကိုနားမ၊ နောက်ဆို မေ့အတွက် အချိန်တွေ အလဟဿ အဖြုန်းခံလိုက်ရမယ်"

မေသည် စိတ်ကိုလျှော့လျက် ထွက်သက်ဝင်သက် ိမှတ်လျက် မျက်ခွံကို ဆွဲပိတ်ကာ မှောင်အတိချထားလိုက်ပါ သည်။ အရာရာကိုပေ့ါ။ စိတ်ကိုရော၊ ဦးနှောက်ကိုရော၊ ခဏလေး ကယ့်ကို အကျိုးရှိစွာ နားမှ ... နားမ၊ အိပ်မက် ... ဦးနှောက် ာ မတွေးနဲ့ ... အိပ်မက်ဟု ရေရွတ်ရင်း နာရီဝက်ခန့်ကြာသော ခါ မေ ထာကုယ်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ ိအခါ အတော်လေးကို ငြိမ်းချမ်းခဲ့လေသည်။

♦ ❧ ♦



www.burmeseclassic.com

www.burmeseclassic.com



## ၆

ဆောင်းရာသီ၏ ရက်တစ်ရက်တွင် မေတို့ရဲ့ ဒုတိယနှစ် မြန်မာစာဂုဏ်ထူးတန်း၏ အတန်းတင်စာမေးပွဲကြီးကို ဖြေဆိုရလေသည်။ စာအုပ်ကို ကိုယ်နဲ့မကွာ မျက်နှာနှင့်မခွာ ကြိုးစားကျက်မှတ်လေ့ရှိသော မေ့အတွက် အင်မတန်မှ လွယ်ကူသော စာမေးပွဲဖြစ်ခဲ့ပြီး မေသည် ဂုဏ်ထူးတန်းနောက်ဆုံးနှစ်သို့ တက်ရောက်ရဖို့ အဆင်သင့် ဖြစ်နေခဲ့ပြီ။

ကျောင်းပိတ်ရက်အတွင်း မေသည် အခန်းအောင်းနေခဲ့ပြီး အင်္ဂလိပ်ပုံပြင်စာအုပ်ကလေးများမှ ဘာသာပြန်ဆိုရေးသားခြင်းကို စတင်၍ အကောင်အထည် ဖော်ရပါသည်။

"ခမဂန္ထဝင် ဘာသာပြန်ဆို ရေးသားပြုစုသော ကလေးသူငယ်ပုံပြင်များ"

ဟူ၍ မေက ခေါင်းစဉ်တပ်ခဲ့ပြီးပြီ။





ပုံပြင်က ပေးလိုသမျှ ဇာတ်ကွက်၊ သင်ခန်းစာအတွေးအယူဖွယ်များကို မေသည် မူရင်းအဓိပ္ပာယ်မပျက်ဘဲ မြန်မာမှုနဲ့ ခပ်ဆန်ဆန်ဖြစ်အောင်၊ ကလေးတွေ နားလည်ရလွယ်အောင်။ မူလတန်းဆရာ ဆရာမကလေးတွေ အလွယ်တကူ သင်ကြားပြောဆိုနိုင်အောင် ကြိုးစားရသည်မှာ အမှန်တကယ်တော့ ပင်ပန်းပါသည်။ သို့သော် မေ့အတွက်ကတော့ ကိုယ်ဝါသနာပါရာ လုပ်ခွင့်ရနေ၍လား မသိချေ။

အတော်လေး အားအင်တွေတက်ကြွပြီး သည်အလုပ်ကြောင့် ပြင်ပလောကနဲ့ အဆက်အသွယ် ပြတ်တောက်ရခြင်းကိုတောင် ကျေနပ်ခဲ့လေစွ။ ဂုဏ်ယူချင်လေစွ။

ပြီးတော့ မေ့မှာ ပန်းချီအတွက်လည်း သတ်သတ်စဉ်းစားတွေးခေါ်ပေးရသေးသည်။ ပုံပြင်တိုင်းအတွက် ပန်းချီပုံကလေးများကို စဉ်းစားပြီးသောအခါ မေက ပန်းချီဆရာသဘောပေါက်အောင်လည်း ရှင်းပြနိုင်ခါမှ တော်ရုံကျမည်။ ပုံပြင်စာအုပ်ကလေးအတွက် ပြီးပြည့်စုံသောအခါ မေသည် ပန်းချီဆရာကိုသွားတွေ့ဖို့ ပုံနှိပ်တိုက်ကိုသွားဖို့အတွက် အပြင်လောကကိုထွက်ဖို့ စီစဉ်ရတော့သည်။

အခန်းအောင်းပြီး အပြင်ကို အဆက်အသွယ် ဖြတ်ခဲ့သမျှ အပြင်မှာ ဘာတွေပြောင်းလဲနေသလဲဆိုတာ မေ ကြုံတွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်နှလုံးရောဂါက တော်တော် အခြေအနေဆိုးလာ
ပြီ မေ၊ အန်ကယ့်ကို တစ်ချက်လောက် ဝင်ကြည့်လိုက်
ပါဦး၊ မေ့ကို တွေ့ချင်နေတယ်၊ တဖွဖွ မေးနေတယ်၊
က ကောင်မလေးတွေကို အနားမှာ ဘယ်သူမှ လာမရှ
ရဘူး၊ လာမခေါ်ရဘူး၊ စကားမပြောရဘူးလို့ အမိန့်ထုတ်
ထားရယ်ဆိုတာ ကောင်မလေးတွေက အန်ကယ့်ကို ပြော
ကြတော့ အန်ကယ်က တမင် မခေါ်ခိုင်းတော့ဘူး၊ ဒါပေ
မေ့ကိုတော့ သိပ်တမ်းတနေတယ် မေ၊ ဘာပဲဖြစ်ဖြ
ကိုယ့်အဖေကို မုန်းသည်ဖြစ်စေ၊ မမုန်းသည်ဖြစ်စေ ဒီလ
မကျန်းမမာ ဖြစ်နေချိန်မှာ ဟန်ဆောင်ပန်ဆောင် အနားမှ
ခဏလောက် သွားနေသင့်ပါတယ်"

လွန်ခဲ့တဲ့ တစ်လခွဲလောက်က မေ အတန်းတင
စာမေးပွဲကြီးပြီးချိန်မှာ တစ်ခါ ဒယ်ဒီ ဆိုးဆိုးရွားရွား ဖြစ်လို
သေးသည်။ ယခုတော့ ထပ်မံအခြေအနေဆိုးပြန်ပြီတဲ့။ မေ
ဒယ်ဒီ့ကို မုန်းသော်လည်း အဲသည်လောက်ထိတော့ ပစ်မထားချ
ပါ။

"ကျွန်မ မသိလို့ပါ၊ နောက်မို့ တစ်နေ့တစ်ခေါက်လော
တော့ ရောက်အောင်သွားကြည့်မှာပါ ကိုလင်းခေး၊ အဲ
လောက်တော့ မရိုင်းပါဘူးရှင်"





"ဩော် ... ဟော် ... ကျွန်တော့်စကားကို အမိပ္ပာယ်လွဲပြန်ပြီ၊ မေနဲ့ ကျွန်တော်တို့ ဘယ်တော့များမှ အမြင်ကြည်ကြပါ့မလဲဗျာ"

မေသည် သူ့ကို စိတ်အချဉ်ပေါက်လှစွာ ဆက်လက်၍ စကားလက်ခံ ပြောမနေတော့ဘဲ ဒယ်ဒီ့အခန်းရှိရာဆီ ခပ်မြန်မြန် ကြွသွားနှင့်သည်။ ပြောနိုင်တာ မဟုတ်။ ဒယ်ဒီက သူနဲ့အတူတူ တွဲဝင်လာလျှင် အရင်တစ်ခါတုန်းကလို အထင်တလွဲတွေနှင့် မေ့သိက္ခာကို ထိပါးဦးမည်။ မေပဲ ငရဲရဦးမည်။

စံပယ်နံ့တွေ လွှမ်းခြုံသော ဒယ်ဒီ့အခန်းထဲ ခြေလှမ်းဝင်လျှင် ဝင်လိုက်ချင်း မေသည် မြင်ရသော ဒယ်ဒီ့ရုပ်သွင်ကို တုန်လှုပ်သွားရပါသည်။ ဒယ်ဒီရယ် ... ပိန်သွားလိုက်တာ။ အရင်ကဆို အားအင်တက်ကြွ၍ ချောမောခန့်ညားလွန်းသော ဒယ်ဒီ့ကို မုန်းတာတောင် ကျိတ်သဘောကျရသော မေသည် သည်လိုသွင်ပြင်မျိုးဖြင့် မြင်ရစဉ် ခပ်ကြောင်ကြောင် ရပ်ငေးနေမိတော့သည်။

"သမီး ... မေဂန္ဓဝင်၊ ပုံပြင်ကလေးတွေ ရေးတဲ့ကိစ္စ အောင်အောင်မြင်မြင်နဲ့ ပြီးသွားပြီလား၊ ဒယ်ဒီ့သမီးက တကယ့်ကို ဇွဲနပဲကြီးတော့တာပဲ၊ မဖြစ်မနေကို နေ့မအား ညမအား လုပ်နေလိုက်တာ၊ ကျန်းမာရေး ထိခိုက်ဦးမယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညဆီးမှ ဖြတ်တက်ကာ ဒယ်ဒီခုတင်ဆီးဆီးဘ ခုံမှာ ဝင်ထိုင်လိုက်သော လင်းခေးသည် မေ့ဆီ တိတ်ဆိတ်စွာ ပြုံးရင်း "တွေ့ပြီမဟုတ်လား ဖခင်မေတ္တာ ဆိုသော"ဟူသည့် အဓိပ္ပာယ်ဖြင့် ခေါင်းဆတ်ပြသေးရဲ့။ ကုတ်ဖဲ့ချင်စရာပင် ကောင်းသေးတော့။

"ဒယ်ဒီ ဘယ်ဘုန်းကတည်းက စဖြစ်နေတာလဲ၊ မေမှမသိတာ၊ မေက ကောင်မလေးတွေ မေ့ကို လာနှောင့်ယှက်မှာစိုးလို့ ဒီစည်းကမ်း လုပ်ထားမိတာပါ၊ နောက်မို့ မေ ဒီစာအုပ်ကို အရင်ကတည်းက ရေးနေတာ မပြီးနိုင်လွန်းလို့ အပြတ်ဖြတ်နေတာ"

"ရပါတယ် သမီးရဲ့၊ ဒယ်ဒီအတွက် ဆရာဝန်တွေကောင်းပေ့ ညွှန်ပေ့ဆိုတာကို ကုသခွင့်ရအောင် လင်းခေးက ကြိုးစားပမ်းစား လုပ်ပေးတယ်၊ ဆေးတွေဆိုလည်း ငွေနဲ့စက်ဝယ်ရတော့ အကုန် အကောင်းချည်းပဲ၊ ပြုစုပေးမယ့်လူတွေကလည်း ဆေးမှာ အပြည့်ရှိတဲ့အပြင် လင်းခေးက တားမရ ဆီးမရ ဒယ်ဒီကို အတင်းဝင်ပြီး ပြုစုပြန်တော့ သမီး ဘာမှလုပ်စရာတောင် မလိုပါဘူး၊ ဒယ်ဒီအတွက် လိုအပ်တာက သမီးကို တစ်နေ့တစ်ခါလောက် မြင်ချင်တာပဲ"





မေသည် ဒယ်ဒီစကားများကို နားထောင်ရင်း စိတ်ကျဉ်းကျပ်သလို ခံစားနေရခြင်းမှာ မေ့ကို အကဲခတ်သလို စိုက်ကြည့်နေသော သူ့မျက်ဝန်းများကြောင့်ဖြစ်ပြီး၊ ထိုမျက်ဝန်းများကို မဆုံမိအောင် ရှောင်ရှားနေရသော ဒုက္ခကြောင့်လည်းဖြစ်မည်ဟု ထင်ပါသည်။ နေစမ်းပါဦး … သူက ဘာဖြစ်လို့ ပန်ဝင်ယူရတာလဲ။ ဒါဟာ မရိုးသားမှု၊ ဒယ်ဒီအမွေထဲက တချို့တစ်ဝက်များ ရလေမလားလို့ မျှော်လင့်ချင် မျှော်လင့်နေမှာပေါ့။ မေ့ကိုရော မြူဆွယ်သလို လှိုက်ကြည့်တာဟာ မေ့စည်းစိမ်တွေကို ချုပ်ကိုင်စီးချင်လို့ပေါ့။ ဝေးသေး … မေတာ မိဖုရားဖြစ်ချင်တဲ့သူမဟုတ်ဘူး၊ ဘုရင်မပဲ ဖြစ်ချင်တာကို မသိ…ဘူး ထင်ပါရဲ့။

"မေ ပုံပြင်စာအုပ်ကလေးတွေထုတ်ဖို့ ပန်းချီဆရာတို့ ပုံနှိပ်စက်တို့နဲ့ သွားဆွေးနွေးရဦးမယ် ဒယ်ဒီ၊ ဒယ်ဒီ မြို့ထဲကို ဘာမှာဦးမလဲ၊ စားချင်တာရှိရင် မှာလိုက်ပါ၊ မေ ဝယ်ခဲ့မယ်လေ"

"သမီးကြိုက်တာ ဝယ်ခဲ့ပါ၊ ဒယ်ဒီအတွက် သမီးဝယ်လာပေးတယ်ဆိုရင် ကျေနပ်ပြီး နှစ်နှစ်ခြိုက်ခြိုက် စားမိမှာပဲ၊ သမီး ငွေတွေကြိုက်သလောက် ယူသုံးပြီး စာအုပ်ထုတ်နော်၊ အပြင်အဆင်ကအစ, စက္ကူကအစ, ပန်းချီကအစ အကောင်းဆုံးဖြစ်အောင် ငွေကိုလမ်းခင်းပြီး လုပ်ပေတော့၊ ငါ့သမီးက ခံအောင်မြင်မှုကို အင်မတန် မက်မောတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီသည် မေ့ခေါင်းကလေးကို သူ့ဘက်ဆွဲယူလျက် မေ့နဖူးဆံစပ်က ဆံညွန့်ကလေးကို ခပ်ဖွဖွ နမ်းလိုက်သောအခါ မေ အတော်လေး ငြိမ်းချမ်းနွေးထွေးသွားသလို ခံစားရပါသည်။ ဒယ်ဒီ ဘာဖြစ်လို့ မေ့ကို သည်လိုပုံစံနဲ့ သူ့မေတ္တာကို ပြသ,သလဲ။ အရင်ကဆို မေ့ကိုချစ်ကြောင်း၊ မေ့ကို အလိုလိုက်ကြောင်းတွေသာ ထပ်ခါတလဲလဲ ပြောနေတတ်ပြီး သည်လိုမျိုး ရင်းရင်းနှီးနှီး တစ်ခါမှ မတွေ့ရချေ။ မေသည် သည်အပြုအမူကြောင့် ဒယ်ဒီ့ကို သိပ်သနားသွားမိတော့၏။ ဟုတ်တယ် ... မေ ဒယ်ဒီ့ကို မုန်းတယ်လို့သာ တမင်ပြောနေတာ ဒယ်ဒီ။ အမှန်စင်စစ် မေ မုန်းလို့မရပါဘူး။ ဒယ်ဒီ့ကို နွဲ့ဆိုးဆိုးပြီး အရွဲ့တိုက်နေတာ။ ဒယ်ဒီ မေ့ကို အဆမျှားစွာချစ်မှန်းသိလို့ မေက ဆိုးနေတာ။

ထို့နောက် မေသည် ဒယ်ဒီ့ကို နှုတ်ဆက်ကာ အိမ်ရှေ့ဘက်ဆီ ထွက်လာလေတော့ ...

"လင်းခေး ... သမီးကို လိုက်ပို့ပေးလိုက်"

ဟူသော ဒယ်ဒီ့အသံတိုးတိုးကို မေ ကြားဖြစ်အောင် ကြားလိုက်သေးသည်။ ဒါတော့ ဒယ်ဒီ မကောင်းတာပဲ။ အရင်တုန်းကတော့ သူနဲ့သွားခဲ့တဲ့ တစ်ခါမှာ မေ့ကိုမယုံသင်္ကာ ဆူခဲ့ပြီးမှ၊ အခုတော့ မေ့ကို ဘာဖြစ်လို့ လိုက်ပို့ခိုင်းရပြန်တာလဲ။ မဖြစ်ဘူး ... မဖြစ်ဘူး။ မေ လင်းခေးကို ငြင်းပစ်လိုက်မှ ဆင်ခြေကောင်းကောင်းကို ပြင်ဆင်မှ။





"ကိုလင်းခေး ... ကျွန်မကို လိုက်ပို့ဖို့ မကြိုးစားပါနဲ့၊ မေ လက်မခံဘူး၊ ပြီးတော့ အရင်တစ်ခါကလို အငိုက်ခံလိုက်ရမှာစိုးလို့ သော့ကို မေ့လက်ထဲမှာ မြဲမြဲမြံမြံ ကိုင်ထားတယ် တွေ့လား၊ ဒါကြောင့် အေးအေးဆေးဆေး နေခဲ့ပေတော့၊ ဒယ်ဒီ့ကိုလည်း ဂရုတစိုက် ပြုစုပါ၊ ဒယ်ဒီမေးရင် ကျွန်မက မလိုက်ခိုင်းလို့ဆိုပြီး ပြန်ပြောလိုက်ပါ၊ အဲဒါဆို ရှင့်အပြစ် မရှိနိုင်ပါဘူး"

သူသည် သိပ်တော့ ကျေနပ်ဟန်မတူ။ မျက်ခုံးများကို တွန့်ချိုးကာ ပေတေပြီး ရပ်နေသေးသတဲ့။ မေသည် ခပ်တိုးတိုး ရယ်မိသေးသည်။

"မေ တစ်ယောက်တည်း ပန်းချီဆရာအိမ် သွားရမှာလား"

"ဟုတ်တယ်ဆိုရင် ရှင်က ဘယ်လိုတားချင်သလဲ"

"မသွားသင့်ဘူး မေ၊ တစ်ယောက်ယောက်ကို အဖော်ခေါ်သွားပါလား"

မေသည် မေ့ဆရာမကို ခေါ်သွားမည့်အကြောင်း တမင်ထည့်မပြောခဲ့ပါ။ သူ့ကို စိတ်ဝေဒနာရစေချင်ပြီး သေချာတာတစ်ခုကတော့ သူသည် ဒယ်ဒီ့ကို ကုန်းချောလို့ ကောင်းသွားမှာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုန်နိုပ်တိုက်လည်း သွားဦးမယ် မဟုတ်လား၊ ဖြစ်ပါ့မလား မေ၊ ပြီးတော့ မေက ငွေတွေအများကြီးလည်း သယ်သွား ဦးမှာဆိုတော့ စိတ်မချချင်စရာကြီး၊ ဒုက္ခများမယ်ဆိုတာ မေ သိဖို့သင့်တယ်"

"ခားပြတိုက်ရင်လည်း ကျွန်မက အသက်တော့ အသေခံ မခံဘူး၊ သူတို့လိုချင်တဲ့ပစ္စည်း အကုန်ပေးပြီး ထွက်ပြေး လာမိမှာတော့ အမှန်ပဲ ကိုလင်းခေးရေ၊ ကဲ ... ကဲ ကျွန်မ သွားလိုက်ပါဦးမယ်၊ ဒယ်ဒီကို ကောင်းကောင်း ဂရုစိုက်လိုက်ပါ၊ စိတ်ချမယ်နော်"

"သိမ်အပြောရကျပ်တဲ့ မိန်းကလေးပဲကွာ၊ ကျွန်တော် အရှုံးပေးပါတယ်"

ဟင့်အင်း ... ရှင် မရှုံးသေးပါဘူး။ မေက ရှင့်ကို အကြိမ်ကြိမ် အခါခါ ရှုံးနိမ့်ပြီးတာ ရှင်မှမသိဘဲ။ သည်တစ်ခါ လေး ရှုံးခဲ့တာပါ။ မေသည် နောက်ကြည့်မှန်မှတစ်ဆင့် ငေးကြည့် ကျန်ရစ်နေသော သူ့ကို တစ်ချက်ကြည့်ပြီး သဘောတကျအသံ ထွက် ရယ်မောမိပြန်သည်။ တတ်လည်း တတ်နိုင်ပါပေ့။ မေ့ကို များ စိုးရိမ်သလေး၊ စိတ်မချသလေးနဲ့ တမင်ဖြားယောင်းမြူဆွယ် လိုတဲ့ စကားတွေ။ မေ့နားထဲကတောင် ယားကျိကျိ ဖြစ်ရပါသည်။

လင်းခေးလို မေ့ထက် အဆများစွာ ချောမောပြေ ပြစ်ပြီး ကြည့်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို အပျိုချော





တွေ ဝိုင်းဝိုင်းလည်နေမှာ အမှန်ပဲ။ မေ့လို နည်းနည်းပါးပါးသာ လှပသော၊ မာနလည်းကြီးသော၊ အဆင့်အတန်း ခွဲခြားသော၊ မော်က်မာသော၊ စကားပြောရိုင်းသော၊ သူ့ကို အထင်သေးရှုတ်ချ သော မိန်းမကို ချစ်ဖို့နေနေသာသာ စိတ်ထဲက ကျိတ်ပြီးတောင် မုန်းချင်မုန်းလိမ့်မည်။

ဒါကို မေက ကြိုမြင်သိပြီးသားဖြစ်၍ သူ့ထံမှ ဖြားယောင်းသော ယောကျ်ားမာယာများကို ဟားတိုက်ရယ်မော ပစ်ချင်ပါသည်။ ရှင့်မက်မောတာ မေ့ကိုမဟုတ်ဘူး။ မေ့စည်းစိမ် တွေကိုဟု မေက ပြောင်ပြောင်တင်းတင်း ပြောကြည့်ချင်သားပင်။ သို့သော် ... အဲသည်လောက်ထိ မေ သတ္တိမရှိပါ။

"ဟဲ့ ... သမီး မေဂန္ဓဝင်၊ ဘာတွေတွေးပြီး ပြုံးနေတာ တုန်း၊ ဆရာမအိမ်ရှေ့ ကားကြီးရပ်ပြီး လူလည်းဆင်းမလာ သေးတာနဲ့ ဘာများဖြစ်လို့လဲ ဆင်းလာကြည့်တာ ဘာတွေ ဖြစ်လာသလဲ"

မေသည် သည်တော့မှ ရှက်ကိုးရှက်ကန်းဖြင့် ဆရာမ အား ...

"ဘာမှမဟုတ်ပါဘူး ဆရာမ၊ ပုံပြင်စာအုပ်လေးတွေအတွက် ပီတိဖြစ်လို့ပါ"

ဟု ပြန်တုံ့ပြန်ရလောက်အောင် အရာရာကို မေ့ လျော့ရသတဲ့။ အတွေးလွန်ပြီး ဆရာမအိမ်ရှေ့ ရောက်ပြီမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိအောင်တောင် ဖြစ်ခဲ့သတဲ့။ အင်း ... မဖြစ်သေးပါဘူး။ လင်းဓေးဟာ ဦးနှောက်ထဲမှာ တစ်ကန့်နေရာပေးပြီး တွေးပေးရမယ့် လူတစ်ယောက်မှ မဟုတ်တာ။ သူ့အကြောင်းတွေးလို့ မေ အောင်မြင်မှုမှ မရနိုင်တာ။ ဒါကြောင့် အတွေးထဲက ဖျောက်ဖျက်ပစ်ရမည်။ အချိန်တိုင်း မေ့ထားရမည်။ ဘယ်လိုအတွေးမျိုးဖြစ်ဖြစ်ပေါ့။ လင်းဓေးနဲ့ ပတ်သက်သမျှ မေ့ထားမှ။

ဟူး ... ခက်ခဲလေစွ။





၇

မေ၏ ဘာသာပြန်ပုံပြင်စာအုပ်ကလေး ထုတ်ဝေ
...နေ့တွင် ဒုတိယနှစ်ဂုဏ်ထူးတန်း အောင်စာရင်းများလည်း
...သွား၍ မေ့အတွက် အောင်မြင်မှုတွေ ဆက်တိုက်ရသော
...စ်နေ့ဖြစ်သွားခဲ့၏။ မေ့အရွယ် မိန်းမတစ်ယောက်အနေနှင့်
...ပုံပြင်များ၊ ကလေးကဗျာများ၊ ကလေးဆိုလွယ်တေးများ
...သည်ဆိုခြင်းကို လူအများစုက တအံ့တဩ ဖြစ်ကြမည်
...လွဲတည့် ...။ မေ့အမည်က လူတိုင်းပါးစပ်ဖျားမှာ ပြောစမှတ်
...ကြပြီ။ မေသည်လည်း အောင်မြင်မှုကို စားသုံးနေရသော
...ကို ရောက်ခဲ့ပြီ။ ပြီးတော့ ဒယ်ဒီချမ်းသာမှုကို စုံစမ်းသိရှိသူ
... မေ့ကို လိုချင်တပ်မက်စိတ်ဖြင့် ဝိုင်းဝိုင်းလည်နေကြပြီ။
...တော့ မေက ပီတိမဖြစ်ပါ။ မေက အောင်မြင်မှုကို ခံစားရခြင်း
... ပီတိဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ အင်တာဗျူးကို လက်ခံရသောနေ့တွင် မေသည် အနှစ်သက်ဆုံးနှင့် အလိုက်ဖက်ဆုံးဟု မေ့ကို သူငယ်ချင်းတွေက မဲပေးသော အစိမ်းရင့်ရောင်ကို ဝတ်ဆင်ခဲ့လေသည်။ မေ မှတ်မိသည်ကတော့ ထိုဝတ်စုံဝတ်သောနေ့တွင် လင်းခေးဆိုသော လူတစ်ယောက်ကို ဒယ်ဒီ စတင်ခေါ်ဆောင် မိတ်ဆက်ပေးတာပဲ ဖြစ်သည်။ မေသည် ဘာအကြောင်းကြောင့် ရယ်ဟူ၍ မရှိသော်လည်း သည်ဝတ်စုံကလေး ဝတ်ဆင်လိုက်သည် နှင့် သူ့ကို မှတ်မှတ်ရရ ဖြစ်မိခြင်းအား အနည်းငယ် လက်မခံရ ပေ။

မေနှင့် အင်တာဗျူးသူတို့ ဧည့်ခန်းမှ တွေ့ဆုံချိန် တွင် လင်းခေးသည် သူ့အလုပ်မဟုတ်ပါဘဲ အပြင်ဘက်မှာ ထားသော ဒယ်ဒီ့ကားကို ဆေးပေးနေ၍ မေက "တမင်ပန်း တာ"ဟု မကောင်းမြင်မှစ်လိုက်သည်။ သို့သော် လင်းခေးသည် မေ့ကို မကြာခဏ လှမ်းကြည့်ရာတွင် သူ့အကြည့်များ၌ မေ့ တမ်းတမက်မောခြင်းတွေ ပါဝင်နေသလားလို့ မေက သံသယ ဖြစ်ချင်သားပင်။ ဒါဟာ မေနဲ့လိုက်ဖက်သော အစိမ်းရင့်ရောင် ဝတ်စုံကြောင့်လား၊ မေ့ကို ဝိုင်းဝန်းချီးကျူးကြသူတွေကြောင့် မေ့ အောင်မြင်မှုကို လိုချင်တပ်မက်ခြင်းလား။

"မေဂန္ဓဝင်ကတော့ အင်မတန်ရှားပါးတဲ့ အရည်အချင်း ရှိပြီး ပါရမီထူးတဲ့ မိန်းမတစ်ယောက်ပါ၊ မေဂန္ဓဝင် လိုတဲ့ မြန်မာစာပါမောက္ခကြီး ဖြစ်နိုင်ပါစေလို့ ဆုတောင်း ပါတယ်"

ဟူသော နှုတ်ဆက်သံနှင့် အင်တာဗျူးအဖွဲ့က နှုတ်ဆက်ပြီး ပြန်သွားချိန်တွင် မေသည် ငါ့လောက် လောကမှာ ကံကောင်းတဲ့မိန်းမ မရှိတော့ဘူး၊ ငါ့လောက် ဘယ်မိန်းမမှ စိတ်ကူး မကောင်းဘူး၊ ငါ့ဂုဏ်သတင်းက အင်မတန်ကြီးမားတာ၊ ငါဟာ ယောကျ်ားတစ်ယောက်ရဲ့ အိမ်ရှင်မ ဖြစ်ခဲ့ရင်တောင် မီးဖိုချောင် ထဲမှာ ဘဝကို မြှုပ်နှံရတဲ့ မိန်းမတစ်ယောက် မဖြစ်စေရဘူးတွေ မာနများ ဒီဂရီမြင့်မားလာခဲ့သေးသည်။ ဒါပေမဲ့ မေ့မာနများ ကို နှုတ်ချခြင်းအား လင်းခေးက ဖန်တီးပါသေးသည်။

"လူဆိုတာ အမြဲတမ်း အတက်ချည်းပဲရှိတယ်လို့ မထင်နဲ့ ဦး၊ အတက်ရှိရင် အကျရှိစမြဲပဲ၊ ဒါကြောင့် အောင်မြင်မှု ကို မယစ်မူးသင့်ဘူး"

ဟု မေ့ကို စတင်ရန်စ,စကား ပြောခဲ့သေးသည်။ မေသည် သူ့ကို မတူမတန်သလို ကြည့်ရှုလျက် မေ့အခန်းရှိရာ အပေါ်ထပ်သို့ ပြန်တက်ရန် ပြင်လိုက်စဉ် ဖုန်းသံကျယ်ကျယ် ကြောင့် မေသည် ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ဖုန်းကို ကောက်ကိုင်လိုက်ရသည်။ သူက မေ့အမူအရာကို လှောင်ရယ် လိုက်သေးသည်။ မေသည် သည်အချိန် ငါ့လက်ထဲမှာ ခဲကျိုးတစ်လုံးသာရှိရင် သူ့ခေါင်းက သွေးတွေဖြာခနဲကျ







www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ပေါက်ပစ်မိမယ်လို့ ကြိမ်းဝါးလိုက်မိပြန်သည်။ အဲသည်
အချိန်အထိ မေက သူ့ကို အမုန်းကြီး မုန်းနေသည်ဟူ၍ ကိုယ့်
ကိုယ်ကိုယ် ထင်ထားသေးသည်။

"ဂန္ထဝင်ကုမ္ပဏီကပါလားရှင်၊ ကျွန်မ ကိုလင်းခေးနဲ့တွေ့
ချင်လို့ ခေါ်ပေးနိုင်မလား"

မိန်းမအသံတစ်သံက ဖုန်းထဲမှ ကြားရစဉ်တွင် မေ
သည် အတော်လေးကို စိတ်ဝင်စားသွားရပါသည်။ အင်း ... လင်း
ခေးဆိုတဲ့ ယောကျ်ားသားဟာ ကြည့်တော့ သမာဓိကြီးလိုလို
အရှုပ်အရှင်း မရှိသလိုလို၊ လူရိုးလူအေးလိုလိုနဲ့ ကျိတ်ပုန်းခုတ်
တတ်သားဟု မေက ကဲ့ရဲ့လိုက်ပါသည်။ မေသည် စပ်စုချင်စွ
စွာ ...

"ဘယ်သူလို့ ပြောလိုက်ရမလဲရှင်၊ လင်းခေးက သူ့ဆီဖုန်း
ဆက်ရင် ဘယ်သူဆက်တာလို့ ပြောပြီး သွားခေါ်မှ ဖုန်း
ကို ကိုင်တတ်လို့ပါ"

"ဪ ... ကိုလင်းက အဲဒီလောက် ပဲများသလား၊ မေ
ပါဘူး၊ သူက သူ့ကို ဖုန်းဘယ်အချိန်ခေါ်ခေါ် ယမင်း
ရင် ချက်ချင်းဖုန်းကိုင်မှာပါတဲ့၊ ယမင်း ခေါ်ပါတယ်
ပြောလိုက်ရင် ရပါတယ်"

ဘုရားရေ ... ကိုလင်းတဲ့။ ဘယ်လောက်တော
ရင်းနှီးတဲ့ မိန်းမပါလိမ့်ဟု မေက ထပ်မံ စပ်စုကြည့်ချင်





သည်။ သို့သော် မေ့ကို လှမ်းအကဲခတ်နေသော လင်းခေးကြောင့်
မေသည် လက်ယပ်ခေါ်၍ သူ့ဖုန်းဖြစ်ကြောင်း ပြောလိုက်ရတော့
သည်။

မေသည် လင်းခေးနှင့် ထိုယမင်းဆိုသော မိန်းမတို့
ဘယ်လိုပတ်သက် ရင်းနှီးကြသလဲဆိုတာ ဘယ်လောက်သိချင်သလဲ
ဆိုရင် အိမ်အပေါ်သို့ ပြန်တက်ဖို့ မေ့လျော့ကာ စန္ဒရားခုံမှာ
အကြောင်းမဲ့ ဝင်ထိုင်ရင်း စန္ဒရားခလုတ်တွေ သံစဉ်မကျစွာ
လျှောက်နှိပ်နေမိသတဲ့။ ပြီးတော့ လင်းခေး ပြောဆိုသမျှ စကား
တွေကို တစ်လုံးတစ်စ ကြားလိုလှပြန်သတဲ့။ မယုံကြည်နိုင်စရာ
င် ကောင်းသေးတော့။

"ယမင်းလား ... ကိုယ်ပါ"

ဟူသော သူ့အသံက ချိုသာလွန်းသည်။ လိုအပ်
ထက်ကိုပိုပြီး ချိုသာလွန်းကာ ပျစ်ဆိတ်တောင် တက်နိုင်
သည်လို့ မေက ကဲ့ရဲ့ပစ်လိုက်ပါသည်။

"ကိုယ်ပြောသားပဲ၊ ယမင်းဆိုရင် ဖုန်းကို ချက်ချင်းကိုင်
မှာပါလို့၊ ယမင်း ဒီအချိန်ဆက်တတ်မှန်း ကိုယ်မသိလို့
ပါ၊ နောက်မို့ ကိုယ်က ဖုန်းနားမှာ မခွာစတမ်း ထိုင်စောင့်
နေမှာပေါ့၊ စိတ်မဆိုးနဲ့ ယမင်းလေးရယ်"

အံမယ်လေး ... နားရှက်စရာ ကောင်းလိုက်တာဟု
မေက ထပ်မံကဲ့ရဲ့မိပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒါ ကိုယ့်အလုပ်ရှင် အန်ကယ်ဦးကျော်ဆွေ
သမီးပါ၊ အင်း ... အင်း၊ ဟုတ်တယ်၊ တစ်ဦးတည်းသော
သမီးလေ၊ ဟာ ... မဖြစ်နိုင်တာ၊ သူက မာနကြီးတယ်
အဆင့်အတန်း ခွဲခြားတယ်၊ ကိုယ့်ကို ရှိတယ်လို့တော
မထင်ပါဘူး၊ ယမင်း စိတ်ပူစရာ မလိုပါဘူး၊ ကိုယ့်
နားလည်ပေးတာ ယမင်းတစ်ယောက်တည်းပဲ ရှိပါတယ်

ရာရာသသ ... မေ့အကြောင်း ထည့်ပြောရသော
သတဲ့။ မေ့မှာ သည့်ထက်မက သတ္တိတွေသာရှိရင် သူ့ဖုန်း
ဆွဲလုပစ်လိုက်မိမည်ထင်သည်။ အခုတော့ မေသည် နားမထော
လျှင် ရလျက်သားနှင့် ကိုယ့်ဘာသာ နားထောင်ပြီး မခံချိမခံသ
ဖြစ်ရပြန်သတဲ့လေ။

"ရပါတယ်၊ ယမင်းအတွက်ဆိုရင် လုပ်ပေးရမှာပေ
အန်ကယ့်ကို ဆေးခန်းပို့ပေးပြီးရင် ကိုယ် မရောက်ရော
အောင် လာခဲ့ပါ့မယ်၊ အင်း ... ဟုတ်တယ်၊ အန်ကယ်
ကိုယ့်ကို အင်မတန် အားကိုးတာ၊ မဖြစ်နိုင်ပါဘူး ယ
ရယ်။ အန်ကယ်က ကိုယ့်ကို သမက်တော်ဖို့အထိ
အားမကိုးနိုင်ပါဘူး၊ ဟဲ ... ဟဲ"

ကြည့်စမ်း ... ဒါ ... ဒါ တမင်ပြောတာ။
"စောင့်နားထောင့်နေမှန်းသိလို့ သူ တမင်ပြောတာပဲ ဖြစ်မယ်
မေက ဒေါသဖြစ်မိသည်။ သူကများ မေ့အကြောင်းကို စကား





ထည့်ပြောရသတဲ့။ မေသည် တမင်ပင် စန္ဒရားသံကို ခပ်ကျယ်
ကျယ်ဖြစ်အောင် တီးပစ်လိုက်တော့သည်။

"ယမင်း ... ကိုယ် ဘာမှမကြားရတော့ဘူး၊ ဒီတော့ ကိုယ်
ဖုန်းချလိုက်မယ်နော်၊ နောက်မှ ထပ်တွေ့ပြီး အေးအေး
ဆေးဆေး ပြောကြရအောင်ကွာ၊ အခု အန်ကယ်ဦးကျော်ဆွေ
သမီး စန္ဒရားတီးနေတယ်၊ အဲဒါကြောင့် ကိုယ်တို့ ဘာမှ
ဆက်ပြောလို့ မရတော့ဘူး၊ အရမ်းဆူနေတယ်၊ ဩော် ...
ဩော် ... ယမင်းတောင် ကြားရတယ်လား၊ အင်း ...
ဒါဆို တော်တော်ကို ဆူညံတာပေါ့၊ ကဲ ... ကိုယ် ဖုန်းချ
လိုက်ပြီ သိလား"

ကောင်းတယ်။ ဒါမှ နားငြီးသက်သာတယ်ဟု မေ
က ကျိတ်၍ဝမ်းသာသတဲ့။ မေသည် သူ့ကို ဆက်လက်အာရုံစိုက်
နေတော့ဘဲ ခုနက မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သော စန္ဒရား
သံအား ပြန်လည်ပြောင်းလဲ၍ စမ်းရေစီးသံကဲ့သို့ တီးတော့ ...

"လှုပုံကလေးက ဂန္ဓဝင်ဆန်သလို စန္ဒရားသံကလည်း
ဂန္ဓဝင်ဆန်တာ အကောင်းပဲ မေ၊ မေနဲ့ ဒီစန္ဒရားသံနဲ့
သိပ်လိုက်ဖက်တာကို မေ သတိမထားမိဘူး၊ မေသိအောင်
ကျွန်တော် အကြံပေးခဲ့မယ်၊ မေက အစိမ်းရင့်ရောင်ဝတ်စုံ
နဲ့ လိုက်တယ်၊ စန္ဒရားသံကို ဂန္ဓဝင်သံဆန်ဆန်တီးရင်း
မေ့အလှက ပေါ်လွင်တယ်၊ ပြီးတော့ ခုနက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မေ လေ့လာတဲ့ ခိုးကြောင်ခိုးဝှက် မျက်လုံးကလေးနဲ့ဆို ရင် မေ့ရဲ့ရိုးသားဖြူစင်မှုက ပိုပြီးပေါ်လွင်လာတယ် သိ လား"

ထိုစကားသံနောက်တွင် ရယ်သံသဲ့သဲ့ဖြင့် မေ့ကို လှောင်ပြောင်ခဲ့လေသည်။ မေသည် သည်လိုတိုက်ရိုက်လှောင် ပြောင်ခြင်းကိုကျတော့ ဒေါသတွေ ဟုန်းခနဲ ကြွတက်လာမိပြန် သတဲ့။

သို့သော် မေ့ ဒေါသများကို အကောင်အထည်ဖော် ခွင့် မရချေ။ သူသည် ဒယ်ဒီရှိရာ အပေါ်ထပ်အခန်းဆီ ပြေးတက် ပြီးနှင့်၍တည်း။ မေသည် လောကမှာ သူ့လောက်မုန်းစရာကောင်း တဲ့လူ မရှိဘူး။ သူ့ကို ဖြစ်တဲ့နည်း တစ်ခုခုနဲ့ သူ့စိတ်အနှောင့် အယှက်ဖြစ်အောင် လုပ်ပစ်မယ်တွေနှင့် တိတ်ဆိတ်စွာ ကြံစည် ပြန်သတဲ့။

ယမင်းဆိုတာကကော ဘယ်သူလဲ၊ ဘယ်တုန်းက သိကျွမ်းနေတာလဲ။ သူ့ရည်းစားလား။ ဒါနဲ့များ ဒယ်ဒီပြောတော့ သူ့မှာ ရည်းစားတောင် မရှိပါဘူး။ ရိုးလွန်းသတဲ့။ မာနကြီးလွန်း သတဲ့။ အခုတော့ တဖြည်းဖြည်းနဲ့ သူ့ရုပ်ထားသမျှတွေ ပေါ်လာ ပြီ။ ဒယ်ဒီ့ကို ဘာပဲဖြစ်ဖြစ် သတိပေးထားမှ တွေနှင့် မေနဲ့မဆိုင် သော လင်းခေး၏ ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်ချင်သတဲ့ ဒါဟာ တစ်စုံတစ်ခု မှားယွင်းမှု ဖြစ်မည်။





နေစမ်းပါဦး၊ မေ့စိတ်တွေ ဘာဖြစ်လို့ မကြည်မလင် နဲ့ နောက်ကျုလာရတာလဲ။ ခုနက အင်တာဗျူးမှာတုန်းက မေ ဟာ အောင်မြင်မှု ဒီဂရီတွေ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာရ ခြင်းအတွက် ပီတိတွေဖြာခဲ့၊ ပြီးနောက် မေ့စိတ်တွေထဲမှာ တစ်စုံ တစ်ရာ နောက်ကျိခြင်း ဟစ်ခုမှမရှိဘဲ ပကတိကြည်လင်နေခဲ့ သေးသည်။ အခုတော့ သူ့မှာ ယမင်းဆိုတဲ့ ကောင်မလေး ရှိနေ တယ်ဆိုတာနဲ့ မေ့မှာ မနာလိုစိတ်တွေ၊ မကောင်းကြံလိုစိတ်တွေနဲ့ ခုနက ပီတိတွေတောင် ဘယ်ရောက်သွားပါလိမ့်။

မေသည် ချက်ချင်းပင် ဆင်ခြင်တွေးတောမိပါသည်။ အဲဒါက ဘာလဲဆိုတော့ မိန်းမတိုင်းရဲ့ စိတ်မာတတ်တည်း။ မိန်းမ တိုင်းဟာ ကိုယ်ကသာ ယောကျ်ားတိုင်းကို သဘောမကျရင်ရှိ မယ်၊ ယောကျ်ားတိုင်းဟာ ကိုယ့်ရဲ့အလှမှာ ယစ်မူးစေချင်ကြတာ။ ကိုယ့်ကို လက်တွဲချင်စိတ်နဲ့ စိတ်ကူးယဉ်လို့ မေက သူ့ကို ငေါက်ငမ်းခဲ့ပါသည်။ ထိုအခါ သူသည် သံဝေဂရသံဖြင့် မေ့ကို မခံချိမခံသာဖြစ်အောင် ထပ်မံပြောဆိုသေးသည်။

"အေးလေ ... အန်ကယ်က မေ့ရှေ့က မားမားရပ်ပြီး မေ အောင်မြင်မှုတွေရအောင် ငွေကို လမ်းခင်းပေးနိုင်တဲ့ ပုဂ္ဂိုလ် ကြီးပဲ၊ ပြီးတော့ အန်ကယ်သာမရှိရင် မေနားမလည်တဲ့ ကုမ္ပဏီလုပ်ငန်းကိုလုပ်ပြီး ဆုံးရှုံးမှုတွေရမှာ၊ မေ့အတွက် အားကိုးရာမဲ့မှာကို မေလည်း တွေးမိမှာပေါ့၊ စိတ်ချပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခုမှကို တစ်ခါက ခြိမ်းခြောက်ခဲ့သလို မေတို့ရဲ့ လုပ်ငန်းတွေကို လက်ဝါးကြီး မအုပ်ပါဘူး၊ မေ့အမွေတွေ ကိုလည်း မလုပါဘူးနော်၊ စိတ်ချထား”

မေသည် သူ့ကို အတော်လေး ကြည့်မရဖြစ်ကာ ဘာမှ ပြန်လည်မချေပခဲ့ပါ။ ဒယ်ဒီ ဆေးရုံတက်ရသောရက်များ အတွင်း မေ ပင်ပန်းခဲ့သလို သူလည်း ညဘက်တွေမှာ ဒယ်ဒီကို စောင့်ပေးရသဖြင့် ပင်ပန်းခဲ့ပါသည်။ ဒယ်ဒီမရှေ့မှာတော့ ဒယ်ဒီ စိတ်မချမ်းမသာဖြစ်ပြီး ရောဂါတိုးမှာ စိုးတာနှင့် မေသည် သူနှင့် ပြေပြေလည်လည် စကားပြောခဲ့သော်လည်း ကွယ်ရာတွင် မေက ဦးရင် မျက်စောင်းအရင်ထိုးနှင့်တာပဲဖြစ်ဖြစ်၊ မဲ့ရွဲ့ပစ်တာပဲဖြစ်ဖြစ် ခြေဆောင့်လိုက်တာပဲဖြစ်ဖြစ် သူ့ကို ရန်လုပ်သလို သူက ဦးရင် တော့ မေ မုန်းတီးလှသော သရော်ပြုံးနှင့် နှိပ်စက်တာပဲဖြစ်ဖြစ် လှငယ်လေးတစ်ယောက်ပမာ နှုတ်ခမ်းကို ခပ်ချွန်ချွန်ကလေး လုပ်ပြလျက် မေ့ကို ရှက်သွားစေတာပဲဖြစ်ဖြစ်တွေနှင့် မေတို့နှစ် ယောက် ရန်ပွဲကလေး ကျင်းပမြဲတည်း။

ပိုပြီးဆိုးရွားတာကတော့ ဒယ်ဒီဆီသို့ သူ၏ယမင်း ဆိုသော မိန်းမအား ခေါ်ဆောင်လာတာပဲဖြစ်သည်။ မေ့ထက် ခြေတစ်လှမ်း သာသွားခဲ့သည်။ မေကတောင် ကိုယ့်အလုပ်နှင့် ကိုယ် မအားမလပ်ဖြစ်ခဲ့၍ ဒယ်ဒီကို မတိုင်တွေရသေးခင် သူ က အရင်ကြိုပြီး ခေါ်ခဲ့ခြင်းဖြစ်သည်။





“အန်ကယ် ... ဒါ ကျွန်တော့်သူငယ်ချင်း ယမင်းပါ၊ အရင်ကလည်း တစ်လမ်းတည်းနေခဲ့ကြသူတွေပေါ့၊ အခု လမ်းမှာဆုံလာလို့ အန်ကယ့်သတင်းကြားပြီး တွေ့ချင်တယ် ဆိုတာနဲ့ ခေါ်လာတာပါ၊ ယမင်းက အခု ဆေးကျောင်းတက် နေတယ်လေ၊ Final Part I ရောက်နေပြီ၊ သူက အခု ဂျပန်ဆေးရုံသစ်ကြီးမှာ ပိုစတ္တင်ကျတယ်၊ ဒီကနံသာယာ ဆေးရုံမှာလည်း သူ့ဦးလေးက နှလုံးရောဂါအထူးကုပဲ၊ အန်ကယ့်အတွက် လိုအပ်တဲ့ အကူအညီပေးနိုင်အောင် ယမင်းက မိတ်ဆက်ပေးမလို့တဲ့”

ကြည့်စမ်း ... ယမင်းဟာ ယင် ားတာထက်ကို ပိုပြီးမြင့်မားနေပါလား။ သူဟာ ဆေးကျောင်းကို မတန်ရောက် ချင်ခဲ့သူပီပီ ဘာပဲဖြစ်ဖြစ် ဆေးကျောင်းသူဖြစ်သော ယမင်းကို ပိုပြီးအထင်ကြီးလိမ့်မည်။ စိုက်ဝင်စားလိမ့်မည် ထင်ပါရဲ့။

“ကျေးဇူးပဲ သမီးရယ်၊ အန်ကယ်က ဆေးရုံတက်ရမှာ ကြောက်ပါတယ်ဆိုမှ ဆေးရုံရောက်ရတယ်၊ သမီးနဲ့ အန် ကယ့်သမီး မေကဒ္ဒဝင်နဲ့ဆို ရွယ်တူလောက်ပဲ ရှိဦးမယ်ထင် တယ်နော်၊ သမီး မေကိုလည်း ဆေးကျောင်းတက်ခိုင်းသား ပဲ၊ သူ့မှီးက ဝါသနာမပါဘူးလေ၊ သူ ဖြစ်ချင်တာကို ဖြစ် အောင်လုပ်တဲ့ မိန်းကလေး”



www.burmeseclassic.com

www.burmeseclassic.com



"မေဂန္ဓဝင့် နာမည်ကတော့ လူတိုင်းသိနေပါတယ်၊ ဒီလို ဖြစ်ဖို့ကလည်း တော်ရုံပါရမီနဲ့ မဟုတ်ဘူးနော်၊ ယမင်းတော့ အရမ်းလေးစားတယ်"

"ကလေးကဗျာတွေ၊ ဆိုလွယ်တေးတွေ၊ ကလေးပုံပြင်တွေ ရေးရတာ ဂန္ဓဝင်မြောက်တဲ့ ဝတ္ထုကြီးတစ်ပုဒ်ကို ရေးရတာမှ မဟုတ်တာ၊ အင်မတန် လွယ်ပါတယ်၊ ကျွန်မက လွယ်တဲ့အလုပ်ကို လုပ်တာပါ"

မေ့ဆီမှ အချိုးမကျသော၊ ဖော်ရွေခြင်းကင်းသော၊ မာဆတ်ပြတ်တောက်သော စကားအပြောအဆိုတို့ကြောင့် ဒယ်ဒီက အားတုံ့အားနာဖြင့် တဟဲဟဲ ရယ်ပေးသလောက် သူသည် မေ့ကို ဖြစ်နိုင်ရင် သတ်ပစ်ချင်တယ်ဟူသော မျက်လုံးများဖြင့် ဖြိမ်းခြောက်လေသည်။ မေ အတော်လေး ခံပြင်းပါသည်။ သူ့ ရည်းစားကိုများ မေက ဘာလို့ ဟက်ဟက်ပက်ပက် ဆက်ဆံပြရမလဲ။ မေနဲ့ ဘာမှမဆိုင်တဲ့ ကိစ္စပဲ။ ဒါဟာ တမင်သက်သက် မေ့ကို ရန်လိုတာဟု တွေးမိပြန်ပါသည်။ သူဟာ အရင်စ,တွေ့ခါစတုန်းကတော့ မေ့ကိုပဲ လိုချင်တပ်မက်သလိုလိုနဲ့ အခုတော့ ယမင်းကို တမ်းတမ်းစွဲ ဖြစ်နေပြီထင်ပါ့။ မေလည်း မဆီမဆိုင် မနာလိုဖြစ်ရ၊ အင်း ... ခက်ပါသေးရဲ့။

"ငယ်ငယ်ကဆို ကိုလင်းနဲ့ ယမင်းတို့က လုံးဝမတည့်ဘူး၊ ရန်ဖြစ်ဘက်တွေလေ၊ ဆယ်တန်းမှာလည်း ယမင်းနဲ့





အပြိုင် ကြိုးစားတာ ကိုလင်း ရှုံးသွားတယ်၊ ကိုလင်းက ကျန်းမာရေး အခြေအနေကြောင့် ယမင်းကို ရှုံးသွားတာပါ၊ နောက်မို့ ကိုလင်းက ယမင်းကို ဘာမဆို အမြဲအနိုင်ယူတယ်လေ အန်ကယ်ရဲ့"

ယမင်းသည် မေနဲ့ဆန့်ကျင်လျက် စကားပြောသွက်လက်ပြေပြစ်သူလည်း ဖြစ်သည်။ ဟန်ဆောင်ကောင်းသူလည်း ဖြစ်သည်။ သူမသည် မေ့နည်းတူ ဖြောင့်စင်းမည်းနက်သော ဆံပင်များလည်း ရှိသည်။ မျက်လုံးမျက်ဖန်တို့က ဆွဲဆောင်အားပြင်းသူဖြစ်ကြောင်း သိသာလှသည်။ သို့သော် မေ့လိုမြင့်မြင့်မားမား အရပ်အမောင်းကို မပိုင်ဆိုင်။ ဒါပေမဲ့ သူမ၏အသားအရေများက ဖြူစင်ကြည်သန့်လွန်းလှသည်။ သူမကို တစ်ခါမြင်လိုက်သူသည် အင်မတန်လှတဲ့ မိန်းမတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရမည့်သူဖြစ်သည်။

နေစမ်းပါဦး ... သူမပြောတဲ့ စကားထဲမှာ "ကိုလင်းက ယမင်းကို အမြဲအနိုင်ယူတယ် ဆိုလား" ... ဒါဟာ ဘယ်အတိုင်းအတာထိ ရင်းနှီးတဲ့သဘောကို ပြောချင်တာပါလိမ့်။ သူတို့နှစ်ယောက်ဟာ ငယ်ကျွမ်းဆွေတွေလည်းဖြစ်၊ တစ်ယောက်ကိုတစ်ယောက် နားလည်ကြသူတွေလည်းဖြစ်၊ အို ... ပူပန်ရလေစွ။

"အန်ကယ့်အတွက်တော့ လင်းခေးဟာ အတော့်ကို အားကိုးယုံကြည်ရတဲ့ တပည့်တစ်ယောက်မို့ သားအရင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လိုပါပဲ၊ အစစအရာရာတိုင်ပင်လို့ရတယ်၊ ဒါကြောင့် ခြံထဲက အိမ်ကလေးကိုတောင် လင်းခေးကို လက်ဆောင်ပေးဖို့ စဉ်းစားနေတာ”

ယမင်းမျက်နှာ ကွက်ခနဲ ပျက်သွားသော်လည်း သူမသည် ဟန်ဆောင်ကောင်းလှစွာ ချက်ချင်း ဖုံးကွယ်ပစ်နိုင်သွားပင်တည်း။

သို့သော် မေက မြင်ဖြစ်အောင် မြင်လိုက်သေး။ စိတ်ချ ... ဒယ်ဒီက လင်းခေးနဲ့ မေ့ကို သဘောတူထားပါတယ်၊ လက်ထပ်ပါ ဆိုရင်တောင် မေက ကိုယ့်ကိုမချစ်နိုင်တဲ့ ယောကျ်ား တစ်ယောက်ကို လက်မခံနိုင်ပါဘူး။ မေက ကြိုပြီးကို ငြင်းပစ်လိုက်မှာပဲ ဖြစ်သည်။ လင်းခေးရဲ့ မာနတွေကို ဖြိုချပစ်လိုက်နိုင်မယ့် နည်းလမ်းလည်း ဖြစ်နေ၍ပင်တည်း။

“ကဲ ... ယမင်း ကျောင်းနောက်ကျနေဦးမယ်၊ သွားရအောင်၊ ဩော် ... အန်ကယ်၊ ကျွန်တော် ကားခဏယူသွားမယ်နော်၊ အန်ကယ့်လုပ်ငန်းကိစ္စတစ်ခု သွားပြောရင်း လမ်းကြုံတာနဲ့ ယမင်းကိုပါ ဝင်ပို့ပါရစေ”

“ဟာ ... ရပါတယ် မောင်ရင်လေးရဲ့၊ အန်ကယ်က ဒီကားကို စပြီး မမောင်းနိုင်တော့ကတည်းက မင်းကြိုက်သလို သုံးခွင့်ပေးထားတာပဲ၊ သုံး ... သုံး ... ကြိုက်တဲ့နေရာမှာသုံး၊ ဟုတ်ပြီလား”





“ကျေးဇူးပါပဲ အန်ကယ်၊ ကျွန်တော်တို့ သွားလိုက်ပါဦးမယ်”

“အန်ကယ် ... ယမင်းကို ခွင့်ပြုပါဦး၊ သွားလိုက်ပါဦးမယ် မေဂန္ဓဝင်၊ နောက်မှတွေ့လည်း ခေါ်ပေါ့နော်”

မေ့ကို အင်မတန် ရိုင်းပျမောက်မာသော မိန်းမအဖြစ် သတ်မှတ်သွားဟန် မျက်နှာပေးကို မေက ဘယ်လိုလုပ် ပြုံးပြနှုတ်ဆက်နိုင်ပါ့မလဲ။

အတူတွဲ၍ အခန်းထဲက ထွက်သွားသော သူတို့နှစ်ယောက်ဟာ လိုက်ဖက်ညီလွန်းလှတာကို မေက မငြင်းပါ။ လင်းခေး၏ ကြင်နာယုယမှုများကို အပြည့်အဝ စားသုံးခွင့်ရသော ယမင်းကိုသာ မေက တစ်ဖက်သတ် မနာလိုဖြစ်မိတာပဲရှိ၏။ မေ့စိတ်တွေထဲမှာ လင်းခေးဟာ မေ့ကို လိုချင်တပ်မက်နေလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားခဲ့ခြင်းမှာ မှားယွင်းနေခဲ့သော ကြောင့်သာ တမြည့်မြည့် ဖြစ်နေရပါသည်။

“လင်းခေးရဲ့ ကောင်မလေးလား မသိဘူး၊ တော်တော့်ကို လှတဲ့ မိန်းကလေးပဲ၊ ဒီကောင် ကံကောင်းတာပေါ့၊ ဆေးကျောင်းသူ ဆရာဝန်လောင်း၊ ရုပ်ရည်ကလည်း လှပြီး ယဉ်ကျေးတဲ့ မိန်းမတစ်ယောက်ရတော့ အင်မတန်ကို ဝမ်းသာနေမှာ၊ ဒယ်ဒီက သမီးနဲ့တောင် မှန်းချင်တာ၊ အခုတော့ သူလည်း သူ့လက်တွဲဖော် သူရသွားတော့



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက သူများချစ်ခြင်းကို မဖျက်ဆီးချင်ပါဘူး၊ တင့်တင့်တယ်တယ်ဖြစ်အောင် လက်ထပ်ပေးချင်တာ၊ ဒီကောင်က မာနကလည်း ခပ်ကြီးကြီး၊ ဒယ်ဒီကူညီရင် လက်ခံပါ့မလား မသိဘူး၊ အင်း … အမှန်တော့ သမီးနဲ့ ဒီလိုရှိးသားပြီး ဒယ်ဒီ့ဩဇာခံတဲ့ လူကောင်းတစ်ယောက်ကို လက်ထပ်ပေးချင်ခဲ့တာ၊ ဒီလိုဖြစ်မလာတော့လည်း ကံတရားပေါ့”

မေသည် ဒယ်ဒီ့စကားကိုကြားတော့ ဒေါသတကြီးဖြင့် ခေါင်းကိုခါပစ်ကာ …

“အို … ဒယ်ဒီပေးစားလည်း မေက သူ့ကိုမယူပါဘူး၊ အလကား အဆင့်အတန်း မတူတဲ့ကောင်၊ မေ့ကို အမြဲဆရာလုပ်တယ်၊ မေ သူ့ကို သိပ်မုန်းတာပဲ”

ဟူ၍ ငြင်းဆန် အော်ဟစ်မိပါသည်။ ဒယ်ဒီသည် မေ့ထံမှ ချွတ်ယွင်းသော အမူအရာတချို့ကို အမိအရ လိုက်ကြည့်ကာ တိတ်ဆိတ်စွာပြုံးရင်း မျက်လုံးမှိတ်၍ အနားယူလိုက်သည်။ ဒယ်ဒီ ဘာကိုပြုံးတာပါလိမ့်။ အင်း … ရှုတ်ရှဲ့လေစွ။

◆◆ ◆◆ ◆◆





ဒယ်ဒီ ဆေးရုံက မဆင်းမချင်း မေ့အတွက် ယမင်းကို မကြာခဏ လင်းခေးနှင့် တွဲ၍မြင်ရခြင်းတည်းဟူသော ဝဋ်စ်မျိုးကို ခံစားရလေသည်။ ယမင်းသည် သူမကို မကြည်လင်သော မေ့ရှေ့မှောက်ကို တမင်ပင် လင်းခေးနှင့် တွဲပြခြင်းမှာ ခုကို စိန်ခေါ်ရာရောက်သည်။ သရော်ရာ ရောက်သည်။ ငါ လာက်မလှတဲ့ မိန်းမဗို့ လင်းခေးက အနေနီးရဲ့သားနဲ့တောင် ရွေးချယ်တာပေါ့ ဟူသော သဘောကိုဆောင်သည်။ မေသည် မင်းကိုလည်း မုန်းသည်။ လင်းခေးကိုလည်း မုန်းသည်။ မေ့ ာက်က အရှုံးတွေ ဆက်တိုက်ရနေရခြင်းကိုလည်း မကျေနပ်ပါ။ ါကြောင့် မေက တစ်နည်းနည်းနဲ့ လင်းခေးကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်မည့် အဓိကတရားခံက လင်းခေးဖြစ်နေ၍ ည်း။

ကံကြမ္မာက မေ့ကို နိုင်ခွင့်တစ်ခါ ထပ်မံပေးခဲ့ခြင်း အမှန်တော့ မေကိုယ်တိုင် ဖန်တီးခဲ့သော အခြေအနေတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။ မေ တစ်သက်လုံး ဘယ်တုန်းကမှ မလုပ်ဖူးသော အဖြစ်တစ်ခုကို လုပ်မိတာပဲဖြစ်သည်။ အဲဒါကတော့ မေနဲ့ စိုးဗလတို့ မတော်တဆ ပြန်ဆုံကြခြင်းကြောင့်လည်း ဖြစ်သည်။ မတော်တဆဟူသော စကားကို သုံးရခြင်းမှာ ဂုဏ်ထူးတန်းကို ဆက်မတက်ပါဘူးဟု သတင်းသဲ့သဲ့ကြားရသော စိုးဗလသည် ကျောင်းပြန်ဖွင့်တော့လည်း ကြားရတဲ့အတိုင်း ကျောင်းမတက်ချေ။

သို့သော် မေနဲ့ စိုးဗလတို့ စာအုပ်အဟောင်းဆိုင်တစ်ခုမှာ မတော်တဆ တွေ့ဆုံခဲ့ကြလေသည်။

"ဒီစာအုပ်လေး ခဏပြပါရှင့်"

ဟု မေသည် နံဘေးမှာ မေနဲ့အတူ လာထိုင်ချကာ စာအုပ်တွေ လျှောက်ကိုင်ကြည့်နေသော လူတစ်ယောက်ကို သတိမထားမိစွာ ပြောခဲ့သေးသည်။ စိုးဗလက မေ့ကို ကြုံမြင်လို့ လာထိုင်သည်လားတော့ မေ မသိချေ။ မေ သိတာက မေတို့ မတော်တဆ တွေ့ဆုံခြင်းကိုပဲဖြစ်ပြီး စိုးဗလဘက်က ဘယ်လိုပုံစံနဲ့လာ တွေ့ဆုံသလဲ မေ တကယ်မသိချေ။

"ခင်ဗျားကြည့်ပြီးရင် ကျွန်တော့်ကိုလည်း ခဏပြပါဦး"

မေသည် စာအုပ်ကို ကောက်ကိုင်လိုက်စဉ် သူထံ စတင်ပြောဆိုသော စကားဖြစ်သည်။ အဲသည်တုန်းက မေ ထင်လိုက်တာကတော့ "လာပြန်ပြီ ဓာတ်လမ်းတစ်ပုဒ်"ဟူ၍သာ





ဒါကြောင့် မေ သိပ်လိုချင်လှသည် မဟုတ်သော ဟင်းချက်နည်းစာအုပ်ကြီးကို တမင်ပဲ ...

"ဒါ ကျွန်မ ဝယ်မလို့ ဖတ်ကြည့်နေတာ၊ ခဏတောင် မပြနိုင်ဘူး၊ ဒါကြောင့် နောက်တစ်အုပ် ရှင့်ဘာသာ ရှာ"

ဟူ၍ ဘုတောပစ်လိုက်ပါသေးသည်။ ထိုအခါ ထိုသူ့ထံမှ ရယ်မောသံဖြင့် မေ့ကို စတင်နှုတ်ဆက်ခြင်းကို မေ ကြားလိုက်ရပါသည်။

"မေဂန္ဓဝင်က အရင်ကလိုပဲ လုံးဝမပြောင်းလဲသေးဘူး၊ သေးကိုနည်းနည်းလှည့်ကြည့်ပါဦးဗျ၊ ကျွန်တော်ပါ"

"ဪ"

မေ့ထံမှ အာမေဋိတ်သံကို ရယ်စရာမဟုတ်ပါဘဲ ထပ်မံရယ်မောပြန်သည်။

"မေဂန္ဓဝင်က ဟင်းချက်နည်းစာအုပ်တောင် ဝယ်ဖတ်နေပြီလား၊ ကေန္ဒ အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ဖို့ ကြိုးစားရတော့မယ်နဲ့ တူပါရဲ့"

"ရှင်နဲ့မဆိုင်တာ မသိချင်ပါနဲ့ စိုးဗလရယ်၊ ဒါနဲ့ နေပါဦး၊ ရှင် ကျောင်းဆက်မတက်တော့ဘူးလား"

"မေဂန္ဓဝင်က ကိုယ့်ကို လိုက်ရှာနေတယ် ထင်တယ်၊ ကိုယ် ကျောင်းမှာမရှိတာ သတိထားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ယောက်ျားတွေများ နည်းနည်းအရေ ဝင်လိုက်တာနဲ့ "ကျွန်တော်"ဆိုတဲ့ နာမ်စားကနေ "ကိုယ်"လို့ တောင် ပြောင်းသွားလေရဲ့၊ စိုးဗလဟာ စကားပြောတာကအ တစ်ဖက်သတ် အသားယူပြီးတော့ ပြောတတ်သေးရဲ့။ ဟင်း ... စိတ်ပျက်စရာပင် ကောင်းသေးတော့။

သို့သော် မေသည် လင်းခေးကို ရွဲ့ပြစရာ၊ သူ့စိတ် ကို မခံချိမရှုံ့သာ ဖြစ်စေဖို့ရာ၊ တစ်ခါက သူ ရန်လိုဖူးသော စိုးဗလကို မေက ပြန်ပြီးတွဲပြရင် ဘယ်လိုများနေလိမ့်မလဲဟူသော စိတ်ကူးက ဖျတ်ခနဲ အာရုံထဲမှာ တွေးမိလျှင် စိုးဗလအား ဆ လက်၍ သည်းခံစကား ပြောမိပြန်သည်။ ဒါဟာ မေ့ရဲ့ဝင့်ကြွ များလား မသိပါ။

"ကိုယ်က ဂုဏ်ထူးတန်းကို တက်ချင်လို့ ဆက်တက် မှ မဟုတ်တာ၊ ကျောင်းတက်ရတာပျော်လို့၊ ပြီး ကျောင်းတက်နေရင် ပါပါ့အလုပ်တွေ လုပ်ပေးစရာ တော့ဘူး ယူဆလို့၊ ဒါပေမဲ့ ဂုဏ်ထူးတန်းမှာ စာတွေ လည်း ခက်တယ်၊ မြန်မာစာကလည်း ပိုရှုပ်လာတ စာကျက်ရတာလည်း စိတ်ညစ်တယ်၊ အဲဒါနဲ့ ဒီနှစ် အောင်အောင် ဖြေလိုက်မယ်၊ နောက်နှစ်တွေတော့ ဆ ပဲလို့ ကြေညာပြီး ပါပါ့ကို ခွင့်တောင်းခဲ့တာ၊ ပါပါ ပိုတောင်ကြိုက်သေးတယ်၊ သူ့အလုပ်မှာ သူတစ်ယော





တည်း ဦးစီးနိုင်တာလေ၊ ကိုယ့်အစ်မတွေက အလကား အလှပြင်ဖို့၊ ပိုက်ဆံဖြုန်းဖို့ပဲ သိကြတာ"

ဟင်း ... ပြောရက်လိုက်တာ။ မေ့ဖေးဖရိတ်ဘာသာ လေးဖြစ်တဲ့ မြန်မာစာကိုများ ခက်သလေး ရှုပ်သလေးနဲ့ ကိုယ် တိုင်က မြန်မာမဟုတ်တာ ကျနေတာပဲ။ သိပ်စိတ်ဓာတ်ညံ့ဖျင်း တာပဲ။ မေနဲ့တော့ ဆန့်ကျင်ဘက်ပဲ။

"ကိုယ်က မေဂန္ဓဝင်လို စတော်ကြီး မဟုတ်တော့ ကံ ကောင်းလို့ ရောက်လာတဲ့ ဂုဏ်ထူးတန်းမှာ စာမလိုက်နိုင် ဘူးကွာ၊ ဒါကြောင့် ကိုယ်နဲ့ အလိုက်ဖက်ဆုံးဖြစ်တဲ့ ကုန် သည်အလုပ်ကိုပဲ လုပ်ဖို့ ဆုံးဖြတ်လိုက်တာပေါ့၊ ဘယ်လို လဲ မေဂန္ဓဝင်၊ ကိုယ့်ကို မင်းမြတ်နိုးတဲ့ ဘာသာရပ်ကို ဝေဖန်လို့ အပြစ်တင်ချင်သွားပြီလား"

"အို ... ရပါတယ် ဝေဖန်ပါ၊ ဘယ်နေရာမဆို ကောင်းချီး သြဘာပေးခြင်းနဲ့ ကဲ့ရဲ့ဝေဖန်ခြင်းက ဒွန်တွဲနေတာပဲ၊ အပြစ်မတင်ပါဘူး၊ ကျွန်မ နားလည်ပါတယ်"

မေ့ဆီမှ ပြေပြေပြစ်ပြစ် ပြောဆိုဟန်များအား စိုးဗလ သည် တအံ့တသြဖြစ်လျက် သည်ထက်မက ရှေ့ဆက်တိုးချင် သန်ကို မေက ရိပ်မိပြီးပြီ။ မေကိုယ်တိုင်ကလည်း တမင်ဖန်တီး ပြီးပြီ။ လမ်းခင်းပေးခဲ့ပြီးပြီ။ စိုးဗလ လျှောက်လာရုံသာ ရှိတော့ သည်။ မေတို့နှစ်ယောက် စာအုပ်ဆိုင်ကလေးမှာ အချိန်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးထိုင်ပြီး စကားတွေ ဟိုအကြောင်း သည်အကြောင်း ပြောကြ
သေးသည်။

စိုးဗလသည် မေ့ဆီမှ အရင်ကနဲ့မတူ စိမ်းကားခြင်း
ကင်းသော ဆက်ဆံမှုတို့အတွက် ကိုယ့်ကိုယ်ကိုယ် အထင်ကြီး
စိတ်တွေဝင်လျက် မေ့ကို အစွမ်းကုန် ဖြားယောင်းတော့သည်။
မေသည် သူ့အမူအရာများကို သိသိကြီးနှင့် သည်းခံလျက် ဖော်
ရွှေရင်းနှီးစွာ စကားလက်ခံပြောခဲ့ပါသည်။ သနားစရာပင်ကောင်း
သေးသည့် စိုးဗလတည်း။ မေ့ရဲ့ ပစ်မှတ်တစ်ခုကို မလွဲချော်
အတွက် အသုံးချခံလိုက်ရသူမှာ စိုးဗလ ဖြစ်သွား၍ပင်။ မေ
သာ စိုးဗလနဲ့ ပြန်တွဲပြခဲ့ရင် လင်းခေးဟာ မေ့ကိုချစ်နေစိ
အရင်းခံဖြင့် သဝန်တို ဒေါသထွက်မှာ၊ မေ့ဆီ စိတ်ပြန်လည်လာ
မှာ၊ မေ့ကိုပဲ တစ်ယောက်တည်း စွဲစွဲမြဲမြဲ ဖြစ်တော့မှာ … ဒါတွေ
ကိုများ လင်းခေးဆီမှာ တွေ့ရလေမလားဟု မေက မျှော်လင့်
သတဲ့။

"ကိုယ့်ကို မေဂန္ဓဝင့် ဖုန်းနံပါတ် ပေးခဲ့ဦး၊ ကိုယ် အ
ရင် ဖုန်းဆက်မယ်နော်၊ မေဂန္ဓဝင်က လက်ခံပြောပါ့မလား
အရင်ကလည်း ကိုယ် နှစ်ခါ, သုံးခါ ဆက်ဖူးတယ်၊ မေ
ဂန္ဓဝင် မရှိပါဘူးနဲ့ချည်း တိုးနေလို့ လက်လျှော့လိုက်ရတာ"
"ဟုတ်လား … ကျွန်မက အိမ်မှာမရှိတာ များပါတယ်
စာအုပ်ကိစ္စအတွက် အပြင်အမြဲရောက်နေတာလေ၊ စိုးဗ





ဆက်မယ်ဆိုရင်တော့ ကျွန်မ စောင့်နေပါ့မယ်၊ ဘယ်အချိန်
တွေအားလဲ၊ ပြောခဲ့လေ"

မေတို့နှစ်ယောက် လမ်းခွဲကြသောအခါ စိုးဗလသည်
ကားနောက်က သူ့ကားကို လိုက်မောင်းခဲ့သေးသည်။ လမ်းချိုး
တစ်ခုထဲ မေ့ဘာသာ တမင်ချိုးဝင်တော့မှ သူ့ကား လိုက်မဝင်
တော့၍ မေ တစ်ယောက်တည်း ကျေကျေနပ်နပ် ရယ်ချပစ်လိုက်
ပါသည်။ ကဲ … မှတ်ပြီလား။ မေဂန္ဓဝင်ကို လွယ်လွယ်ရမယ့်
မိန်းမ ထင်သလား၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေနဲ့
တွေနှင့် မေက စိုးဗလကို ကျိန်ဆဲပစ်မိသေးသည်။

မေ့အကြောင်းကို ထပ်ပြီး သိရမယ့်သူက လင်းခေး
တည်း။ မေသည် စိုးဗလကို သူ အထင်လွဲရုံကလေး သာမန်အဆင့်
ဖြင့် တွဲပြမည်။ ဒယ်ဒီနဲ့ မိတ်ဆက်ပေးမည်။ သူ့ရင်ထဲက မာန
တွေကင်းသော ချစ်ခြင်းကို မေက ဖော်ထုတ်ပစ်မည်။ မေ့ထက်
သာသော ယမင်းကိုပစ်ပြီး မေ့ဘက် စိတ်လည်လာစေရမည်။
ဲ … ဘယ်လောက် ပျော်စရာကောင်းလိုက်သလဲ။

●➤ ❧ ●➤



www.burmeseclassic.com

www.burmeseclassic.com



# ၉

ထိုသို့တွေ့ဆုံကြပြီး မကြာခင် ရက်တစ်ရက်တွင် မေ၏ဖိတ်ခေါ်မှုကြောင့် စိုးဗလသည် မေတို့အိမ်ကို လာလည်ခဲ့လေသည်။ ထိုနေ့က မေ့လိုအင်ဆန္ဒအတိုင်း လင်းခေးကို မြင်စေရ၍ စိတ်ကပြည့်ဝခဲ့ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ထိုနေ့က ဒယ်ဒီ နှင့် လင်းခေးတို့ ခြံထဲမှာ လမ်းလျှောက်နေချိန် စိုးဗလ ရောက် လာခဲ့၍ဖြစ်ပြီး မေက ဒယ်ဒီ့ကို တမင်ခြံထဲဆင်းခေါ်ကာ စိုးဗလ နဲ့မိတ်ဆက်ပေး၍ပင်ဖြစ်သည်။ ပိုပြီးကျေနပ်စရာကောင်းတာ လင်းခေးသည် ဒယ်ဒီ့ကို မေက လာခေါ်ခြင်းအား သူနဲ့မဆိုင်သလို သူပါ ဝင်လိုက်လာခြင်းကြောင့်လည်း ဖြစ်သည်။

"ဒယ်ဒီ ... သူက ကိုစိုးဗလပါ၊ မေ့သူငယ်ချင်းပေါ့၊ မှ ထူးထန်းကို ဒုတိယနှစ်အောင်ပြီး ဆက်မတက်တော့ စီးပွားရေးသောင်းကျန်းနေတဲ့သူလေ၊ ဒယ်ဒီလိုပဲ ... သိလား





မေက ထိုသို့ ခပ်နောက်နောက်အသံဖြင့် မိတ်ဆက် ပေးတော့ ဒယ်ဒီ့မျက်နှာ အတော်လေး ငေးငိုင်သွားသေးသည်။ ဒါပေမဲ့ ဒယ်ဒီသည် မေ့အလိုကို အမြဲဖြည့်ဆည်းပေးတတ်သူပီပီ ချက်ချင်းပင် ရွှင်ရွှင်ပျပျဖြင့် နှုတ်ဆက်ကာ ...

"ထိုင်ပါ ... မောင်ရင် ထိုင်ပါ"

"အန်ကယ် သက်သာသွားပြီလား၊ ဟိုတလောက ဆေးရုံ တက်ရတယ်လို့ မေကနဝင်တောင် ပြောနေသေးတယ်၊ ကျွန်တော် မသိလိုက်လို့ လာမတွေ့ဖြစ်ခဲ့ဘူး"

"ရပါတယ်ကွာ၊ လူဆိုတာ ကိုယ့်အလုပ်နဲ့ကိုယ် ဘယ်အား ကြမလဲ၊ ဒါနဲ့ စိုးဗလနဲ့ သမီးတို့ ခင်တာ မကြာသေးဘူး ထင်တယ်၊ အရင်က သမီးပြောသံ မကြားဖူးပါဘူး"

"ကျောင်းမှာတုန်းက သိပ်မရင်းနှီးပါဘူး၊ ဟိုတစ်နေ့ကမှ စာအုပ်ဆိုင်မှာ ပြန်တွေ့ကြရင်း မေတို့ ခင်သွားကြတာပါ ဒယ်ဒီ"

"သမီးက ယောကျ်ားလေးသူငယ်ချင်း မရှိပါဘူးလို့တော့ ထင်သား"

"အခုတော့ စိုးဗလက မေ့သူငယ်ချင်း ဖြစ်သွားပြီလေ ဒယ်ဒီရဲ့"

မေသည် လင်းခေးကို ဒယ်ဒီ့လက်မောင်းကို တွဲပေး ထားခြင်းအား မြင်လျက် တမင်မေ့ထားကာ မိတ်ဆက်မပေးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စုပုပ်ညှိုမည်းနေသော သူ့မျက်နှာကြီးသည် အင်မတန်မှ ရယ်စရာပင် ကောင်းသေးတော့။ ဒယ်ဒီ့ကို တွဲထားစရာ သိပ်မလိုပါဘဲ တွဲဆွဲခြင်းက စိုးဗလရှေ့မှာ တမင်မဏ္ဍပ်တိုင် တက်ပြတာပဲဟု မေက တွေးမိပါသေးသည်။ မေက မိတ်ဆက်မပေးခဲ့သော်လည်း ဒယ်ဒီက စိုးဗလကို မမေ့မလျော့စွာ လင်းခေးနဲ့ မိတ်ဆက်ပေးခဲ့လေ၏။

"သူကတော့ လင်းခေးတဲ့၊ အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရထားပေမယ့် စီးပွားရေးပညာတော့ အန်ကယ် မျက်နှာလွှဲရလောက်အောင် စိတ်ချရတဲ့ အရည်အချင်းပြည့်ဝတဲ့ လူငယ်တစ်ယောက်ပဲ၊ အန်ကယ့်သားတပည့်တစ်ယောက်ပေါ့"

"ကျွန်တော်တို့ တစ်ခါဆုံးဖူးကြသေးတယ်နော်"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြလေသည်။ သူတို့၏ မျက်လုံးချင်း အားပြိုင်မှုမှာ တစ်ယောက်ကို တစ်ယောက် အမှားမခံလိုသော၊ အရှုံးမပေးလိုသော၊ ယှဉ်ပြိုင်လိုသော သဘောတွေများ ပါဝင်နေလိမ့်မလား။ မေက သိချင်ပါသည်။ မေသည် ဖန်တီးခဲ့သော အဖြစ်တစ်ခုအတွက် ပီတိဖြစ်ချင်သားပင်။

ထို့နောက် ဒယ်ဒီနဲ့ စိုးဗလတို့ တော်တော်ကြာကြာ စကားပြောကြသေးသည်။ လင်းခေးက ဒယ်ဒီတို့ စကားဝိုင်းကို ဝင်မပါတော့ဘဲ ဒယ်ဒီ့ရုံးခန်းထဲ ဝင်သွားလေတော့ မေက သူ့မျက်နှာ အပြောင်းအလဲများကို ထပ်မံလေ့လာခွင့် မရတော့ချေ။





မေသည် တစ်ခါမှ ယောကျ်ားတစ်ယောက်ကို ညှော့်ခံစကားပြောဖူး၍ အတော်လေး စိတ်ကျဉ်းကျပ်ရခြင်းကိုတော့ ခံစားရသည်။ အင်တာဗျူးတောင် အမျိုးသမီးအင်တာဗျူးသူကိုသာ မေက လက်ခံတွေ့ဆုံတတ်သူဖြစ်၍ လင်းခေးကို အနိုင်ရလိုစိတ်ဖြင့် သည်လိုဖန်တီးခြင်းက မေ့အတွက် အင်မတန် ပင်ပန်းနေသားပင်။

သူ့လို လူတစ်ယောက်ကို မေကဲ မရွေးချယ်ပါဘူး။ မေ့မှာ သူ မရွေးလည်း လိုချင်သူတွေမှ ဝိုင်းလို့ဟူသော သဘောကိုဆောင်သည့် သည်းပို့တွေ့ဆုံပွဲမှာ မေ့အတွက် ဘာများအကျိုးအမြတ်ရသလဲဆိုရင် လင်းခေး၏ မနာလိုဝန်တိုဟန်များကို အနည်းငယ် ရိပ်မိခြင်းပဲဖြစ်သည်။ မေက အဲသည်လောက်ကို မလိုလားပါ။ သူ့ဆီမှ ပေါက်ကွဲပွင့်အန်လာမည့် တစ်စုံတစ်ရာကို ရရှိသည်အထိ မျှော်မှန်းပါသည်။

မေက သူ့ဆီကအချစ်ကို ဘာဖြစ်လို့ လိုချင်နေသလဲတော့ မေ မသိသေးပါ။ မေ့ဆီက ဘယ်လိုတုံ့ ပြန်ရမလဲလို့ မေ စိတ်မကူးထားမိသေးပါ။ မေသည် အနိုင်ရလိုစိတ်တွေသာ ကြီးစိုးနေသော မိန်းမတည်း။

မေ့မှာ အခုဆို စိုးဗလကို အောင့်အည်းစကားပြောခြင်းတည်းလည်း တစ်ဒုက္ခ။ လင်းခေးသည် ယမင်းကို မေ့ဆက် အလေးသာသွားမှာ စိုးရိမ်ရခြင်းတည်းလည်း တစ်ဒုက္ခ။ မေ့မှာ ဒုက္ခတွေ များပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



"စိုးဗလနဲ့ သမီးတို့က ဘယ်လိုအခြေအနေ ရှိသလဲ၊ ဒီ ပုဂ္ဂိုလ်လေး ကြည့်ရတာ မဆိုးပါဘူး၊ ဒါပေမဲ့ သူကသမီးကိုထက် သမီးရဲ့နောက်က ဘက်ဂရောင်း(Background) ကို ပိုသဘောကျနေပုံရတယ်လို့ ဒယ်ဒီ မြင်တယ်၊ သမီးစိတ်မဆိုးနဲ့ဦး၊ ဒယ်ဒီက သတိပေးတာ၊ အကယ်၍ သမီးရော ... စိုးဗလရော တစ်ယောက်ကိုတစ်ယောက် ဦးနှောက်နဲ့ စဉ်းစားကြမယ်ဆိုရင်တော့ သူဟာ လက်တွဲသင့်တဲ့ လူတစ်ယောက်လို့ သတ်မှတ်ရမှာပဲ၊ ဒါပေမဲ့ မေတ္တာစစ် မဟုတ်တဲ့ ဘဝတစ်ခုက မသာယာနိုင်ဘူး သမီး"

"မေ သူ့ကို လေ့လာတုန်းပါ ဒယ်ဒီ၊ ဒယ်ဒီ သတိပေးစရာ မလိုပါဘူး၊ မေက အားလုံးကို သတိရှိပါတယ်"

မေသည် ဒယ်ဒီ့ဆုံးမစကားကို မနှာခံလိုလှစွာ ပြန်လည်ချေပသော်လည်း မေ့စိတ်ထဲတွင် ဒယ်ဒီဟာ မေ့ကို လင်းခေးနဲ့များ သဘောတူနေသေးတယ်လားဟု အံ့သြမိပါသေးသည်။ လင်းခေးမှာ မေ့အတွက် မေတ္တာစစ် ရှိနိုင်မယ်လို့ ဒယ်ဒီများ ယူဆထားသလား၊ အကယ်၍ လင်းခေးဟာ သူ့ရဲ့အချစ်ဟူသမျှကို ယမင်းကိုပေးပြီးသားပေမယ့် မေ့ကို ဒယ်ဒီ့အမွေများရဲ့ တစ်ဦးတည်းပိုင်ဆိုင်သူအဖြစ် မက်မောပြီး ဒယ်ဒီ့အလိုကျ လက်ထပ်ရင် ဘယ့်နှယ်လုပ်မလဲ။ မေက စိတ်ကူးယဉ်တယ်ပဲပြော ပြော၊ စိုးဗလနဲ့ တွဲပြခြင်းဖြင့် လင်းခေးဆီမှ တစ်စွန်းတစ်စ မြင်





တွေ့ဖူးသော မေ့ကိုချစ်နေသည့် အုံ့ပုန်းစိတ်ကလေးကို တူးဖော် ကြည့်ချင်သားပင်။

ထိုသို့ စိုးဗလ အိမ်ကိုလာလည်ပြီးသည့်နောက်ပိုင်းတွင် အိမ်ကို ချောင်းပေါက်မတတ် လာလည်ခြင်းကို မေ ရင်ဆိုင်ရလေသည်။ မေ့အချိန်များကို နှမြောလှ၍ မေသည် ဆယ်ခါမှာ ငါးခါလောက်သာ တွေ့ဆုံတတ်ပြီး ဖုန်းဆက်တိုင်းလည်း မေ အလုပ်လုပ်နေသော အချိန်ဆိုလျှင် မေက လက်ခံစကားပြောချင်မှ ပြောပါသည်။

"မေဂန္ဓဝင်က တော်တော့်ကို ရည်ရွယ်ချက် ကြီးမားတဲ့ သူပဲ၊ လူပုံစံ ပျော့နွဲ့နွဲ့ကလေးနဲ့ လိုက်ဖက်တဲ့အလုပ်ကို လုပ်ရာမှာ အောင်မြင်အောင် လုပ်နိုင်သားပဲ"

"ဘာရယ် ... လူပုံစံ ပျော့နွဲ့နွဲ့နဲ့ လိုက်ဖက်တဲ့အလုပ် ဟုတ်လား၊ ဘာများပါလိမ့် စိုးဗလရယ်"

တစ်ခါတစ်ရံ မေနဲ့ စိုးဗလ စကားပြောဖြစ်ကြလျှင် စိုးဗလက မေ့ကို ဤသို့ဝေဖန်တတ်သေးသည်။

"ဟုတ်တယ်၊ မေဂန္ဓဝင့်ပုံစံကလေးနဲ့ စာရေးသားခြင်းလုပ်ငန်းက လိုက်ဖက်တယ်လေ၊ ပြီးတော့ အကြင်နာကြီးတဲ့ မျက်လုံးကလေးတွေ ပိုင်ဆိုင်သူဟာ ကလေးတွေကို ချစ်တတ်ပြီး ကလေးကဗျာတွေ၊ ဆိုလွယ်တေးတွေ၊ ပုံပြင်တွေ၊ တီဗီမှာ ကလေးဇာတ်လမ်းတွေ ရေးသားသူ ဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးလိုက်ဖက်ညီတာပေါ့၊ မိန်းမပီပီသသ ဒီလိုသိမ်မွေ့လှတဲ့ လုပ်ငန်းကလေးကို စိတ်ကူးကောင်းကောင်းနဲ့ အောင်မြင်အောင် လုပ်နိုင်တာဟာ ဂုဏ်ယူစရာကောင်းတယ်။ ကိုယ်တော့ မေဂန္ဓဝင့်လောက် စိတ်ကူးကောင်းတဲ့ မိန်းမမျိုး မတွေ့ဖူးသေးဘူး၊ ဒီလိုင်းက တော်ရုံနဲ့ အောင်မြင်ဖို့က ခဲယဉ်းတယ်လေ၊ အခုတော့ မေဂန္ဓဝင် အောင်မြင်နေတယ်၊ ပြီးတော့ ဒီဘက်ခေတ်မှာ ဒီလိုစာတွေရေးတာ မေဂန္ဓဝင် တစ်ယောက်ပဲ ရှိတယ်မဟုတ်လား”

“ကျွန်မက ရှေ့ကလမ်းပြသွားတဲ့ ဆရာမကြီးတွေရဲ့ လမ်းဖောက်ပြီးသားကို အလွယ်ကလေး လိုက်လျှောက်သွားတာပါ၊ အဲဒီလောက် မြှောက်ပင့်စရာ မလိုပါဘူး”

ထို့နောက် မေတို့ တခြားစကားတွေ ပြောပြန်ရင်လည်း စိုးဗလသည် မေ့ကို မြှောက်ပင့်ခြင်းဖြင့်သာ စကားဝိုင်းကို ဖန်တီးပေးတတ်သူဖြစ်သည်။

ထိုအချက်က လင်းခေးနှင့် ကွာခြားလှပါသည်။ လင်းခေးသည် မေ့ကိုဆို အမြဲတစေ ကဲ့ရဲ့ရှုတ်ချ ဝေဖန်တတ်သူလည်းဖြစ်သည်။ မေ့အောင်မြင်မှုကို ဒယ်ဒီ့ငွေတွေကြောင့်ဟု လက်ညှိုးထိုးတတ်သူ၊ ဒယ်ဒီအပေါ် မချေမငံ ဆက်ဆံသော မေ့ကို အပြစ်တင်ဝေဖန်သူ၊ မေ့မာနများကို သူ့မာနများဖြင့် အနိုင်ယူချင်သူ၊ မေ့ကို စိတ်အနှောင့်အယှက် ပေးချင်သူလည်းဖြစ်သည်။ မေတို့သည် ဘယ်တုန်းကမှ စကားကို အကြာကြီး မပြောဖူးခဲ့ကြတာကတော့ ထူးဆန်းသားနော်။ အဖြစ်အပျက်က တော်တော်အံ့သြစရာကြီးပဲ ဖြစ်သည်။ မေသည် စိုးဗလကို စိတ်ပေါ်မှာ စကားပြောတိုင်း လင်းခေးကို အမြဲလိုလို သတိရခြင်းတည်း။ စိုးဗလ၏ မြှောက်ပင့်သော စကားများကို ကြည်နူးရမည့်အစား လင်းခေး၏ ပြေပြစ်ခြင်းကင်းသော မေ့ကို ဝေဖန်သော စကားများကို သတိရသတဲ့။

စိတ်ပျက်စရာပင် ကောင်းသေးတော့။

မေ့ကို မေဂန္ဓဝင်ဟု ခေါ်တတ်သော စိုးဗလသည် လင်းခေးထက် ပိုမိုချောမောပြီး မေလိုချင်သည့် အရည်အချင်းတွေနှင့် ပြည့်စုံသူဖြစ်သော်လည်း မေ့ကို ဦးစားပေး မြှောက်ပင့်လွန်းခြင်းကို မေက ကြည့်မရပါ။ စကားပြောရတာကို စိတ်ညစ်ပါသည်။ စကားတစ်ခွန်း၏ ခေါင်းစဉ်စတင်တိုင်း နောက်ထပ်စကားများဟာ မေ့ကို မြှောက်ပင့်ခြင်းတွေ ဖြစ်နေမည်ကို မေက ကြိုမြင်ပြီး အလိုလို ဒေါသဖြစ်သတဲ့။

“လင်းခေးက မေဂန္ဓဝင်တို့ လုပ်ငန်းတွေ တော်တော်နားလည်တယ်နော်၊ သူနဲ့ အားလုံးလွဲပြီး လုပ်နိုင်းထားတယ်လို့ အန်ကယ်က ကိုယ့်ကိုပြောတယ်၊ ကြည့်လည်းလုပ်ဦး မေဂန္ဓဝင်၊ တော်ကြာ စာရင်းလိမ်တွေပြုပြီး လက်ဝါးကြီးအုပ်သွားရင် မေဂန္ဓဝင်တို့ပဲ ဒုက္ခရောက်မှာ၊ အန်ကယ်က







www.burmeseclassic.com

www.burmeseclassic.com



လည်း ကျန်းမာရေး အခြေအနေကြောင့် ဘာမှလုပ်မကြည့်နိုင်တော့ဘူး မဟုတ်လား၊ လင်းခေးက ဆွေမျိုးရင်းချာလည်းမဟုတ်၊ ဘာမဟုတ်နဲ့၊ တော်ကြာ သူ အပိုင်စီးသွားရင် ဘယ့်နှယ်လုပ်မလဲ"

ထိုစကားကို ပြောထွက်ရဲသော စိုးဗလကို မေသည် အတော်လေး အမြင်ကတ်လှသဖြင့် ...

"ဘယ့်နှယ်မှ မလုပ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ဒီစည်းစိမ်တွေကို ကျွန်မရဲ့အောင်မြင်မှုလောက်မှ မမက်မောတာ၊ သူ့ဘာသာ အပိုင်စီးသွားလည်း ကျွန်မက ခေါင်းရှုပ်ခံပြီး ပြန်လုဖို့ မစဉ်းစားဘူး၊ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်မယ်၊ ပစ္စည်းဥစ္စာဆိုတာ စားထိုင်မှ စားရတာလို့ ယူဆတယ် စိုးဗလရဲ့၊ လူမသေ ငွေမရှား ဆိုတဲ့ စကားပုံတောင် ရှိသားပဲ၊ ကျွန်မက အဲဒီအတိုင်းသဲ ခံယူချက်ထားတယ်"

"ဒါတော့ ဘယ်ဖြစ်နိုင်မလဲ၊ ကိုယ် ရသင့်ရထိုက်တာပဲ"

ထို့နောက် မေသည် စကားစကို ဖြတ်တောက်၏ လျှင် စိုးဗလသည် အိမ်လည်လည်ဖြင့် မေ့ကို လိုက်လျော ...တည်း။

ဒယ်ဒီပြောတာ သိပ်မှန်တယ်။ မေ ကြိုတင်တွက်ထားတာလည်း သိပ်မှန်တယ်။ စိုးဗလဟာ မေနဲ့ ခဏခဏ ...





...ပြောဖြစ်ကြသော်လည်း မေတို့ တွေ့ဆုံစကားပြောကြတိုင်း သူ ... မေ့စည်းစိမ်တွေအကြောင်း စကားဝိုင်းထဲ ထည့်ပြောတတ် ...လဲ ဖြစ်သည်။ ဒါဟာ သူ ဘာကိုလိုချင်သလဲဆိုတာ အသိသာ ...ပဲဖြစ်သည်။ ထိုသို့ပြောတိုင်း မေသည် အနားမှာရှိသော ...ည်းတစ်ခုခုဖြင့် သူ့ခေါင်းကို ရိုက်ခွဲပစ်ချင်စမြဲဖြစ်ပြီး စိတ်ကို ...ချုပ်တည်းရခြင်းသည်လည်း တစ်ဒုက္ခပင်တည်း။

"ကိုယ့်ပါပါရဲ့ ပိုင်ဆိုင်မှုတွေက သိန်းနှစ်ရာလောက်ပဲရှိတယ်၊ မေ့ဂွ္ဂဝင့်ဒယ်ဒီက ကိုယ့်ပါပါထက် ပိုမှာပေါ့၊ အားကျစရာပဲ"

လို့ မေ့ကို အစ်အောက်တတ်သေးရဲ့။

ဘာဆိုင်သလဲ။ ဒယ်ဒီ ဘယ်လောက်ချမ်းသာတာ သိချင်စရာ့လိုသလား။ အကယ်၍ မေတို့က သူ့ထက်ပိုများ ...ယ် ဆိုပါစို့။ သူက မေ့ကို အပိုင်ကပ်ထားမည်မှာ မလွဲ။ ...မဲ့ မေ့ထက်ပိုပြီး ကြွယ်ဝချမ်းသာသော မိန်းမတစ်ယောက်ကို ...တွေ့ကြည့်၊ သူက မေ့ကို ထားရစ်ပြီး ထိုမိန်းမကို သည်း...လှုပ်ဖြစ်မည့် လူစားမျိုးဖြစ်သည်။ မေသည် ကိုယ့်ဘာသာ ...မိသော ဇာတ်လမ်းတစ်ပုဒ်ကို စိတ်ပျက်လက်ပျက်ဖြင့် ...လက် ရေးသားနေရသော လူတစ်ယောက်ဖြစ်မှန်းမသိ ဖြစ် ...ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"မေ ... ကိုယ့်ဘဝရဲ့အားလုံးကို စိုပြည်လာအောင် ... တီးဖို့ စွမ်းတယ် မေ"

မေသည် မေးခန့် အိပ်ပျော်မလို ဖြစ်ပြီးမှ ဂစ်တ[illegible] နှင့်အတူ သီချင်းသံကို ကြားရစဉ်တွင် ခန္ဓာကိုယ်က အ[illegible] ထထိုင်ပြီးနှင့်သား ဖြစ်နေခဲ့သည်။ ဒါဟာ ဘယ်သူဆိုတာပါ[illegible] ခြံထဲမှာ သည်လိုသီချင်းဆိုသံ မကြားရစဖူး ကြားရ၍ မေ[illegible] အတော်လေး စိတ်ဝင်စားသွားမိသည်။ အခန်းမီးကို [illegible] ပြတင်းပေါက်နား မျက်နှာကပ်၍ ချောင်းကြည့်တော့ လင်း[illegible] တိုက်ပုကလေးကို တိုက်ရိုက်တွေ့ရလေသည်။ သီချင်း[illegible] ဘယ်ကများ လာနေဝါလိမ့်ဟု မေ့အတွေးမဆုံးခင် ... [illegible]

"ထာဝစဉ်သာ ... မင်းလေး ကိုယ့်ဘဝပဲမို့ ... [illegible] တိုင်းကျပဲပေါ့ ... အချစ်ရေ ... အချစ်လေးရေ —"





ဟူ၍ ဆက်ဆိုသံကလေးက လိုတိုက်ပုကလေးဘက် [illegible]ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ခန့်မှန်းမိနိုင်ပါသည်။ ဝရန်တာ[illegible]လေးဘက်ဆီ ရှာဖွေကြည့်တော့ စီးကရက်မီးကလေး ရဲခနဲ [illegible]ထွက်သွားခြင်းအား တွေ့လိုက်ရသလို ခြံထဲက မီးတိုင်ကလေး[illegible]မှ အလင်းရောင်သည် ဂစ်တာကလေးပေါ် ကျရောက်နေခဲ့ပြီး [illegible]ချက် လှုပ်ရှားလိုက်တိုင်း လက်ခနဲ ဖြစ်သွားခြင်းအား တွေ့[illegible]ရပါသည်။

လင်းခေးဟာ သည်ခြံထဲမှာ လာနေတာဖြင့် တစ်[illegible]ပြည့်ခါနီးပြီ။ သည်လိုမျိုး သီချင်းဆိုသံလည်း မကြားဖူးပါ။ [illegible]ာတောင် သူ တီးတတ်သလား မတီးတတ်သလား ဆိုတာ [illegible]အောင် အနေသိုသိပ်သူလည်း ဖြစ်သည်။ အခုလို ဂစ်တာ[illegible] သီချင်းဆိုခြင်းဆိုတဲ့ကိစ္စက ဝေးရောပေါ့။ သည်နေ့မှ [illegible]တ်ကူးပေါက်ပြီး သီချင်းတွေ ညဥ့်နက်သန်းခေါင် ထဆိုနေ[illegible]။ ထူးဆန်းလေစွ။

မေသည် ပြန်အိပ်ဖို့ စိတ်မကူးမိတော့ဘဲ သူ့ကို [illegible]သော မေ့စာကြည့်စားပွဲလေးမှာ လက်တံတောင်ထောက်ကာ [illegible]ါးထဲ မေးစေ့တင်ရင်း မမှိတ်မသုန် ခိုးငေးမိသတဲ့။ ရှုက်[illegible] ကောင်းသေးတော့။

"မေ ... ကိုယ့်ဘဝရဲ့ အားလုံးကို ... မင်းလေး တစ်[illegible] ယောက်သာ ... ဖန်တီးဖို့ စွမ်းတယ် မေ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင် ... သူ့သီချင်းက "မေ" ဆိုတဲ့ နာမည် နေပါလား။ ဘာတွေပါလိမ့်။ မေသည် သီချင်းကို ဆက်နားထော နေရင်း ရင်တွေ တဒိတ်ဒိတ် ခုန်လာမိသတဲ့။ သည်သီချင်းဖ မေ့ကို ရည်စူးပြီးတော့များ ဆိုသလားဟုလည်း ကြည်နူးချင်သ သူက မေ့အခန်းရှိရာကိုများ ကြည့်နေသလားလို့ မေ သီချင် သည်။ သို့သော် မေ့အရိပ်ကို သူ မြင်သွားမှာ စိုးရိမ်ပြန်ပါသ သူသည် ထိုသီချင်းကို သုံးကျော့လောက် ဆိုပြီးသောအခါ အိမ်ခန်းထဲ ဝင်သွားပုံရသည်။ သီချင်းသံတိတ်သွားပြီး မကြာမီ အခန်းထဲမှာ မီးလင်းသွားတာကို တွေ့ရလေသည်။

မေသည် ယောကျ်ားတစ်ယောက်ကို ခိုးကြော ဝှက် ချောင်းကြည့်ခြင်းကို လုပ်မိပြီ။ ပြီးတော့ သူ့သဏ္ဌာန်က လှုပ်ရှားမှုအား ရင်တခုန်ခုန်ဖြင့် ငေးမိပြီ။ သူက မေ့ကိုချစ တယ်ဆိုသော အတွေးဖြင့် ပီတိဖြစ်ကာ အိပ်မပျော်သော ည ညကို ဖြတ်သန်းရပြီ။ သူ့အသံကိုပဲ ထပ်ခါတလဲလဲ ကြား ပြီ။ မေက သူ့ဘဝရဲ့အရာအားလုံးကို စိုပြည်လာအောင် ဖို့စွမ်းသတဲ့။ သူက တမင်ပဲ သည်သီချင်းကို ရွေးချယ်ကာ လေသလား။ မေ့စိတ်တိုင်းကျ ဖြစ်စေရမတဲ့။ မေက သူ့ ထာဝစဉ်ပဲ ဖြစ်ရမတဲ့။ စိတ်ကူးယဉ်ဖို့ ကောင်းလေစွ။ ဘာပဲဖြစ်ဖြစ် သူဟာ မေ့ကို စိုးဗလနဲ့ တွဲတာတွေ့၍ ခံစား နေလိမ့်မည်ဟု တစ်ထစ်ချ တွက်ဆပါသည်။





သူသည် ဝန်ခံရလျှင်တော့ မေ့ကို စိတ်လှုပ်ရှားမှု အများဆုံးပေးနိုင်သော ယောကျ်ားတစ်ယောက်ပင် ဖြစ်တော့၏။

ဒါဟာ အချစ်တဲ့လားဟု မေ့ကိုမေးကြလျှင် မေက ဘင့်အင်း ... မေမသိပါဘူးလို့ ငြင်းရဦးမည်။ မေ့အတွက်တော့ ဒါဟာ စိတ်အလိုလိုက်မှု တစ်စုံတစ်ခုရဲ့ ဖြားယောင်းမှုနဲ့ စူးရှ၍ က်ရှိုင်းသော စိတ်ခံစားမှုတစ်ခုပါလို့တော့ ဖြေချင်နေဆဲပင်။

သူဟာ မေ့ကို ချစ်နေလျက်သားနဲ့ ဘာလို့ ယမင်း ဲ့ ဓာတ်ရှပ်ချင်တာ ဘာကြောင့်ပါလိမ့်။ သူက ပွေတတ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်တာ သေချာပါတယ်။ မေ့ကို ာမင်အရွဲ့တိုက်တာများလားဟု မေက သိချင်ပြန်သေးသည်။ ာရှိသံလေးချက် အကြားတွင် မေသည် မျက်လုံးတွေ မှေးစင်း ာ အိပ်ပျော်ခဲ့သော်လည်း နံနက်စောစော နိုးတတ်လေ့ရှိသည့် အကျင့်အတိုင်း နံနက်ခြောက်နာရီမှာ နိုးသွားတော့ မျက်လုံး တွေ ကျိန်းစပ်ကာ ခေါင်းတွေမူးနောက်နေတော့သည်။

"သမီး နေမကောင်းဘူးလား၊ မျက်ကွင်းတွေ ချောင်ကျ ပြီး မျက်နှာညိုးနေတယ်"

ဟု နံနက်ကော်ဖီဝိုင်းမှာ ဒယ်ဒီကမေးတော့ မေ သည် မလုံမလဲဖြင့် ...

"ညက စာဖတ်တာ အချိန်လွန်သွားပြီး အိပ်မပျော်လို့ပါ ဒယ်ဒီ၊ မေ ခေါင်းနည်းနည်းမူးလို့ ဆေးတော့သောက်ထား ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေ့အဖြေ မဆုံးခင် လင်းခေးသည် ထမင်းစားခန်း
ထဲ ဝင်လာတာ မေ့မျက်ဝန်းထောင့်မှ မြင်လိုက်ချိန်တွင် ခြေဖျား
လက်ဖျားတွေ အေးစက်ကာ မေ့ရင်တွေ ခုန်လာရပြီ။ သူက မေ့
ကို တော်တော်လွှမ်းမိုး ညွှဲဖားပေးနိုင်သော ယောကျ်ားတစ်ယော
တည်း။ သူ့ကြောင့် မေသည် ဒယ်ဒီ့ကို စကားပြော ပြေပြစ်ေ
ရပြီ။ ရင်လည်း ခုန်တတ်ခဲ့ပြီ။ သူ့ကို အရွဲ့တိုက်ကာ မေ အခြ
ကတ်လှသော စိုးဗလကိုလည်း တွဲပြမိပြီ။ မေ့ရဲ့စိတ်စေတသိ
မှာ သူက နေရာတော်တော်များများ ယူနိုင်ခဲ့ပြီ။ အရင်က မေ
အာရုံထဲမှာ ဦးနှောက်ထဲမှာ မေ့ရဲ့အောင်မြင်မှုကိုသာ ငမ်းငမ်းတ
လိုချင် ရယူချင်စိတ်တွေ ကြီးစိုးသလောက် အခုတော့ သိပ်မ
ထန်တော့ပြီ။

သို့သော် မေက သူ့ကို လက်ခံနိုင်ဖို့တော့ အ
ကြာကြာ လေ့လာရပါဦးမည်။

"လာ ... မောင်ရင်လေး၊ မင်း အချိန်တိကျသ
ကော်ဖီသောက်ပါဦး၊ ပြီးမှ သွားကြတာပေါ့"

"မသောက်တော့ဘူး အန်ကယ်၊ ကျွန်တော် ကားသွား
ထားလိုက်မယ်၊ အန်ကယ်လည်း နိုးပြီလားလို့ လာကြည့
ပါ"

ကြည့်စမ်း ... သူကများ မေ့ကို တစ်ချက်လေး
မျက်လုံးဝေ့မကြည့်ဘဲ နေသတဲ့။ ရယ်ပဲရယ်ရသေးတော့။ ည
က သူ သိချင်းခိုးဆိုတာ မေ မသိဘူး ထင်ထားတယ် ထ





"ဟော့ကောင် ... လုပ်မနေနဲ့ကွာ၊ ကော်ဖီလေးတစ်ခွက်
လောက် သောက်သွားလို့ ငါ့ကို ဘာမှအကြွေးပြန်ဆပ်စရာ
မလိုပါဘူးကွ၊ ဆေးခန်းပဲ အေးအေးဆေးဆေး သွားရင်
ရပါတယ်၊ ဆရာဝန်က တို့ထက် အမြဲနောက်ကျတာ
မင်း သိသားနဲ့၊ သမီး လင်းခေးအတွက် ကော်ဖီတစ်ခွက်
ငှဲ့ပေးလိုက်ပါ၊ ကောင်ကလေး သမီးမျက်နှာကြီးပုပ်နေလို့ ဒီကောင်
မသောက်ရဲဘူးထင်ပါ့"

မေသည် ကောင်မလေးတွေကို ခိုင်းရင်ရလျက်သား
နဲ့ မေ့ကို တမင် ကော်ဖီထည့်ခိုင်းသော ဒယ်ဒီ့ကို မျက်စောင်း
ထိုးလျက် ကော်ဖီတစ်ပန်းကန်ကို ခပ်မြန်မြန် ထည့်ပေးလိုက်၍
ချက်တောင် လျှံကျသွားရလေသည်။ ဒယ်ဒီသည် တိတ်ဆိတ်စွာ
ပြုံးရင်း ထိုကော်ဖီပန်းကန်လေးကို သူ့ရှေ့မှာ တိုးပေးတော့ သူ
သည် မေ့ကို ရင်ဆိုင်မကြည့်ဘဲ ကော်ဖီခွက်ကို ချက်ချင်းယူ
သောက်မလို့ ပြင်တော့ ...

"ပူနေသေးတယ်၊ ချက်ချင်းသောက်လိုက်ရင်လျှာကျွက်သွား
လိမ့်မယ်ဆိုတာ မသိဘူးလား ကိုလင်းခေးရဲ့၊ ဘာတွေ
အလောတကြီး ဖြစ်နေတာလဲ"

မေ့အသံကြောင့် သူသည် ကော်ဖီကို ဆက်သောက်
မကြိုးစားတော့ဘဲ ခေါင်းငုံ့ငြိမ်သက်နေတတ်တော့ သူ မရိ



www.burmeseclassic.com

မသားစိတ် မွေးနေလို့ပေါ့နော်၊ မေနဲ့ သူက ရန်သူကြီးတွေ
မဟုတ်တာ။ ပြီးတော့ တစ်ခါမှလည်း စကားများခဲ့သေးတာ
မဟုတ်တာ။ တစ်ယောက်နဲ့တစ်ယောက် ကိုယ်ထင်ရာလုပ်ပြ
အရင်ကလို စကားပြောဖြစ်ကြဖို့ မေ့နေခဲ့တာပဲရှိသည်။ မေသည်
မေ့အတ္တအတိုင်း သူက မေ့အား စကားပြောကို ပြောရမည်
ကြိမ်းဝါးကာ တမင်ပင် ဒယ်ဒီကို စကားပြောလိုက်သည်။

"ဒယ်ဒီ ဆေးခန်းသွားမလို့ ဟုတ်လား၊ မေ့ကိုတော
မပြောဘူး၊ ကိုလင်းခေး မအားရင် မေ လိုက်ပို့ပါ့မယ်
ဘယ်လိုလဲ ဒယ်ဒီ၊ မေနဲ့ ဆေးခန်းတစ်ခါမှ မသွားဖူးတာ
သွားကြည့်ပါလား"

"ဒယ်ဒီ့သမီးက အချိန်တွေ အမြဲမလုံမလောက် ဖြစ်နေလို့
ဒယ်ဒီက သမီးကို မခေါ်တာပါ၊ သမီးလိုက်ပို့မယ်ဆို
ပိုကောင်းတာပေါ့ကွာ၊ အခုတော့ လို မပို့နဲ့တော့၊ နော
နေ့ကျမှ လိုက်ပို့ ဟုတ်လား၊ ဒီနေ့ ဆေးခန်းကပြန်
ဒယ်ဒီ့အလုပ်ကိစ္စအတွက် ဝင်တွေ့စရာရှိတယ်၊ အဲ
လင်းခေး ပါမှဖြစ်မှာကွ"

"ဟင်း … မေက ဒီနေ့ပဲအားတာ၊ နောက်နေ့တွေ မအား
ဘူး၊ ဒီနေ့ မေ လိုက်ပို့ပါရစေ၊ ဒယ်ဒီ့ကိစ္စတွေ နောက်
ဝင်တွေ့ရင် မရဘူးလား"





ထိုစကားအကြားတွင် လင်းခေးသည် မေနဲ့ ဒယ်ဒီတို့၏ စကားဝိုင်းထဲသို့ ဝင်ပြောတော့သည်။ ကဲ … ဘာတတ်နိုင်သေးလဲ။ နောက်ဆုံးတော့ မေ့ကို စကားပြောရတော့တာပါပဲဟု မေက ကျိတ်ဟားပစ်လိုက်သည်။

"နောက်မှတွေ့ရင် မရတဲ့ အရေးကြီးတဲ့ အလုပ်ကိစ္စတစ်ခုပါ မေ၊ ဒီကိစ္စကို ဖျက်လိုက်ရင် မေတို့ဖွင့်ထားတဲ့ ဟိုတယ်တစ်လုံးစာလောက် နစ်နာသွားနိုင်တယ်၊ အကယ်၍ မေက အန်ကယ့်ကို ဆေးခန်းပို့ချင်တယ် ဆိုရင်တော့ ကျွန်တော်တို့နဲ့အတူတူ လိုက်ခဲ့နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အန်ကယ်က သမီးကိုယ်တိုင်က ဂရုတစိုက်နဲ့ ဆေးခန်းလိုက်ပို့တယ်ဆိုရင် ပိုပြီးကျေနပ်မှာပေါ့၊ ပြီးတော့ ဝမ်းသာမှာပေါ့ဗျာ"

"ဟုတ်သားပဲ၊ သမီး လိုက်ခဲ့လေ"

သေတော့မှာပဲ။ ကိုယ့်စကားနဲ့ကိုယ် ဒုက္ခရောက်ရတဲ့အဖြစ်ပဲ။ တကယ့် တကယ်တော့ မေ သည်နေ့ အားတော့ အားတယ်ဆိုပေမယ့် နောက်ထပ် ရေးသားထားသော ဆိုလွှယ်တေးအတွက် သံစဉ်ရှာစရာတော့ ရှိသေးသည်။ ပြီးတော့ လင်းခေးနဲ့အတူတူ ဒယ်ဒီ့ဆေးခန်းပို့ခြင်းကိစ္စကို လုပ်ရမည်ဆိုတော့ မေက တခြားသူတွေ တစ်မျိုးထင်မြင် ဝေဖန်ကြမှာကို မလိုလားချေ။ ဒယ်ဒီ လိုလားသော အခြေအနေတစ်ခုကိုလည်း မရောက်စေချင်သေးချေ။

www.burmeseclassic.com



မေသည် အကယ်၍ ငြင်းလိုက်လျှင် သူ့အတွက် ကဲ့ရဲ့စေဖန်စရာ ဖြစ်ဦးမည်။ ပြီးတော့ ... မေက သူ့အပေါ် မရိုးမသား ဖြစ်နေ၍ တမင်ရှောင်ဖယ်သည် ထင်ဦးမည်။ မေသည် စိတ်ညစ်ညစ်နှင့် ကော်ဖီပန်းကန်ထဲ မလိုအပ်ပါဘဲ ကော်ဖီတွေ ထပ်ပြည့်မိသည်။

"မေ ... လိုက်ခဲ့ပါ"

အမိန့်သံဆန်ဆန်ဖြင့် မေ့ကို ဆရာလုပ်ပြန်သည်။ မေ့အတွက် မေ့ကို မြှောက်ပင့်သော စကားထက် သည်လို ဆရာလုပ်လေ့ရှိသော စကားသံကို လိုလားတာတော့ အဆန်းသား နော်။

"ကဲ ... သမီး သွားပြင်ဆင်တော့၊ ဒယ်ဒီတို့ စောင့်နေမယ်၊ ဟား ... ဟား ... မထူးတော့ပါဘူးကွာ၊ ဒီနေ့တော့ တို့တွေ ဆေးခန်းကို နောက်ကျတော့မယ် လင်းခေးရေ"

"အမယ် ... မေက အဝတ်အစား လဲရုံကလေးပါ ဒယ်ဒီရဲ့"

သူက မေနဲ့ ဒယ်ဒီတို့ပြောသော စကားများကို ရယ်စရာ မဟုတ်ပါဘဲ ခပ်သဲ့သဲ့ ရယ်လိုက်တော့ မေ အနည်းငယ် ရှက်မိပြန်သည်။ မေသည် သူ မထင်မှတ်သော နောက်ထပ်အခြေအနေတစ်ခုကို ချက်ချင်း ဖန်တီးပစ်လိုက်ခြင်းကတော့ မေ့ရဲ့အတ္တတစ်ခုပင်တည်း။





"အလကားပြောတာပါ ဒယ်ဒီ၊ မေ မလိုက်တော့ပါဘူး၊ သံစဉ်တွေ ရှာစရာရှိသေးတယ်၊ တစ်နေ့လုံး ကုန်ချင်ဆောင် ကုန်သွားနိုင်တယ် ဒယ်ဒီ၊ နောက် ကြုံမှပဲ မေ လိုက်ပို့တော့မယ်နော်"

ထိုအခါ သူ့ရယ်သံက တုံ့ခနဲ ရပ်တန့်သွားတော့သည်။ သူ မျှော်လင့်သော ဖြစ်ရပ်တစ်ခုကို မေက ဖြစ်ခွင့်မပေးလိုက်တာကို သူ အတော်ကလေး ကသိကအောက် ဖြစ်မည်ထင်ရဲ့။ မေ့ကို တိတ်တခိုး မျှော်လင့်နေရဲ့သားနဲ့ ဟန်ဆောင်နေလို့ မေက တမင်ဒဏ်ခတ်တာဟု သူ သိမှသိပါ့မလား။ မေသည် သူ့ကိုချစ်သည် မချစ်သည် မဝေခွဲတတ်သေးသော်လည်း သူ့ထံမှ "ချစ်တယ်"ဆိုသော စကားသံကို ကြားချင်သားပင်။ ပြီးတော့ ထိုသို့သော စကားသံကို ပြောခဲ့ခြင်းကို နားထောင်ရသူမှာ လင်းခေးအတွက်ဆိုရင် မေ တစ်ယောက်တည်းသာ ဖြစ်စေချင်သားပင်။ အဲဒါလည်း မေရဲ့အတ္တပင်တည်း။ သူသည် ကားသော့ကို ကောက်ကိုင်၍ စားပွဲမှ ထသွားတော့ ဒယ်ဒီက အကြောင်းမဲ့ လိုက်ငေးကြည့်၏။

"ဘာဖြစ်လို့လဲ သမီး၊ လင်းခေး ပါနေလို့လား"

"ဟုတ်တယ် ... ဒယ်ဒီ၊ မေ သူ့ကို သိပ်ကြည့်မရဘူး"

မေသည် ဒယ်ဒီ့ကို ဖြောင့်ဖြောင့်ပြောလိုက်တော့ ဒယ်ဒီ မျက်နှာမကောင်းချေ။ သက်ပြင်းတစ်ချက်ကို ခပ်တိုးတိုး မှုတ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လျက် မေ့ငယ်ထိပ်ကလေးကို တစ်ချက်ပုတ်ကာ လင်းခေး နောက် လိုက်သွားဖို့ ထရပ်လိုက်လေသည်။ မေ တစ်ယောက်တည်း ကော်ဖီဝိုင်းတွင် ကျန်ရစ်သောအခါ အိမ်ရှေ့မှ ကားစက်သံတို့ကို ကြားရပြီးနောက် တဖြည်းဖြည်း ပျောက်ကွယ်သွားတော့ မေသည် ကျေကျေနပ်နပ် ရယ်ချလိုက်ပါသည်။

သေချာတာတစ်ခုကတော့ လင်းခေးသည် မေ့ကို ဘယ်လိုမိန်းမပါလိမ့်ဟု တွေးတောနေတော့မှာပဲဖြစ်သည်။ အခုတ မျိုး၊ တော်ကြာတစ်မျိုး ပြောင်းလဲတတ်လွန်းသော မေ့ကို ကျိန်ဆဲချင် ကျိန်ဆဲလိမ့်မည်။ သို့သော် သူ့ရဲ့အဲ့ပုန်းဖြစ်နေသော ချစ်စိတ်ကို မေ သိနှင့်သလိုလို ရှိနေခြင်းအား သူ မရိပ်မိတာတော့ သူ ညံ့တာပဲဖြစ်သည်။ ညဥ့်နက်သန်းခေါင်ကြီး ဘယ်သူမှ မနိုးဘူးအထင်နှင့် ခပ်တိုးတိုး ဂစ်တာတီးပြီး မေ့နာမည်ပါသော သီချင်းကို တိတ်တိတ်လေး ဆိုခဲ့တာဟာ သူ့ရဲ့မရိုးသားမှုပဲ ဖြစ်လေသည်။





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတွင် သူမကို ချစ်မိသည့်အချစ်က ရူးရူးနှမ်းနှမ်းစွာ သူ့နှလုံးသားထဲကို ထိုးဖောက်ဝင်ရောက်ခြင်း ခံခဲ့ရသလို သူမ၏ အမုန်းကတော့ သူ့ဘဝ တစ်ခုလုံးကို ဝါးမျိုခြင်းခံလိုက်ရကြောင်း ကျေနပ်စွာ တွေးတောမိခဲ့သတဲ့။

## ၁

"ကိုလင်း မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်လာပြန်တာလဲ၊ မေဂန္ဓဝင်နဲ့ စကားများလာတာလား၊ အန်ကယ်ဆူလိုက်လို့လား"

မျက်ဝန်းထဲတွင် မာနကြီးသော နှုတ်ခမ်းကလေးဘစ်စုံကို မြင်ယောင်လျက် ယမင်းကို 'မဟုတ်ပါဘူး'ဟု မှသားသုံးပစ်လိုက်သည်။ ယမင်းသည် သိပ်ပြီးတော့ ယုံကြည်ဟန်တော့ မပြချေ။ မယုံတော့ကော ဘာဖြစ်သလဲ။ ယမင်းဟာ သူနဲ့ ဘာမှမဆိုင်တဲ့ မိန်းမတစ်ယောက်ဖြစ်ပြီး ငယ်သူငယ်ချင်း ဆိုသောဆက်ဆံခြင်းနှင့် သူ့ဘက်က တမင် ရိုတိုတိစကားများကြောင့် ယမင်းက သူ့ကို အမြင်တစ်မျိုးရှိနေခြင်းသာ သူတို့နှစ်ယောက်ရဲ့ ပတ်သက်မှုပင်တည့်။



www.burmeseclassic.com

www.burmeseclassic.com

မေ့ကို အရွဲ့တိုက်ချင်စိတ်နဲ့ ယမင်းကို အရင်က ခပ်တန်းတန်းနေခဲ့သော်လည်း အခုမှတစ်ဖန် ပြန်လည်၍ တွေ့ဆုံခြင်းကို အကြောင်းပြုလျက် ဇာတ်လမ်းဆက်ပြခြင်းသာ သူ့ဘက်က မရိုးသားမှုဖြစ်သည်။ ယမင်းဘက်ကတော့ ဘယ်လိုနေမည် မသိချေ။ သူက ယမင်းရဲ့ စိတ်သဘောထားထက် မေ့စိတ်သဘောကိုသာ အသိချင်ဆုံး လူတစ်ယောက်တည်း။ မေဟာ သူ့မျှော်လင့်ချက်တွေကို သိပ်ဖျက်ဆီးတတ်တာပဲ။ ပြီးတော့ သူ့ကို သိပ်ယုံကြည်ပုံလည်းမရ။

ဟူး ... စိတ်ညစ်ရလေစွ။

"အန်ကယ်က မဆိုးပါဘူး၊ စိတ်သဘောကောင်း ဖော်ရွေသလောက် မေဂန္ဓဝင်က သိပ်မောက်မာပြီး အဆင့်အတန်းခွဲခြားတတ်ပုံလည်းရတယ်၊ ယမင်းကိုတောင် သူ့လောက် မချမ်းသာလို့ စကားမပြောချင်တဲ့ပုံစံနော်"

"ဟုတ်တယ်၊ မေက ကိုယ့်ကိုဆိုလည်း ဒီအတိုင်းဆက်ဆံတတ်တယ်"

"ဘာရယ် ... မေ ... ဟုတ်လား၊ အင်း ... မတည့်ဘူးသာဆိုတယ်၊ နာမည်တောင် အဖျားဆွတ်ခေါ်နေပြီ၊ ဘယ်တော့ ဖိတ်စာမြင်ရတော့မလဲ မသိပါဘူး"

ယမင်းသည် မနာလိုလှဟန် မျက်လုံးများဖြင့် သူ့ကို ခနဲ့နေသေးသည်။ ငယ်ငယ်ကတည်းက ဆယ်တန်းအထိ ကျောင်း





အတူတူတက်ခဲ့တုန်းက ယမင်းဆီမှာ သည်လိုစိတ်ဓာတ်မျိုးမရှိတာ သူအသိ။

သို့သော် ယမင်းလည်း ပြောင်းလဲခဲ့ပြီ။

ပြီးတော့ သူလည်း ပြောင်းလဲခဲ့ပြီ။ ဘယ်လိုပြောင်းလဲခဲ့သလဲဆိုတာ နောက်မှ ပြောပြရဦးမည်။ အခုတော့ နံဘေးမှာ တွတ်တွတ် ကျည်တိုက်ချင်နေသော ယမင်းကို အောင့်အည်းကာ စကားပြောရဦးမည်။ အဲဒါမင်းကို ချစ်မိလို့ပဲ မေဟု သူက ကြညာချင်သေးသတဲ့။

"ကိုလင်း နောက်တစ်ပတ် ယမင်းဆီ မလာနဲ့ဦး၊ ယမင်းတို့ First Test ရှိတယ်၊ အဲဒါပြီးရင် Trip ထွက်ရဦးမယ်၊ အင်း ... ကိုလင်းကို ထားသွားရမှာ စိတ်တောင်မကောင်းဘူးသိလား၊ မေဂန္ဓဝင်ကို မေလို့ ခေါ်တဲ့အဆင့် ရောက်နေပြီ"

"မာနကြီးပြီး အဆင့်အတန်းခွဲခြားတတ်တဲ့ မိန်းမကကိုယ့်လို သူ့အဖေရဲ့လက်အောက်ငယ်သားကို လက်ခံပါ့မလားကွ၊ ယမင်းပဲ စဉ်းစားကြည့်၊ အဲဒီကိစ္စပြောရတာ အက်ကြောင်းတောင် ထင်နေပြီ၊ အခုထိ ယမင်းက မယုံသေးတာခက်တာပဲ"

"ဒါပေမဲ့ သူ့အဖေက ကိုလင်းကို သဘောကျနေတာပဲ၊ အဖေ့စကားတော့ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ နားထောင်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



“မေနဲ့ အန်ကယ်တို့ စကားပြောအဆင်မပြေကြဘူးဆိုတာ ယမင်းမှ မသိတာ၊ ကိုယ် အဲဒီအကြောင်းကို မပြောပြသင့် ဘူးထင်လို့ မပြောပါရစေနဲ့၊ ဒါဟာ သူတစ်ပါးရဲ့ကိုယ်ရေး ကိုယ်တာဖြစ်လို့ပဲ”

ထိုသို့ အန်ကယ်ဦးကျော်ဆွေဟာ သူ့သမီးက သူ့ စကား နားမထောင်မှန်းသိလို့ သူလည်း သည်လိုအခြေအနေ ခဖြစ်လာရအောင် ပါဝင်ပတ်သက်ခဲ့မိတာကို အခုထိ ဒေါသဖြစ် ကိုယ့်ကိုယ်ကိုယ် အလောင်းအစားဝါသနာကြီးရသလားဟု အပြ တင်ဆဲ။

အန်ကယ်နဲ့ အလောင်းအစားမှာ သူရှုံးလို့ အန်ကယ် အလိုကျ မေ့ချစ်သူဖြစ်အောင် လိုက်ဟန်ပြ သရုပ်ဆောင်ရင်း ဘယ်အချိန်ကမှန်းမသိစွာ တကယ်ပင် မြတ်နိုးမိသည့် အပြ အတွက် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာသန့်သော်လည်း မေ တစ်ရေး သိသွားမှာစိုးရိမ်ဆဲ။ ဒါတွေက သူ့ရဲ့ပြောင်းလဲမှုတွေပဲဖြစ်သည်

ထိုပြောင်းလဲမှုများကို အန်ကယ်လည်း မသိ၊ လည်းမသိ။ ယမင်းလည်းမသိ။ သူတစ်ယောက်တည်းသာ ကိုယ် သိပ် ကြေကွဲနေရသူပင်ဖြစ်သည်။ အခုကယ်၍ မေနဲ့ သူတို့ ချစ် သူဖြစ်သွားကြပါပြီတဲ့။ အန်ကယ်ကလည်း သဘောတကျ ထပ်ပေးပါပြီတဲ့၊ အန်ကယ်နဲ့ သူသာသိသော သည်အလောင်း





စားကိစ္စကို မေ တစ်နေ့နေ့မှာ မတော်တဆ သိသွားခဲ့ရင် နကြီးလွန်းသော၊ ဖခင်ရဲ့ စီမံမှုများကို မနှစ်သက်လိုသော မေသည် ကို မုန်းတီးသွားမှာ တကယ်ပင် သေချာလှသည်။ မေ့ဆီက ချစ်ကို မရခဲ့ရင်တောင် သူက ကျေနပ်နိုင်သူဖြစ်ပြီး မေ့ဆီက မုန်းကိုတော့ အတော်လေးကြောက်ရွံ့ကာ ရင်မဆိုင်ရဲပါ။

“ကိုလင်း လက်ဖက်ပန်းကန်ထဲမှာ ငါးကျည်းခြောက်တို့ ပုစွန်ခြောက်တို့ ပါရဲ့လားလို့ ရှာနေတာလား၊ တစ်ခါတည်း မျက်လုံးကို လက်ဖက်ပန်းကန်ထဲ စူးစိုက်ထားလိုက်တာ၊ နည်းနည်းပါးပါးလေး ပတ်ဝန်းကျင်ကို သတိရပါဦး၊ ယမင်းတို့အိမ်မှာ ကိုလင်း ရောက်နေတယ်၊ အခု ယမင်းနဲ့ စကားပြောနေတယ် ဆိုတာလေ”

“လုပ်ငန်းတွေအကြောင်း အတွေးလွန်သွားလို့ပါကွာ၊ ယမင်းကို ဘယ်တော့မှ မေ့မသွားပါဘူး”

ယမင်းသည် သူ့စကားကို ကျေကျေနပ်နပ်ဖြင့် လေသည်။ မေ့ရဲ့ မဲ့ပြုံးကလေးဖြစ်ဖြစ်၊ သရော်ပြုံးကလေးဖြစ် ကိုသာ မြင်ချင်သော လင်းခေးအတွက် သည်အပြုံးက ဘယ် ကောက်ပင် ညှို့အားပြင်းပါသည်ဟု ယောက်ျားတိုင်းက ပြောကြ ော်လည်း သူ့ကို မညှို့ငင်နိုင်ခဲ့ချေ။ ယမင်းဟာ သူ့အတွက် မှတ်တစ်ခုကို မိဖို့ ကြားခံသုံးသော ပစ္စည်းတစ်ခုအဖြစ်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း ... စံပယ်တွေ တော်တော်ပွင့်သလား၊ ယမင်း တော့ ကိုလင်း ပြောင်းသွားကတည်းက စံပယ်နံ့ကလေး မရတော့ နေလို့ဆောင်မတတ်ဘူး၊ ကိုလင်းရဲ့ စံပယ် ယမင်း တစ်ခါမှ မပန်ခဲ့ဖူးဘူးနော်၊ ကိုလင်းက ကပ်စေး တယ်၊ ယမင်းကို မပေးဘူး၊ အခုကော ယမင်းလိုချင်ရင် ပေးပါ့မလား"

"စံပယ်ပွင့်ချိန်မှ မရောက်သေးတာ၊ စံပယ်တွေ လှိုင်လှိုင် ပွင့်ရင်တော့ ..."

သူ့စကားကို ရပ်တန့်ပစ်ကာ တစ်ခါက စံပယ် ပွင့်သောရာသီတွင် မေ့ကို ဘာရယ်မဟုတ် လက်ဆောင်သွား မိတာကို သတိရသွားခဲ့ပါသည်။ အဲသည်အချိန်ကတည်းက မေ့ ချစ်နေမိပြီးသားလို့ သံသယဝင်ရှော။ စံပယ်တွေ အပင်ညွှတ် အောင် ပွင့်တာမြင်တော့ လက်အညောင်းခံခူးပြီး မေ့ကို အ ဆုံး သတိရပြီး ပေးခဲ့မိတာဟာ ဘာကြောင့်ပါလိမ့်။ မာန သော မေက သူ ထင်ထားတဲ့အတိုင်း မေက စံပယ်မကြိုက် နှင်းဆီပဲကြိုက်တယ်ဟု သူ့ကို အားမနာစွာပြောခဲ့သေးတာ သူက ဘာလို့ စိတ်မဆိုးခဲ့ပါလိမ့်။ ထူးဆန်းလေစွ။ မလွယ်ပါ မေ၊ အတွေးတိုင်းမှာ မေ့အကြောင်းတွေချည်းဖြစ်နေပြီ။ ကို လည်း ရူးချင်ပြီ၊ ဝေခွဲမရဖြစ်ရပြီ။ မေ့ကို ဖွင့်ပြောချင်လျက် မပြောရဲတော့ပြီ။





"မေဂန္ဓဝင်က စံပယ်တွေ လိုချင်လို့ တောင်းရင်ကော ကိုလင်းက ဗွေးမှာပဲလား၊ ယမင်း တစ်ယောက်တည်းကို ပေးမှာလား"

"အဲဒါတော့ ကိုယ် မပြောချင်ဘူး ယမင်း၊ ကိုယ့်ရဲ့ ကိုယ် ရေးကိုယ်တာမို့ ယမင်း မသိချင်ပါနဲ့ကွာ၊ နောက်ပြီး အလကားနေရင်း မေ့ကို ထည့်တွက်ပြီး စိတ်ပူပန်မနေနဲ့၊ ကိုယ်နဲ့ မေတို့က အဝေးဆုံးမှာရှိနေကြတဲ့ လူနှစ်ယောက် ပါ ယမင်း၊ မေ့မှာ အခု ချစ်သူတောင် ရနေပြီထင်တယ်၊ ဟိုတလောက အန်ကယ့်ကိုတောင် မိတ်ဆက်ပေးခဲ့သေး တယ်"

"ကိုလင်းက အဲဒါကို ဆွေးနေတယ်ပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ အားလုံး ကိုယ့်လမ်းကိုယ်လျှောက်နေကြ တာပဲ၊ ဘာဖြစ်လို့ ဒီကိစ္စကို ခေါင်းထဲထည့်ထားစရာလို သလဲ၊ ကဲ ... ကိုယ့်ကို ယမင်းလက်ရာ လက်ဖက်သုပ် ကျွေးပြီးပြီ၊ အဲဒီအတွက် အထူးကျေးဇူးပါပဲ၊ ကိုယ်က ယမင်းကို ဘာကျွေးရမလဲ"

"သီချင်းဆိုပြ၊ ဂစ်တာတီးပြီး သီချင်းဆိုပြရမယ်၊ ယမင်း မှာ ဂစ်တာ အဆင်သင့်ရှိတယ်"

ယမင်းကမ်းပေးသော ဂစ်တာကို လှမ်းယူလိုက်စဉ် ကို ဖျတ်ခနဲ သတိရသွားပြန်ပါသည်။ မေက သူ ဂစ်တာတီး



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ၊ သီချင်းဆိုတတ်တာကို မသိဘူးထင်ပါရဲ့။ ဂစ်တာ... မေတို့ခြံထဲမှာ ရောက်ကတည်းက မတီးဖြစ်တော့ချေ။ အန်က... ကို အားနာစိတ်၊ မေ့လို စာကျက်နေတတ်သူအတွက် အနှော... အယှက်ဖြစ်မှာ စိုးရိမ်စိတ်တို့ဖြင့် တစ်ခါတလေ သိပ်ညဥ့်နက်... သာ တီးချင်တီးတတ်သည်။ သို့သော် ခပ်တိုးတိုးကလေးသာ... ပြီး အချိန်အကြာကြီးလည်း မတီးပါ။ တစ်နေ့လုံး အလုပ်... ကို ဦးနှောက်နဲ့မမျှအောင် လုပ်လေ့ရှိသော မေသည် ညဘက်... မှာ ဆရာဝန် ညွှန်ကြားသော အိပ်ဆေးကို အမြဲသောက်ပြီး ... တတ်သူဖြစ်၍ မေ နိုးသွားမှာတော့ မပူရပါ။ ဒါပေမဲ့ သူ... တခြားသူတွေကို အနှောင့်အယှက်ဖြစ်မှာ စိုး၍ပင်တည်း။

သူ ဂစ်တာတီးလေ့ရှိတာကို မေ မသိခဲ့ပေမယ့် ... စန္ဒရားတီးတတ်ခြင်းကိုတော့ သူက သဘောကျသည်။ ... စန္ဒရားတီးစဉ် အနုပညာမြောက်သော မေ့လက်ချောင်းကလေး... ကို မြတ်နိုးစိတ်ဖြင့် နမ်းချင်သည်။ မေ အစိမ်းရင့်ရောင်က... ဝတ်ထားတဲ့နေ့တွေဆို သူက မေ့ကို ဆွဲပွေ့ပြီး မှာနတွေကင်း... အရပ်တစ်ခုကို ခေါ်သွားချင်သည်။ ဆံညွန့်ကလေးရှိသော ... ဆံပင်များထဲမှာ မျက်နှာကို အချိန်ကြာကြာ နှစ်ထားခွင့်... ဘယ်လောက်ကောင်းလိုက်မလဲဟု သူက တစ်ခါတစ်ရံ စိတ်... ယဉ်တတ်သေးသည်။ သူဟာ မေ့ကို စစ်မှန်စွာချစ်မိပါသည်... မည်မျှပင် ကြွေးကြော်ပါစေ၊ မေသည် သူမ၏ အယူအဆအ...

...သူမထက် သူမ၏ အမွေတွေကို မက်လို့ သည်စကားပြောတယ် ...ထင်ဦးမည်။ သူ့ကို အထင်သေးရှုတ်ချဦးမည်။ ခက်ခဲလေစွ။

"ကဲ ... ကဲ ... တော်ပါတော့ ကိုလင်းရယ်၊ စိတ်လည်း မပါဘဲနဲ့ ယမင်းကို အားနာတာနဲ့ ဆိုပြနေတဲ့အသံကြီး မကြားချင်တော့ပါဘူး၊ နေပါစေတော့၊ ဒီနေ့ ကိုလင်းရဲ့ စိတ်တွေ ယမင်းဆီမှာ ရှိမနေဘူး။ မေဂန္ဓဝင်ဆီပဲလား၊ အလုပ်ကိစ္စတွေဆီပဲလား၊ အန်ကယ်ဦးကျော်ဆွေဆီပဲလား တော့မသိဘူး၊ ရောက်နေလိမ့်မယ်ဆိုတာတော့ အမှန်ပဲလို့ ထင်တယ်"

သူသည် ယမင်းစကားကို ပြန်လည်မချေပတော့ချေ။ ...နှစ်အနည်းငယ်လောက် သည်းခံ၍ ယမင်းနားမှာ နေပေးပြီး ...ောက် သူ့ကို စိတ်ရှုပ်ထွေးမှုတွေပေးသော၊ နာကျင်ကြေကွဲရ ...ခြင်းတွေပေးသော၊ တင်းမာမှုတွေနှင့်ဆက်ဆံသော၊ သူ့ကို အထင် ...သေးနိမ့်ချသော မေ့ဆီကို ပြန်လာဖို့ စိတ်ကူးသတဲ့။

ခပ်ရိုင်းရိုင်းနှိုင်းရရင် ဘာခေါ်မလဲ။ နေ့ညိုရင် ...ညည်တိုင်ကို သတိရတယ်ဆိုလား။ သူ့အဖြစ်က အဲသည်အတိုင်းဖြစ် ...နေခဲ့ရပြီ။







www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ရပ်ထားနှင့်သော ကားနှစ်စီးကိုမြင်လိုက်လျှင်ပဲ ဒါဟာ စိုးဗလရဲ့ကားဟု မှတ်မိလျက် ကားကို ဒေါသထကြီးဖြင့် အသံကျယ်ကြီးမြည်အောင် ထိုးရပ်ပစ်လိုက်လေသည်။ သူ့လုပ်ရပ်ဟာ မှန်သလား၊ မှားသလား မဆန်းစစ်ပါ။ သူ့ရဲ့အတွက်ကတော့ ချစ်ရသူကို တစ်ယောက်တည်း မူပိုင်ချစ်ခွင့်ရချင်စိတ်တည်း။ သူ့ရဲ့အိမ်ဘက်ကို မသွားဘဲ ဦးကျော်ဆွေရှိရာတမင်သွားတွေ့ဖို့ ကြံစည်မိပြန်သည်။ သူ့ခြေသံကြောင့် တံခါးပေါက်ကို ကျောခိုင်းထားသော သူမက လည့်ပင်းကလေးလိမ်လျက်လှည့်ကြည့်ဖော်တော့ရသားပင်။ စိုးဗလ၏မျက်ဝန်းများမှာ သူ့ကို မလိုလားဟန်တွေ အထင်သား တွေ့နေရလေ၏။ သေလိုက်စမ်း၊ မင်းရှေ့မှာ ထိုင်နေတဲ့ မေဟာ ငါ့ရဲ့ဇနီးလောင်းပဲ။ မင်းဘယ်လောက် သက်ဆိုင်ချင်ပါစေ၊ မေဟာ တစ်နေ့ ငါ့ဇနီးဖြစ်ရမယ်။





သူသည် ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ မသိချင်ဟန်ဆောင်လျက် အိမ်ပေါ်ထပ် လှေကားတွေဆီ လျှောက်သွားတော့ သူမနဲ့ စိုးဗလတို့ ဆက်လက်၍ စကားပြောသံတို့က နောက်ပါးမှာ ကျန်ခဲ့၏။

"နောက်လထဲမှာ စင်ကာပူသွားရဦးမယ်၊ မေဂန္ဓဝင် ဘာမှာမလဲ၊ ကိုယ့်စိတ်ထင်တော့ မေဂန္ဓဝင်တွေရဲ့ ဆံပင်ရှည်တွေကို သိမ်းထားတတ်တဲ့ ကလစ်လှလှကလေးတွေ ဝယ်ရင်ကောင်းမလားလို့ စဉ်းစားနေတာ၊ ဟုတ်ရဲ့လား မေဂန္ဓဝင်"

မယူနဲ့ မေ။ သည်ကောင်ပေးမယ့် လက်ဆောင်ကို မယူပါနဲ့။ မေ့ကို ကိုယ်ပေးတဲ့ လက်ဆောင်တွေပဲ ယူစေချင်တယ် ဟု စိတ်ထဲမှ အော်ပြောမိပြန်သည်။

"ဟင့်အင်း ... ကျွန်မ ဘယ်ယောကျ်ားတစ်ယောက်က ပေးတဲ့ လက်ဆောင်ကိုမှ မယူဖူးပါဘူး၊ ဒါကြောင့် ကျွန်မ အတွက် ဘာမှ ဝယ်မလာပါနဲ့ ကျွန်မကိုပေးလည်း ယူချင်မှယူမှာဆိုတာ ကြိုပြီး သတိပေးထားချင်တယ်"

သိပ်လိမ္မာတဲ့ မေပဲ။ သူသည် မြူးကြွသွက်လက်လျက် လေတစ်ချက်ချွန်ကာ သူ့ကိုယ်သူ ခပ်တိုးတိုးလှောင်လိုက်သည်။ မဖြစ်သေးပါဘူး။ ယောကျ်ားတန်မဲ့ သူတစ်ပါးရဲ့စကားဝိုင်းကို ခိုးနားထောင်တာတော့ မကောင်းပါဘူး။ ဦးကျော်ဆွေ၏ အခန်းတံခါးက စေ့လျက်ရှိတာကို တွေ့ရတော့ သူ့အကျင့်အတိုင်း အခန်းရှေ့ရပ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... ကျွန်တော် ဝင်လာလို့ရမလား"

ဟု အသံပြုလိုက်သည်။ သို့သော် ခါတိုင်းလို ပြန်၍ အသံပြုသံလည်း မကြားရ။ လူးလွန့်လှုပ်ရှားသံကိုတော်မှ မကြားရချေ။ အခန်းထဲမှာ မရှိတာလည်း မဖြစ်နိုင်ပါ။ နောက်မှ တံခါးကို ဘယ်စေ့ထားပါ့မလဲ။ သော့ခတ်ထားခဲ့မှာပေါ့။

"အန်ကယ် ... အန်ကယ်ဦးကျော်ဆွေ ဘာဖြစ်နေလို့လဲ"

အခန်းတံခါးကို လက်ဖြင့် အသာတွန်းလိုက်တော့ ကျွီခနဲ အသံမြည်လျက် ပွင့်သွားသည်။ မမျှော်လင့်သော အခြေအနေတစ်တပ်ကို ရင်ဆိုင်လိုက်ရလေသည်။ ခုတင်ပေါ်မှာ ပက်လက်အနေအထားဖြင့် လဲလျောင်းနေသော ဦးကျော်ဆွေသည် လုံးဝ မလှုပ်မယှက် အနေအထားဖြင့် တွေ့ရခြင်းဖြစ်၏။ စိုးရိမ်တကြီးဖြင့် ခုတင်နား အမြန်ပြေးသွားလိုက်ကာ တတွတ်တွတ် အော်ခေါ်၍ လှုပ်နှိုးသော်လည်း အချည်းနှီးပင်။ ပါးစပ်အနည်းငယ် ဟလျက် ဟောက်သံလိုလို အသံတ[illegible]ရှုံ၊ နှလုံးခုန်နေရုံသာ အသက်ရှင်နေသည့်အနေအထားအဖြစ် သိရှိနိုင်ပြီး ပကတိ ငြိမ်သက်နေလေသည်။

ချက်ချင်းပင် ဦးကျော်ဆွေနံဘေးမှာ ထားတတ်သော ခလုတ်တစ်ခုကို သတိရပြီး နှိပ်ချလိုက်တော့ တစ်အိမ်လုံး လျှပ်စစ်ဘဲလ်သံတွေ ဆူညံသွားတော့သည်။ တဒိုင်းဒိုင်းပြေးတက်လာ သူတွေထဲမှာ သူမက ရှေ့ဆုံးမှဖြစ်ပြီး စိုးရိမ်တကြီး မျက်နှာလေးကတော့ ဖြေသိမ့်ချင်စရာ။





"ဒယ်ဒီ ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားလဲဟင်"

"မသိဘူးလေ၊ ကျွန်တော် ဝင်မလို့ အသံပြုတော့ အထဲက ဘာမှ မတုံ့ပြန်တာနဲ့ တွန်းဖွင့်ကြည့်တာ ဒီအတိုင်း တွေ့လိုက်ရတာပဲ၊ သိပ်စိတ်မပူပါနဲ့ မေ၊ အသက်ရှူနေသေး တာပဲ၊ လေဖြတ်သွားတာလား မသိဘူး"

"ဆရာဝန်ဆီ ဖုန်းဆက်ကြ၊ မြန်မြန် ... မြန်မြန် ... ဒေါက်တာအောင်သာ မရှိလည်း တခြားဆရာဝန်ကို ဖုန်းဆက်လိုက်နော်"

"ဟုတ်ကဲ့ မမမေ"

မေသည် သူမ၏ ဖခင်နံဘေးတွင် ခပ်ငိုင်ငိုင်ဝင်ထိုင်လျက် ဖခင်၏ လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ သူသည် ဖြစ်နိုင်လျှင် မေ့ပခုံးကလေးကိုဖက်ကာ မေ့ဆံပင်တွေကို သပ်ပေးပြီး မေ့ကို ဖြေသိမ့်ချင်သားပင်။ သူမ၏ တစ်ဖက်ခြမ်းတွင်ထိုင်၍ ချွေးစေးတွေဖြင့် ပြည့်နေသော ဦးကျော်ဆွေ၏နဖူးကို တဘက် တစ်ထည်ဖြင့် သုတ်ပေးလိုက်တော့ သူမသည် သူ့အား မျက်လုံး လှန်ကြည့်လေသည်။ အားငယ်သော မျက်ဝန်းများကို ထူးထူး ဆန်းဆန်းပင် သူမထံမှာ တွေ့ခွင့်ရသတဲ့။ စိတ်ချပါ မေ။ မေ့ကို အစစအရာရာ ကူညီပေးဖို့ အသင့်ပါ။ မေ့အတွက် မှီခိုအားထား ရော အဖော်ကောင်းတစ်ယောက်အဖြစ် နေပေးဖို့ အသင့်ဖြစ်နေခဲ့ ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်စရာပင်။ မိန်းမတစ်ယောက် ... အထူးသဖြင့် စည်းစိမ်ဥစ္စာကြွယ်ဝ၍ သူ့ထက်ပညာတတ်သော မိန်းမအား တစ်သက်လုံး လက်တွဲဖို့ဆိုတာ လုံးဝ မဖြစ်စေချင်သော သူ့လို ယောကျ်ားတစ်ယောက်ဟာ အခုတော့ ထိုသို့ အရည်အချင်းများ အပြည့်အဝရှိသော မေဂန္ဓဝင် ဆိုသော မိန်းမကို အတိုင်းအဆမဲ့ မြတ်နိုးမိသတဲ့။ သူမအား ပြန်လည်နှစ်သိမ့်သည် အကြည့်များဖြင့် တုံ့ပြန်ချိန်တွင် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် နားလည်သွားကြသူများ ဖြစ်ခဲ့သည်။

ဒေါက်တာအောင်သာ ရောက်လာသောအခါ လိုအပ်သော စမ်းသပ်မှုများကို ပြုလုပ်လေတော့ သူမသည် ဆရာဝန်ထံမှ ထွက်ပေါ်လာမည့်အဖြေကို ရင်တထိတ်ထိတ်ဖြင့် မျှော်လင့်ခဲ့သလို သူလည်း စိုးရိမ်တကြီး ဖြစ်ရပါသည်။

"ပရက်ရှာက 200 and 120 ဖောင်ဖြစ်နေတယ်၊ Wide pulse pressure ပဲ၊ Collapsing pulse လည်း ရှိတယ်၊ ဖြစ်ပေါ်နေတဲ့ Sing တွေအရဆိုရင် ကိုကျော်ဆွေဟာ ကိုမာ (Goma)ဖြစ်သွားတယ်၊ ဆေးရုံတင်လိုက်ရင် ကောင်းမယ် မေဂန္ဓဝင် ... ဘယ်လိုလဲ"

"ဒယ်ဒီ ဘယ်တော့ သတိပြန်ရမှာလဲဟင်"

"အဲဒါတော့ ပြောလို့မရဘူးပေါ့ သမီးရယ်၊ ဒီလိုပဲ အကြာကြီးနေချင်နေရမယ်၊ သတိရချင်လည်း ရလာသလို အသက်





ပါ တစ်ခါတည်းပါသွားချင်လည်း ပါသွားနိုင်တယ်၊ အန္တရာယ် အရှင်းဆုံးပြောတာ"

"ရှင် ... ဖြစ်ရလေ ဒယ်ဒီရယ်"

သူမသည် ဖခင်၏လက်ဖဝါးပေါ် မျက်နှာမှောက်ချကာ ခပ်တိုးတိုးရှိုက်၏။ သူမ၏အဖော်ကလေးတစ်ယောက်ဖြစ်သူ မတင်က သူမအား တတွတ်တွတ် ကပ်ပြောလျက် နှစ်သိမ့်နေဟန်ရှိသည်။ ဒေါက်တာအောင်သာ ညွှန်ကြားသမျှကို ဂရုတစိုက် လိုက်မှတ်သားရင်း ဦးကျော်ဆွေကို ဆေးရုံပို့ဖို့ ပြင်ဆင်နေရ၍ သူမ၏အနားမှာ အားပေးနေခွင့်တော့ မရခဲ့ချေ။

စကားတစ်ခွန်းမှ မပြောတော့ဘဲ ထူးခြားစွာ တိတ်ဆိတ်လွန်းနေသော သူမရင်ထဲမှာ ဘာတွေများ ဆူပွက်နေပါလိမ့်။ စိတ်မပူပါနဲ့ မေရယ်။ မေ့ကို ကိုယ့်ဘဝတစ်ခုလုံးနဲ့ရင်းပြီး ကူညီဖြေသိမ့်ပေးပါ့မယ်။

"ကိုလင်းခေး ... ဒယ်ဒီ့ကို ညဘက်စောင့်ပေးဦးမှာလား၊ တကယ်လို့ ကိုလင်းခေး မအားရင်တော့ မေ နှာ့စ်ငှားလိုက်မယ်၊ ခဏခဏဆိုတော့ အားနာပါတယ်"

သူမထံမှ သူစိမ်းဆန်သော စကားသံကိုတော့ ကြားခဲ့ရသေးသည်။ သူသည် ခေါင်းခါငြင်းဆန်ခဲ့ပါသည်။ ထိုအခါ သူမသည် ပြောမရလည်း နေတော့ဟူသော သဘောဖြင့် သူ့အား မျက်စောင်းထိုးသေးရဲ့။ စိတ်ချပါ မေ။ မေ ထင်ထားသလို



www.burmeseclassic.com

www.burmeseclassic.com



မေ့ဒယ်ဒီရဲ့ စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ချင်တဲ့သူ မဟုတ်ဘူး။ မေ့ကို စေတနာသန့်သန့်နဲ့ ကူညီနေတာပါ။ လူမြင်ကောင်းအောင် ပြုစုနေတဲ့သူမဟုတ်ပါဘူး။ မေ့ဆီက အမှတ်ယူချင်လို့ သည်လိုကူညီတာလည်း မဟုတ်ပါဘူး။ သူ ဆေးရုံမှာ စောင့်ကျန်ခဲ့သောအခါ မေ့အား စိုးဗလ၏ကားဖြင့် အိမ်ပြန်သွားသောမြင်ကွင်းအား မနာလိုစွာ ငေးကြည့်ကျန်ရစ်ခဲ့ရလေသည်။ စိုးဗလ ဘယ့်အချိန်ကများ ဆေးရုံကို လိုက်လာခဲ့ပါလိမ့်။ သူနဲ့ သူမတို့ တစ်ကားတည်းအတူတူ ဆေးရုံကို လာခဲ့ကြခြင်းဖြစ်၍ ကျေ တော့ သူ ယမင်းဦးလေး ဆရာဝန်ကြီးဆီ သွားတွေ့နေတုန်း စိုးဗလ ရောက်လာတာပဲဖြစ်ရမည်။ မေက စိုးဗလကို အားကိုး ချင်နေပြီလားဟု စိုးရိမ်မိသတဲ့။





➳ ၂ ➳

နောက်ထပ် ရက်သတ္တပတ်အနည်းငယ်အတွင်း သူ့မှာ ဆေးရုံနဲ့ အလုပ်ကြားမှာ အချိန်တွေ ကုန်ဆုံးနေရသည်။

"မေ စိတ်အေးအေးထားပြီး ကျောင်းသွားတက်ပါ"

ဟု သူ့အမိန့်စကားကို သူမက နားထောင်ခဲ့သည်။ သို့သော် ကျောင်းကို အရင်ကလောက် စိတ်အားထက်သန်စွာ အချိန်ပြည့် သွားတက်တာမျိုး မဟုတ်ဘဲ အချိန်ပိုင်းကလေးလောက်သာ သွားတက်ပြီး များသောအားဖြင့် သူမ၏ ဖခင်နားမှာ ခပ်ငူငူထိုင်နေတာများသည်။ သူမ၏ ကလေးအစီအစဉ်ဓာတ်လမ်းကလေး ဟီဗီမှာ ထုတ်လွှင့်သည့်နေ့တောင် သူ အတင်းကြည့်ခိုင်းခဲ့၍သာ ခပ်ကြောင်ကြောင် မျက်ဝန်းများဖြင့် စိတ်မပါစွာ ထိုင်ကြည့်ခဲ့သေးသည်။ ထိုအစီအစဉ်ကလေးကြောင့် သူမ၏နာမည် ပိုမိုထင်ရှားလာပြီး ရုပ်ရှင်နဲ့ ဗီဒီယိုကုမ္ပဏီက ဓာတ်ညွှန်းရေးသားဖို့တောင် လာရောက်ကမ်းလှမ်းကြသည်။

www.burmeseclassic.com



"ကျွန်မရဲ့ဒယ်ဒီ မကျန်းမမာဖြစ်နေတဲ့အချိန်မှာ ကျွန်မ ဘယ်အလုပ်ကိုမှ အာရုံနှစ်ပြီး လုပ်လို့မရပါဘူး၊ နောက်ပြီး ကျွန်မ ဒီလိုအပြင်လုပ်ငန်းတွေကို ဝါသနာမပါပါဘူး ကျွန်မလုပ်တဲ့အလုပ်က ကိုယ်တိုင်ရေးသားထားတဲ့ ကလေးပုံပြင်တွေကို ဇာတ်ညွှန်းရေးသားတဲ့အလုပ်ဖြစ်ပြီး ဒီအလုပ်ကလွဲရင် ကျန်တဲ့ ဇာတ်လမ်းတွေကိုတော့ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဇာတ်ညွှန်းရေးတတ်လိမ့်မယ် မထင်ပါဘူးရှင်"

စာနယ်ဇင်းတချို့က သူမကို 'တစ်ဖက်စွန်းရောက်နေသော မိန်းမသား'ဟု ဝေဖန်ကြသံတွေလည်း ကြားရသည် သူမသည် ထူးဆန်းလှစွာ အရင်ကလို ဆတ်ဆတ်ထိမခံ ဖြစ်မနေခဲ့ပါ။ သူမ၏ အာရုံထဲတွင် သူမ၏ဖခင်တစ်ဦးတည်းသာ ရှိနေပုံရပါသည်။ သူက ကိုယ်ချင်းစာစွာ ဖေးမဖြေသိမ့်လိုဟန်ဖြင့်

"ကံတရားအတိုင်းပေါ့ မေရယ်၊ ဒီလောက်ကြီး ကိုယ့်စိတ်ကို ညှဉ်းဆဲမနေပါနဲ့၊ အန်ကယ့် အခြေအနေက ဘယ်လောက်အထိ ကြာမလဲမှမသိတာ၊ မေဖြစ်ချင်တာတွေဖြစ်အောင် ဆက်လုပ်ပါ မေ၊ မေ ဒီလို တွေဝေနေလို့လည်း ဘာမှ အကျိုးထူးလာနိုင်တာမှ မဟုတ်တာ"

"တစ်ဆိတ်ကျေးဇူးပြုပြီး မေ့ကို ဘာဆုံးမစကားမှ ထပ်ပြောပါနဲ့လား"





ထိုအခါ သူက ဖျတ်ခနဲ အရိုက်ခံရသူပမာ ဒေါသကြီး ဖြစ်ရပြန်သည်။ သည်မိန်းမဟာ သူမရဲ့စိတ်ကို ယုံကြည်ပြီး ကားပြောဖို့ကောင်းတဲ့၊ သနားဖို့ကောင်းတဲ့မိန်းမ မဟုတ်ဘူး။ စ်ဆိတ် မာနကြီးလွန်းတယ်၊ မောက်မာလွန်းတယ်။ ယောက်ျား စ်ယောက်ကို တန်ဖိုးနိမ့်ချတတ်လွန်းတယ်ဟူသော ဒေါသများ င့် ကျိတ်၍ ကျိန်ဆဲရပြန်ပါသည်။ မေဂန္ဓဝင်သည် သူ့ကို တော်လေး ဒုက္ခပေးနိုင်စွမ်းရှိသော မိန်းမတည်း။ သူမကို ချစ် တ်နိုးစိတ်နဲ့အတူ အမြင်ကတ် မုန်းတီးစိတ်များပါ ပေးနိုင်သော န်းမတည်း။

သေချာတာတစ်ခုတော့ ရှိသည်။ အဲဒါကတော့ မဟာ ယမင်းကို အတော်လေး မနာလိုဟန်ရှိတာပဲဖြစ်သည်။ ခင်က ထုံးစံအတိုင်း မဏ္ဍပ်တိုင်တက်ပြချင်သူ မိန်းမပီပီ သူ့ တစ်ခေါက် နှစ်ခေါက်လောက် လာလည်သေးသည်။ ယမင်း ကြည့်သောနေ့များတွင် သူမသည် ဖခင်၏နံဘေးမှာ မခွာစတမ်း င်နေရာမှ ထ၍ ဆေးရုံစင်္ကြံမှာဖြစ်ဖြစ် လမ်းလျှောက်နေတတ် ကိုယ့်ဖခင်ရဲ့သတင်းကို လာမေးတဲ့သူပါလားလို့ အားနာတတ် ်လည်းမရှိချေ။ ယမင်း ဝင်လာပြီဆိုတာနဲ့ ဖြန်းဆို ထရပ်ကာ တို့ရှေ့က ရှောင်ထွက်သွားတတ်သည်။

"လူကိုများ မတူမတန်သလိုနဲ့ စကားမပြောချင်ရတာနဲ့ လဲသေလိုက်ပေါ့၊ ယမင်းက သူ့အဖေကို လာသတင်းမေး



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ပါဘူး၊ ကိုလင်းရဲ့ကျေးဇူးရှင်ကို လာသတင်း မေးတာ၊ ပြီးတော့ ကိုလင်း ပင်ပန်းနေရတာကို မကြည့် ရက်လို့"

ယမင်းက မြွေမြွေချင်း ခြေမြင်သူပီပီ သူ့ကို နား နားဆာလုပ်၍ တိုင်တည်ပါသည်။

"အထင်မလွဲပါနဲ့ကွာ၊ မေလည်း သူ့အဖေအတွက် စိုး ညစ်နေချိန်မို့ပါ၊ ကိုယ်နဲ့ ယမင်းကိုလည်း အားနာ ရှောင်ပေးတာ ဖြစ်မှာပါ"

"ကိုလင်းက ဖေးမနေပြန်ပြီ၊ အေးလေ ... တစ်နေ့ခင်း ဒီအခန်းထဲမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နေရတာကြာတော့ သံယောဇဉ်ကြိုးတွေ ခိုင်မြဲနေရော မသိရင်ခက်နေပါ့မယ်"

ဟုတ်တယ်။ မေ့ဘက်က သံယောဇဉ်ကြိုး ခိုင်မခိုင် တော့မသိဘူး။ ကိုယ်တော့ သံယောဇဉ်ဆိုတဲ့ကြိုးနဲ့ အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ခံရပြီ။ ရုန်းထွက်လိုတဲ့ဆန္ဒလည်း မရှိတော့ မေဂန္ဓဝင်၏ မာနများကို မုန်းတီးရင်းက နှစ်မြုပ်ပျော်ဝင်တတ် သူမ၏အမုန်းကို မတော်တဆများရခဲ့ရင် သူ့ဘဝဟာ တ များ ကွဲအက်သွားလေမလားလို့ စိုးရိမ်ရတဲ့ အခြေအနေ ရောက်ခဲ့ပြီဆိုတာတွေများ ယမင်းသိရင် ဘယ်လောက်ပေါက် သွားလိမ့်မည်လဲ မသိချေ။ ယမင်းသည် သူ့ကို တိတ်တခိုးမျှော်





သူ့ကို ခြယ်လှယ်လိုသော မိန်းမဖြစ်၍ သူက အလိုလို ကောင်ဖယ်ချင်လာခဲ့ရပြီဆိုတာလည်း ယမင်း မသိချေ။

"ကိုလင်းကို အလုပ်ရှင်နဲ့ အလုပ်သမားပုံစံမျိုး ဆက်ဆံပြီး နှိမ်နေမယ်ဆိုရင် ဒီတစ်ခါ အန်ကယ် ပြန်ကောင်းလာခဲ့ မယ်ဆိုရင် အဲဒီမှာ မနေပါနဲ့တော့ ကိုလင်းရယ်၊ အကယ်၍ အန်ကယ် အသက်မရှင်နိုင်တော့ဘူးဆိုရင်လည်း ဒီမိန်းမရဲ့ တိုးတက်ရာ တိုးတက်ကြောင်းတွေ ကိုလင်း လိုက်လုပ်ပေး ဖို့မလိုဘူး၊ အနှိမ်ခံပြီး လုပ်ပေးမနေနဲ့သိလား၊ ယမင်း သူ့ကို သိပ်မုန်းတယ်"

သူမ၏ပုံစံက လူနာသတင်းလာမေးသူပုံစံ ရှိမနေ ဘဲ မေဂန္ဓဝင်ကို အငြိုးကြီးကြီးနဲ့ ကလဲ့စားချေဖို့ လာတွေ့သူ တစ်ယောက်ပမာ ထင်ရလေသည်။ နှလုံးခုန်သံကိုသာ တတီတီ ကြားရသော၊ အသက်ရှူသံကိုသာ ကြားရသော၊ လောကကြီးတစ် ခုလုံးကို မေ့ထားသည့် ဦးကျော်ဆွေသည် သူ့နံဘေးမှာ သူ့အချစ် သမီးအား မုန်းတီးနာကြည်းစွာ ဆဲဆိုနေသူ မိန်းမတစ်ယောက် ရှိကြောင်း သိနိုင်မည်မထင်။ နားနဲ့ဆတ်ဆတ်ကြားနေရသော ကိုယ်သာ စိတ်ပျက်လက်ပျက် နားထောင်ပေးရသတဲ့။ တစ်ဖက် သတ်နိုင်စွာ ပြောရရင်တော့ မေ့ဘက်က နာတယ်ဟု ဝန်ခံချင် သေးရဲ့။ ယမင်းကို အော်ဟစ်မောင်းထုတ်ပစ်လိုက်ချင်သေးရဲ့။

"ပြန်မယ် ကိုလင်း၊ ယမင်း ပြောတာတွေ မမေ့နဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက် မျက်နှာချင်း ဆိုင်လိုက်ချိန်
သူ့ အတော်လေး ဘုရားတ,လိုက်ရပါသေးသည်။ မျက်စောင်း
လိုက်သော ယမင်းနှင့် ထိုမျက်စောင်းကို ဆတ်ခနဲ မျက်နှာ
၍ မမြင်ချင်ဟန်ဆောင်လိုက်သော မေဂန္ဒ ဝင်တို့နှစ်ယောက်
ဘာအတွက်ကြောင့်များ အငြိုးတကြီး ဖြစ်နေကြပါလိမ့်။ ယမင်း
သူမကို မတူမတန်သလို ဆက်ဆံကာ ဒေါသဖြစ် ရန်လိုတာ
ထားတော့၊ မေက ဘာဖြစ်လို့ ယမင်းကို မခေါ်မပြောချင်တာ
လိမ့်။ ဒါဟာ မေ့ဆီက ချွတ်ယွင်းချက်ပေမယ့် သူက ခွင့်
ပေးချင်သားပင်။

သူမအား စတွေ့ခါစက အတော့်ကို ကြည့်မရ
သည်။ မုန်းတီးခဲ့သည်။ ဖခင်ကို မရှိမသေ ဆက်ဆံသော
တစ်ယောက်အဖြစ် အထင်သေးခဲ့သည်။ ဒါကြောင့်
သူ့ကို မုန်းတီးလေအောင် ထိုအချက်ကို ထောက်ပြ၍
သေးသည်။ ဦးကျော်ဆွေရဲ့ အလိုကျသာ သူ့သမီးကို ပိုး
ဟန်ဖြင့် အရောဝင်ပြရပေမယ့် တကယ့်တကယ် စိတ်ပါလ
မပိုးပန်းခဲ့တာ သူ အသိဆုံးပင်။ သူမက သူ့ကို မုန်းတီး
သုံးနှစ်ပြည့်ချိန်မှာ သူ့ကို ပြန်မချစ်နေစေရန်သာ သူက လို
ခဲ့တာလည်း သူအသိဆုံးပင်။ သူမဟာ ဘယ်လိုမိန်းမမို့ ယော
တွေကို အရောမဝင်ရတာလဲ၊ အထင်မကြီးရတာလဲ သူ အသိ
ပင်။





နေစမ်းပါဦး … သူမကို ဘယ်တုန်းကများ ချစ်သွား
ါလိမ့်။ ကားငှားပေးရသည့်နေ့ကလား။ နှင်းဆီပင်တွေကို
ဩဇာသွားထည့်ပေးမိသည့် နေ့ကလား၊ စိုးဗလနှင့် သူမ၏
င်ကို မိတ်ဆက်ပေးသည့်နေ့ကလား၊ ခရမ်းရင့်ရောင်ကလေး
၍ အင်တာဗျူးဖြေနေခဲ့သောနေ့ကလား၊ သူမ စန္ဒရားတီးဘာကို
ပြီး ငေးမိသည့်နေ့ကလား၊ သူမ နေမကောင်းစဉ် ကျောင်းလိုက်
ားရသည့်နေ့ကလား၊ စံပယ်တွေ ပေးမိသည့်နေ့ကလား၊ အစိမ်း
ရောင်ကလေးတွေဝတ်သော နေ့များထဲက တစ်နေ့လား မသိခဲ့
ားပါ။ မသေချာ မရေရာခဲ့လေစွ။

သူမအပေါ် ချစ်မိခြင်းနှင့် သူ့ကို နှိမ်ချသည့်အတွက်
တီးခြင်းဒွန်တွဲလျက်ရှိတာကတော့ သေချာသည့်အကြောင်းအရာ
ခဲ့တည်း။

•• ❧ ••



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခပ်တွေတွေ တစ်ချက်ဖြစ်သွားခဲ့သေး
သည်။ ထို့နောက် ...

"ဒယ်ဒီက ကျွန်မကို စိတ်ချသွားခဲ့ပြီတဲ့လား"

ဟု ညည်းညူလိုက်ကာ ခွေခနဲ လဲကျသွားလေသည်
မတင်က ပျာပျာသလဲ ပွေ့ထားတာတွေ့ရ၏။ ဆရာဝန်နဲ့ နာ
များက မြင်နေကျမြင်ကွင်းတစ်ခုပမာ သူ့အား ခေါင်းတစ်ချ
ဆတ် နှုတ်ဆက်၍ အသီးသီးထွက်သွားကြသည်။ သူသည် သူ
အား ပွေ့ထားချင်သော်လည်း မတင်လို၊ ဒေါ်အုန်းခင်လို မိန်း
တွေရှိလျက်သားနဲ့ တမင်သွားပွေ့လျှင် သူမသိက္ခာကျရလိမ့်မ
ထိုသို့တွေးမိ၍ ဦးကျော်ဆွေ၏ အလောင်းနံဘေးတွင် ပြန်လည်
နေလိုက်ရသည်။

စိတ်ချပါ အန်ကယ်။ အန်ကယ် မရှိတော့ပေ
ကျွန်တော့်ကတိကို မဖျက်ပါဘူး။ အလောင်းအစားပွဲမှာ ကျွန်တေ
ရှုံးခဲ့သူပီပီ အရှုံးကြွေးကို ဆပ်ပါ့မယ်။ ဒါဟာ ကတိတစ်ခုကြေ





မဟုတ်တော့ဘူး အန်ကယ်။ မေ့ကို ကျွန်တော် တကယ်ချစ်မိ
သွားလို့ပါ။ မေဟာ လုံခြုံပြီး နွေးထွေးမှုတွေ၊ ငြိမ်းချမ်းမှုတွေ
ဆံနိုင်မယ့် ရင်ခွင်တစ်ခုမှာ ခိုလှုံစေရမယ်။ ဒါဟာ ကတိတစ်ခု
ကြောင့် မဟုတ်တော့ဘူး အန်ကယ်။ မေ့ကို ကျွန်တော် တကယ်
ချစ်မိသွားလို့ပါ။

မေဟာ လုံခြုံပြီး နွေးထွေးမှုတွေ၊ ငြိမ်းချမ်းမှုတွေ
ဆံနိုင်မယ့် ရင်ခွင်တစ်ခုမှာ ခိုလှုံစေရမယ်။

ဦးကျော်ဆွေသည် ဆေးရုံရောက်ပြီး Comaဝေဒနာ
ကို ဆက်လက်ခံစားရချိန် တစ်လအကြာတွင် ဆုံးပါးခဲ့သည်။
မေဂန္ဓဝင်သည် ဦးကျော်ဆွေ မဆုံးခင်အတွင်း စိတ်ပင်ပန်းရခြင်း၊
ကိုယ်ပင်ပန်းရခြင်းတို့ကြောင့် အပြင်းဖျားကာ အိပ်ရာထဲလဲခဲ့ရသည်။
ဆောရီးပဲ မေရယ်။ မင်းကို အရင်က အထင်လွဲပြီး ဖခင်ကို မုန်း
တီးနေသော သမီးတစ်ယောက်အဖြစ် ကဲ့ရဲ့မိတာ တောင်းပန်ချင်
ပါရဲ့။ တကယ်တော့ မင်းဟာ ဖခင်ကို တည်ကြည်ဖြောင့်မတ်တဲ့
ယောက်ျားကောင်းတစ်ယောက် ဖြစ်လိုစိတ်နဲ့ ယူကျုံးမရဖြစ်ပြီး
တုန်ဆောင်နေခဲ့တာပါ။ အခုတော့ သတိရချိန်တိုင်း 'ဒယ်ဒီ'
'ဒယ်ဒီ'နှင့် ရေရွတ်တတ်သော မေ့ကို ပိုပြီးတောင် ကရုဏာဖြစ်
ရပါပြီ။

ရက်လည်သောနေ့မှာ သူမ အနည်းငယ် ထူထူ
ထောင်ထောင်ဖြစ်လာခဲ့၍ အိမ်ရှိလူအားလုံးက ဝမ်းသာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမမေ ဘယ်လောက်အော်အော်ပါ၊ စိတ်ရင်းကောင်းမှန်း သိတဲ့ မတင်တို့က မဖြုံပါဘူး၊ သူက အပြောသာဆိုးတာ အပေးအကမ်း သိပ်ရက်ရောတာပဲ၊ မတင်ဆို မမမေပေးထဲ မုန့်ဖိုးတွေချည်းစုထားတာ ငါးထောင်ခြောက်ထောင်လော တောင်ရှိပြီ သိလား၊ တော်ပါသေးရဲ့ မမမေ ပြန်ပြီး နေ ကောင်းလာလို့၊ မမမေက ငယ်ငယ်ကတည်းက ချ တယ်၊ မတင်က သူ့ကို အမြဲပြုစုရတာ၊ အခုလည်း မေ မေက မတင်လက်ရာ ကြက်သားဆန်ပြုတ်ကိုမှ စားချင် တယ်ဆို မမမေကို ခဏထားခဲ့ပြီး ကိုယ်တိုင်ဝင်ချက်ရတာ"

ဖခင်အုပ်ထိန်းမှု မရှိတော့သည့် မိန်းကလေးတစ် ယောက်အား အရင်ကလို သတင်းမမေးလို၍ မတင် ပြောသမျှ နိုးနားထောင်ကာ ပီတိဖြစ်ရပြန်သတဲ့။ သိပ်ခေါင်းမာတဲ့ မိန်းက လေး၊ မာနကြီးပြီး မောက်မာတဲ့မိန်းကလေးဟု သတ်မှတ်ထား ရတဲ့ သူမကို ချစ်ခင်လေးစားသူတွေက တစ်ပုံတစ်ပင် ရှိနေသာ သူပဲ တစ်ဖက်သတ် အတွေးနဲ့များ သတ်မှတ်မိလေသလား သံသယဝင်စရာ။

ရက်လည်ပြီး နောက်တစ်နေ့တွင် သူမက သူ့အား တွေ့ချင်တယ်ဟု ဦးစောမှတစ်ဆင့် ပြောခိုင်း၍ သူမတို့အိမ်ရှိရာ ဆီ အတွေးများစွာဖြင့် လာခဲ့ရသည်။ မေက သူ့ကို နှင်ထုတ် တော့မလား၊ ရှင့်ကို အလုပ်ထုတ်ပစ်လိုက်ပြီလို့များ ပြောမလား





ဟု ပူပန်ရသေးသည်။ ညှော်ခန်းမှာ ထိုင်စောင့်တော့ တအောင့် အကြာမှာ အပေါ်ထပ်လှေကားမှ ဆင်းလာခြင်းအား မျက်ဝန်း ထောင့်မှာ ရိပ်ခနဲ တွေ့ရ၍ တမင်ပဲ လှမ်းကြည့်ပစ်လိုက်ပါ၏။ နဂိုက ခပ်ပျော့ပျော့နွဲ့နွဲ့သဏ္ဌာန်ရှိသော သူမသည် ယခုတော့ ပိုပြီး ပိန်သွယ်သွားကာ ခြေလှမ်းတွေက အင်အားမရှိသည့်ပမာ။ မတင်က နံဘေးမှ လိုက်ပါလာသော်လည်း သူမကိုတော့ တွဲမထား ချေ။

"မမမေက သိပ်စိတ်မာတာပဲ၊ မတင်ကိုတွဲဖို့ မလိုဘူးတဲ့၊ သူ့ဘာသာ ရအောင်လျှောက်မယ်တဲ့၊ မဖြိုလဲအောင်သာ အနားက လိုက်လာပေးတဲ့ သိလား"

ဟု မနေ့က မတင် ပြောခဲ့တာ သတိရမိသည်။ ဘယ်လိုအဓိပ္ပာယ်တွေ ပါဝင်တဲ့စကားပါလိမ့်။ မေ့ဘဝတစ်ခုလုံး ကို တွဲဖို့ လူမလိုဘူး။ ကိုယ့်ဘာသာ ဖြစ်အောင် တည်ဆောက် မယ်ဆိုတဲ့ သဘောလားလို့ မေးကြည့်ချင်သားပင်။

ဆိုဖာတစ်ခုမှာ သူမ ဝင်ထိုင်စဉ် ယိုင်ခနဲဖြစ်သွား၍ သူသည် အယောင်ယောင် အမှားမှားဖြင့် ထိန်းပေးမလိုဖြစ် လိုက်မိသေးသည်။

"ရတယ် ကိုလင်းခေး၊ မေ့ကို မတွဲပါနဲ့၊ မေ မကြိုက်ဘူး၊ အထူးသဖြင့် လူစိမ်းယောက်ျားတစ်ယောက်က တွဲမှာမျိုး ပေါ့".



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ဘယ်လောက် အားမနာတတ်တဲ့ စကားမျိုးလဲ။

တောက် ... ငါ့လိုကောင်မို့ ငြိမ်ခံနေတယ် မှတ်ပါ ဟု ကြိမ်းဝါးတွေးတောပစ်မိသည်။

"မေ ... ကိုလင်းခေးကို ပြောစရာရှိတယ်"

စတင်လာစပြီဟူသော အသိက ဝင်ရောက်ခြော လှန့်သည်။ ဘာဖြစ်လို့လဲဆိုရင် မေ့အနားကနေ ဘယ်ကိုမှမသွား လို၍တည်း။ မေ့ ပြောစရာများထဲတွင် သူ့ကို သူ့မ၏မျက်စိရှေ့ မှ နှင်ထုတ်ပစ်ခြင်းများ ပါနေမလား၊ အတွေးဖြင့် ကြိုတင်ရူးသွ ရပြန်သတဲ့။ ထိုအဖြစ်ကို မလိုလားခဲ့သတဲ့။

"ကိုလင်းခေး ... ဘယ်တော့ အိမ်ထောင်ပြုမှာလဲ"

ဘုရားသခင် ... ဘယ်လိုမေးခွန်းကြီးပါလိမ့်။ သူ သည် မေ့ကို နားမလည်စွာ လှမ်းကြည့်လိုက်သည်။ မေက သဲ့သဲ့ရယ်လျက် ...

"မေ့စကား လောသွားတယ်၊ ဆောရီးနော်၊ ကိုလင်းခေး ဘာလို့ ဒီလိုမေးရလဲဆိုရင် မေနဲ့ အင်မတန်သက်ဆိုင်း ကိစ္စမို့ပါ"

ရင်တွေ ထိတ်လန့်ဆောင့်ခုန်သွားပြန်သည်။

"အကယ်၍ ကိုလင်းခေးနဲ့ လက်ထပ်မယ့် မိန်းမ ယမင်း ဖြစ်ခဲ့မယ်ဆိုရင် ကိုလင်းခေးကို ဒီခြံထဲ





အိမ်ကလေးမှာ နေခွင့်မပြုတော့ဘူး၊ ပြီးတော့ မေ့ဒယ်ဒီရဲ့ လုပ်ငန်းတွေကိုလည်း ဆက်လုပ်ပေးဖို့ မလိုတော့ဘူးဆိုတာ ကြိုပြောထားချင်လို့ပါ"

"ယမင်းနဲ့ လက်ထပ်မယ်လို့ မေ့ကို ဘယ်သူပြောသလဲ"

"ဟင့်အင်း ... မေ့ကို ဘယ်သူမှ မပြောပါဘူး၊ ခုလော လောဆယ် မေ တွေ့တာ ယမင်းတစ်ယောက်တည်းကိုပဲ ကိုလင်းခေး တွဲနေလို့ပါ၊ ကိုလင်းခေးဟာ ယမင်းနဲ့ လက် မထပ်သေးခင်တော့ ဒီခြံထဲမှာ နေလို့ရပါတယ်၊ မေတို့ရဲ့ လုပ်ငန်းတွေကိုလည်း လုပ်ခွင့်ရှိပါတယ်၊ ယမင်းနဲ့ လက် ထပ်တော့မယ် ဆိုရင်တော့ ဒါတွေကို အကုန်ရပ်ဆိုင်းပစ် လိုက်မယ်လို့ မေ ကြိုတင်သတိပေးထားတာပါ၊ ဒါပေမဲ့ ကိုလင်းခေး လက်ထပ်မယ့် မိန်းမဟာ ယမင်းမဟုတ်ဘဲ တခြားမိန်းတစ်ယောက် ဖြစ်နေခဲ့ရင် မေ ဒီလိုနေခွင့်တွေ လုပ်ပိုင်ခွင့်တွေကို မရုပ်သိမ်းပါဘူး၊ ဒယ်ဒီဆန္ဒအတိုင်း ဒီအိမ်ကလေးကိုတောင် ကိုလင်းခေးကို လက်ဖွဲ့မှာပါ၊ ယမင်းနဲ့ဆိုရင်တော့ မေ့ဘက်က ဒယ်ဒီဆန္ဒကို မဖြည့်နိုင် ဘူး၊ ယမင်းကို မုန်းလို့ ဒီလိုလုပ်တာ သိလား၊ သူဟာ ကိုလင်းခေးရဲ့ဇနီးအဖြစ် မေ ဆက်ဆံရမှာကို မေ မလိုလား ဘူး၊ ဒါကြောင့် ဒီလိုသဘောထားတွေ ကြိုပြီးပြောပြထား တာပါ၊ ယမင်းကို ဘာလို့ မုန်းသလဲလို့ မမေးနဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မေ့ရဲ့ကိုယ်ရေးကိုယ်တာပဲ၊ မေ ပြောချင်တာ အဲဒါ ပါပဲ၊ ကိုလင်းခေး ဘယ်တော့ လက်ထပ်မလဲ သိချင်တာ ရယ်၊ လက်ထပ်မယ့် မိန်းမ ယမင်း ဟုတ်,မဟုတ် သိ ချင်တာရယ်၊ ကိုလင်းခေးရဲ့ ရပိုင်ခွင့်တွေ ပြောပြတာရယ် ကို လုံလောက်ပါပြီနော်၊ ကိုလင်းခေး နားလည်မှာပါ"

ဘုရား ... ဘုရား ... မေက ယမင်းကို မုန်းသတဲ့။ ယမင်းကလည်း မေ့ကို မုန်းတယ်ဟု ပြောခဲ့သေးရဲ့။ ဘာတွေဖြစ် ထားကြပါလိမ့်။ မေက ယမင်းနဲ့ လက်ထပ်မယ်ဆိုရင် သူ့ကို သည့်မှာနေခွင့် မပေးသလို အလုပ်ပါ ဖြုတ်ပစ်ရလောက်အောင် ယမင်းကို မုန်းတီးနေခဲ့တာပဲ။ သိပ်ထူးဆန်းတာပဲ။ ကိုယ်က မေ့ ကိုပဲ လက်ထပ်မှာဟု အခုချက်ချင်း ပြောချလိုက်ရင် မေတော့ အတော်လေး ပေါက်ကွဲသွားမည်။ မေ့စည်းစိမ်တွေမက်လို့ ဒယ်ဒီ လည်းမရှိရော-သည်စကားပြောပြီ မဟုတ်လားဟု ရန်တွေ့မည်။ အထင်သေးမည်။ သူ့ကို သူမနဲ့ဝေးရာကို နှင်ထုတ်မည်။ ဟင်း - ရင်မဆိုင်ရဲစရာပင် ကောင်းသေးတော့။

"ကျွန်တော် ဘယ်သူ့ကိုမှ လက်ထပ်ဖို့ မရည်ရွယ်သေးပါ ဘူး၊ ကျွန်တော် လက်ထပ်ရမယ့် မိန်းမတစ်ယောက်က အရင်ကတည်းက ရှိပြီးသားပါ၊ တစ်နေ့ကျရင် မေ့ကိုပြော ပြမယ်၊ ဒါပေမဲ့ အဲဒီမိန်းမဟာ ယမင်းတော့ မဟုတ်ပါဘူး မေ"





ဘယ်လိုမိန်းမပါလိမ့်။ သူ့ရဲ့ရည်ရွယ်ထားပြီးသား ဇနီးလောင်း ဘယ်သူဆိုတာ သိချင်ဟန်လည်းမပြ။ ခပ်တည်တည် ခပ်ငြိမ်ငြိမ်ဖြင့် ခေါင်းညိတ်လျက် ...

"ဒါဆို ကောင်းတာပေါ့ ကိုလင်းခေးရယ်၊ မေတို့ရဲ့လုပ် ငန်းတွေကို အကုန်လုံး နားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တဲ့ ကိုလင်းခေးပဲ ဒီလုပ်ငန်းတွေကို ဆက်လုပ် ပေးပါ၊ မေ ဝါသနာမပါတဲ့ စီးပွားရေးလုပ်ငန်းကို မလုပ် ချင်ပါဘူး၊ ကိုလင်းခေး ရှိနေတော့ မေ့အတွက် စိတ်အေး ရတာပေါ့၊ နောက်မို့ မေကိုယ်တိုင် ဝင်လုပ်ရမှာ၊ အဲဒီအခါ ကျရင်တော့ ဒယ်ဒီ့လုပ်ငန်းတွေကို အကုန်လွှဲပစ်မိမှာပဲ၊ လုပ်ငန်းတွေက သိပ်များရင် မေ့အတွက် မေ့ဝါသနာကို လုပ်ချိန်မရဘဲ နေမှာစိုးတယ်"

"ကျွန်တော်ပဲ ဆက်လုပ်ပေးပါ့မယ်"

"အိုကေ ... ဒါဆို မေတို့ရဲ့ဆွေးနွေးပဲ အောင်မြင်သွားပြီ ပေါ့။ မေ့ကို လိုတဲ့အကူအညီရှိရင် မတင်ကတစ်ဆင့်၊ ဒါမှမဟုတ် ဖုန်းကတစ်ဆင့် ဆက်သွယ်ပါ"

"ဘယ်လိုအကူအညီမျိုးလဲ မေ"

"ဩော် ... လက်မှတ်ထိုးရမယ့် ကိစ္စတို့၊ သက်ဆိုင်ရာ တွေနဲ့ တွေ့ဖို့လိုတဲ့ ကိစ္စတို့မှာပေါ့၊ မေ အဲဒီလောက်တော့ လုပ်ပေးရမယ် ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

သူမသည် အများတကာ ထင်ကြသလို တကယ်ပဲ အဆင့်အတန်း ခွဲခြားသော မိန်းမတစ်ယောက်တည်း။ သူ့ကို အလုပ်ရှင်နဲ့ အလုပ်သမား ဆက်ဆံပုံမျိုးအပြင် အပိုအလိုမရှိ၊ သူမ၏ချမ်းသာကြွယ်ဝမှုများကို တိုးပွားအောင် လုပ်ပေးရမည့် သူကိုတောင် တာဝန်ရှိလို့ပဲ လုပ်ပေါ့ ဟူသော မျက်နှာပေးဖြင့် ကျေးဇူးတင်စကားပင် မပြောခဲ့ချေ။ သူမ ဖြစ်ချင်တာနဲ့ လုပ်ချင်တာကို ရအောင် ပြောပြသွားသော၊ သူမ မုန်းနေသူကို မုန်းနေပါတယ်လို့ ဖြောင့်ဖြောင့်ပြောသွားသော သတ္တိများက အံ့မခန်းပါပဲ။

မေ့ကို ဘယ်အချိန်ကျမှ သူ့အချစ်တွေ ပြောပြခွင့်ရပါ့မလဲ။ မေသည် သူ့ကို နားလည်လာနိုင်သော တစ်နေ့ကျမှ ဖွင့်ပြောရပါတော့မည်။ အခုလောလောဆယ် မေသည် သူ့ကိုသိပ် ယုံကြည်သေးပုံ မရချေ။ သူမ၏စည်းစိမ်တွေကိုများ မက်မော နေမလားဟူ၍တောင် တွေးနေမလား မသိချေ။

"ထာဝစဉ်သာ ... မင်းလေး ... ကိုယ့်ဘဝပဲမို့ ... မင်း စိတ်တိုင်းကျပေါ့ အချစ်ရေ ..."

ဟူသော သီချင်းတစ်ပိုင်းတစ်စကိုတော့ ကျေကျေ နပ်နပ် ညည်းနေချင်သေးသည့် လင်းခေးပင် ဖြစ်တော့သည်။





## ၃

ထိုသို့ဆွေးနွေးကြပြီး နောက်ထပ်ရက်များစွာအတွင်း သူမနဲ့ သူတို့နှစ်ယောက် သေသေချာချာ မဆုံဖြစ်ကြတော့ချေ။ သူမ ကျောင်းတက်ရသော နေ့များတွင် သူမ၏ကားကလေးဖြင့် မောင်းထွက်သွားတတ်ခြင်းကို သူက စံပယ်ပင်တွေ ရေဖျန်းရင်း ဖြစ်ဖြစ်၊ ဝရန်တာ ထွက်ရပ်ရင်းဖြစ်ဖြစ် မြင်လိုက်သလို၊ တစ်ခါ တစ်ရံ သူမနဲ့ သူတို့ အဝင်အထွက်ဆုံရင် သူက ပြုံးပြမိမလိုလို ဖြစ်တတ်သော်လည်း သူမက ခပ်တည်တည် မျက်နှာပေးဖြင့် တုံ့ပြန်တတ်သည်။ ထိုအခါမျိုးမှာ သူသည် ဆဲဆိုဒေါသဖြစ်လျက် သူမကို မုန်းတီးရပြီး မိနစ်အနည်းငယ်အတွင်း ခွင့်လွှတ်ပြီးသား ဖြစ်နေခဲ့တတ်၏။

သူမနဲ့ ပတ်သက်ရင် သူသည် သူမ၏အမူအကျင့် တော်တော်များများကို နေသားကျနေပြီပဲ ဆိုရမလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဆွေ ရှိကတည်းက သူ့အတွက် နံနက်စာ နှင့်ညစာတို့ကို သူတို့အိမ်မှာ စားစေသည့် ထုံးစံကိုလည်း သူမက မဖျက်ပစ်ပါ။ သူ လာမစားမှာစိုး၍ ဦးစောကို အမြဲ အခေါ်လွှတ် ခိုင်းထားခြင်းတွက် သူက ကြံဖန် ပီတိဖြစ်ပြန်သည်။ သူမသည် အရင်ကတည်းက ဦးကျော်ဆွေနှင့် ထမင်းလက်ဆုံစားခဲ့၍ ထမင်း စားချိန်များမှာ ဦးကျော်ဆွေနဲ့ သူသာ ထမင်းလက်ဆုံ စားရ ပြစ်ပြီး အခုဆိုရင်တော့ ထမင်းဝိုင်းမှာ အဲခြွေအရံသင်းပင်း အပြည့်အစုံဖြင့် သူတစ်ယောက်တည်း ဖြစ်နေရခြင်းကိုတော့ ငြီးငွေ့ချင်သားပင်။

ဦးကျော်ဆွေအတွက် တစ်လပြည့် ဆွမ်းကျွေးပွဲလုပ် ရန် သူမနဲ့ တစ်ခါတော့ တွေ့ကြရသေးသည်။ သူ့ကို အစ အရာရာ လုပ်စေလိုသော သူမ၏ဆန္ဒကြောင့် ထိုဆွမ်းကျွေးပွဲကို သူပဲ ဖြစ်မြောက်အောင် လုပ်ပေးခဲ့ရသည်။ တကယ့် တကယ်ကျ တော့ သူမသည် သူမစာအကြောင်း၊ ပေအကြောင်းမှလွဲ၍ ဘာ ကိစ္စမှ စိတ်မဝင်စားခဲ့သလို ဘာမှလဲ မစီမံတတ်ချေ။ နောက်ဆုံး တော့ သူမဟာ မိန်းမတစ်ယောက်ပီပီ သူ့ကို အားကိုးရတာပဲဖြစ် ကြောင်း သိစေရမည်။

"လင်းခေး ဆိုတဲ့ကောင်ကို သိပ်ပြီးမယုံနဲ့နော်၊ လူယုံသည် လို့ သေရတယ်ဆိုတဲ့ စကားလည်း ရှိသားပဲ၊ မေဂန္ဓဝင် တို့ရဲ့ လုပ်ငန်းတွေကို စာရင်းလိမ်တွေနဲ့ အပိုင်စီးသွားရင်





မေဂန္ဓဝင် ဒုက္ခရောက်နေဦးမယ်၊ သတိထားနော်၊ ကိုယ့် လုပ်ငန်းအကြောင်းကို နည်းနည်းပါးပါးတော့ လေ့လာထား ဦး၊ ဒီကောင့်ကို စိတ်ချပြီး လှည့်မကြည့်ဘဲ မနေနဲ့"

ဟု စိုးဗလ၏ ဇော်ကားသောစကားကို တမင်ချောင်း ထောင်တာ မဟုတ်ပါဘဲ ကြားခဲ့ရသောနေ့သည် မေ့ကိုလက် ထိုးစရာ စာရွက်များပေးဖို့ သူမ၏အိမ်ဘက် လာခဲ့စဉ်ကဖြစ် ၏၊ ထိုနေ့က စိုးဗလ ရောက်နေမှန်းသိ၍ လှည့်ပြန်မလို့ ကြံ သေးရဲ့။

သို့သော် မေနဲ့ စိုးဗလတို့ အကြာကြီး စကားပြော ကိုလည်း မလိုလား၍ ဧည့်ခန်းထဲဝင်မလို့ ခြေလှမ်းပြင်ခိုက် ထိုစကားသံကို သဲ့သဲ့ကြားရခြင်းဖြစ်သည်။ မေ ဘယ်လိုများ မှာပါလိမ့်ဟု သိချင်စိတ်ဖြင့် နားထောင်မိခဲ့သေးသည်။

"အဲဒါ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ စိုးဗလ ဝင် ပြီးမစွက်ဖက်ရင် ကောင်းမယ်ထင်တယ်၊ ကျွန်မဘက်က တစ်စုံတစ်ရာသော အတိုင်းအတာအထိ လင်းခေးကို ယုံကြည်ထားတယ်ဆိုရင် စိုးဗလ ဘာမှထပ်ပြီး သတိပေး စရာ မလိုပါဘူး"

"ဩော် ... ဩော် ... ဒီလိုပဲ ဖြစ်ရမှာပေါ့လေ"

စိုးဗလသည် တမင်သက်သက်ပင် ခနဲ့သံလိုလို၊ သံလိုလိုဖြင့် ထိုစကားကို ခပ်တိုးတိုး ရေရွတ်ဟန်ပြုလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေသည် လိမ္မာပါးနပ်စွာ ထိုသို့ရှေ့တက်လိုက်ခြင်း၏ အဓိပ္ပာယ်ကို စိုးဗလအား မမေးခဲ့ချေ။

ထိုစဉ်မှာ သူက တံခါးအကွယ်မှ ညှော်ခန်းအတွင်း သို့ လှမ်းဝင်လိုက်တော့ တံခါးဝဘက်ကို ကျောပေးထားသော မေက လည်ဖင်းကလေးလိမ်၍ လှည့်ကြည့်သည်။ ထိုသို့သော ဟန်ပန်ကလေးကတော့ သူမ၏ ချစ်မြတ်နိုးဖွယ်ကောင်းသည့် မူပိုင်ဟန်ကလေးဖြစ်သည်။

"ကိုလင်းခေး ထိုင်ပါ၊ မေ ဘာလုပ်ပေးဖို့ လိုလို့လဲ၊ စာရွက်တွေ တစ်ထပ်ကြီးနဲ့"

"လက်မှတ်ထိုးဖို့ပါ၊ မေ ... ကျွန်တော် ထားခဲ့ပြီး နောက်မှ လာယူတော့မယ်နော်"

"ဟင် ... ဘာဖြစ်လို့လဲ၊ မေ အခုပဲ လက်မှတ်ထိုးပေး လိုက်ပါ့မယ်၊ သိပ်မှမများတာ၊ ကိုလင်းခေး သွားစရာ အရေးတကြီး ရှိနေလို့လား"

စိုးဗလသည် သူ့ကို စိန်ခေါ်သလို ပြုံးပြီး စီးကရက်ကို မီးညှိသည်။ သူ့မျက်ဝန်းများက စိုးဗလ၏ မျက်နှာ များထဲသို့ တည့်တည့်ပြန်စိုက်ကြည့်လိုက်သည်။ မေက ထိုအဖြစ် ကို မသိချေ။ စာရွက်များကို လှန်လှောကြည့်ရှုဖို့ ဒီဂရီမျှော် ကလေးကို ကောက်တပ်နေသည်။

"မေ အခု လက်မှတ်ထိုးပေးရမလား ကိုလင်းခေး"





"သေသေချာချာ စစ်ဆေးကြည့်ရှုပြီးမှ လက်မှတ်ထိုးပါ မေ၊ တစ်ခုခု မှားယွင်းသွားရင် မေနဲ့ ကျွန်တော်တို့ကြား မှာ အထင်လွဲစရာတွေ ဖြစ်ကုန်မှာစိုးရိမ်တယ်၊ ကျွန်တော် တို့ လူရင်းတွေကြားမှာ စိတ်ဝမ်းကွဲစရာတွေ ဖြစ်သွားမှာ လည်း မလိုလားပါဘူး"

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့၊ အဲဒါကို မေ နားလည် ပါတယ်၊ ကဲ ... ဒါဆိုလည်း ကိုလင်းခေးရဲ့သဘောအတိုင်း မေ သေသေချာချာ ဖတ်ပြီးမှ လက်မှတ်ထိုးပါ့မယ်နော်၊ ဘယ်တော့လောက် ပေးရမလဲ၊ ပြောပါဦး"

"မနက်ကျရင် ကော်ဖီဝိုင်းမှာ ပေးနိုင်ပါတယ်၊ မတင်ကို ဖြစ်ဖြစ် ဒေါ်အုန်းခင်ကိုဖြစ်ဖြစ် ပေးထားချင် ပေးထားခဲ့ ပါ မေ"

ထူးဆန်းလိုက်တာ။ မေသည် သူ့ကို ဖော်ဖော်ရွေရွေ ...င်ရင်းနှီးနှီးလေသံဖြင့် စကားပြောနေသတဲ့။ သေချာတာ တစ်ခု ...တော့ စိုးဗလရှေ့မှာ့ တမင်ဟန်ဆောင်တာပဲဖြစ်မည်။ မေ ...ည် အခုနောက်ပိုင်းတွေမှာ စိုးဗလနဲ့ ခပ်ကင်းကင်းဖြစ်အောင် ...င်နေတတ်တာ သူ သတိထားမိသည်။ စိုးဗလသာ အိမ်လာ ...ည်တတ်ပြီး မေက တစ်ခါတလေ ရှိလျက်သားနဲ့ "မရှိပါဘူး" ...မတင်ကို ပြောခိုင်းတတ်တာလည်း သူသိသည်။ အရင်ဆို ...သကားနဲ့ အပြင်ထွက်သွားချင် ထွက်သွားတတ်သော မေ့ကို



www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်းတွေမှာ လုံးဝလိုလို တွဲမတွေ့ရတော့ချေ။ သူမသည် ဣန္ဒြေသိက္ခာကို သိပ်ဂရုမစိုက်လွန်းသော မိန်းမတစ်ယောက်ဖြစ်၍ ဖခင်မရှိတော့သော သမီးတစ်ယောက်အနေနှင့် ဆင်ခြင်တာလည်း ဖြစ်ချင်ဖြစ်မည်။

ပြီးတော့ သူ့ကို ဝေဖန်အပြစ်တင်ချင်သော စိုးဗလကို သူ့ဘက်က ရပ်တည်၍ ကာကွယ်ပြောဆိုခြင်းကြောင့် သူမ၏စိတ်နေသဘောထားက ခန့်မှန်းရ ခက်သားပင်။

"ကိုလင်းခေး ဘယ်သွားစရာရှိသေးလဲ၊ မေ တိုင်ပင်စရာ နည်းနည်းရှိလို့"

"ဘယ်မှ သွားစရာတော့ မရှိပါဘူး၊ မေ့မှာ တိုင်ပင်စရာ ရှိတယ်ဆိုရင် တိုင်ပင်နိုင်ပါတယ်၊ ဘယ်တော့ လာရမလဲ"

"ခဏလေး ထိုင်စောင့်"

ဘာသဘောနဲ့ပါလိမ့်။ စိုးဗလ ရှိနေသားနဲ့ ညှော်သည်ကို အားမနာစွာ သူမနဲ့ သူတို့ ဆွေးနွေးတိုင်ပင်စရာရှိကြောင်း ပြောပြီး စောင့်ခိုင်းပြန်သတဲ့။ စိတ်ထင်ရာကို စွတ်လုပ်နေတော့ တာပဲ မေရယ်။ စိုးဗလဟာ ဘယ်လိုလူစားလဲလို့ မသိဘဲနဲ့ သည်လိုမျိုး နှစ်ယောက်တည်း တိုင်ပင်စရာရှိတယ်လို့ ပြောလိုက် တာ မေ မှားသည်။ အကယ်၍ စိုးဗလက အပြင်မှာ သွားပြော လေလွှင့်ပြောလျှင် သူမ နစ်နာမည်ကိုလည်း သတိမထားပါလား





"ကဲပါ ... ကိုယ် ပြန်ဖို့သင့်ပြီထင်ပါရဲ့၊ မေဂန္ဓဝင်တို့ ဆွေးနွေးရမယ့်ကိစ္စတွေ တစ်ပုံတစ်ပင် ရှိနေမှန်း မသိလို့ပါ၊ ဆောရီး ... ဆောရီးနော်၊ သွားလိုက်ပါဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့ မေဂန္ဓဝင်"

စိုးဗလအား သူနဲ့ သူမတို့က တိတ်ဆိတ်စွာ လိုက်ငေးကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် စိုးဗလ၏ကား ဆောင့်ခနဲ မောင်းထွက်
သွားသောအခါ ခပ်တိုးတိုး ကျိတ်ရယ်လိုက်တော့သည်။ သူ
သည်လို တစ်ခါမှ သူ့ရှေ့မှာ မရယ်စဖူးဖြစ်၍ သူက အံ့သြ
သည်။ ထိုသို့လွတ်လပ်သော ဟန်ပန်ဖြင့် ရယ်မောလိုက်ပြန်တော့
သူမက ချစ်စဖွယ်ကောင်းပြီး မြတ်နိုးစွာ ခပ်ဖွဖွကလေး နမ်း
ချင်လောက်အောင် ဆွဲဆောင်လွန်းလှသည်။

"မေ့မှာ ဘာမှတိုင်ပင်စရာမှ မရှိတာ ကိုလင်းခေး၊
စိုးဗလကို ပြန်စေချင်လို့ တမင်ဖန်တီးလိုက်တာ သိလား
အင်မတန် အကြွားသန်တဲ့ ယောကျ်ား၊ ကိုယ့်ကိုယ်ကိုယ်
အထင်ကြီးတဲ့ ယောကျ်ားတစ်ယောက်ကို မေ ဆက်ပြီး
ဧည့်မခံချင်တော့ဘူး၊ ဘယ်လိုနည်းနဲ့ မောင်းထုတ်ရမလဲ
လို့ စဉ်းစားနေတာ ကိုလင်းခေး ရောက်လာတာနဲ့ အဆော
ပဲဖြစ်သွားတယ်၊ မေက သူ့ကို မတော်တဆလေး ပြန်
လိုက်တာနဲ့ ပြီးတော့ သူ ကျောင်းဆက်မတက်တော့





ကို သတင်းမေးမိတာနဲ့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့
ဘဝမြင့်ပြီး မေ့ကို လာရောနေတာ"

မယုံကြည်လောက်စရာပင်တည်း။ မေက သူ့ကိုဖွင့်
တိုင်ပင်သတဲ့။ မေက စိုးဗလကို လက်မခံဘူးတဲ့။ သူသည်
တော်လေး စိတ်အေးသွားသလိုတော့ ရှိသားပင်။ အမှန်တော့
ပ်တော့မဆိုင်လှချေ။ မေက စိုးဗလကို မရွေးချယ်ဘဲ တခြား
စ်ယောက်ကိုကော ရွေးချယ်မှာ မဖြစ်နိုင်ဘူးလား။ သူမှလွဲရင်
ယ်တခြားတစ်ယောက်ကိုမှ မရွေးချယ်စေလိုသော သူ့အတွ
ကြောင့် မေသည် သူ့ကိုပဲ ရွေးချယ်စေရမည်။ မေက သူ့ကိုပဲ
ရမည်။ သူသည် တကယ်ပင် မေ့ဘဝကို ပိုင်ဆိုင်ခွင့်ရသော
ပဲ ဖြစ်ရမည်။

"မေနဲ့ စိုးဗလက သူငယ်ချင်းတွေ မဟုတ်ဘူးလား"

"ဟင့်အင်း ... ဘယ်က ဟုတ်ရမှာလဲ၊ မေ့မှာ ယောကျ်ား
လေးသူငယ်ချင်းမှ မရှိတာ၊ မေ့မှာ အကြောင်းရှိလို့
သူ့ကို လက်ခံစကား ပြောနေတာ၊ ဘယ်အကြောင်းလဲလို့
တော့ မေ မပြောချင်ဘူး"

"မေ့ကို တစ်ခုအကြံပေးမယ်၊ လိုချင်ရဲ့လား မသိဘူး"

သူမသည် ခြေထောက်ချိတ်ထိုင်၍ ဆိုဖာလက်တန်း
လက်ထောက်ရင်း လက်ဖဝါးထဲ မေးစေ့တင်ကာ ခေါင်းညိတ်
သည်။ သည်လိုမျိုး သူမနဲ့ ရင်းနှီးနွေးထွေးစွာ စကားပြောခွင့်



www.burmeseclassic.com

www.burmeseclassic.com



ကို အမြဲရနေချင်သားပင်။ မလွယ်တော့ဘူး မေရယ်၊ ကြာ
ကိုယ် ဖွင့်ပြောမိတော့မယ် ထင်ပါရဲ့၊ မေ့ဆီက အထင်လွဲမှ
လည်း ရချင်ရမယ် ထင်ပါရဲ့။

"ပြောနေ ... မေ နားထောင်နေပါတယ်"

"စိုးဗလက မေ့ကို လက်ထပ်ဖို့ ခွင့်တောင်းပြီးပြီ
မတောင်းသေးဘူး ဆိုရင်တော့ မေ ဘာမှငြင်းလို့ရ
မဟုတ်ဘူးမျှော်၊ တကယ်လို့ တောင်းပြီးပြီဆိုရင်တော့
တစ်ခါတည်း အပြတ်ငြင်းလိုက်ဖို့ အကြံပေးချင်တ

"အင်း ... ဟုတ်တယ်၊ သူက အဲဒီစကားကို လုံးဝမ
သေးလို့ ခက်နေတာပေါ့၊ မေ့မှာ အခံရခက်ခက်
သူ့ကို လက်ခံစကား ပြောနေရတာ၊ သူက အင်
အမြင်ကတ်စရာကောင်းတဲ့ ယောကျ်ားပဲ၊ လူလည်
မေ့ကို ဒီစကားပြောတော့ မေက ထုတ်ပြောပြီး ငြင်
ဘယ်ရမလဲ"

သူသည် သိချင်လွန်းလှသော စကားတစ်ခွ
မေးဖြစ်အောင် မေးလိုက်ဖို့ တွေးတောကြံဆလျက် ...

"မေ့မှာ ရည်ရွယ်ထားပြီးလူရှိရင် ရှိနေကြောင်း သွယ်
ပြီး ပြောပြလိုက်ပါလား"

ဟု ပြောမိလျှင် သူမသည် ခါးခါးသီးသီး ခေါ
၍ သူ့စကားကို ကန့်ကွက်လေသည်။





"မလိုဘူး၊ မေ့မှာ ရည်ရွယ်ထားရမယ့်လူ လက်တွဲရမယ့်လူ မလိုဘူး၊ မေက ဘဝကို တစ်ယောက်တည်းနဲ့ဖြစ်အောင် တည်ဆောက်မယ်၊ မေ့ကို တစ်စုံတစ်ယောက်နဲ့ လက်တွဲဖို့စကားမျိုး ဘယ်တော့မှ အကြံမပေးပါနဲ့"

"ဘယ်ဟုတ်မလဲ၊ ဘဝဆိုတာ တစ်သမတ်တည်း ဖြစ်လိမ့်မယ်လို့ မေ ယုံကြည်သလား၊ တစ်နေ့နေ့မှာ တစ်မျိုးတစ်ဖုံတော့ ပြောင်းလဲတတ်စမြဲပါ မေ၊ အဲဒီအခါကျရင် မေ တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းရမှာထက် မေ့ရဲ့ခင်ပွန်း ယောကျ်ားတို့၊ မေ့ရဲ့မျိုးဆက်သစ်တို့က နံဘေးမှာ အဆင်သင့် ရှိနေခဲ့မယ်ဆိုရင် မေ့အတွက် တစ် ငပ်ဘစ်အားဖြစ်လိမ့်မယ်၊ သူတို့က မေ့ရဲ့အခက်အခဲဝေ ကို ကူညီဖြေရှင်းပေးလိမ့်မယ်"

"ဟင့်အင်း ... မေက အခက်အခဲဆိုရင်လည်း တစ်ယောက်တည်း စိတ်ညစ်ခံပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြေရှင်းရမှာပဲ၊ အဲဒီအခက်အခဲကို မေက ရှုံးသွားသည်ဖြစ်စေ၊ နိုင်သွားသည်ဖြစ်စေပေါ့၊ ကဲ ... ကိုလင်းခေး၊ မေတို့ရဲ့စကားဝိုင်းကို ဒီမှာတင်ရပ်လိုက်ကြရအောင်၊ ကိုလင်းခေးနဲ့ မေတို့က စိတ်သဘောထားချင်း သိပ်မကိုက်ညီတော့ဘူးလို့ မေ ထင်တယ်၊ ဟုတ်ရဲ့လား"

အပြောရကျပ်လိုက်တဲ့ မိန်းမ။ ခေါင်းမာလိုက်တဲ့ မိန်းမ။ ပခုံးနှစ်ဖက်ကို လှုပ်ယမ်းပစ်တော့မတတ် ဒေါသဖြစ်ရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေဟာ ဘာဖြစ်လို့ သည်လောက်တောင် အယူအဆလွဲမှားနေရတာလဲ။ သေချာတာ တစ်ခုတော့ရှိသည်။ သူမ၏ဖခင် ဦးကျော်ဆွေကြောင့် ယောက်ျားတိုင်းကို အထင်သေးစိတ်၊ မုန်းတီးစိတ်၊ မယုံကြည်စိတ် ဖြစ်နေခြင်းကြောင့်တည်း။ သူမဘဝမှာ ယောက်ျားတစ်ယောက်၏ လိမ်ညာဖြားယောင်းမှုကို ကျဆုံးရခြင်းကို မဖြစ်စေချင်ခြင်း၊ ယောက်ျားတစ်ယောက်ကို အလုပ်အကျွေးပြုရသော မိန်းမ မဖြစ်စေချင်ခြင်း၊ ယောက်ျားတစ်ယောက်ကို မှီခိုရခြင်းတည်းဟူသော အဖြစ်မျိုးကို မရောက်စေချင်ခြင်းတွေသည် သူမ၏မိခင် ခံစားခဲ့ရသော ဝေဒနာများကို အမြဲလိုလို နားထောင်နေရသော သမီးတစ်ယောက် ဖြစ်ခဲ့ရသောကြောင့်ဖြစ်မည်။

"ကိုယ်က မမြလေးကို လူပျိုဟန်ဆောင်ပြီး ပိုးပန်းခဲ့မိတယ်၊ တကယ်တော့ ဒါဟာ ကိုယ့်ရဲ့အတ္တစိတ်ကြောင့်ပါ။ ကိုယ်က မမြလေးကို တကယ်ချစ်ခဲ့တာကို မမြလေးလည်း သေတဲ့အထိ နားမလည်ခဲ့ဘူး၊ သမီးကလည်း အခုချိန်ထိ နားမလည်ခဲ့ဘူး"

ဟု ဦးကျော်ဆွေသည် သူ့ကို တိုင်တည်ညည်းညူခဲ့ဖူးခြင်းအား အမှတ်ရလျက် သူမကို အလိုလို ခွင့်လွှတ်ပေးမိချင်သားပင်။ မေဟာ "အချစ်"ဆိုတာကို ခံမယ်လားနိုင်ခဲ့တာတော့ အံ့ဩစရာကောင်းသားပင်။

◆ ◆





# ၄

"ကိုလင်းက ဘာမျှော်လင့်ချက်နဲ့ အဲဒီဒိန်းမံဆီမှာ သူ့အကျိုးစီးပွားကို ဆက်လုပ်ပေးနေရ... ၊ ကိုယ့်အပေါ် အင်မတန် မောက်မပြီး နှိမ့်ချဆက်ဆံ မိန်းမရဲ့ဩဇာကို ခံနေရတယ်လို့၊ ပြောပါဦး ဘာဖြစ်လို့လဲ၊ လစာကောင်းလို့လား၊ အလုပ်ရှာမရမှာ စိုးလို့လား၊ အဲဒီက ထွက်လိုက်ရို့ ကိုလင်းမှာ အလုပ်မရှိတော့ဘူးဆိုတာ မဖြစ်စေရဘူး၊ ယမင်း အဒေါ်ဆီမှာ သွင်းပေးလို့ရတယ်"

"ကိုယ့်ကို အားကိုးတကြီး အကူအညီတောင်းလို့ပါ"

သူသည် ယမင်းကို မှသားသုံးရခြင်းအား လိပ်ပြာ...သန့်နေတာကိုတော့ ယမင်းမသိချေ။ ဘာမျှော်လင့်ချက်လဲတဲ့။ ...သူမဆီမှ "အချစ်"တစ်ခုကိုသာ မျှော်လင့်နေတယ်ဆိုတာ ယမင်း ...သိလျှင် ...။ ဟင့်အင်း ... မဖြစ်သေးပါဘူး။ ယမင်းကတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



မေ့ဆီ သည့်စကားရောက်သွားရင်တော့ မကြုံချင်သော အဖြစ်မျိုး
ကြုံရဦးမည်။

"အဲဒါ မေ့ထက် မေ့ရဲ့စည်းစိမ်တွေကို မက်လို့ပြောတာ
မဟုတ်လား"

ဟု သူမ ရှုပ်စွဲမည်။ စွပ်စွဲတော့ရော ဘာဖြစ်သလဲ
တကယ်ဟုတ်မနေရင် ပြန်ငြင်းဆန်ပြရမှာပေါ့။ သို့သော် ထူးဆန်း
သားပင်။ သူ့ကို ခိုင်မာတောင့်တင်းပြီး သတ္တိဆိုလျှင် မြူမှုန်
တောင် လျော့မနေသော ယောကျ်ားတစ်ယောက်သည် ပျော့ပျောင်း
နွဲ့နွဲ့ကလေးဖြင့် ရူးရှုသော မျက်ဝန်းများ ပိုင်ဆိုင်သော၊ မာန
ကြီးသော နှုတ်ခမ်းများ ပိုင်ဆိုင်သော၊ ထက်မြက်သော မျက်ခုံး
များရှိသော မေဂန္ဓဝင်ကို ရင်ဆိုင်ရမှာ မဝံ့မရဲ ဖြစ်သတဲ့။

"အကူအညီ တောင်းတယ် ဟုတ်လား၊ မဖြစ်နိုင်တာပဲ
မေဂန္ဓဝင်ဟာ အင်မတန် မာနကြီးပြီး သူတစ်ပါး အကူ
အညီကို တောင်းခဲ့တယ်၊ ယူလည်းယူခဲ့တယ်ဆို၊ အတယ်
၍ ကိုလင်းက မလုပ်နိုင်တော့ပါဘူး၊ အလုပ်ထွက်မယ်ဆို
ရင် ခြေသလုံးဖက်ပြီး တောင်းပန်မယ့် မိန်းမတော့မဟုတ်
ပါဘူး"

"နေစမ်းပါဦး၊ ဒါ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စ
ဘာအကြောင်းနဲ့ ဒီလိုလုပ်လုပ်ပေါ့၊ ယမင်းမှာ စွက်ဖက်ပိုင်
ခွင့် မရှိဘူး၊ ကိုယ် မေးရဦးမယ်၊ မင်းနဲ့ မေ့ကြားမှာ ဘာ





မကျေမလည် ဖြစ်စရာရှိလို့ ဒီလောက်တောင် အာဃာတ
ကြီးနေရတာလဲ၊ အခုနောက်ပိုင်း ယမင်းက ကိုယ်နဲ့တွေ့
တိုင်း တခြားအကြောင်းထက် မေ့အကြောင်းကို ပိုစိတ်ဝင်
စားနေသလိုပဲ"

ယမင်းဟာ တစ်ဆိတ် သူတစ်ပါးကို မနာလို မရှု
ဆိတ်တဲ့စိတ် များလွန်းတယ်။ ယမင်းဟာ သူ့အပေါ် တိမ်းညွတ်
နေတယ်ဆိုတာ ရိပ်မိနေပေမယ့် တကယ်တော့ သူလည်း ဖွင့်ပြော
ခွင့်မရှိ၊ သူမလည်း အဖြေပေးစရာလည်း မလိုဘဲ သူ့ကို ပိုင်စိုး
ပိုင်နင်း အမိန့်ပေးချင်တာတော့ လွန်လွန်းတယ်။ မှန်တာတော့
ခံခဲ့ရပါဦးမည်။ သူ့ဘဝမှာ မေတစ်ယောက်သာ လွှမ်းမိုးခြယ်
လှယ်ပိုင်ခွင့်နှင့် သူ့ကို အမိန့်ပေးတားမြစ်ပိုင်ခွင့် ပေးခဲ့ဖူးသည်။
အဲဒါ လင်းခေးရဲ့ အတ္တတည်း။

"မေဂန္ဓဝင်က တော်တော် ဆေးကောင်းတာပဲ"

"ဘာ ... ယမင်း ... ဘာပြောလိုက်တယ်"

ယမင်းသည် ခွက်ထိုးခွက်လန် ရယ်ချလျက် ...

"ကိုလင်း ဆေးမိနေပြီလို့ ပြောတာ၊ အဲဒီဆေးက မေဂန္ဓဝင်
ကျွေးထားတဲ့ဆေး၊ ပြီးတော့ ဆေးစွမ်းတယ်၊ သူ့အနားက
ဘယ်မှမသွားနိုင်အောင် ကိုလင်းကို ချည်နှောင်ထားနိုင်တဲ့
ဆေးပဲ၊ အားကျစရာကြီး"

"အောက်တန်းကျတဲ့ စကားတွေ မပြောစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှက်ရမ်း ရမ်းမိမလို ဖြစ်သွားသည်။ နောက်တော့ သတိဖြင့် ဒေါသကို ထိန်းချုပ်ကာ ပြန်ထိုင်ချခြင်းအား ယမင်းက သံဝေဂရဟန်ဖြင့် တိတ်ဆိတ်စွာပြုံးလျက် ငေးကြည့်၏။ ယမင်းဟာ သတိနဲ့ ဆက်ဆံရမယ့် မိန်းမပဲ။ အင်မတန် ဝန်တိုမစ္ဆရိစိတ်များတာပဲ။ ရုပ်ရည်ကလေးနဲ့မှမလိုက်။ မကောင်း ... မလည်း သည်လိုပါပဲ။ မိန်းမတွေဟာ အကုန် သည်အတိုင်း စိတ်ဓာတ်မွေးကြတယ်ထင်ရဲ့။ သို့သော် ယမင်းကျတော့ အပြစ်မြင်ပြီး မေ့ကိုတော့ အမြဲခွင့်လွှတ်တတ်ခြင်းကတော့ သူ့ရဲ့ ချွတ်ယွင်းအားနည်းချက်ပင် ဖြစ်လေသည်။

"ယမင်း အောက်တန်းမကျပါဘူး၊ အမှန်တွေ ပြောနေတာ မေဂန္ဓဝင်ဟာ ကိုယ့်ကိုယ်ကိုယ် ဣန္ဒြေသိက္ခာ သိပ်ကြီးတဲ့ မိန်းမအဖြစ် အပြင်ပန်း ဟန်ဆောင်ကောင်းနေတာပါ၊ တကယ့် တကယ်တော့ တန်ဖိုးမရှိတဲ့ မိန်းမပါ၊ ကိုလင်းနဲ့ ဘယ်လိုအခြေအနေ၊ ဘယ်လိုပုံစံမျိုးနဲ့ ပတ်သက်နေသလဲဆိုတာ ယမင်း မသိဘူး မထင်ပါနဲ့၊ ယမင်း သတင်းရပ်ကွက်မှာလည်း လာပြောမယ့်သူတွေက အဆင်သင့်ပါ"

သွေးကြောတွေ ဖူဦးခနဲ ဖြစ်သွားသည်။ နားထင်ကြောတွေ တဖျစ်ဖျစ် မြည်လာတော့သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်စဉ် ယမင်းသည် ...

"ရှင်တို့ တိတ်တိတ်ပုန်း ညားနေကြပြီ မဟုတ်လား"





ဟု ထပ်မံ စော်ကားလိုက်ပြန်လျှင် သူသည် ဝုန်းခနဲ ထရပ်ပစ်လိုက်တော့သည်။ ငါ့တစ်သက်မှာ သည်လောက်စော်ကားတာမျိုး မခံခဲ့ရဘူး။ ယမင်းဟာ အင်မတန်မှ မိုက်ရိုင်းတဲ့မိန်းမ၊ စိတ်ဓာတ်ညံ့ဖျင်းတဲ့ မိန်းမ။

"စိုးဗလကို သိမှာပေါ့၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါလို့ တချို့လူတွေ ပြောကြသလို မေဂန္ဓဝင်နဲ့ပတ်သက်ဖူးတဲ့ ယောကျ်ားတစ်ယောက်ဟာ ယမင်းနဲ့ မတော်တဆ မိတ်ဆွေတစ်ယောက်ရဲ့ မိတ်ဆက်ပေးမှုကြောင့် သိကျွမ်းခဲ့ကြတယ်၊ အံ့သြစရာကောင်းတာက သူက ယမင်းကို သိနေတာပဲ၊ ဘာဖြစ်လို့ သိနေလဲဆိုတော့ ကိုလင်းနဲ့ပတ်သက်တဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့ သိနေတာတဲ့၊ စိုးဗလက မေဂန္ဓဝင်ကို စိတ်ဝင်စားနေခဲ့တယ်၊ ဟင်း ဟင်း ... ဒါပေမဲ့ အခုတော့ နောက်ဆုတ်သွားခဲ့ပြီတဲ့၊ မေဂန္ဓဝင်နဲ့ ကိုလင်းတို့ဟာ ဦးကျော်ဆွေ မရှိတော့တဲ့အချိန်ကတည်းက ညားနေခဲ့ကြတာ ကြာပြီလို့ သူသိသွားတဲ့အကြောင်း ယမင်းကို လာပြောပြတယ်၊ ဒါကြောင့် ယမင်း ပြောနိုင်တာပေါ့၊ မေဂန္ဓဝင်ဟာ အလကားမိန်းမ၊ တန်ဖိုးမရှိတဲ့ မိန်းမ၊ နောက်ပြီး ..."

"တော်စမ်း ... ယမင်း၊ အဓိပ္ပာယ်မရှိတဲ့ အောက်တန်းကျတဲ့ စကားတွေ ရပ်စမ်း၊ ဒီလို သမုတ်ကြတာတွေ မ



www.burmeseclassic.com

www.burmeseclassic.com



သိသွားခဲ့ရင် ဘယ်လောက် ဝမ်းနည်းလိမ့်မလဲ၊ မင်းဟာ မိန်းမချင်း ကိုယ်ချင်းမစာဘူး"

"ကိုယ်ချင်းမစာနိုင်ပါဘူး၊ သူ့ကို ယမင်း မုန်းတယ်၊ သူဟာ ယမင်းကို အနိုင်ပိုင်းသွားတဲ့ မိန်းမမို့ ယမင်း သူ့ကို သိပ်မုန်းတယ် ... သိလား၊ ကိုလင်းသာ မမုန်းဘဲနေ၊ တစ်သက်လုံး မိန်းမတစ်ယောက်ရဲ့ အရိပ်ကိုခိုနေ၊ သိလား"

သူ့ကျောဘက်၌ ယမင်း လှောင်ရယ်သံက ကျန်ရစ်ခဲ့၏။ သူ့အတွက် အတော်လေး မခံချိမခံသာ ဖြစ်စေခဲ့သော စကားများဖြင့် ယမင်းက နှိပ်စက်ခဲ့သည်။ သူ့ရဲ့သိက္ခာကို စော်ကားခံရသည်။ ယမင်းဟာ သည်လိုအစားထဲက မိန်းမမှန်း စောစောကတည်းကသိရင် ကောင်းသား။ အခုတော့ မိန်းမတစ်ယောက်ရဲ့ ဟားတိုက်ကဲ့ရဲ့ခြင်းကို ရရှိခဲ့ပြီ။ ဘယ်လိုပဲရှင်းရှင်း ယုံမှာမဟုတ်တာ၊ ထိုမိန်းမရဲ့ ထပ်မံစော်ကားမယ့် စကားတွေကို နားမထောင်ချင်တော့ပါ။ ဘုရား ... ဘုရား ... သူတို့အကြောင်းတွေ ဘယ်သူတွေကိုများ ပြောထားပြီးကြပြီလဲ။ လူဆိုတာ မကောင်းတဲ့ အကြောင်းအရာဆိုရင် အရသာခံ ပြောတတ်ကြတဲ့ ထုံးစံအတိုင်း မေ့လို နာမည်ကျော်ကြားသော မိန်းမတစ်ယောက် အကြောင်းဆိုလျှင် ... ဟင့်အင်း ... မေ့ကို စိတ်ဆင်းရဲစရာတွေနဲ့ ရင်မဆိုင်စေချင်ပါ။ အကယ်၍ မေများ သိခဲ့ရင် မေ ဘယ်လောက် အားငယ်ရှက်ရွံ့လိုက်မလဲ။





မဖြစ်တော့ဘူး မေ၊ မဖြစ်တော့ဘူး။ တစ်ခုခုကို သတ္တိရှိရှိ ရင်ဆိုင်မှ ဖြစ်တော့မယ်။ မေ့ကို ကိုယ့်ရဲ့အချစ်တွေ ဖွင့်ပြောပြီး အခြေအနေသစ်တစ်ခုကို ဖန်တီးမှ ဖြစ်တော့မယ်။ မေဟာ သူ့အချစ်တွေကို နားလည်လာသည်အထိ သေသေချာချာ ရှင်းပြပြီး ဖွင့်ပြောရမယ်။ မေ့ကို အထီးကျန်ဘဝထဲမှာ ဘိုလူနဲ့သမုတ်၊ သည်လူနဲ့ သမုတ်ခံရတာမျိုး မဖြစ်စေချင်ဘူး။ မေ့ကို ဂုဏ်သိက္ခာ မထိခိုက်စေရဘူး၊ မေဟာ အောင်မြင်မှုနဲ့ အညွန့်တလူလူ ဖြစ်နေတဲ့သူ၊ သည်လိုစကားတွေကြောင့် မေ့ရဲ့ အောင်မြင်မှုကို နှောင့်ယှက်ခံရမှာ စိုးရိမ်တယ်၊ မေ့ကို ဘယ်လောက်တောင် တန်ဖိုးထား ချစ်ခဲ့တယ်ဆိုတာ မေ့ကိုပြောပြမှ ဖြစ်တော့မည်။

သူ့အချစ်ကြောင့် မေ့ဘဝ ငြိမ်းချမ်းစေရမည်။ သည့်စုံနွေးထွေးသွားစေရမည်။ မေ့ပတ်ဝန်းကျင်မှာ ရက်စက်ရင့်သီးသော စကားများကိုမကြားစေရ၊ မေဟာ သူမလိုချင်တဲ့ ဘဝတစ်ခုမှာ ဂုဏ်သိက္ခာရှိစွာ စံစားစေရမည်။ ကဲ ... မေရေ၊ ကိုယ့်ကို စေတနာ စည်းစိမ်တွေကိုမက်လို့ သည်စကားပြောတာ မဟုတ်လားလို့ ထင်ခဲ့ဖို့ ပြင်ဆင်ပေတော့။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ရယ်စရာတော့ ကောင်းသားပင်။ မေ့ကို သည်တစ်ခါ သေသေချာချာဆုံရရင် ဘယ်လို ရင်ဖွင့်ပစ်လိုက်မယ်၊ ဘာတွေပြောပြမယ်နှင့် စိတ်အားထက်သန်ကာ သတ္တိတွေကောင်း နေသလောက် သူမကို ရင်ဆိုင်တွေ့ဖို့လည်း မကြိုးစားမိ၊ ရင်ဆိုင် ရမှာလည်း မရဲပြန်၊ စိတ်ပျက်စရာကောင်းတာက သည်ရက်ပိုင်း အတွင်းမှာ လက်မှတ်ထိုးရမယ့် ကိစ္စတို့၊ အစည်းအဝေးကိစ္စတို့၊ ဆုကြေးငွေကိစ္စတို့ကလည်း မရှိချေ။ နံနက်မိုးလင်းလို့ ကော်ဖီ ဝိုင်းမှာဖြစ်ဖြစ်၊ ထမင်းဝိုင်းမှာဖြစ်ဖြစ်၊ ညနေစာ 'ထမင်းစားရှင် ဖြစ်ဖြစ် တွေ့ရခဲမှန်း၊ တွေ့လည်း မတွေ့နိုင်မှန်းသိလျက် မျှော် လင့်နေမိပြန်သတဲ့။

နောက်တစ်ခု ပြောပြရဦးမည်။ ညဘက်တိုင်းမှာ အရင်ကလို ခပ်တိုးတိုး ဂစ်တာတီးပြီး သီချင်းဆိုခြင်းကို ပြောင်းလဲ ပစ်ပြီး ခပ်ကျယ်ကျယ် တီးတတ်၊ ဆိုတတ်လာခြင်းတည်း။ တစ်ခါတစ်ရံ မေ့အခန်းကလေးမှာရှိသော မီးရောင်ကလေးကို ကြည့်ပြီးသီချင်းဆိုရတာ ခိမ်ရှိလှသလို တစ်ခါတစ်ရံတော့ မီးမှောင်

သော အခန်းကလေးကိုကြည့်ပြီး လွမ်းဆွတ်စွာ သီချင်းဆိုရတတ် သည်။

"သူ့ရုပ်က ညိုချောပဲ ... မြင်သူငေးလို့ မဝတယ်"

ဆိုသော သီချင်းကလေးဖြင့် မေ့ကို ရည်ရွယ်ပါ သည်။ တစ်ခါတလေတော့ ...

"မယ်မဒ္ဒီလေလား ... မှားမိတယ်၊ သူကကွယ် သိပ်ချော၊ ချောလွန်းတယ် ... ကေသာလေးက ပိတုန်းရောင်ခြယ်၊... လှနိုင်လွန်းတယ် ... ကာရန်လေးရယ်"

ဟူ၍ မေ့ဆံပင်များအား ဖွဲ့နွဲ့သီဆိုရပါသည်။ စ်ခါတစ်ရံ မဟုတ်ဘဲ ညတိုင်းလိုလိုမှာတော့ ...

"မေ ... ကိုယ့်ဘဝရဲ့အားလုံးကို ... စိုပြည်လာအောင် ဖန်တီးဖို့စွမ်းတယ် မေ ..."

ဟူသော သီချင်းတည်း။ သည်လောက်ဆို မေလည်း း‌ကလေးတစ်ယောက်ပီပီ ရိပ်မိနင့်ရောပေါ့။ ရယ်တော့ ရယ် ကြီးပါပဲ။ မေ့မျက်နှာကို မမြင်ရ၍တော့ သည်လိုမျိုး ပိုးပန်း း‌သမှုကို ရဲရဲဝံ့ဝံ့ လုပ်ရဲသော်လည်း မေ့မျက်နှာကိုများ မြင်ရရင် ည်သတ္တိတွေ ထွက်ပြေးသွားတတ်တာပဲ ဖြစ်သည်။ အရင်ကဆို ယ်ချင်းတွေက သူတို့ကြိုက်တဲ့ ကောင်မလေးကို လိုက်မပြော ဘူးတို့၊ ဖွင့်မပြောရဲဘူးတို့ ကြားရရင် အားပေးခဲ့သလောက် တော့ တကယ်ပင် ဝင့်လည်ချေပြီ။







www.burmeseclassic.com

www.burmeseclassic.com



မေ့မှာ ချစ်စရာကောင်းတဲ့ စရိုက်ကလေးလည်းရှိသည်။ အဲဒါကတော့ ကလေးတွေကိုချစ်သည့် မိခင်စိတ်ဓာတ် အပြည့်အဝ ရှိခြင်းတည်း။ တတိယနှစ် မြန်မာစာဂုဏ်ထူးတန်း ကျောင်းသူကြီး မေဂန္ဓဝင်သည် မြန်မာစာပါမောက္ခကြီးလည်း ဖြစ်ချင်သတဲ့။ ကလေးတွေအတွက် နာမည်ကြီးမူကြိုကျောင်း တစ်ကျောင်းလည်း တည်ထောင်ဦးမတဲ့။ အခု လောလောဆယ် တော့ တီဗီမှာ ထပ်မံ၍လွှင့်ဖို့ ပြင်ဆင်နေသော သူမ၏ ပုံပြင် တစ်ပုဒ်အတွက် သရုပ်ဆောင်မည့် ကလေးတွေကို ဆိုလွယ်အော သင်ပေးဖို့ စန္ဒရားတစ်လုံးနှင့် အလုပ်ရှုပ်နေတတ်သော မေ့ ကလေးတွေ ခြံရံလျက် အေးချမ်းစွာ တွေ့နေရသည်။ သြော် မေဟာ သူမရဲ့အတင်းအဖျင်းကို သတင်းလုပ်ပြီး ပြောဆိုနေ တာ မကြားမိသေးဘူးထင်ပါရဲ့။ ကလေးတွေက မေ့ကို "ဆရာမ" ဟု ခေါ်တတ်တာ သဲ့သဲ့ကြားရ၍ ...

"သဒ္ဒါကပိုသည် ... ဆရာမကိုပဲ ... အသည်းစွဲအောင်
ချစ်မိသည်"

ဟု သူက ခပ်နောက်နောက်ကလေး ဆိုပြရ သည်။ မေတော့ ဘယ်လိုရှိရှိမှဲ့မည် မသိချေ။ သူက သီချင်း မှောင်ထဲမှာသာ အော်ကျယ်ဟစ်ကျယ် ဆိုမိပြီး နံနက်ဆိုရင် ကို မျက်နှာချင်းဆိုင် တွေ့မိမှာတော့ အင်မတန် ရင်ခုန်ပြီး ရှိ ကြောက်ရွံ့သတဲ့။





ယမင်းနှင့် စကားများပြီး သူနဲ့ ယမင်းတို့ ခွာပြဲ သွားကြသလို မေ့ဆီလည်း စိုးဇလ လာတာ မတွေ့တော့ချေ။ ကောင်းတယ်၊ သည်လိုပဲ ဖြစ်သင့်တာပေါ့။ သူက အတွေးများပြန် သည်။ သူ့အတွက် ထိုခဲ့သို့ ကြည်နူးရင်ခုန်ရခြင်း၊ မျှော်လင့် တမ်းတရခြင်းနှင့် မေ့ကို ချောင်းမြောင်း၍ မြတ်နိုးခွင့်ရခြင်းတို့က သိပ်မကြာခင်မှာ ဖြိုခွင်းခံလိုက်ရလေသည်။ လုံးဝမမျှော်လင့်ထား ခဲ့သော အဖြစ်အပျက်တစ်ခုတည်း။

ဟုတ်သည်၊ သူတောင် လုံးဝမမျှော်လင့်ခဲ့သော သည်လိုကိစ္စကြီးဟာ ဖြစ်ခဲ့ရတော့ မေ့ရဲ့သံသယများဖြင့် စွဲချက် တင် အပြစ်ဖွဲ့ခြင်းကို မခံယူလိုပါပဲ သူ ရင်ဆိုင်လိုက်ရတော့သည်။ ဒေါသများဖြင့် ပေါက်ကွဲကာ စွပ်စွဲ ပြောဆိုသော မေ့ကို သည် တစ်ခါ အရင်ကလို မနာကြည်းမိတော့ချေ။ ကံကြမ္မာကိုသာ ဖြစ်စေ နာကြည်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သတင်းဆိုးကို အရင်ဆုံး ရင်ဆိုင်ရမှာ သူပဲဖြစ်သည်။ သူ့ရုံးခန်းဆီသို့ ရဲအရာရှိတချို့ ဝင်ရောက်လာခြင်းကြောင့် ဒါမှာ ဘာရာဇဝတ်မှုများ ကျူးလွန်ထားတာရှိပါလိမ့်ဟူ၍တောင် တုန်လှုပ်မိခဲ့သေးသည်။

"လူကြီးမင်းဟာ ဒီကုမ္ပဏီရဲ့ ပိုင်ရှင်လား"

သူက အလျှင်အမြန် ငြင်းဆန်လိုက်သောအခါ –

"ဒါဆို ဘယ်သူလဲ"

ဟု ရဲအရာရှိက ထပ်မံမေးမြန်းတော့ ...

"ဒေါ်မေဂန္ဓဝင်ပါ၊ အရင်ကတည်းက ဒီကုမ္ပဏီက သူ့နာမည်ပဲ ပေါက်ပါတယ်၊ ဒါပေမဲ့ လုပ်ငန်းကိစ္စ အဝဝကို ကျွန်တော့်ကို Special power လွှဲထားပြီးသားပါ၊ ဆွေးနွေးစရာရှိရင် ကျွန်တော့်ကို ဆွေးနွေးနိုင်ပါတယ်"

ထိုအခါ ရဲအရာရှိက ခေါင်းခါသည်။ ဘာဖြစ်လို့ပါလိမ့်ဟု သူက မျက်မှောင်ကြုတ် စဉ်းစားမိပြန်သည်။ ထို့နောက် ရဲအရာရှိသည် ...





"လူကြီးမင်းကို ပြောပြပါဆိုရင်တော့ ပြောပြမှာပါ၊ ဒါပေမဲ့ အဓိကတာဝန်ရှိသူက ပိုင်ရှင်နဲ့ပဲ ဆိုင်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ကို ပိုင်ရှင်ဆီ ဆက်သွယ်ပေးနိုင်မလား"

"ဘာဖြစ်လို့လဲ ခင်ဗျ၊ ကျွန်တော့်ကို အရင်သိခွင့်ပေးမလား"

ရဲအရာရှိသည် ခေါင်းညိတ်၍ လည်ချောင်းတစ်ချက်ရှင်းလိုက်သေးသည်။ သူ့ယူနီဖောင်းက သပ်ရပ်လှသည်။ သူသည် လူဆိုးတစ်ယောက်၏ ပြစ်ချက်များကို လွယ်လွယ်ကူကူ ရှာတွေ့နိုင်သည့် မျက်လုံးများကို ပိုင်ဆိုင်လေသည်။

"လူကြီးမင်းတို့ရဲ့ ဂန္ဓဝင်ကုမ္ပဏီက ပို့လိုက်တဲ့ ကုန်တွေကို ကုန်တင်ကားငါးစီးနဲ့ ပြင်ဦးလွင်ကို တင်ပို့လိုက်တယ်နော်၊ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ်၊ ကုန်ကားတွေ ဘာဖြစ်သွားလို့လဲ"

မေ့ရဲ့ပိုင်ဆိုင်မှုကို တစ်စွန်းတစ်စမှ မလျော့ပါးလိုသော သူက စိုးရိမ်တကြီး မေးမိသည်။

"ကုန်တင်ကားတွေ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ကုန်တင်ကားနံပါတ်(––––)နဲ့ ကားနံပါတ်(––––)တွေမှာ ဘိန်းဖြူထုပ်တွေ ရှာဖွေတွေ့ရှိပြီး စုစုပေါင်း ကီလိုဂရမ်(––)ရှိတာကို သိရပါတယ်၊ ဒါရိုင်ဘာနဲ့ ရှေ့ခန်းမှာပါတဲ့ အဖော်တွေကိုမေးတော့ သူတို့ သယ်လာပါတယ်လို့ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပေးကြတယ်၊ ဒါကြောင့် လုပ်ထုံးလုပ်နည်းအရ ပိုင်ရှင်ကို စစ်ချက်ယူရဦးမှာမို့ ကျွန်တော်တို့ လာခဲ့ကြတာပါ"

ဘုရားသခင် ... ဒါဟာ ... ဒါဟာ ရာဇဝတ်မှုပါလား။ ဥပဒေနဲ့ ငြိစွန်းနေပါလား။ တစ်သက်လုံး တစ်ခါမှတောင် စိတ်မကူးခဲ့ဖူးတဲ့အလုပ်။ တောက် ... မိုက်ရိုင်းလိုက်ကြတာ ဘယ်သူတွေ ခိုးသယ်ကြတာလဲ။ ကားတွေထွက်ခါနီးအထိ အထပ်ထပ် စစ်ဆေးခဲ့ကြသေးတာပဲ။ သူသည် အနည်းငယ်တွေဝေ တော့ ရဲအရာရှိသည် အပြစ်ရှာချင်ဟန် မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်လိုက်၍ ဣန္ဒြေဆည်လိုက်ရသည်။

"...ါမေဂန္ဓဝင်ကို တွေ့ချင်ပါတယ်၊ လိပ်စာပေးလိုက်နိုင် မလား၊ လူကြီးမင်း လိုက်ပို့မလား"

မေ ...၊ ဟင့်အင်း ... မေတစ်ယောက်တည်း ဖရဲ အမှုအရာတွေနဲ့ ရင်ဆိုင်ရမှာ မလိုလားဘူး။ ကိုယ်မဟုတ်ပါဘဲ စွပ်စွဲအထင်ခံရမှာ စိုးရိမ်တယ်။ မေ့ကို အတတ်နိုင်ဆုံး ကာကွယ်မယ်။ အကယ်၍ အမှုမှန်မပေါ်ခဲ့ဘူးဆိုရင်တောင် မေ့ရှေ့မှာ မားမားရပ်ပြီး အဖမ်းခံလိုက်မယ်။ အရာရာကို သတိကြီးစွာ ပြောဆိုဖို့ မေ့ကို နံဘေးကနေ ဖေးမရမယ်။

ထို့နောက် သူနဲ့အတူ ရဲအရာရှိတို့ သူမ၏ဂန္ဓဝင် စံအိမ်သို့သွားရန် သဘောတူလိုက်ကြသည်။ ရဲအရာရှိနဲ့ တွဲထွက်





လာသော သူ့ကို ကုမ္ပဏီက လူအတော်များများ လေ့လာအကဲခတ်ကြလေသည်။ အတော့်ကို ရှက်စရာကောင်းလိုက်တဲ့ အဖြစ်ပဲ။ မေ ရင်ဆိုင်နိုင်ပါ့မလားဟု သူ့အတွက်ထက် မေ့ကိုပိုပြီး ပူပန်ရပြန်သည်။

"ပိုင်ရှင်မှာ တာဝန်ရှိလို့ နည်းနည်းပါးပါး စစ်ဆေးမေးမြန်းမှာပါ၊ တရားခံကတော့ ဒရိုင်ဘာနဲ့ သူ့အဖော် စုစုပေါင်း လေးယောက်လို့ အကြမ်းဖျင်း တွက်ဆထားပြီးသားပါ၊ ဒါပေမဲ့ တချို့ကိစ္စတွေမှာ ပိုင်ရှင်ကိုယ်တိုင်၊ ဒါမှမဟုတ် ကြီးကြပ်အမိန့်ပေးသူကိုယ်တိုင်က တမင်လုပ်ခိုင်းတတ်တာမျိုးလည်း ရှိတယ်ဆိုတော့ မီးခိုးကြွက်လျှောက် အားလုံးကို အစဖော်ရတော့တာပေါ့"

စိတ်ချ ... မေဟာ ဘယ်တော့မှ သည်လောက် ...မ်နုပ်ညှံ့ဖျင်းတဲ့ အလုပ်ကို လုပ်ခိုင်းဖို့၊ စိတ်ကူးရှိဖို့ဝေးစွ ... ...မှာ ကုမ္ပဏီ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်း၊ ဟိုတယ်လုပ်...၊ ဆေးခန်းကြီးတွေ တည်ထောင်သည့်လုပ်ငန်း၊ မီနီမားကတ်...ွ ဖွင့်သည့်လုပ်ငန်း စသည်ဖြင့် လုပ်ငန်းပေါင်းများစွာရှိတာ...ာင် သိပုံမရချေ။ မေက လောဘနည်းတဲ့မိန်းမ။ သူမရဲ့ဝါသနာ...သာ အကောင်အထည်ဖော်ခွင့် ရနေရင် အရာအားလုံးကို မေ့...ထားတဲ့ မိန်းမ။ ပြီးတော့ သူသည်လည်း မေ့လုပ်ငန်းတွေကို ...က်ဝါးကြီးအုပ်ပစ်လျှင်ရလျက် မအုပ်ခဲ့။ အမြတ်ထုတ်ပြီး ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲထည့်လျှင် ရလျက် မထည့်ခဲ့သော ငွေကြေးဥစ္စာထက် မေ့ကို အင်း ... ရှင်းရှင်းပြောရလျှင် မေ့အချစ်ကိုသာ လိုချင်တပ် မက်သော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း ကိုယ်စောင့်နတ် သိပါသည်။ ဘုရားသခင်သိပါသည်။ အမှန်တရားဆိုတာ ဖုံးကွယ် ထားလို့ မရပါဟု သူက ယုံကြည်လျက် စိတ်ကိုလျှော့ချလိုက်ပါ သည်။

မေ့ကို သူမ၏အိမ်မှာ စန္ဒရားတီးနေခြင်းနှင့် ... လိုက်ရသည်။ မေသည် သူ့အား မေးမြန်းသလိုကြည့်တော့ သူ က အသာနေဟု မျက်ရိပ်ပြကာ ထိုင်ခိုင်းလိုက်၏။

"အဲဒါ ဒေါ်မေဂန္ဓဝင်ပါပဲ"

ရဲအရာရှိသည် အတော်လေး အံ့ဩသွားဟန်ရှိသည်။ အသက်လေးဆယ် ငါးဆယ် မိန်းမတစ်ယောက်ဟု ထင်ထားခဲ့ ပါရဲ့။

"ဒေါ်မေဂန္ဓဝင်ကို စစ်ဆေးမေးမြန်းစရာလေး နည်းနည်းရှိ လို့ပါ"

"ရှင် ... ကျွန်မ ဘာများပတ်သက်နေလို့လဲ"

"ဒီလိုပါ ခင်ဗျ"

ဟု ရဲအရာရှိက စတင်ပြောပြလျှင် မေသည် တဖြည်းဖြည်းဖြင့် နားလည်သိရှိလာကာ မျက်မှောင်တွေကြုတ် လာ၏။ နှုတ်ခမ်းသားတို့ကို ပြတ်ထွက်မတတ် သွားတို့ဖြင့်ကိုက်





ထားသေးသည်။ ဟင့်အင်း ... မေ သည်လိုမလုပ်နဲ့။ မေ့နှုတ်ခမ်း ကလေးတွေ သွေးစို့လာလိမ့်မည်။ သူက တားမြစ်ချင်လျက် မတားရဲခဲ့ပါ။ မေ့မျက်နှာပြင်တွင် ရှက်ရွံ့နာကြည်းဟန်များ ပြည့် နက်လာခဲ့သည်။

ကြည့်ရတာ ... မေတော့ သူမ၏ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အတွက် ဒေါသဖြစ်လာပုံရသည်။ အဲဒါ ကိုယ်လုပ် တာ မဟုတ်ဘူး မေ။ ကိုယ် လုံးဝမသိခဲ့တဲ့ ကိစ္စတစ်ခုပါ။ ဘယ် အချိန်ကတည်းက သည်လူတွေ ဒါမျိုးလုပ်နေသလဲ မသိပေမယ့် သည်တစ်ခါတော့ စစ်ဆေးရေးအဖွဲ့နဲ့ တိုးသွား၍ အပြစ်တွေပေါ် ကုန်ခြင်းက ကောင်းသလား၊ ဆိုးသလား မဝေခွဲတတ်ပါ။ အခု လောလောဆယ်မှာတော့ ရဲအရာရှိတွေ ပြန်သွားရင် သူ့ကိုစွပ်စွဲ အပြစ်တင်တော့မည့် မေ့စကားတွေကို ရင်ဆိုင်ရပါဦးမည်။ မေ့ ကို နားလည်အောင် ရှင်းပြရပါဦးမည်။

ထင်ဘဲ့အတိုင်း သူတို့အား ရဲအရာရှိများက စစ် ဆေးပြီး ပြန်သွားသောအခါ မေနဲ့သူ့ကြားတွင် ကြောက်မက်ဖွယ် ပြောင်းလဲသွားသော အခြေအနေတစ်ခုကို ရင်ဆိုင်လိုက်ရကြောင်း သိခွင့်ရတော့သည်။

"မေ ... ကျွန်တော် ပြောပြမယ်"

ဟု သူက စတင်ခြင်းအား မေသည် မနာခံစွာ ကျားသစ်မကလေးတစ်ကောင်လို မာန်ဖီလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာလဲ၊ ဘာတွေ ပြောပြမှာလဲ၊ ကျွန်တော် မသိပါဘူး၊ ဒီကိစ္စမှာ ကျွန်တော် မပါပါဘူး၊ ဒီကောင်တွေ လုပ်ကြတာပါ၊ ကျွန်တော့်မှာ ဒီလိုရည်ရွယ်ချက်မျိုး မရှိခဲ့ပါဘူး ဆိုတာတွေ မဟုတ်လား၊ ရှင် ဘာတွေရှင်းပြတော့မလဲဆိုတာ ရှင့်မျက်လုံးကို ကြည့်လိုက်ကတည်းက သိပြီးသားပါ၊ မေကန္တ ဝင်တို့ ဒီထက်အ,ရင် အသက်ရှူနေဖို့တောင် မကောင်းတော့ဘူး"

"မဟုတ်ဘူး ... ကျွန်တော် မေ့ကိုညာနေတာ မဟုတ်ဘူး၊ မေ့ကို အဖြူစင်ဆုံး စေတနာနဲ့ လုပ်ငန်းတွေ အကုန်လုံး အဘက်ဘက်က အောင်မြင်တိုးတက်အောင် လုပ်ပေးခဲ့ပါတယ်၊ မေ ... ဒီကိစ္စဟာ တကယ်ပဲ ကျွန်တော့်ဘက်က ပေါ့ဆသွားလို့ ဖြစ်ခဲ့တဲ့ ကိစ္စပါ"

"ကြိုတင် မဖုံးဖိထားမိခဲ့ဘူးပေါ့၊ ရှင်က တပည့်မွေးတဲ့နေရာမှာတော့ ဒယ်ဒီခြေရာ မီသားပဲ၊ တပည့်တွေက ရှင်ပါ ဒီအမှုထဲ ပါနေမှာစိုးလို့ သူတို့ပါလို့ ဖန်ခံကြသား"

"တကယ်ပါ မေ၊ မေယုံအောင် ဘယ်လိုပြောရပါ့မလဲ မေရယ်၊ မေ့ကို ဒီလိုအမှုအခင်းတွေနဲ့ မကြုံစေချင်ပါဘူး မေ့ဘဝ အေးအေးချမ်းချမ်း နေစေချင်လို့ အရာရာတိုင်းအတွက် ခေါင်းရှုပ်ခံပြီး ဦးစီးလုပ်ပေးနေခဲ့တာပါ၊ အထင်မလွဲပါနဲ့ မေ၊ ပြဿနာဆိုတာ ကြုံတတ်စမြဲပေမယ့် ဓ





ဟာ ကိုယ့်ရဲ့စည်းစိမ်တွေကို စောင့်ရှောက်ပေးနေတဲ့ လူတစ်ယောက်ကိုတော့ အထင်လွဲပြီး မပြစ်မှားပါနဲ့၊ မေ ဒုက္ခ မရောက်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါတယ်"

သူမသည် ဒေါသကြီးစွာ စားပွဲပေါ်မှာ တင်ထားသော ဖန်ပန်းအိုးကလေးအား ကောက်ယူ၍ နံရံသို့ ပစ်ပေါက်လိုက်သည်။

သူက မေ့ဒေါသကို ဘယ်လိုနည်းနဲ့များ ဖြေသိမ့်ရပါ့မလဲဟု ကမန်းကတန်း ကြံစည်ရသေးရဲ့။ သို့သော် အချည်းနှီးတည်း။ မေက သူ့ကို ပြင်းထန်ဆူပွက်သော ရန်တွေ့စကားများဖြင့် တစ်စစီ ခြွေမွခဲ့လေသည်။

"ရှင့်လောက် စိတ်ဓာတ်ညံ့ဖျင်းတဲ့သူ ကမ္ဘာမှာ မရှိတော့ဘူး၊ ဒယ်ဒီကို အယုံသွင်းတယ်၊ ပြီးတော့ ဒယ်ဒီ့လုပ်ငန်းတွေကို ခြယ်လှယ်တယ်၊ အမြတ်ထုတ်နေရင်လည်း ထုတ်နေခဲ့မှာပေါ့၊ ပြီးတော့ ဒယ်ဒီ ဆုံးသွားတာကို အခွင့်ကောင်းယူပြီး ရှင်က ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တော့တာပေါ့၊ ရှင့်ကို မောက်မောက်မာမာ ဆက်ဆံမိတဲ့ ကျွန်မကို အငြိုးကြီးကြီးနဲ့ထောင်ထဲသွင်းဖို့ ကြံစည်တယ်၊ အဲဒီ့တိုင်ခင်က ကျွန်မကို မြှူဆွယ်ဖြားယောင်းခြင်းမျိုးစုံနဲ့ အပိုင်ချိုင်ဖို့ စဉ်းစားသေးတယ် မဟုတ်လား။ ရှင် မငြင်းနဲ့၊ ညတိုင်း ဂစ်တာတီးတာ၊ သီချင်းဆိုတာတွေဟာ ဘယ်သူ့ကိုရည်



www.burmeseclassic.com

www.burmeseclassic.com



ရွယ်သလဲဆိုတာ အားလုံး သိကြတယ်၊ ကျွန်မကို ဒီလို နည်းနဲ့ မြူဆွယ်ပြီး ရှင့်မယားဖြစ်အောင် သိမ်းသွင်းမယ်၊ ကျွန်မစည်းစိမ်တွေကို သိမ်းမယ်၊ အကြံက ပိုင်ပါ့၊ လူလည်းသိမ်း၊ ပစ္စည်းလည်းသိမ်းမှာပေါ့၊ ကျွန်မဘက်က ရှောင်မှန်းလဲသိရော ရှင်က တစ်ဖက်လှည့်နဲ့ ကျွန်မကို ဒုက္ခရောက်အောင် လုပ်ပစ်တာပေါ့၊ ကျွန်မ ဒုက္ခမရောက်ခင် ရှင့်လက်ထဲမှာလည်း ငွေသိန်းပေါင်းများစွာ ပိုက်သွားရအောင် ဒီအကြံအစည်ကို လုပ်တာပေါ့၊ ကဲ ... ဘာတစ်ခု များ မှားနေသလဲ၊ ကျွန်မ စွပ်စွဲတာ မဟုတ်ဘူး၊ အမှန်တွေချည်း ရွေးပြောနေတာ၊ ဒယ်ဒီ လူရွေးတာ မှားသွားတဲ့အကြောင်း ဒယ်ဒီ မသိခဲ့ရှာဘူး၊ ကျွန်မကို သူ့ရဲ့သစ္စာရှိလှစွာသော တပည့်ကြီးနဲ့ စိတ်ချထားခဲ့တယ်ဆိုတာ မှားတယ်လို့ ပြန်ခေါ်ပြီးတော့င် ပြလိုက်ချင်သေးရဲ့"

သူ့ရင်တွေ နာကျင်ကြေမွရသည်။ လည်ချောင်းထဲမှာ ဆို့နင့်ကာ မျက်ရည်တွေ တစ်ချက်ဝေ့ခနဲ့တောင် ဖြစ်ရသည်။ ထင်ရက်လိုက်တာ မေရယ်။ မေ့လောက် ဘယ်မိန်းမကိုမှ သည်လောက် ့သည်းမခံဖူးဘူး၊ အောက်ကျမခံဖူးဘူး၊ အပင်ပန်းခံပြီး အကျိုးစီးပွားကို စိတ်ရောကိုယ်ရောနှစ်ပြီး မလုပ်ပေးဖူးဘူးဆိုတာ မေ နားမလည်သေးဘူးကွယ်။ မေ့ကို ဘယ်တော့မှ အတွက်အချက်နဲ့ ကြံစည်သိမ်းပိုက်မယ့်လူစား မဟုတ်ဘူး။ မေ့ဆီက လက်ထပ်





ယ်ဆိုတဲ့ စကားထက် ချစ်တယ်ဆိုတဲ့စကားကိုသာ လိုချင်ခဲ့တာပါဟု ပဲ့တင်ထပ်အောင် ရင်ထဲမှာ အော်ဟစ်နေရလွန်းသည်။

"ရှင် ကျွန်မရဲ့ပတ်ဝန်းကျင်က ထွက်သွားဖို့သင့်ပြီ၊ ရှင့်မျက်နှာကို နောက် ဘယ်တော့မှ မမြင်ပါရစေနဲ့၊ ရှင်ထွက်သွားပါ"

"မသွားနိုင်ဘူး မေ၊ မေ့ကို ဒုက္ခတွေကြားမှာ ထားမသွားနိုင်ဘူး၊ ကျွန်တော် ထွက်သွားရင် မေတစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းရမှာ ကျွန်တော် မလိုလားဘူး"

သူက အလန့်တကြား ငြင်းဆန်တော့ သူမသည် ယုံအကြည် ကင်းမဲ့စွာ သူ့ကို ထိုးနှက်သော စကားများကို ပ်မံပြောဆိုခဲ့ပြန်သည်။

"မကြားချင်ဘူး၊ အဲဒီလို မြူဆွယ်ဖြားယောင်းတဲ့ စကားတွေ မကြားချင်ဘူး၊ စိတ်ထဲက မပါဘဲ အပြင်ပန်း ဟန်ဆောင်ပြောတဲ့ စကားတွေထဲမှာ နစ်မြုပ်သွားရလောက်အောင် ကျွန်မ မအ,ဘူး"

"ကျွန်တော် ဟန်ဆောင်ပြောနေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ မေရဲ့၊ မေ့ကိုချစ်လို့ သိရဲ့လား မေ၊ မေ့ကို ကိုယ့်ဘဝတစ်ခုလုံးနဲ့ ပုံပြီးတော့တောင် ချစ်တယ်၊ မေ့ကို ဒီပြဿနာကြီးကြောင့် မနစ်နာစေရဘူး၊ မထိခိုက်စေရဘူး၊ မေ့ရှေ့မှာ မားမားရပ်ပြီး ထောင်ထဲဝင်ပော့ဆိုရင် ကိုယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မေ့အစား ကိုယ်မလုပ်ဝံ့ဲ ကိစ္စတစ်ခုကို ဟန်ဆောင်ဝန်ခံပြီး ထောင်ထဲဝင်ဖို့ ကိုယ် ဘယ်မှမသွားဘူး၊ မေ့ကို ဒီအမှုနဲ့ တကယ်မသက်ဆိုင်ကြောင်း၊ ကိုယ်လုပ်ပေးရဦးမယ်၊ မေ ဘယ်လောက်နှင်နှင် မသွားဘူး၊ မေ ... မေ့ကို ချစ်လို့ ... မေ့ကိုချစ်လို့ မသွားဘူး"

အနှစ်နှစ် အလလက တစ်နေ့ ဖွင့်ပြောမယ်ဟု အားခဲထားခဲ့သော လှပဆန်းကြယ်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ စကားတစ်ခွန်းသည် အခုတော့ ပဋိပက္ခတွေကြားမှာ ပေါက်ကွဲပွင့်အန်လာခဲ့ပြီ။ သူ့အတွက်တော့ မေ့ဆီမှ ရှက်ရွံ့ပီတိဖြစ်နေမည့် မျက်နှာကလေးကို မတွေ့ခဲ့ရချေ။ ဒေါသတကြီး မာန်ဖီနေသော ကျားသစ်မတစ်ကောင်ကဲ့သို့ စိမ်းကားမုန်းတီးသည့် မေ့သဏ္ဍာန်သာ တွေ့ခွင့်ရခဲ့သည်။

"လူလိမ်၊ ရှင်ဟာ အလကားလူ၊ မိန်းမတစ်ယောက်ရဲ့ စည်းစိမ်ကို မက်တာနဲ့ အချစ်ဆိုတဲ့စကားကို ဗန်းပြနေတဲ့ လူ၊ မယုံဘူး၊ ရှင့်စကားကို ကျွန်မ တစ်သက်လုံး မယုံဘူး၊ သိပ်ရယ်စရာကောင်းလိုက်တဲ့ အဖြစ်ပဲ၊ ရာဇဝတ်မှု ကျူးလွန်မိတာနဲ့ အမျိုးမျိုး လိမ်စရာကုန်တော့ ဒီစကားနဲ့ လိမ်တာဆေ၊ ဝမ်းနည်းပါတယ်၊ တစ်ဆိတ် မှတ်ထားလိုက်စမ်းပါ၊ မေဂန္ဓဝင်ဟာ အချစ်ကိုကိုးကွယ်တဲ့ ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး ဆိုတာပဲ"





"ရပါတယ် မေ၊ မေ မယုံပါနဲ့၊ ကိုယ့်အချစ်ကို မယုံပါနဲ့၊ ဒါပေမဲ့ တစ်ခုတော့ ကိုယ် မေသိအောင် ပြောခဲ့မယ်၊ အဲဒါကတော့ ဒီအမှုဟာ ကိုယ်တို့နဲ့ မသက်ဆိုင်ကြောင်း သက်ဆိုင်ရာအစိုးရက လက်ခံသွားတဲ့အထိ မေ့ဘက်က ရပ်တည်ပေးဖို့ ကိုယ် ဒီခြံထဲက မသွားနိုင်သေးဘူး၊ မေ ကိုယ့်ကို နှင်ထုတ်ဖို့ မကြိုးစားနဲ့ဦး၊ မေ ထပ်ပြီးနှင်ထုတ်စရာလည်း မလိုဘူး၊ ဒီအမှုအားလုံး ပြီးဆုံးသွားရင် မေ့သဘောဆန္ဒအတိုင်း ကိုယ် ထွက်သွားပါ့မယ်၊ ကိုယ့်ကျေးဇူးရှင် အန်ကယ့်ဂုဏ်သိက္ခာကို ထိန်းသောအားဖြင့်၊ မေ့ဂုဏ်သိက္ခာကို ထိန်းသောအားဖြင့်၊ ပြီးတော့ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ထိန်းသောအားဖြင့် ဒီအမှုကို ကိုယ်တို့နဲ့မသက်ဆိုင်ကြောင်း အားလုံးကို အသိပေးပြီးမှ ကိုယ်သွားမယ် မေ"

"ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ရှင် မြန်မြန်ထွက်သွားစမ်းပါ၊ ရှင့်မျက်နှာကို မမြင်ချင်ဘူး"

မေသည် သူ့အသည်းကို ဆုတ်ယူခြေမွသလို ဖြစ်စေသော ထိုစကားကို ထပ်ခါတလဲလဲ အံသံပျောက်သွားသည်အထိ အော်ဟစ်ကာ ပြိုလဲသွားတော့သည်။ မေ့ကို အရိပ်လိုဝေးက စောင့်ကြည့်နေတတ်သည့် မတင်က ဆိုဖာပေါ် ပြိုလဲသွားတော့ မေ့ဆီပြေးလာ၍ သူက မေ့ကို ဆီးပွေ့ထားရင်း



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းအစုံကြားမှာ မြင်နေသည့် ခက်ထန်သော မျက်နှာက လေးအား နှမြောတသစွာ တစ်ချက်ငုံ့ကြည့်လျက် ...

"မေ့ကို အနားယူခိုင်းလိုက်ပါ မတင်၊ ဆရာဝန်ကို ကျွန် တော် ဖုန်းဆက်လိုက်မယ်"

ဟု မတင်အား မှာကြားခဲ့သည်။ ထို့နောက် သူ သည် သူ့ဘဝတွင် သူမကို ချစ်မိသည့်အချစ်က စူးရှနက်ရှိုင်းစွာ သူ့နှလုံးသားထဲကို ထိုးဖောက်ဝင်ရောက်ခြင်း ခံခဲ့ရသလို သူမ၏ အမုန်းကတော့ သူ့ဘဝတစ်ခုလုံးကို ဝါးမျိုခြင်း ခံလိုက်ရကြောင်း ကျေနပ်စွာ တွေးတောမိခဲ့သည်တဲ့။





အပိုင်း(၃)

စူးရှ၍ နက်ရှိုင်းသော

www.burmeseclassic.com

www.burmeseclassic.com



၁

မေသည် စားပွဲပေါ်တွင် နေရာယူလျက် တွေ့ရ
သော စာရွက်စာတမ်းထည့်သည့် ဖိုင်တစ်ထပ်ကြီးကို မှန်းတီးမှာ
စိုက်ကြည့်ပစ်လိုက်သည်။ ထို့နောက် ဒေါသတကြီးဖြင့် တစ်ချက်
တွန်းချပစ်လိုက်တော့ စာရွက်ဖိုင်က စားပွဲ၏အဝေးတစ်နေရာသို့
လွင့်စဉ်သွားလေသည်။ သည်လိုမျိုးစားပွဲနှင့် ဝေးရာကို ရောက်
သွားတော့ကော ဘာထူးမှာလဲ၊ မလုပ်ဘဲ ထားလို့ရတာမှ မဟုတ်
တာ၊ နောက်တော့ မေပဲ လုပ်ရမှာပဲ၊ ငါ့လောက် လောကကြီး
မှာ ကံဆိုးတဲ့မိန်းမ မရှိတော့ဘူး၊ ကိုယ့်ဝါသနာထက် မလုပ်ချင်
တဲ့ စီးပွားရေးအလုပ်တွေ လုပ်နေရတယ် ... တွေနှင့် နာကြည်း
ပြန်သည်။ အခန်းထဲက အသံတချို့ကြောင့် မေ့ကို အမြဲပဲ
ကြည့်နေတတ်သည့် မတင်က တံခါးကလေး အသာထွန်း
ထချောင်းကြည့်၏။ ထို့နောက် မေ့ကို ဝင်ခွင့်တောင်းဟန်
လှမ်းအကဲခတ်လေသည်။





"မတင် ... ဖိုင်ကိုပြန်ကောက်ပြီး စားပွဲပေါ်တင်ပေးပါ"

မတင်သည် မေ့အမိန့်ကို နာခံလျက် ဖိုင်ကိုစားပွဲ
ပေါ် ပြန်တင်ပေး၏။ စိတ်ဖောက်ပြန်ချင်လာပြန်ကာ ဖိုင်ကိုလွှတ်
ပစ်လိုက်ဖို့ ထပ်မံစိတ်ကူးမိသော်လည်း အသိတရားတို့က အလျင်
အမြန် ထိန်းချုပ်နိုင်ခဲ့သည်။

တော်ပြီ ... သည်ကုမ္ပဏီကြီးကို ဖျက်သိမ်းပစ်မယ်၊
ရှိသမျှ လုပ်ငန်းတွေ အကုန်ရပ်ဆိုင်းပစ်လိုက်မယ်၊ ငါ့ဝါသနာကို
ပဲ ဇောက်ချလုပ်တော့မယ်။ မေဂန္ဓဝင်ဟာ မြန်မာစာမိခင်ကြီးပေါ့။
ဘေးကဗျာတွေ၊ ဆိုလွယ်ဘေးတွေ၊ ပုံပြင်စာအုပ်တွေ ရေးသား
တဲ့ ထူးခြားတဲ့ စာရေးဆရာမပေါ့၊ ဒယ်ဒီ့ စည်းစိမ်တွေက ဘာ
မလုပ်ဘဲနဲ့တောင် ထိုင်စားလို့ရတာဟု မိုက်မိုက်ကန်းကန်းလုပ်
ကြည့်ချင်သားပင်။

သို့သော် ... မျိုးရိုးဗီဇဆိုတာက ပယ်ဖျောက်ပစ်ရန်
ခက်ခဲလေစွ။ ထိုသို့လုပ်ကြည့်ချင်သော်လည်း မြန်မာတစ်ပြည်လုံး
မှာ ရှိသမျှလူသားတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလှတဲ့ ဂန္ဓဝင်
ကုမ္ပဏီကို အကြောင်းပြချက်မရှိဘဲ ရပ်ဆိုင်းပစ်ဖို့ သတ္တိမရှိပါ။
...တ်ဝင်တစား မေးမြန်းလိုက်ကြမယ့်ဖြစ်ခြင်း။ အဖေ့လက်ထက်
... ကုမ္ပဏီအားလုံးရှေ့က နာတစ်ဖျားသာအောင် ပြေးနိုင်ခဲ့
...လောက် သမီးလက်ထက်ကျမှ အရှုံးပေါ်လို့ပဲလား၊ မနိုင်နင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲလား၊ အသုံးမကျလို့ ဖျက်သိမ်းရတာပဲလား ... တွေနှင့် ဆ
ဖန်ခံရမှာကို ရင်မဆိုင်ချင်သေးပါ။

အဖေသေလို့မှ တစ်နှစ်လောက်ရှိသေး ကုမ္ပဏီအ
ဖျက်ရမယ်ဆိုရင် အို ... မေ ဒါကိုလည်း ကြံစည်လို့ မဖြစ်သေး
ပါ။ ဝန်ခံရပါဦးမည်။ ဒယ်ဒီ့ကို ဘယ်လောက်မှန်းမှန်း နေရာတိုင်း
မှာ ဒယ်ဒီ့အဝေးပြေးကားကုမ္ပဏီတွေ၊ မီနီမားကက်တွေ၊ ထုတ်ကုန်
သွင်းကုန်လုပ်ငန်းတွေ၊ ကုန်တင်ကားတွေကို အရင်ကတည်းက
လက်ညှိုး...မလွဲ တွေ့ရတတ်တာကိုတော့ ဂုဏ်ယူပီတိဖြစ်စရာ
ဒယ်ဒီဟာ မေ့ကို ဘယ်လောက်ချစ်သလဲ။ "ဂန္ဓဝင်"ဆို
နာမည်ဟာ နေရာတိုင်းမှာ ရှိနေအောင် လုပ်ပေးခဲ့တာ။
အောင်မြင်မှုကတော့ ရိုးသားရဲ့လား။ ဒယ်ဒီ့ကြောင့်များလား
ဟင့်အင်း ... မေ မသိချင်ပါ။

"စိတ်အေးအေးထားပြီး လုပ်ကိုင်ပါ မမမေ၊ မမမေ ဒီ
စိတ်ရှုပ်ပြီး မှိုင်နေတာ တွေ့ရတော့ မတင် စိတ်မကောင်း
ဘူး၊ မမမေက အင်မတန်တော်တဲ့ မိန်းမတစ်ယောက်
ဘယ်အရာကိုမဆို အောင်မြင်ပြီးဆုံးအောင် လုပ်နိုင်မှာ

ဟုတ်တယ် ... လုပ်ရမယ်၊ ဘယ်သူ့ကိုမှ အရှုံးပေး
ဘူး။ မေ့ကို မနာလိုကြတဲ့ ဒယ်ဒီ့မယားငယ်တွေ လက်ခုပ်လ
ဝါးတီးကြမယ့်အဖြစ်ကို မရောက်စေရဘူး။ အသက်သေ

သေသွားပါစေ။ ငါ့ဝါသနာကိုရော၊ သည်လုပ်ငန်းတွေကိုရော အောင်မြင်အောင် လုပ်မယ်။ "ငါ မရှိတော့ မင်း ဒုက္ခရောက်ရတာပဲ မဟုတ်လား"လို့ လင်းဒေး မပြောစေရဘူး။ သူ့ကို အားမကိုးလည်း ငါ လုပ်နိုင်တယ်ဆိုတာ ပြရမယ်။ သူဟာ ငါ့ရဲ့အရှုံးကို တစ်နေရာရာကနေ စောင့်ကြည့်နေမှာပဲ။ ငါ စိတ်ပင်ပန်းရမှာတွေကိုတွေးပြီး ဝမ်းသာနေမှာပဲ။ ငါ့ရဲ့ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်တဲ့လူ။ ယုံကြည်စရာ တစ်စက်မှ မရှိဘူး။

"မေ ကိုယ့်ကို နားလည်လာတဲ့တစ်နေ့ကို ကိုယ်စောင့်နေပါမယ်၊ အကယ်၍ ကိုယ့်ကို နားမလည်သေးသည့်တိုင်အောင် မေ့မှာ အခက်အခဲတွေ၊ ပြဿနာတွေနဲ့ ရင်ဆိုင်ပြေရှင်းနေရပြီး မေလည်း ဒုက္ခတွေ့ရပြီဆိုရင် ကိုယ့်ကို အကူအညီတောင်းနိုင်ပါတယ် မေ၊ ကိုယ်က မေ့ကို စေတနာသန့်သန့်နဲ့ ကူညီပေးဖို့ အဆင်သင့်ပဲ"

ဟူ၍လည်း သူ ထွက်သွားခါနီးအထိ မေ့ကို ပြောဆွဲနဲ့ အယုံသွင်းသေးရဲ့။ သူက မေ့ကိုချစ်သတဲ့။ ဟင်း ... ဟင်း ... ရယ်ပစ်လိုက်ချင်စရာပင် ကောင်းသေးတော့။

"ယမင်းကို ကိုယ် တစ်ခါမှ မချစ်ခဲ့ပါဘူး၊ ကိုယ်တို့က မိတ်ဆွေအဆင့်မှာတင် လမ်းခွဲခဲ့ကြတယ်၊ ကိုယ့်ရဲ့ချစ်သူဟာ တစ်ယောက်တည်းပဲ ရှိတယ်၊ သူက မေပဲ၊ မေ့ဘဝ







www.burmeseclassic.com

www.burmeseclassic.com



လုံခြုံဖို့အတွက် ကိုယ့်ဘဝတစ်ခုလုံးကို မေ့အရိပ်ထဲမှာ မြှုပ်နှံပြီးတော့တောင် ချစ်ခဲ့တယ်၊ ကိုယ်ဟာ မိန်းမတစ် ယောက်ရဲ့အရိပ်မှာ မှီတွယ်လိုတဲ့ ယောကျ်ားတော့ မဟုတ် ခဲ့ပါဘူး မေ၊ မေ့ကိုချစ်တဲ့စိတ်နဲ့ ကိုယ့်ရဲ့မာနတွေကို ... ပစ်ပြီး မေ့အနားမှာ နေခဲ့မိတာပါ၊ မေ့ဆီက ချစ်တယ်... တဲ့ စကားကိုပဲ လိုချင်တယ်၊ တခြား ဘာကိုမှ လိုချင် မက်မောမိတဲ့စိတ် မရှိပါဘူး မေ”

ဟု မေ့ကို လိမ်ညာဖြားယောင်းခဲ့သေးရဲ့၊ ... ဟားတိုက်ရယ်ပစ်လိုက်ပါသည်။ ထိုအခါ သူက မေ့ကို တမ်း... စွာ စိုက်ကြည့်လျက် ကျောခိုင်းထွက်ခွာသွားခဲ့သည်။ ကျေးဇူးတင် ပါတယ်။ မေ့ကို အမှုနဲ့မသက်ဆိုင်ကြောင်း စိတ်ရော ကိုယ်... ဆောင်ရွက်ပေးလို့ပေါ့လို့ မေက အော်တော့ပြောလိုက်ချင်သ... ဓာတ်လမ်းဆက်နေဦးမှာစိုးလို့ စိတ်ထဲကပဲ ပြောလိုက်ဖို့ စိတ်... ခဲ့ပါသည်။

သူ့ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသော... မေသည် တိတ်ဆိတ်စွာ အခန်းထဲ ဝင်သွားပြီး ခေါင်းအုံး... မျက်နှာနှင့် ဖိကပ်ကာ ငိုပစ်လိုက်တာ ဘယ်သူမှမသိ။ သူလည်း မသိ။ မေကိုယ်တိုင်လည်း ဘာကြောင့်ငိုမိမှန်းမသိ။ ပြီး... သည်လို သည့်သည်းထန်ထန် ငိုမိခြင်းအတွက် ကိုယ့်ကို...





ဆံပင်တွေ ဆွဲဆောင့်၍ ထုရိုက်ပစ်ကာ အပြစ်ပေးခဲ့မိသေးရဲ့။ ထို့နောက် မေသည် ခပ်တိုးတိုး ရှိုက်သံဖြင့် ရယ်ပစ်လိုက်သေးရဲ့။ အဲသည်တုန်းက မေဟာ ကိုယ့်ကိုယ်ကိုယ် ရှုံးသွားပြီလို့တောင် ထင်သွားခဲ့တာ။ ဟုတ်သည်၊ မေ တကယ်ပဲ ခဏလောက်ရှုံးသွပ် ခဲ့မိသည်။ ဘာဖြစ်လို့ သည်လိုငိုလိုက်၊ ရယ်လိုက်ဖြင့် ရှုံးသွပ်ခဲ့ သလဲဆိုတာ မေ တွေး၍မရခဲ့ပါ။

ပြီးတော့ မေ့ဘဝကြီးဟာ ကြောက်မက်ဖွယ်ကောင်း လောက်အောင် တိတ်ဆိတ်ခြောက်သွေ့သွားခဲ့သလို ခံစားရတာ တော့ မေ မငြင်းတော့ပါ။

“မေ ... ကိုယ့်ဘဝရဲ့ အားလုံးကို စိုပြည်လာအောင် ဖန်တီးဖို့ စွမ်းတယ် ... မေ”

ဟု သူ အမြဲသီဆိုတတ်သော သီချင်းလေးသည် သူ့အတွက် အဓိပ္ပာယ်ရှိမရှိ မေ မသိချေ။ မေ့အတွက်တော့ သူ ဟာ မေ့ဘဝရဲ့ အရာအားလုံးကို စိုပြည်လာအောင် ဖန်တီးပေးနိုင် ခဲ့သူတည်း။

သို့သော် မေသည် သူ့ကို မုန်းပါသည်။ သူ့အပေါ် တိမ်းညွှတ်မိခဲ့သည် ဆိုရင်တောင် မေက ကိုယ့်ကိုယ်ကိုယ် ရိုက် နက်အပြစ်ပေးရပါမည်။ သူက မေ့ကို တကယ်ချစ်တာ မဟုတ် ဘဲ မေ့ကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ခဲ့ပြီးမှ သူ့အပြ...



www.burmeseclassic.com

www.burmeseclassic.com



အစည် မအောင်မြင်၍ သည်လိုဖြားယောင်းခဲ့တာပဲ ဖြစ်မည်။ မေက သူ့အချစ်ကို မယုံပါ။ သူက ယမင်းဆိုသော မိန်းမနဲ့ ပျော်ပါးဖို့ မေ့ဆီက ငွေတွေကို သုံ့ယူနေတာပဲဖြစ်မည်။ မေက အဲသည်လိုတွက်ဆ၍ သူ့ကို မုန်းရပါသည်။

မေသည် စစ်မှန်သော အချစ်ကို မရခဲ့သော အင်မတန်မှ ကံဆိုးလေသူ မိန်းမတစ်ယောက်တည်း။





တတိယမြောက်ကဗျာစာအုပ်ကို ထုတ်ဝေချိန်တွင် မေသည် သည်လောကမှာ ငါ့လောက်တော်တဲ့ မိန်းမ မရှိတော့ဘူးဟု၍ ဘဝင်မြင့်ရသေးသည်။ ပြီးတော့ အောင်မြင်မှုတည်းဟူသော အရာကို ပီတိများဖြင့် စားသုံးရသည်။ သို့သော် မေမှာ တစ်ဖက်တော့ ချွတ်ယွင်းရပါသည်။ အဲဒါကတော့ မေ့စီးပွားရေးလုပ်ငန်းတွေကို ယှဉ်ပြိုင်ခံရပြီး ထိုယှဉ်ပြိုင်မှုများကို မေကအနိုင်ယူဖို့ အတော်လေး ခဲယဉ်းနေခြင်းပင် ဖြစ်လေသည်။ မေက ပညာအရည်အချင်းကိုသာ ယှဉ်ပြိုင်လိုပြီး စီးပွားရေးလုပ်ငန်းတွေမှာတော့ မယှဉ်ပြိုင်လိုသူဖြစ်၍ တခြားကုမ္ပဏီများ၏ ယှဉ်ပြိုင်မှုကို အေးအေးဆေးဆေး စောင့်ကြည့်နေ၍ မေ့ကုမ္ပဏီကို ဖြတ်တက်သွားကြခြင်းတွေ ရင်ဆိုင်ရတော့သည်။

"ဒေါ်မေကန္တဝင်ဟာ လူတော်တစ်ယောက်ကို စိတ်လိုက်မာန်ပါ အလုပ်ထုတ်ပစ်လိုက်တာ မှားတာပဲ၊ တကယ်တော့ ကိုလင်းခေးဟာ သိပ်သစ္စာရှိတဲ့ လူတစ်ယောက်ပါ၊ ဒေါ်မေ



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓဝင်ရဲ့ အကျိုးစီးပွားကို အမြဲတိုးတက်ဖို့ ကြံစည်နေတတ်တဲ့လူပါ၊ ဖြစ်နိုင်ရင် ကိုလင်းခေးကို အလုပ်ပြန်ခန့်သင့်တယ်”

ကုမ္ပဏီအစည်းအဝေးလုပ်စဉ်မှာ မေ့ကို အင်မတန်မှ ဒုက္ခပေးသောစကားကို တင်ပြသည့် လူတစ်ယောက်အား မေသည် သေသေချာချာ မှတ်သားထားလိုက်ပါသည်။ သည်လူဟာ သတိထားရမယ့်လူပဲ။ သူဟာ လင်းခေးရဲ့ တပည့်တစ်ယောက်ဖြစ်နိုင်တယ်။ သူဟာ မေ့လုပ်ငန်းတွေကို ဘယ်လိုသဘောနဲ့များ စောင့်ကြည့်နေသလဲဆိုတာ လေ့လာရမည်။

“ဟုတ်တယ် .... ဒေါ်မေဂန္ဓဝင်ရဲ့ လုပ်ငန်းတွေ ဆက်လက်တည်တံ့စေချင်ရင် ကိုလင်းခေးကို ပြန်ခန့်ပါ၊ အကယ်၍ ပြန်မခန့်ချင်ဘူးဆိုရင်လည်း ဒေါ်မေဂန္ဓဝင်ဟာ ဒီလုပ်ငန်းတွေကို စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ပါလို့ အကြံပေးပါရစေ”

ဟု တစ်ယောက်ကတော့ မေ့အား အမိန့်ပေးချင်သေးရဲ့။ မေသည် ခေါင်းမာစွာ ငြင်းဆန်ကာ အားလုံးကို ထီမထင်ဟန်ဖြင့် စိုက်ကြည့်ပြီး စောင့်ကြည့်ပါဦးဟူ၍ အမိပ္ပာယ်ရသည့် အပြုံးကို ပြုံးလိုက်ပါသည်။

“ကျွန်မ ဦးကျော်ဆွေရဲ့သမီးပါ၊ ဒယ်ဒီ့ခြေရာကို တစ်ထပ်တည်း နင်းနိုင်အောင် ကြိုးစားနိုင်တယ်ဆိုတာ စောင့်ကြည့်





ပါ၊ ကျွန်မဟာ အခုမှ ဒီလောကထဲကို ဝင်လာတဲ့ အစိမ်းသက်သက် လူတစ်ယောက်မို့ အစပိုင်းတော့ အဆင်မပြေခြင်းဆိုတာနဲ့ ကြုံရမှာပေါ့၊ စိတ်ချပါ၊ ကျွန်မဟာ အဖေ့လက်ထက်က အောင်မြင်အောင်လုပ်ခဲ့တဲ့ လုပ်ငန်းကို သမီးလက်ထက်မှာ ရှုံးနိမ့်ရတယ် ဆိုတာမျိုး မဖြစ်စေရပါဘူး၊ တစ်ခုတော့ပြောမယ်၊ စာရိတ္တမကောင်းလို့ အလုပ်ဖြုတ်ထားတဲ့ လူတစ်ယောက်ကို အလုပ်ပြန်ခန့်ဖို့ဆိုတာ မဖြစ်နိုင်လို့ ထပ်ပြီး အကြံမပေးပါနဲ့”

“ကိုလင်းခေးဟာ အင်မတန် စာရိတ္တကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ဒေါ်မေဂန္ဓဝင်ဟာ ဘယ်လိုအကြောင်းနဲ့ စွပ်စွဲတာလဲ၊ ကုန်တင်ကားတွေမှာ ဘိန်းဖြူထုပ်တွေပါတဲ့ ကိစ္စဟာ ဒရိုင်ဘာနဲ့ ဆိုင်တယ်ဆိုတာ အားလုံး လက်ခံယုံကြည်ပြီးသားပါ၊ ကိုလင်းခေးဟာ ဦးကျော်ဆွေရဲ့ကျေးဇူးကို သိပ်သိတတ်ပြီး ဒီလိုမျိုး မကောင်းမှုလုပ်မယ်ဆိုတာ ကြိုသိခဲ့ရင်တောင် သူကိုယ်တိုင် အရေးယူမှာပါ၊ ဒါကို ကျွန်တော်တို့ လူကြီးတွေအားလုံးက နားလည်ကြတယ်၊ ဒေါ်မေဂန္ဓဝင် သေသေချာချာ ပြန်စဉ်းစားပါဦးလို့ အကြံပေးချင်တယ်၊ အကြံမပေးပါနဲ့ ဆိုပေမယ့် ဦးကျော်ဆွေလက်ထက်ကတည်းက ပတ်သက်ခဲ့ရတဲ့ ဒီလုပ်ငန်းတွေကို ထားတဲ့ သံယောဇဉ်နဲ့ အကြံပေးနေရဦးမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို လေသံအေးအေးဖြင့် ပြောဆိုသော လူကြီးတစ်ယောက်ကိုတော့ မေသည် ဂါရဝတရားဖြင့် ဘာမှမတုံ့ပြန်ခဲ့ပါ။ ထိုလူကြီးသည် ဒယ်ဒီ့မိတ်ဆွေတစ်ယောက်လည်း ဖြစ်သည်ဟု သိရသည်။ ပြီးတော့ ... ဒယ်ဒီနဲ့ ရွယ်တူဖြစ်ကာ ဒယ်ဒီ့မီးနီမှားကက်တွေကို အုပ်ချုပ်ပေးရသူ ဖြစ်သည်။ သူ့မှာ ဒယ်ဒီ့လို မဟာနဖူးရှိသည်။ သူ၏မေးရိုးများက တောင့်တင်းခိုင်မာပြီး မှန်ကန်သော စကားကိုပြောမည့် နှုတ်ခမ်းများလည်းရှိသည်။ နောက်ပြီးတော့ စကားပြောဟန်က ပညာရှိဟန်ပေါက်သည်ဟု မေက ယူဆလျက် ထပ်မံ၍ မတုံ့ပြန်တော့ခြင်းဖြစ်သည်။

ထိုနေ့က အစည်းအဝေးမှာ မေသည် မေ့အမှားဟု တိုက်ရိုက်ပြောခြင်း မဟုတ်သော စကားများကို လက်ခံရရှိခဲ့ရ၏။ ငါ့ဟာ ဘယ်တော့မှ အရှုံးမပေးရဘူး၊ အရှုံးနဲ့ ရင်မဆိုင်စေရဘူးဟု မေက ကြိမ်းဝါးလျက် ကားကို ဒေါသတကြီးမောင်းထွက်ခဲ့သည်။ ကံဆိုးချင်တော့ မီးဝါကို ဖြတ်မောင်းမိတာပဲဖြစ်သည်။

"ဟုတ်တယ်၊ ကျွန်မ မီးဝါဖြတ်မောင်းမိတယ်၊ လိုင်စင်သိမ်းမလို့ မဟုတ်လား၊ ကဲ ... ကဲ ... ရော့"

ယာဉ်ထိန်းရဲက မေ့ကို အဝေး အပေါက်ဆိုးတဲ့ မိန်းမပဲဟု တအံ့တသြ မျက်ခုံးပင့်ကြည့်၏။ မေသည် သည်နေ့တစ်နေ့လုံး ငါ့အမှားတွေကို အပြစ်တင်မယ့်လူ ဘယ်နှယောက် ထပ်တွေ့ရဦးမလဲလို့ ထပ်မံတွေးတောမိသေးရဲ့။





အိမ်ရောက်သောအခါ မေသည် ကိုယ့်ကိုယ်ကိုယ် ဒေါသတွေဖြစ်ကာ ဒယ်ဒီ့ဗီရိုထဲက ကျန်ရစ်သော စီးကရက်ဘူးကို ထုတ်ယူပြီး စီးကရက်သောက်ရင်း စိတ်ဖြေဖို့ စိတ်ကူးမိပြန်သည်။ Benson and Hedges ဟုအမည်ပေးထားသော စီးကရက်တစ်လိပ် ကုန်သောအခါ မေ့လည်ချောင်းတွေ စပ်သွားသလိုပဲ။ ဒါနဲ့များ ဒယ်ဒီက စီးကရက်သောက်တယ်။ အင်း ... သတိရသေးတယ်။ သူလည်း စီးကရက်သောက်တယ်။ အခု မေလည်း စီးကရက်သောက်ကြည့်မိတယ်။ ဘာမှလဲ ထူးခြားမလာပါလား။ စိတ်ညစ်ရတာ၊ စိတ်ဆိုးရတာတွေလည်း ပျောက်မသွားပါလား။ မေ့အခုတလော စာလည်းမှန်မှန်မကျက်နိုင်ပါ။ အရင်ကလို ဗဟုသုတဖြစ်စေမည့် ပြင်ပစာပေများကိုလည်းဖတ်ဖို့ အချိန်မပေးနိုင်တော့ပါ။ စာမေးပွဲဆိုရင် ကြောက်စရာမလိုဘဲ လွယ်လွယ်ကူကူ ဖြေခဲ့ရသူ မေသည် ယခုတော့ တတိယနှစ် ဂုဏ်ထူးတန်း၏ အတန်းဘင်စာမေးပွဲကြီး ဖြေဆိုရမည့် အချိန်ကိုတောင် ကြောက်နေမိသတဲ့။

ထိုနေ့က မေသည် အိပ်ချိန်ရောက်၍ အိပ်ခဲ့သည့်တိုင် နေ့လယ်က လူကြီးတွေ ပြောဆိုသော စကားများကို ပြန်လည်ကြားယောင်လျက် ထိုလူကြီးများ၏ ကြည့်သောအကြည့်များကို စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် မကြာခဏ မြင်ယောင်လျက် အိပ်မပျော်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မေသည် ငါပဲ ဒုက္ခရောက်ပါစေ တော့ဟူ၍ ရေရွတ်လျက် အိပ်ဆေးတို့ကို မှိုဝဲသုံးစွဲကာ အိပ်ပျော် သွားအောင် ကြိုးစားရတော့သည်။

✦✦ ✦ ✦✦





## ၂

မေနှင့် လင်းခေးတို့ မတွေ့ရတာ ရှစ်လကျော်ကြာ ပြီးသောအခါ မေသည် သူ့ကို မေ့ပျောက်ရမည့်အစား တစ်လ တစ်ခါ အစည်းအဝေးလုပ်တိုင်း သူ့အကြောင်း ထည့်ပြောတတ် သော လူကြီးတချို့ကြောင့် ငါလုပ်တာများ မှားပြီလားဟူသော ဝေဇဝါ အတွေးများဖြင့် အမြဲစိတ်ရှုပ်ရစမြဲတည်။ အဲဒါကလွဲရင် မေသည် သူ့သတင်းကို လုံးဝမကြားရချေ။ သေချာတာက သူ နှဲ့ယမင်းတို့ အခုလောက်ဆို လက်ထပ်ပြီးချင် လက်ထပ်ပြီးလိမ့် မည်။ ဒါမှမဟုတ် သမီးရည်းစားအဆင့်ဖြင့် ယမင်းက အချိုသပ် တာကိုခံရပြီး ငွေကိုအသည်းအသန် စုချင်စုနေလိမ့်မည်။ မေက ထိုသို့ တွေးမိတိုင်း အလိုလို နာကျင်ကြေမွနေတတ်သည်။

မေတို့ ပထမဆုံးအကြိမ် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ ကြရ၏။ ထိုသို့တွေ့ဖြစ်ခဲ့ခြင်းမှာ အဖိုးတန်စာပေတွေ၊ အဘိဓာန် တွေဆို အမြဲလိုလို စုဆောင်းရှာဖွေပြီး မရ,ရအောင် ဝယ်ယူတတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် မေ့ဝါသနာအတိုင်း စာအုပ်အရောင်းဆိုင်ပေါင်းစုံကို လိုက်မွှေ ဘ်ခြင်းကြောင့် ဖြစ်သည်။ ထိုနေ့က မေသည် မှတ်မှတ်ရရ မိုးသားပြာရောင် ခာအပွင့်ကလေးများကို ဘီအေလက်ပုံစံချုပ်၍ ရင်ဖုံးမှာတော့ ပွန်းကြယ်သီးကလေးတွေ တပ်ဆင်ထားသေးရဲ့။ မိုးသားပြာရောင် ဖြောင်စပိုးသားလုံချည်ကလေးကလည်း ချပ်ချပ် ရပ်ရပ်ဖြင့် ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားသေးရဲ့။ အနက် ရောင်ပုံတော် ခုံမြင့်ဖိနပ်ကို ဝတ်ဆင်ကာ အနက်ရောင်လက်ကိုင် အိတ်ဖြင့် မေသည် စစ်ကြိုခေတ်က တက္ကသိုလ်ကျောင်းသူများ၏ ဖက်ရှင်အတိုင်းဖြစ်သည်။ ဆံပင်တို့ကိုတော့ သေသေချာချာထုံး ဖွဲ့၍ စိန်ဆံထိုးကို စိုက်ထားပြန်လျှင် ...

"မမမေကို တွေ့ရတာ ဒီနေ့ အလှဆုံးပဲ၊ အဲဒီလို အ ဝတ်ပါ၊ အလှတွေပြင်ပါ မမရယ်၊ လှရက်သားနဲ့ အလှ အပကို မေ့ထားပြီး အလုပ်တွေ နင်းကန်လုပ်နေတယ် ငယ်ငယ်လေး ရှိသေးတာ"

ဟု မတင်က တဖွဖွပြောကာ ကျန်ခဲ့တော့သည်။ ရယ်စရာတော့ ကောင်းသည်ကွယ်။ လူပုံစံကသာ ခေတ်နောက် ပြန် ဆွဲထားသော်လည်း မေစီးသောကားက နောက်ဆုံးပေါ် မာစီဒီးဖြစ်နေတာပဲ။ ရှေးခေတ်ကလို ဘဲလ်အဲယားတို့၊ ချက် လက်တို့၊ မောရစ်မိုင်နာတို့၊ အော်စတင်တို့ ရှိသေးရင်တော့ မေ က စီးကြည့်ဖို့ စိတ်ကူးရှိပါသည်။





မေ ကားပေါ်က ဆင်းလိုက်သောအခါ မေ့ကို လူ တော်တော်များများ လည်ပြန်ငေးသွားကြခြင်းကိုတော့ ထိုနေ့က သက်ခံရှိခဲ့သည်။ မေက ထိုသို့ငေးကြည့်ခံရခြင်းကို ပီတိမဖြစ် ဘတ်ချေ။ မေက မေ့ရဲ့အလှကို မက်မောကြခြင်းထက် မေ့ရဲ့ အောင်မြင်မှုကို အားကျစိတ်ဖြင့် ငေးကြခြင်းကိုသာ အလိုရှိသူ ဘည်း။ မေသည် ကျောင်းမှာ မေ့ကိုခင်သော ဆရာမထံမှ သတင်း ရလာသော စာအုပ်အရောင်းဆိုင် အသစ်ကလေးဆီ တန်းတန်း ခတ်မတ် လျှောက်လာစဉ်တုန်းက သည်ဆိုင်ပိုင်ရှင်ဟာ ဘယ်သူ ဖြစ်မလဲလို့ တွေးကြည့်ဖို့ ဝေးခဲ့စွ။ ဆိုင်ပိုင်ရှင်ထက် စာအုပ်ဆိုင် မှာ ဘယ်လိုအဖိုးတန်စာအုပ်တွေ ရနိုင်မလဲ ဆိုတာကိုသာ မေက စိတ်ဝင်စား၍ဖြစ်သည်။

ဆိုင်ကလေးက ခပ်ကျဉ်းကျဉ်းဖြစ်သည်။ လူငါး ယောက်လောက် ဝင်ရပ်နေလျှင် ဆိုင်တစ်ခုလုံး ပြည့်နှက်သွားမည် ဆင်သည်။ စာအုပ်စင်များကတော့ မေ့ကို လက်ကမ်းကြိုလျက်ရှိ ။ မှန်ရှိုးကေ့စ်လေးရဲ့နောက်မှာ လူတစ်ယောက်က ခေါင်းငုံ့ ချက် တစ်စုံတစ်ရာ ရေးခြစ်နေလေသည်။ မေ့အတွက် ကျေနပ် ရာကောင်းတာက ထိုဆိုင်ကလေးမှာ လူရှင်းနေပြီး မေ တစ် ယောက်သာ ဆိုင်ထဲဝင်လာသူ ဖြစ်နေတာပဲ။

"ဒီမှာရှင့် ... ကျွန်မ စာအုပ်လိုချင်လို့"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက အလန့်တကြား မေ့အား ခေါင်းမော့ကြည့်သည်။ ထိုသူ့မျက်ဝန်းများက မျက်ခွံတွေ သိပ်များနေသည့် ခ၀မှေးမှေးမျက်ဝန်းမျိုးဖြစ်သည်။ ရှပ်အင်္ကျီလက်တိုကလေးနှင့် ပုဆိုးတိုတိုဝတ်ထားသော လူဖလံလေးဖြစ်ပြီး မတ်တတ်ထရပ်တာတောင် မေ့ကို မော့ကြည့်ရပြန်သတဲ့။ သူ့အတွက် ကံကောင်းတာက သူ၏မှေးသောမျက်ဝန်းများကို ဒီဂရီထူထူ မျက်မှန်ကြီးက ကွယ်ထားတာပဲဖြစ်သည်။ မေက သူ့ပါဝါနဲ့ မေ့ပါဝါ ဘယ်သူများသလဲဟု စပ်စုချင့်သေးရဲ့။ ခင်မင်ဖို့ကောင်းသော ရုပ်ရည်ကို ပိုင်ဆိုင်သည့် ထိုစာအုပ်ရောင်းသူကလေးက မေ့လိုအပ်ချက်တွေကိုတော့ ကူညီနိုင်ကောင်းပါရဲ့။

"ဘာစာအုပ် လိုချင်လို့လဲ အစ်မ၊ ကျွန်တော် ရှာပေးမယ်"

အံမယ် ... ငါ့ကိုများ အစ်မတဲ့။ သူနဲ့ရွယ်တူတောင်ရှိမယ့် မေ့ကိုများ ...။ နေစမ်းပါဦး ... အသက်နှစ်ဆယ့်သုံးနှစ်ရှိတဲ့ အသက်အရွယ်နဲ့ မမျှအောင်များ ရုပ်ရည်က ရင့်ရော်နေသလားဟူ၍ ရွတ်နောက်နောက် တွေးလိုက်ချင်သားပင်။

"ကျွန်မလိုချင်တဲ့ စာအုပ်ကို မပြောခင် ဒီဗီရိုထဲက စာအုပ်တွေ လိုက်ငေးလို့ ရမလားဟင်၊ အဲဒီထဲက ကြိုက်တာတွေ့ရင်လည်း ယူဖြစ်မယ် ထင်တယ်"

"သြော်... အင်း ... အင်း ... ဖြစ်ပါတယ်၊ ကြည့်ပါ အစ်မ ကြိုက်သလောက် ကြည့်ပါ၊ အကယ်၍ အတွင်းစာတွေ မြည်းစမ်းကြည့်ချင်တယ်ဆိုလည်း အသာလေးတွန်းဖွင့်ပြီး ထုတ်ဖတ်နိုင်ပါတယ်၊ ကျွန်တော့်ကို အားမနာပါနဲ့၊ ကျွန်တော် ဒီမှာ စာအုပ်စာရင်းလေး စ,လုပ်စရာရှိလို့ ဆက်လုပ်လိုက်ဦးမယ်"

"ကောင်းပြီ ... ကျေးဇူးပဲ"

မေသည် စာအုပ်များကို လောဘတကြီး ရှာဖွေလျက် စိတ်ဝင်စားလျှင် ထုတ်ယူကာ လှန်လှော ဖတ်ရှုလျက် ပတ်ဝန်းကျင်ကို အနည်းငယ် မေ့လျော့သွားမိပါသည်။ ထိုအခါ ဆိုင်၏အတွင်းခန်းကလေးထဲမှ လိုက်ကာစကိုဖယ်ပြီး ထွက်လာသောလူငယ်တစ်ယောက်ကို မေ သတိမထားမိလိုက်ပါ။ မေ့ကို "စာအုပ်သရဲ"ဟု သူငယ်ချင်းတချို့ အမည်တပ်ရလောက်အောင် ကြိုက်သည့် စာအုပ်ရော၊ မကြိုက်သည့် စာအုပ်ရော ဘယ်စာအုပ်မဆို အသည်းအသန် ဖတ်မိတတ်သူတည်း။

မေဟာ ဘယ်လောက်တောင် သတိမထားမိလိုက်သလဲဆိုရင် ထိုသူက ရှိုးကေ့စ်နောက်က မှန်ကြောင်ကလေးကို တစ်စုံတစ်ရာ ကပ်ပြောခြင်း၊ ထိုကောင်ကလေးက မေ့ကို တအံ့တသြ လှေလာခြင်း၊ ပြီးတော့ ထိုသူသည် မေ့ကို မြင်နိုင်သောနေရာမှာ ခုံတစ်ခုဆွဲထိုင်ချကာ တမ်းတစွာ ငေးနေခြင်းများကိုတောင် မသိ။ ဟုတ်သည်။ မေ တကယ်ပင် မသိခဲ့ပါ။ ဘယ်လောက်များ မေ့စာဖတ်မှု ကြာမြင့်လိုက်သလဲတော့ မေ မခန့်မှန်း







www.burmeseclassic.com

www.burmeseclassic.com



တဲ့ဘော်ချေး၊ သို့သော် မေ ဖတ်ရှုနေသော စာအုပ်ထူကြီးဟာ လေး ပုံတစ်ပုံလောက်နီးနီး ပြီးသွားတော့မှ မေ ပတ်ဝန်းကျင်ကို ပြန် သတိရသတဲ့။

အဲသည်မှာ မေ့ရဲ့ဘဝထဲကို မှတ်မှတ်ရရ စင်ရောက် ခဲ့ဖူးသော လင်းခေးကို မေ တွေ့လိုက်ရတော့တာပါပဲ။ အို — သူ့မျက်ဝန်းတွေက ... ဟု မေက ညည်းညူလိုက်ပြီး ရင်မခုန်မိ လေအောင် ဟန်ဆောင်ကာ မှန်ကြောင်ကလေးအား ...

"ကျွန်မ လိုချင်တဲ့ စာအုပ်တော့ ရှာမခိုင်းနေတော့ပါဘူး အချိန်တွေ သိပ်ကုန်သွားပြီ၊ ဒီမှာ ... ဒီစာအုပ်တွေပဲ ယူ သွားတော့မယ်၊ ဈေးနှုန်းတွေ တွက်ပေးပါဦး"

ဟူ၍ သူ့ကို မကြည့်မိရန် သတိထားကာ ပြောလိုက် ပါသည်။ ထိုအခါ မှန်ကြောင်ကလေးသည် သူ့အမိန့်ကို အရင် နာခံရပြီးသူဖြစ်၍ စကားတစ်ခွန်းမှ မေ့ကို ပြန်မပြောချေ။ သူက သာ မေ့နံဘေး လာရပ်၍ ...

"ဘယ်ဟုတ်မလဲ မေ၊ မေ လိုချင်တဲ့စာအုပ် ဒီကောင့်ကို ရှာခိုင်းလိုက်ပါ၊ ချက်ချင်းရှာပေးမှာပါ၊ ဒါမှမဟုတ် မေ့မှာ အချိန်မရှိတော့ဘူး ဆိုရင်တော့ မှာထားခဲ့ပါ၊ ကိုယ်တို့ ရှာထားလိုက်မယ်၊ မေ နောက်နေ့ လာယူချင်ယူပေါ့ မယူချင်ရင့်လည်း မေ့ရုံးခန်းက တစ်ယောက်ယောက်ကို လွှတ်ပြီးယူခိုင်းချင်ရင်လည်း ရပါတယ်"





မေသည် သူ့အသံကို ကြားရတာ အရင်ကလောက် ဒေါသမဖြစ်တော့ပါ။ သူ့ကိုလည်း ရန်တွေ့လိုစိတ်တွေလည်း ကုန်ခန်းလို့ပင်။ ပြီးတော့ သူက စာအုပ်ဆိုင်ပိုင်ရှင်ဖြစ်ပြီး မေက စာအုပ်ဝယ်ယူသူဖြစ်၍ အရင်ကလို ရန်သူတွေပမာ စကားမပြော ချင်ပြန်ပါ။ အဲဒါကတော့ တကယ်ပင် ထူးဆန်းလေစွ။ မေက အငြိုးကြီးတတ်တဲ့မိန်းမ ဖြစ်ရဲ့သားနဲ့ သူ့ကိုတော့ ဘာဖြစ်လို့များ ငြိုးမာန်ဖွဲ့လို့ မရပါလိမ့်။

"သူက ကိုယ်နဲ့ ဒီစာအုပ်ဆိုင်ကလေးကို စပ်တူဖွင့်တဲ့ ကိုယ့်သူငယ်ချင်းပေါ့၊ နာမည်က မြင့်နိုင်တဲ့၊ ဟောကောင် ... ဒါ မေလေ၊ မေဂန္ဓဝင်"

"ဟုတ်ကဲ့ ... မေ့ဂန္ဓဝင်ကို ကျွန်တော် လူမမြင်ဖူးပေမယ့် နာမည်သိထားတာ ကြာပါပြီ၊ အခုမှပဲ ဆုံဖြစ်တော့တယ်၊ ဘာစာအုပ် လိုချင်လို့လဲ ... ပြောပါ၊ ကျွန်တော် ရှာပေး မယ်"

"နေပါစေ၊ ဒါတွေပဲ ကုန်အောင်ဖတ်ပါလေ့။ နောက်မှ လာရှာခိုင်းပါ့မယ်"

"အခုကတည်းက ရှာပြီးသားဆိုတော့ မေ နောက်ထပ် အပင်ပန်းခံပြီး ရှာစရာမလိုဘူးပေါ့ မေ၊ ဘာလဲ ... အား နာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကဲ ... ကဲ ... ဒီလောက် ရှာပေးချင်ရင်လည်း ကျွန်မ နာမည်ပြောပြခဲ့မယ်၊ နောက်နေ့မှဖြစ်ဖြစ် ရုံးက ကောင်လေးကိုလွှတ်ပြီး ယူခိုင်းလိုက်မယ်၊ ဟုတ်ပြီလား၊ အခုကော ဘယ်လောက်ကျသလဲ"

မေသည် သူ့ရှေ့က မြန်မြန်ထွက်သွားချင်လှပြီ။ သူ့ဆီက နွေးထွေးသော အကြည့်များစွာပေးသည့် မျက်ဝန်းများနှင့် ညှို့ငင်ခြင်းကို ခံနိုင်ရည်မရှိတော့ပြီ။ မေက တမင်ရှောင်ဖယ်လျက် သူ့ကို တိုက်ရိုက်စကားမဆိုဖြစ်ခြင်းကိုလည်း စိတ်ညစ်လှပြီ၊ မေ့ ကို "မေ"ဟု နှုတ်ဖျားက မချစတမ်း တတမ်းတတ ခေါ်ခြင်းဒ... သူ့သူငယ်ချင်း ကျိတ်ပြုံးလျက် အကဲခတ်မှုကို ရှက်ရွံ့လှ... အိုး ... နေစမ်းပါဦး၊ မေ ဘယ်လိုဖြစ်နေတာပါလိမ့်။ သူက မေ့ရန်သူလေ၊ မေ သူ့ကို မုန်းနေရမှာ၊ ရန်တွေ့ပစ်ရမှာ။ မေ့ ပျက်စီးရာပျက်စီးကြောင်းကို တမင်လုပ်ခဲ့တာ၊ မေ့စည်းစိမ်တွေထဲက အမြတ်ထုတ်ခဲ့တာတွေ မေ သတိရနေဖို့သင့်တယ်။ သူ့ကို မီးဝင်းဝင်းတောက်နေမယ့် မျက်ဝန်းတွေနဲ့ စိုက်ကြည့်ပစ်လိုက်စမ်း။

ဟင့်အင်း ... မဟုတ်သေးပါဘူး။ မေမှ သူ့ကို ရင်ဆိုင်ပြီး မကြည့်ရဲတာ။ မေ ရှုံးသွားလိမ့်မယ်ဆိုတာ မေ ဘာဖြစ်လို့များ ကြိုသိပြီး ရှောင်ဖယ်တတ်နေတာပါလိမ့်။

အို ... ရင်ခုန်ရလေစွ။





"မေ ဒါ ကိုယ်ဖွင့်ထားတဲ့ စာအုပ်ဆိုင်ကလေးမှန်း မသိလို့ မေ လာဝယ်တာ မဟုတ်လား၊ နောက်လည်း လာဝယ်ပါ မေ၊ ကိုယ့်ဆိုင်ဆိုပြီး အားမပေးဘဲ မနေနဲ့နော်၊ ကိုယ်တို့က မိတ်ဆွေအရင်းကြီးတွေပဲ"

သူ့စကားသံအား သူမသည် မကြားလိုက်သလိုလို ဟန်ဆောင်လျက် လက်ကိုင်အိတ်ထဲမှ ပိုက်ဆံတွေ တွက်ချက်ထုတ်ယူနေသေးရဲ့။ အင်း ... မေက သည်လိုအမူအရာတွေနဲ့ အမြဲ အနိုင်ယူတတ်တာပဲ။ နားထောင်နေရဲ့သားနဲ့ အဲသည်လို သိပ်ဟန်ဆောင်တတ်တာပဲ။ ဒါကို သူက ကျေလည်ပြီးသား။ မေ့ကို ဘယ်လိုမာနမျိုးနဲ့မှ တားဆီးလို့မရသော ချစ်ခြင်းများဖြင့် ချစ်မိသည်မို့ မေက ပြန်ပြီးလက်ယပ်ခေါ်မယ့်နေ့ကို စောင့်နေမိတယ်ဆိုရင် မေက ကဲ့ရဲ့မလား။

အမှန်ပြောတာ။ အခန်းထဲမှာ စာအုပ်တွေမှာဖို့ စာရင်းလုပ်နေတုန်း ပျင်းတာနဲ့ ခဏအပြင်ထွက်လာမိပါတယ်၊ မေ့ကိုလည်းတွေ့ရာ ဘယ်လိုဝမ်းသာသွားမှန်းမသိ။ အရင်ကတော့ နာကြည်းလိုက်ရတာ၊ ကြေကွဲလိုက်ရတာ၊ မေ့ကို မုန်းလိုက်ရတာ။ မှတ်လောက်သားလောက်တဲ့ တစ်နေ့ ငါ့ဆီ ခြေသလုံးလာဖက်တောင်းပန်ရင်တောင် သည်မိန်းမရဲ့အရိပ် တစ်သက်မခိုဘူး။ စည်းစိမ်ပြုတ်ပြုတ်၊ ဘာဖြစ်ဖြစ် လုံးဝပဲ၊ လှည့်မကြည့်ဘူးတွေနှင့် ကြိမ်းဝါးခဲ့တာများ မေသိရင် ရှက်စရာ။ အခုတော့ ယိုင်နဲ့ပြိုလဲပြီး မေ့ရှေ့မှာ ဒူးထောက်ချင်လှလှ ဖြစ်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိန်တွေ ညွတ်နေအောင် ဝတ်ထားသည့် စိန်မင်းသမီးမေက စိန်ရောင်တွေနဲ့အပြိုင် တောက်ပသော မျက်ဝန်းကလေးမှ မျက်လွှာတွေတောင် လှန်၍မကြည့်ချေ။ နေနိုင်လွန်းတဲ့ မိန်းကလေး။ ပြတ်သားနိုင်လွန်းတဲ့ မိန်းကလေး။

"ပြန်လိုက်ပါဦးမယ်၊ အဲဒီစာအုပ်ကို ရှာလို့ရရင် ဖုန်းဆက်ပြီး ပြောလိုက်ပါ၊ ကျွန်မ ချက်ချင်း လူလွှတ်လိုက်မယ်"

"ကျွန်တော့်ကို မှာခဲ့တာလား အစ်မ"

"ဆိုင်ပိုင်ရှင် နှစ်ယောက်ထဲက တစ်ယောက်ယောက်ပြောရင် ရပါတယ်၊ ကျွန်မ ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး"

မေသည် စာအုပ်တွေကို ထည့်ပေးသော ကြွပ်ကြွပ်အိတ်ကလေးကိုဆွဲ၍ ထိုဆိုင်ရဲ့နှစ်ထပ်မျှရှိသည့် လှေကားကလေးကိုဆင်းတော့ ခြေသံတစ်ခုက နောက်ပါးမှ လိုက်ပါလာလေသည်။ ဟင်း ... စိတ်ပျက်စရာပင် ကောင်းသေးတော့။

"မေ ... စိန်တွေကို သူများမျက်စိစူးလောက်အောင် ဘာလို့ ဒီလောက်ကြီး ဝတ်လာရသလဲ၊ အန္တရာယ်များတယ်၊ မေက တစ်ယောက်တည်း လျှောက်သွားနေတာ၊ သိပ်ဝတ်ဖို့မသင့်ဘူး၊ ကိုယ်ပေးတဲ့အကြံ ဒီတစ်ခါတော့ လက်ခံပါမေ၊ မေ့ကို စိုးရိမ်လို့ ပြောတာ"





"မေ့ကို စိန်တွေအများကြီး ဝတ်ထားကြောင်း ပြောတာ ရှင်ပဲရှိသေးတယ်၊ ဒါကြောင့် ရှင့်ပဲ မသင်္ကာစရာလူစာရင်းထဲ ထည့်လိုက်မယ်"

သူသည် သေလိုက်ဟာဟု ရေရွတ်လျက် ကျန်ရစ်ခဲ့ရသည်။ ပြီးတော့ သူ့အဖြစ်ကို သူ့ဘာသာ တဟားဟားအော်ရယ်ပစ်လိုက်တော့သည်။

မေက သူ့ကိုစကားဖြင့် အနိုင်ယူသွားပြန်ပြီ။ မေ့ထက် မေ့ကိုယ်ပေါ်မှာ ဝတ်စားထားသော စိန်တွေကို သတိထားနေသည်ဟု ထင်မြင်ယူဆလျက် ရန်တွေ့သွားပြန်ပြီ။ မေဟာ အခုထိ နှလုံးသားတွေ မာကျောနေဆဲ၊ ပြီးတော့ သူ့ကို မယုံကြည်သေး။ ဒါတွေကို တွေးမိပြန်လျှင် ဝါလောက် ဘယ်သူမှ ကံမဆိုးသေးပါဘူး။ ချစ်ရသူဆီက သူ့အချစ်ကို မယုံကြည်သော၊ သူ့ကိုယ်ကျင့်တရားကို ထိခိုက်သော စကားတွေ ကြားနေရတာဟာ ဝဋ်ကြွေးတွေပဲဟုသော ကြေကွဲခြင်းများဖြင့် နှစ်မြှုပ်ကျဆုံးရလေသည်။

"ဘယ်လိုလဲ ဟေ့ကောင်၊ မကြည်သေးဘူးလား၊ နှာမည်ကဂန္ဓဝင်ဆန်သလို ပုံစံကလည်း ဂန္ဓဝင်မြောက်ပါပေ့၊ မင်းတို့ရဲ့အချစ်ဇာတ်လမ်းကတော့ ဂန္ဓဝင်အချစ်ဇာတ်လမ်းကြီးပေါ့လေ ... ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"မေ့ကို ငါ တစ်နေ့ ပိုင်ဆိုင်ရမှာပါ၊ မေဟာ ငါ့ရင်ခွင်ထဲမှာ အေးချမ်းတဲ့ဘဝကိုရမှ ဖြစ်မယ်ဆိုတာ တစ်နေ့ သိမှာပါ၊ မေ့ကို ငါက စောင့်ရှောက်ဖို့ တာဝန်ရှိတယ်ကွ၊ ငါကတိပေးထားခဲ့တယ်၊ ကတိကို မဖျက်ဘူး၊ ဒါပေမဲ့ အခုလို မေ့ကို ပိုင်ဆိုင်ရအောင် ကြိုးစားခြင်းကတော့ ကတိကြောင့် မဟုတ်ဘူး၊ မင်း သိပါတယ်၊ ငါဟာ အင်မတန်မှ မာနကြီးတဲ့ကောင်ပါ၊ မေ့ကိုတော့ မာနထားလို့ မရအောင် ချစ်နဲ့တာကွ"





နောက်တစ်နေ့၏ နံနက်ပိုင်းမှာတော့ သူက မေ့ဆီဖုန်းဆက်၍ မေ မှာခဲ့သည့်စာအုပ် ရပြီဖြစ်ကြောင်း ဆက်သွယ်၏။ မေက လာယူဖို့ လူလွှတ်လိုက်မယ်ဟူ၍သာ သူစိမ်းဆန်ဆန်ပြော၍ ချက်ချင်း ဖုန်းချလိုက်တော့သည်။ တော်ပါပြီ၊ သည်ဇာတ်လမ်းသည်မှာတင် ရပ်ချင်ပြီ။ ထို့နောက် မေသည် အခက်အခဲတွေများပြားလှသော မေဂန္ဓဝင် ဆိုသော မိန်းမတစ်ယောက်၏ဘဝကို ဆက်လက် ဖြတ်သန်းနေရလေသည်။ ဘယ်ယောက်ျားတစ်ယောက်ရဲ့ အကူအညီကိုမှ မလိုဘူး။ ငါ့ဘာသာဖြစ်အောင်လုပ်မယ်တွေနှင့် စိတ်ဓာတ်ကျလုလုဖြစ်တိုင်း အားတင်းလျက် ဒယ်ဒီ့လုပ်ငန်းကြီး အောင်မြင်ရေး၊ မေ့ရည်မှန်းချက် အောင်မြင်ရေးကို အားသွန်ခွန်စိုက်, လုပ်နေခဲ့သည်။

တတိယနှစ် ဂုဏ်ထူးတန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်သွား၍ မေသည် စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်သည်ထက် ပိုပီတိဖြစ်ခဲ့သေးသည်။ သို့သော် မေသည် နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆက်တက်ဖို့ကို အတော်လေး စဉ်းစားရတော့သည်။ ကျောင်းက နှစ်နှစ်ဆက်တက်ရဦးမည်။ ထိုနှစ်နှစ်ဆိုသော အချိန်အတွင်း ဒယ်ဒီ့စီးပွားရေးလုပ်ငန်းတွေကိုလည်း မေက အောင်မြင်အောင် လုပ်ရဦးမည်။ ပြီးတော့ မေ့ဝါသနာလေးကိုလည်း ဆက်လက်တည်တံ့အောင်မြင်အောင် လုပ်ရဦးမည်။ ရင်မောရလေစွ။ မေ့အတွက် အလုပ်သုံးခုစလုံးကို လုပ်နိုင်ဖို့ဆိုတာ အတော့်ကိုခက်ခဲလေသောကိစ္စ ဖြစ်နေရပြီ။ သူငယ်ချင်းတချို့ကတော့ ...

"ကျောင်းဆက်တက်မနေပါနဲ့ဟာ၊ စီးပွားရေးလုပ်ငန်း လုပ်ရင်းနဲ့ နင့်ဝါသနာကို အကောင်အထည်ဖော်လို့ ရသားပဲ၊ အကုန်လုံးကို တစ်ပြိုင်နက်တည်း လုပ်မယ်ဆိုရင် ဘယ်ဘက်ကမှ မအောင်မြင်ဘဲ ရှိလိမ့်မယ်၊ အဲဒါဆို နင်ပဲ ယူကျုံးမရ ဖြစ်ရမှာ၊ ဒီတော့ တစ်ခုခုကိုတော့ လက်လွှတ်ရမှာပေါ့၊ ဒါ့မှမဟုတ် တစ်ခု အကြံပေးမယ်၊ နင့်စီးပွားရေး လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်ပေးနိုင်မယ့် လူတစ်ယောက် ရှာပါလား၊ အဲဒါဆို နင် လှည့်ကြည့်စရာ၊ ပူပန်စရာ မလိုတော့ဘူး"

လို့ အကြံပေးသားပင်။ ထိုအခါမျိုးမှာ မေ့အသိဉာဏ်တို့က မှန်းစရာကောင်းလှစွာ လင်းခေးကို သတိရသွားတတ်တာကို မေက စိတ်ပျက်လှသည်။ ငါ ဘာဆက်လုပ်သင့်သလဲ၊ ဆေးချာတာက ငါဟာ ဘာတစ်ခုကိုမှ အရှုံးပေးချင်ဟဲ့မိန်းမ မဟုတ်





ဘူး ... တွေနှင့် ရှုပ်ထွေးသော အတွေးများဖြင့် နေ့စဉ် အချိန်ကုန်ခဲ့ရပြီး အဖြေမှာ ထွက်မလာချေ။

အရာရာကို တွေဝေနေခဲ့ချိန်မှာ လင်းခေးက မေ့ကို ထပ်မံဖုန်းဆက်၍ ဆက်သွယ်ခဲ့လေသည်။ သူက မေ့အခက်အခဲတွေကို သိနေသည့်အလား ...

"မေ စာမေးပွဲ အောင်သွားပြီနော်၊ ကျောင်းဆက်တက်ဖို့ မေ အခက်အခဲ ဖြစ်နေပြီလား၊ မေ့မှာ လုပ်စရာတွေ အများကြီးနဲ့ မနိုင်မနင်း ဖြစ်နေမှာ စိုးရိမ်တယ်"

ထိုအခါ မေသည် ဒေါသတွေ အလိပ်လိုက်တက်လာကာ ယောကျ်ားတွေဟာ တစ်ခါလောက် အရောဝင်လိုက်ရင် ရောင့်တက်လွန်းတယ်၊ နေရာတကာဝင်ပြီး အမိန့်ပေးချင်လွန်းတယ်ဟု၍ နောင်တရချင်သားပင်။ သည်လိုမှန်းသိလျှင် သူ့စာအုပ်ဆိုင်က စာအုပ်တွေကို မဝယ်တော့ဘူး၊ ဘာလုပ်ချင်လဲဆိုပြီး မျက်မိုက်ရိုင်းရိုင်း ထွက်လာမိခဲ့ရင် ကောင်းသား။ အခုတော့ ဖုန်းဆက်ခွင့်ကလေး ရတာနဲ့ ဆက်တိုက် ပတ်သက်ချင်လာရတာနဲ့။ ငါ့ကိစ္စတွေကို ဝင်စွက်ဖက်ရတာနဲ့။ ဟင်း ... စိတ်ပျက်စရာပင် ကောင်းသေးတော့။

မေသည် ဖုန်းကို ပစ်ချလိုက်ဖို့ပင် စိတ်ကူးမိသေးသည်။ သို့သော် သူ့အထင်တွေ မှန်နေ၍ မေက တုန်လှုပ်သွားတာပဲဟု တစ်ဖက်သတ် ကျေနပ်နေတော့မှာကို မလိုလား၍ ...



www.burmeseclassic.com

www.burmeseclassic.com



"စိုးရိမ်စရာမလိုဘူး၊ ကျွန်မ အားလုံးကို လုပ်နိုင်တယ်၊ ရှင်တို့ယောကျ်ားတွေသက် နှာတစ်ဖျားတင်မက ခြေလှမ်းတစ်လှမ်းသာအောင်တောင် လုပ်ပြနိုင်တယ်"

"ယုံပါတယ် မေ၊ မေ့မှာ မိန်းမတိုင်းမှာ မရှိတဲ့စိတ်ဓာတ်မျိုးရှိတယ်၊ အဲဒီစိတ်ဓာတ်နဲ့ အရာရာကို ရင်ဆိုင်ဖြေရှင်းနိုင်တယ်ဆိုတာ ကိုယ် ယုံပါတယ်၊ ဒါပေမဲ့ မေ ကျောင်းဆက်တက်ရင်တော့ မေ့ရဲ့များပြားတဲ့ လုပ်ငန်းတွေမှာ လစ်ဟင်းသွားမှာပဲ၊ အဲဒီအခါကျရင် မေ့လုပ်ငန်းတွေဆက်ပြီး အောင်မြင်နိုင်မှာ မဟုတ်ဘူး၊ မေက ကလေးကဗျာစာအုပ်တွေ ဆက်ထုတ်ဦးမှာဆို၊ ကလေးပုံပြင်တွေရေးပြီးထုတ်ဦးမလို့ဆို၊ တီဗီမှာလည်း ဒီပုံပြင်တွေ ဇာတ်ညွှန်းရေး၊ ဒါရိုက်တာလုပ်ပြီး ကလေးအစီအစဉ်မှာ လွှင့်ဦးမလို့ဆို၊ ဟိုတစ်နေ့က မဂ္ဂဇင်းတစ်စောင်ထဲက အင်တာဗျူးမှာ ပြောထားတာတွေ့တယ်၊ အဲဒါတွေတော့ လုပ်ချင်လုပ်ပါ၊ မေ့ဝါသနာပဲ၊ ဒါပေမဲ့ မေ့လုပ်ငန်းတွေကို လုပ်ပေးဖို့ မေ့မှာ ကိုယ်ခွဲမှ မရှိတာ"

ဒါ တမင်သက်သက် သူ့ကို ပြန်ခေါ်စေချင်လို့ စကားစတာပဲ။ မဖြစ်စေရဘူး၊ မေဟာ ဘယ်တော့မှ သူ့ကိုဒူးထောက်တဲ့သူ မဖြစ်စေရဘူး။ မေသည် နှလုံးသားထဲမှာတော့ သူ့ကို လိုအပ်နေသည် မှန်သော်လည်း ထိုဆန္ဒတို့ကို မေ့ရဲ့အတ္တနဲ့ မာနများက ပိတ်ဆို့ထား၍ ထုတ်ဖော်ဖို့ မကြိုးစားပေ။





"အို: ... အဲဒါက ရှင့်ကိစ္စ မဟုတ်ပါဘူး၊ ကျွန်မကို ဆဲရာမလုပ်ပါနဲ့၊ ဒီမှာ ... မေဂန္ဓဝင်က ဘယ်သူ့အကူအညီကိုမှ လိုချင်တဲ့မိန်းမ မဟုတ်ဘူး၊ ပြီးတော့ ရှင် တစ်ဆိတ်မှတ်ထားလိုက်စမ်းပါ၊ ကျွန်မကို ဘယ်တော့မှ ထပ်ပြီးဆက်သွယ်ဖို့ မစဉ်းစားပါနဲ့၊ ရှင်နဲ့ ကျွန်မ မိတ်ဆွေမဟုတ်ဘူး၊ မိတ်ဆွေလည်း မဖြစ်ချင်ဘူး"

သူ့ဆီက တုံ့ပြန်စကားကို နားမထောင်တော့ဘဲ ဖုန်းချပစ်လိုက်ပြီး မေသည် ခပ်ကြောင်ကြောင် မျက်ဝန်းများဖြင့် အချိန်အကြာကြီး နံရံကို ငေးနေမိသေးရဲ့။ ဟင့်အင်း ... မေ သူ့ကို မချစ်မိစေရဘူး၊ အားမကိုးမိစေရဘူး။ သူက မေ့ကို တကယ်ချစ်တဲ့ ချစ်သူမှ မဟုတ်တာ။

လူတွေအားလုံးက မေ့ကို အပြစ်တင်ချင်ကြကာ သူ့လိုလူတစ်ယောက်ကို အလုပ်ဖြုတ်ပစ်လိုက်ခြင်းကြောင့်ဆိုတာ မေ့ထားလို့ မဖြစ်ဘူး။ ပိုပြီး မခံချင်စရာကောင်းတာက စိုးဗလရဲ့စကားတွေပဲ။ မေ့ကို စော်ကားသွားတဲ့ စကားတွေ တမင်သက်သက် အိမ်တိုင်ရာရောက် လာပြီးတော့တောင် မေ့ကို သိက္ခာချသွားတဲ့ စကားကို လာပြောခံရတာ သူ့ကြောင့်ပဲလို့ မေက ယူဆသည်။ ထိုနေ့ကို မေ ကောင်းကောင်း မှတ်မိနေသေးရဲ့။ မေနဲ့ လုံးဝနီးပါး အဆက်အသွယ် ပြတ်တောက်သွားသော စိုးဗလဟာ ထူးထူးဆန်းဆန်းကြီး သည်လိုပြတ်တောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ မေက အနည်းငယ် အံ့သြနေခဲ့ရှာသော။ သိပ်တော့ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပါ။ သူ့ဘာသာ သူချစ်ရမယ့်သူ၊ မေ့ထက်ချမ်းသာတဲ့မိန်းမ ... သည်လိုမျိုးတွေနဲ့ တွေ့သွားလို့ မေ့ကို စိတ်မဝင်စားတော့ခြင်းပဲဟု မေက နားလည်လျက် ကျိတ်ဝမ်းသာရခဲ့၏။ ဒါပေမဲ့ စိုးဗလ သည်လိုရှောင်ထွက်သွားခြင်းဟာ ဘာအကြောင်းကြောင့်လဲဆိုတာ လင်းခေးကို မေ အလုပ်ဖြုတ်ပြီး သိပ်မကြာခင်မှာ သိခွင့်ရ၏။ စိုးဗလရဲ့ မေ့ဆီ လာလည်ခြင်းက ကောင်းသတင်းပေးဖို့ လာလည်ခြင်းတော့ မဟုတ်ချေ။ မေ့ကို ခနဲ့ခြင်း၊ လင်းခေးကို ရှုတ်ချအပြစ်တင်ခြင်းတွေ ပါဝင်သော အိမ်အလည်လာခြင်းတည်း။

"လင်းခေးကို ဘယ်လိုအကြောင်းရှိလို့ အလုပ်ထုတ်ပစ်လိုက်တာလဲ"

လို့ စတင်စပ်စုသော စိုးဗလကို ခပ်ချဉ်ချဉ် ဖြစ်မိသည်။ ပြီးတော့ လူတစ်ဦးတစ်ယောက်ကို ထိခိုက်စေသော ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော စကားများကို သူ့ကွယ်ရာမှာ မပြောလိုသော မေသည် ...

"အလုပ်ထုတ်ပစ်တယ်လို့ ဘယ်သူပြောလဲ၊ သူ့ကို ကျွန်မ အလုပ်ထုတ်ပစ်လိုက်တာ မဟုတ်ပါဘူး၊ သူ့ဘာသာ လုပ်ငန်းတစ်ခု လုပ်ချင်တယ် ဆိုလို့ ထွက်ခွင့်ပေးလိုက်တာ"





မေ့အသံ မာဆတ်ပြတ်တောက်မှုကို စိုးဗလသည် မခံချိမခံသာ ဖြစ်ရအောင် ခပ်မှဲ့မှဲ့ပြုး၏။

"အရင်ကတော့ အလုပ်တစ်ခု လုပ်ချင်တယ်လို့ မပြောပါလား၊ အခုမှ တခြားအလုပ် ခွဲလုပ်မယ်ဆိုတာ အကြောင်းရှိလို့ ဖြစ်မှာပဲနော်၊ အန်ကယ့်ကို အရင်ကတော့ အားနာပြီး လုပ်ပေးနေရတယ် ထားပါ၊ သူ မလုပ်ချင်ရင် အန်ကယ် ဆုံးပြီးပြီးချင်း အလုပ်ထွက်ဖို့ ပြောမှာပေါ့၊ အင်း ... အခုမှဆိုတော့ မေဂန္ဓဝင်တို့နှစ်ယောက် အဆင်မပြေကြလို့ပဲ ဖြစ်မယ်"

"အဲဒါ ရှင်နဲ့မဆိုင်ဘူးလို့ ထင်တယ်"

"ဟုတ်တာပေါ့၊ ကိုယ်နဲ့ မေဂန္ဓဝင်နဲ့ဆိုရင် မိတ်ဆွေတွေမို့ ဒီကိစ္စက ကိုယ်နဲ့သိပ်မဆိုင်ဘူးလို့ မေဂန္ဓဝင်က ပြောနိုင်ပါတယ် ...

ဒါပေမဲ့ မေဂန္ဓဝင်နဲ့ လင်းခေးတို့ကျတော့ မိတ်ဆွေအဆင့်ထက်ပိုပြီး သက်ဆိုင်သူတွေဆိုတာ သိထားတာမို့ ကိုယ်က မိတ်ဆွေတစ်ယောက်အနေနဲ့ မေဂန္ဓဝင်ကို စာနာမိလို့ပါ"

မဟုတ်သေးပါဘူး။ သည်လူ ဘာတွေပြောချင်တဲ့ သဘောပါလိမ့်။ တစ်ခုခုတော့ မှားယွင်းနေပြီ ထင်ပါရဲ့။ မေနဲ့ လင်းခေးတို့ ဘယ်လိုပတ်သက်ခဲ့ကြတယ်ဆိုတဲ့ သဘောကို ပြော

www.burmeseclassic.com



တာလဲတွေနှင့် မေသည် ငိုင်တွေခဲ့ရသည်။ ထိုသို့ငိုင်တွေခြင်းအား စိုးဗလသည် အပြစ်ရှာတွေ့သွားဟန်ဖြင့် မေ့ကို ဘယ့်နှယ်ရှိစဟူသော အမူအရာကို မျက်ခုံးပင့်၍ လုပ်ပြလျှင် ...

"ကျွန်မ ဘာများ စာနာစရာလိုလို့လဲ၊ သူ ဒီလိုအလုပ်ကထွက်သွားတာ ကျွန်မလုပ်ငန်းမှာ ဘာမှပျက်စီးသွားနိုင်တာမှ မဟုတ်တာ"

"လုပ်ငန်းမှာတော့ နစ်နာတယ် မနစ်နာဘူးဆိုတာ ဘယ်သိနိုင်မလဲ၊ ဒါပေမဲ့ မေဂန္ဓဝင် ဘဝအတွက်တော့ နစ်နာသွားရတာပေါ့။ သူနဲ့ မေဂန္ဓဝင်တို့က အခြေအနေတစ်ခုအထိ ပတ်သက်ခဲ့ကြတဲ့ သူတွေဆိုတာ ကိုယ်သိပြီးသားပါ၊ တစ်ခါတလေ တစ်အိမ်လုံးမှာ ဘယ်သူမှ ဝင်ခွင့်မရတဲ့ အန်ကယ့်ရုံးခန်းထဲမှာ နှစ်ယောက်တည်း ရှိနေတတ်တာမျိုး ကိုယ် မကြာခဏ ကြုံဖူးပါတယ်၊ ပြီးတော့ လင်းခေးဟာ မေဂန္ဓဝင်ရဲ့ ခြံဝင်းထဲက သီးသန့်အိမ်တစ်လုံးနဲ့ အန်ကယ် မရှိတော့တာတောင် ဆက်နေသေးတာဟာ တစ်စုံတစ်ရာသော ပတ်သက်မှုကြောင့် ဖြစ်မယ်ဆိုတာ ကိုယ် ရိပ်မိပြီးခဲ့ပြီ။ ကဲ ... အဲဒါ မေဂန္ဓဝင်ရဲ့ နစ်နာမှုတွေပေါ့"

"ဘာပြောတယ်၊ အဲဒါ ကျွန်မကို တမင်သက်သက် ဓော်ကားတာ၊ ရှင် မဟုတ်တမ်းတရမ်းတွေ မစွပ်စွဲပါနဲ့"





"အိုး ... ဟိုး ... လက်မှတ်မထိုးရသေးရုံ၊ လူသိရှင်ကြားမဖြစ်သေးရုံကလွဲရင် ဒီဂန္ဓဝင်စံအိမ်ကြီးရဲ့ အရှင်သခင်မကြီး ဒေါ်မေဂန္ဓဝင်ရဲ့ ကြင်ရာတော်ဟာ လင်းခေးဆိုတဲ့ငနဲဆိုတာ သဘောပေါက်ပြီးသားပါ၊ အမှန်တရားကို ဖုံးကွယ်ဖို့ ကြိုးစားတာ ခက်ခဲပါတယ်ဗျာ၊ အံ့ဩစရာပဲ မေဂန္ဓဝင်၊ ဒီလောက် ဟန်ဆောင်ကောင်းလိမ့်မယ်လို့ ကိုယ်မထင်ခဲ့ဘူး"-

ထိုစကားတွေ ကြားရချိန်ကဆိုလျှင် မေသည် အသားတွေ တဆတ်ဆတ်တုန်ကာ အံကို တင်းနေအောင် ကြိတ်ထားခဲ့ပါသည်။ သူ့ရှေ့မှာ အင်မတန် ဒေါသထွက်ပြီး မခံမရပ်နိုင်အောင် ပေါက်ကွဲတဲ့ အမူအရာမျိုး မဖြစ်စေရဘူး။ သူဟာ သူ့အထင်တွေ မှန်ကန်သွားပြီဆိုတဲ့ ကျေနပ်မှုမျိုး မရစေရဘူး။ ငါဘက်က မှန်တယ်၊ လင်းခေးဘက်ကလည်း မှန်တာ အိမ်ကလူတွေ အကုန်လုံးသိတယ်၊ ကိုယ်စောင့်နတ် သိတယ်။ သည်လိုလူညံ့တစ်ယောက်ရဲ့စကားကို ပေါက်ကွဲပစ်ဖို့ မလိုဘူး။ မေသည် ထိုအချိန်က ကိုယ့်ကိုယ်ကိုယ် အတော်လေး ထိန်းချုပ်ထားနိုင်ခဲ့သည်။ သည်အတွက် အခုထိ ကျေနပ်မဆုံးပင်တည်း။

အကယ်၍ မေကသာ မဟုတ်ပါဘူး။ အထင်နဲ့မစွပ်စွဲပါနဲ့။ မေတို့က ရိုးသားပါတယ်လို့ ပြောကြည့်၊ မေဂန္ဓဝင်



www.burmeseclassic.com

www.burmeseclassic.com



က မိုးကြိုးကို ထန်းလက်နဲ့ကာကွယ်တယ် ဖြစ်ဦးမည်။ ပို့ပြီး အထင်မှားဖို့ ကောင်းမည်။ ကဲ့ရဲ့ဖို့ကောင်းမည်။ ထို့ကြောင့် မေသည် တစ်စုံတစ်ခုမှ ပြင်းပြင်းထန်ထန်ငြင်းဖို့ မစဉ်းစားခဲ့ပါ။ တော်ရုံလောက်တော့ ငြင်းခဲ့ပါသေးသည်။

"သိပ်ရယ်စရာကောင်းတဲ့ ပြက်လုံးတွေပဲ၊ မေဂန္ဓဝင်ဆိုတဲ့ မိန်းမဟာ ဘယ်လိုမိန်းမမျိုးလဲ ဆိုတာ စိုးဗလမခန့်မှန်းတတ်သေးတာ ညံ့တာပေါ့၊ မှတ်ထားလိုက်စမ်းပါ၊ သေသေချာချာ မှတ်ထားလိုက်၊ မေဂန္ဓဝင်က ဘယ်ယောက်ျား တစ်ယောက်ကိုမှ အညံ့ခံ အရှုံးပေးပြီး လက်တွဲမယ့်မိန်းမ မဟုတ်ဘူး၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုလည်း ဘယ်တော့မှ အထိပါးမခံဘူး၊ ရှင်းရှင်းပြောရရင် ယောက်ျားယူတာပဲ အားလုံးကို ကြေညာပြီး ယူပစ်လိုက်တော့ ဘာဖြစ်သွားမှာမို့လဲ၊ ယောက်ျားတစ်ယောက်ကို လက်တွဲမယ်ဆိုတာ လူသိရှင်ကြား ကြေညာပြီးမှ လက်တွဲမယ်၊ ဘယ်တော့မှ တိတ်တိတ်ပုန်း မယူဘူး၊ အောက်တန်းကျတဲ့ဘဝ တန်ဖိုးမရှိတဲ့ဘဝကို မက်မောတဲ့ မိန်းမတွေထဲမှာ မေဂန္ဓဝင် မပါဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်၊ ကဲ ... ရှင် ပြန်တော့ ရှင် ကျွန်မအိမ်ကိုလာတာ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေလို့ ကျွန်မ သတိပေးလိုက်ပါတယ်"





"အနာပေါ် တုတ်ကျသွားတယ် ထင်ပါရဲ့"

ဟူ၍ စုတ်တသပ်သပ်ဖြင့် မေ့ကို လှောင်ဖြစ်အောင် လှောင်သွားသေးသည်။ ငါ့ဘဝမှာ သည်လိုစကား မျိုးနဲ့ အထိပါးခံရလိမ့်မယ်၊ စော်ကားခံရလိမ့်မယ်ဆိုတာ တွေးတောင်မတွေးခဲ့မိဘူး။ အခုတော့ ငါ့ကို ဂုဏ်သိက္ခာထိခိုက်တဲ့ စကားတွေ ပြောတာခံရနေရပြီ။ လင်းခေးကြောင့် ... လင်းခေးကြောင့်ဟု ရေရွတ်သော်လည်း အမှန်စင်စစ်တော့ သူ့မှာ အပြစ်မရှိမှန်း မေက နားလည်ပါသည်။ စိုးဗလဟာ မေက သူ့ကို မတိမ်းညွတ်ဘဲ အလိုရှိတုန်းကတွဲပြီး အလိုမရှိတော့ သူ့ကို ပ,ထုတ်ပြီဖြစ်ကြောင်း သိရှိပြီး မေ့ကို တမင် ကလဲ့စားချေသွားတာ မေသိလိုက်ပြီ။

စိုးဗလဟာ အင်မတန်မှ ဆတ်ဆတ်ထိ မခံအောင် မာနကြီးလွန်းတဲ့ယောက်ျား၊ ကိုယ့်ကိုယ်ကိုယ် ငါ ဒါလုပ်ရင် ဖြစ်ကိုဖြစ်ရမယ်၊ ငါ လက်ဖျောက်တစ်ချက်တီးလိုက်တာနဲ့ မိန်းမတွေ ငါ့ကို ကြိုက်စေရမယ်ဆိုသော တစ်ဖက်သတ်ဆန်သည့် စိတ်ဓာတ်ရှိသူတည်း၊ သူ မထင်မှတ်ချိန်မှာ မေက သူ့ကို တဖြည်းဖြည်း ရှောင်ခွာခြင်းအတွက် မာနကြီးသောသူတစ်ယောက်ပီပီ မေ့ကို တွယ်ကပ်ပြီး ချစ်ခွင့်တောင် မတောင်းခဲ့။ အစကတည်းက လူလည်တစ်ယောက်ပါပဲ။ မေ့ကို ချစ်ရေးမဆိုဘဲ လေ့လာပြီး တွဲဖို့ကြံစည်တာကိုက မှုမမှန်တာ။ အခုတော့ သူဟာ သူ့ရဲ့အရှုံးအတွက် မေ့ကို ကလဲ့စားချေသွားပြီ။ စကားနဲ့ နှိပ်စက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား ... ဘယ်သူတွေများ ပြောထားပြီးပါလိမ့်။ ဟင့်အင်း ... မေ ရှက်ပါသည်။ မေ့ကို သည်လိုကြီး ပြောကြမှာကို မေ အင်မတန်မှ ရှက်သည်။ ထိုနေ့မှစ၍ မေ့မှာ စိတ်ဝေဒနာတစ်ခု တိုးခဲ့ရပါတော့သည်။





## ၃

"မင်းလားကွ ... မေဂန္ဓဝင် ဆိုတာ၊ ကိုယ့်ကိုတော့ မင်း သိနေမယ်လို့ မထင်ပါဘူး၊ ဒါပေမဲ့ ကိုယ့်နာမည် ပြောလိုက်ရင် မင်း အတော်လေး အံ့ဩသွားမှာပဲ၊ ကိုယ့်နာမည်ကိုတော့ မင်းမာမီက ပြောပြဖူးတယ်ဆိုရင် မင်းသိမှာပါ၊ ကဲ ... သားတို့ရေ၊ မင်းတို့ရဲ့ ညီမတော်လေးကို မာမာ့ နာမည် ပြောပြလိုက်ပါဦး"

မေ့ရဲ့စိတ်ဝေဒနာတစ်ခုကို ထပ်မံ၍ ရရှိခဲ့သောနေ့ကတော့ တီဗီဇာတ်လမ်းကလေးအတွက် ကလေးတွေကို ဇာတ်တိုက်ပြီး အိမ်သို့ မောမောပန်းပန်း ပြန်လာချိန်မှာပင်ဖြစ်သည်။ အိမ်ရှေ့ဧည့်ခန်းမှာ မေ့ကို စောင့်ကြိုနေကြသော ဧည့်သည်တွေဟု ထင်ထားခဲ့သည့် သူတွေထံမှ ထိုစိတ်ဝေဒနာကို ထပ်မံရရှိခဲ့ခြင်း တည်း။



www.burmeseclassic.com

www.burmeseclassic.com



“မာမာ့နာမည် ဒေါ်ကေသီလှတဲ့၊ မင်း သိရဲ့လား၊ မသိမှာစိုးလို့ ထပ်ပြီးပြောရရင် မင်းရဲ့ဒယ်ဒီ ဦးကျော်ဆွေရဲ့မယားကြီးပဲ၊ မင်းက ပါပါ့အငယ်တစ်ယောက်ရဲ့သမီး မေဂန္ဓဝင်ဆိုတာ ငါတို့ သိပြီးသားပါ”

မေက ဘုရားတ,လိုက်မိသည် ထင်ပါသည်။ မေငယ်ငယ်ကတည်းက တစ်ခါမှ မမြင်ဖူးခဲ့သော ဒယ်ဒီ့မယားကြီးနဲ့ သားသုံးယောက်တို့ဟာ အခုတော့ မေ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြပြီ။ သူတို့ မေ့ကို ဘာတွေရန်ထောင်ကြဦးမလို့လဲ။ ကနေဒါမှာ သွားနေတယ်ဆိုတာ ဒယ်ဒီ ပြောပြဖူးပါတယ်။ အခု လာလည်တာလား၊ လာလည်တယ်ဆိုလည်း မေ့ကို စကားနာထိုးစရာ စကားတွေနဲ့ လာဖို့မသင့်ဘူး။ တကယ်တော့ ဒါဟာ မေနဲ့မဆိုင်တော့တဲ့ကိစ္စပဲ။ ဒယ်ဒီ့ဒုတိယမယားရဲ့သမီး ဖြစ်နေရတာနဲ့ မေ့ကို ရန်စလိုစရာမလိုဟု မေက ကမန်းကတန်း တွေးမိသေးသည်။

“ကောင်းပြီ၊ အဲဒီတော့ ကျွန်မ်နဲ့ ဘာကိစ္စများ ဆွေးနွေးစရာရှိလို့လဲ၊ ကိစ္စမရှိဘဲနဲ့တော့ ဒီကိုလာမယ် မထင်ပါဘူး။ တစ်စုံတစ်ခုတော့ ရှိမယ်ထင်တယ်၊ ဟုတ်ရဲ့လား”

“သိပ်ထက်မြက်တဲ့ မိန်းကလေးပဲ”

မေ့ကို ဤကဲ့သို့ ချီးကျူးသံလိုလိုဖြင့် ခနဲ့စကားပြောသူမှာ မေနဲ့ဆိုရင်တော့ အဖေတူ အမေကွဲ မောင်နှမတော်သူ





ဖြစ်ပြီး သုံးယောက်ထဲက သူက မေနဲ့ ဘယ်လိုနံပါတ်နဲ့ တော်စပ်တဲ့ အစ်ကိုပါလိမ့်။ နိုင်ငံခြားမှာ အနေကြာခဲ့သူများဖြစ်၍ မြန်မာဆန်ဆန်ရုပ်ရည် ပျောက်နေကြတာလား။ ဒါမှမဟုတ် ဒယ်ဒီ့ရုပ်ရည်နဲ့ ဒေါ်ကေသီလှတို့ ရုပ်ရည်ကပဲ မြန်မာမဆန်လို့လား မသိချေ။ သူတို့က မေနဲ့ မောင်နှမတွေပါဟု ပြောရရင်တောင် ခပ်ခက်ခက်ပါပဲ။ မေကတော့ ဒယ်ဒီနဲ့မတူဘဲ မာမီ့လို မြန်မာဆန်သော ရုပ်ရည်ကို ပိုင်ဆိုင်ခဲ့ပြီး ညိုဖျော့ဖျော့အသားရောင်တို့ဖြင့် သူတို့နဲ့ ခြားနားနေခဲ့သည်။

“ကဲ ... ပြောပါဦး၊ ဘာကိစ္စများပါလိမ့်”

“အေးလေ ... ဒီလောက် မြန်မြန်ဆန်ဆန် သိချင့်လှပါတယ်ဆိုလည်း ပြောရမှာပေါ့၊ တို့တွေ ... တွေ့တုန်းဆုံတုန်း ဆွေမျိုးစပ်မလို့ဟာ၊ ကဲ ... နေပါစေတော့၊ နောက်လည်း ဘယ်လိုဆွေမျိုးစပ်စပ် အမြဲတွေ့ရမယ့်လူတွေမှ မဟုတ်တာ”

“ကဲပါ မာမာရယ်၊ ဒီဟာမလေးကို လိုရင်းသာ ပြောပြလိုက်စမ်းပါ၊ အချိန်ကုန်တယ်”

ဒေါ်ကေသီလှကို ဆရာလုပ်သော နောက်ထပ်တစ်ယောက်ကတော့ ဒယ်ဒီနဲ့ အတော်လေး ဆင်တူပါသည်။ ဒယ်ဒီ့ကို မချစ်သော်လည်း သူက ဒယ်ဒီ့ရုပ်ရည်ကို ပိုင်ဆိုင်ထား၍ မေက မနှာလိုချင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါကွယ်၊ အခု မေဂန္ဓဝင် ပိုင်ဆိုင်ထားတဲ့ ကိုဆွေ့စည်းစိမ်တွေ အကုန်လုံးကို မေဂန္ဓဝင်က တရားဝင်ပိုင်ဆိုင်ထားတာလား၊ ဒါမှမဟုတ် အဖေမရှိတော့လို့ သမီးပဲ ပိုင်တယ်ဆိုတဲ့ Automatically သဘောပေါက်ပြီး အမွေဆက်ခံတာလားဆိုတဲ့ကိစ္စ သိချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုဆွေဟာ ဘယ်ဘဝကလာခဲ့သလဲဆိုတာ ကိုယ်သိလို့ပဲ"

အမွေ ... အမွေကိစ္စ။ ဟင့်အင်း ... ငါ သည်လို အရှုပ်အထွေးတွေကို ရင်မဆိုင်ချင်ဘူး။ သို့သော် ယခုတော့ ရင်ဆိုင်ရတော့မည်။ ဒယ်ဒီ ဘယ်လောက်ပင် တဖွဖွ မေ့ကို မှာခဲ့ပါစေ၊ မေ့ကိုပေးခဲ့တယ်လို့ ကြေညာခဲ့ပါစေ ... အခု မေ့ကို အမွေလုမယ့်သူတွေ ပေါ်လာပြီ၊ ရောက်လာပြီ။ မေ ရင်ဆိုင်ရပြီ။

"ကျွန်မကို စာချုပ်စာတမ်း အပြည့်အစုံနဲ့ အမွေပေးခဲ့တာပါ၊ ကျွန်မဘက်က ရှေ့နေတွေကို သွားမေးနိုင်ပါတယ်၊ ဒယ်ဒီကိုယ်တိုင် သူ့ရှေ့နေ၊ ကျွန်မရှေ့နေဆိုပြီး အရင်ကတည်းက ငှားထားခဲ့တယ်၊ အခုလည်း ဒယ်ဒီမရှိတော့ပေမယ့် အန်တီတို့ မေးချင်ရင် ဒယ်ဒီ့ရှေ့နေကို သွားမေးလို့ရပါသေးတယ်၊ ရှင်းရှင်းပြောရရင် ဒီအမွေတွေကို ဒယ်ဒီက သူ မသေခင်ကတည်းက ကျွန်မကို အတင်းပေးထားခဲ့တာ၊ အားလုံးကို လိုက်မေးကြည့်နိုင်တယ်၊ ဒယ်ဒီကိုယ်





တိုင် ကြေညာခဲ့တယ်၊ သူက ဘာတစ်ခုမှ ပိုင်ဆိုင်သူ မဟုတ်ဘူး၊ တကယ်ပိုင်ဆိုင်တဲ့သူက ကျွန်မပဲဆိုတာ ဒယ်ဒီက ဝန်ခံရဲခဲ့တယ်၊ ဘာဖြစ်လို့လဲသိကြလား၊ ဒယ်ဒီက ကျွန်မကို ချစ်လို့တဲ့၊ ကျွန်မကို သိပ်ချစ်လို့တဲ့၊ မယားငယ် သမီးအဖြစ် အားလုံးက လက်ညှိုးထိုး ကဲ့ရဲ့ခံရမှာစိုးလို့တဲ့"

မေ့စကားကြောင့် ဒေါ်ကေသီလှသည် မဲ့ရွဲ့ပစ်လိုက်ပြီး စီးကရက်ကို ဒေါသကြီးစွာ ဆေးလိပ်ပြာခွက်ထဲ ထိုးခြေပစ်လိုက်၏။

"နေစမ်းပါဦး ... မင်းကို ဒီပစ္စည်းတွေ ဘယ်လိုပိုင်ဆိုင်သလဲပဲ မေးရပါသေးတယ်၊ ဘယ့်နှယ် ရှေ့ဆက်ပြီး စကားတွေ ကွန့်သွားရတာလဲ၊ ကိုယ့်ကို တမင်ခနဲ့ချင်လို့ မဟုတ်လား မင်းဟာ တကယ့်ကို မမြဲလေး အငယ်စား ပီသပါပေရဲ့၊ နှုတ်သီးကောင်း လျှာပါးပဲ"

သေချာတာတစ်ခုတော့ ရှိသည်။ ဒေါ်ကေသီလှဟာ မေ့ရဲ့အမွေတွေကို တစ်နည်းတစ်ဖုံ နှောင့်ယှက်တော့မည်ဆိုတာပဲဖြစ်သည်။ ဘာဖြစ်လို့လဲဆိုရင် သူမရဲ့ မျက်လုံးတွေထဲမှာ မေ့ရဲ့တစ်လုံးတည်း စိန်နားကပ်၊ စိန်လော့ကက်၊ စိန်လက်စွပ်တွေဆီသို့ မလိုတမာ လိုက်ကြည့်သော အရိပ်တွေကို မေ အကဲခတ်မိ၍တည်း။ ဒါတွေက တကယ်တော့ ဒယ်ဒီပေးခဲ့တဲ့ ပစ္စည်းတွေထဲမှာ လုံးဝမပါသော ပစ္စည်းများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မာမီပိုင်တဲ့ ပစ္စည်းတွေ၊ သမီးဒယ်ဒီနောက်ကို ဘာမှမသိနားမလည်သေးတဲ့ သူဌေးသမီး ကွန့်ဗင့်ကျောင်းသူလေးဘဝနဲ့ လူကြီးတွေ စွန့်လွှတ်ခဲ့ပြီး လိုက်လာခဲ့တုန်းက မာမီ့ကိုယ်ပေါ်မှာ ဝတ်လာတဲ့ စိန်ထည်တွေပေါ့၊ သမီးဘွားဘွားက မာမီ့ကို အချစ်ဆုံး မြေးမလေးမို့ ပေးထားတာ၊ မာမီက မိုက်တဲ့မြေး၊ မိုက်တဲ့သမီး ဖြစ်သွားရတယ်ကွယ်၊ မာမီ မရှိတော့ရင် ဒီပစ္စည်းတွေ သမီးယူထားလိုက်နော်၊ ပြီးတော့ အမြဲဝတ်ထား"

ထိုသို့ မာမီနာမကျန်းစဉ် မေ့ကို မှာကြားခဲ့ပြီး သိပ်မကြာပါ၊ တစ်ပတ်အကြာမှာ ဆုံးပါးခဲ့သည်။ ဒါကြောင့် မေသည် မာမီ့ကိုချစ်သော သမီးပီပီ သည်စိန်တွေကို မက်မောကွယ်တာ၍ ဝတ်ခြင်းမဟုတ်ပါဘဲ မာမီ့အကြိုက်ကို မာမီမရှိချိန်မှာ စိတ်မှန်းနှင့် ဖြည့်ဆည်းခြင်းလည်း ဖြစ်ပေသည်။ အခုတော့ ဒါတွေဟာ ဒေါ်ကေသီလှ မျက်စိစူးစရာ ဖြစ်ခဲ့ပြီတဲ့။

"မင်းသိအောင် ပြောပြရဦးမယ်၊ ကိုဆွေဟာ အရင်ထ တည်းက ချမ်းသာတဲ့မျိုးရိုးက ဆင်းသက်လာတာ မဟုတ် ဘူး၊ သူက ရိုးရိုးရုံးစာရေးလေးဘဝမှာ ကိုယ်က သူ့အထက် အရာရှိကြီးရဲ့သမီးအဖြစ် တွေ့ခဲ့ကြတာ၊ ကိုယ့်အမေ မိုးကုတ်က ကျောက်တွင်းတွေပိုင်တဲ့ မိဘများရဲ့ တစ်ဦး





တည်းသော သမီးမို့ ကိုယ်တို့ သိပ်ချမ်းသာကြတာကို ကိုဆွေက မက်မောပြီး ကိုယ့်အဖေကို သိပ်ရိုးသားတဲ့စာရေးကလေးအသွင်နဲ့ ချဉ်းကပ်အယုံသွင်းခဲ့တယ်၊ ကိုယ့်အဖေကလည်း ရိုးသားတဲ့ အရည်အချင်းရှိတဲ့ ကိုဆွေ့ကို သဘောကျ၊ ကိုယ်ကလည်း ရုပ်ရည်ချောတာလေးမက်ပြီး ကိုဆွေနဲ့ လူကြီးတွေသဘောတူကြတာကို ကျေကျေနပ်နပ် လက်ခံခဲ့တာ၊ အဲဒီမှာ ကိုဆွေက ရုံးစာရေးဘဝကထွက်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ခဲ့တာ အရမ်းအောင်မြင်သွားတယ်၊ ကိုဆွေက စီးပွားရေးပညာမှာ အင်မတန်တော်ပါတယ်၊ ပြီးတော့ ... လူတစ်ယောက်ကို အယုံသွင်းတဲ့နေရာမှာလည်း သိပ်တော်တဲ့ ယောကျ်ားတစ်ယောက်ပေါ့၊ ဒါကြောင့် မင်းအမေတောင် ပစ်ကျသွားတာပဲ မဟုတ်လား"

ဇာတ်လမ်းကတော့ စပြီ။ သည်စည်းစိမ်တွေ အကုန်လုံး သူ့မိဘရဲ့ငွေကြေးထဲက အရင်းတည်ပြီးမှ ဆင့်ပွားဖြစ်လာရလို့ သူပိုင်တယ်၊ မေ မပိုင်ဘူးဆိုပြီးတော့များ မေ့ကို အနိုင်ကျင့်တော့မလား။ ဒါမှမဟုတ် လေးပုံသုံးပုံ သူ့ကိုပေးရမယ်ဆိုပြီး မေ့ကို အရေးဆိုမလား။ အမှန်တကယ် ပြောရရင် သည်စည်းစိမ်တွေကို ပိုင်ဆိုင်နေရ၍သော မေက ထိန်းသိမ်းနေရတာ။ မေ



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ မမက်မောခဲ့ပါ။ သို့သော် တမင်သက်သက် အနိုင်ကျင့် မယ်ဆိုရင်တော့ မေက ခေါင်းငုံ့ခံမည် မဟုတ်ပါ။

"အဲဒီတော့ လိုရင်းက ဘာလဲ အန်တီ၊ ကျွန်မ နားမရှင်းလို့ လိုရင်းပဲ ပြောပါ"

"လိုရင်းကတော့ အခု မင်း ပိုင်ဆိုင်ထားသမျှတွေဟာ ကိုယ့်လက်ထက်ပွားတွေချည်း ဖြစ်သလို ကိုယ့်မိဘက ကိုယ်နဲ့ ကိုယ့်အစ်ကိုကြီးကို တစ်ဝက်စီ ခွဲဝေပေးတဲ့အထဲက အရင်းတည်ပြီး ဖြစ်မြောက်လာတဲ့ စည်းစိမ်တွေ၊ ဒီတော့ မင်းကို အကုန်ပေးခဲ့တယ်ဆိုတာ လုံးဝမဖြစ်သင့်တာပဲ၊ မင်းမှာ စာချုပ်စာတမ်းရှိသလို ကိုယ့်မှာလည်းရှိတယ်၊ ကိုယ်နဲ့ ကိုဆွေက ဘယ်တုန်းကမှ မကွာရှင်းခဲ့ဘူး၊ ကိုယ်က အရှက်ကြီးပြီး အမေရိကားမှာ သွားနေခဲ့တာ၊ တစ်နေ့ အမြင်မှန်ရရင် ပြန်ခေါ်မယ်အထင်နဲ့ သွားနေမိတာ မှားတာပဲ၊ နောက်ပြီး တစ်ခုပြောရဦးမယ်၊ ကိုဆွေဟာ ကိုယ့်ကို အကြွေးမဆပ်ခဲ့ရသေးဘူး၊ ကိုယ့်ဆီကငွေတွေကို စီးပွားရေးလုပ်ဖို့ ယူမယ်ဆိုတုန်းက ကိုယ့်အမေက အခြော် အမြင်ကြီးစွာနဲ့ မယားရဲ့ငွေကို လင်ယောက်ျားက ခဏချေး တယ်ဆိုတဲ့ သဘောနဲ့ စာချုပ်စာတမ်းနဲ့ ချေးခဲ့တာ၊ တစ် နှစ်ကို အတိုးဘယ်လောက်နဲ့ အသေအချာကို တွက်ချက်





ခဲ့တာ၊ ကိုဆွေက အဲဒီတုန်းက ကိုယ့်အမေကို စိတ်ဆိုး လိုက်တဲ့ဖြစ်ခြင်း၊ ဒါပေမဲ့ ကိုယ်ကတော့ သူ့ကိုချစ်တဲ့စိတ် နဲ့ ကွယ်ရာမှာတော့ ဒါတွေက အလကားပါ၊ စာရွက်ထဲ ကကိစ္စတွေပါ၊ လင်မယားချင်းပဲ တစ်ယောက်ကိုတစ် ယောက် နားလည်ရင် ပြီးတာပဲဆိုတဲ့ စကားပြောမိတာ မှားခဲ့တယ်၊ ကိုဆွေက အခုထိ ကိုယ့်ကို အကြွေးမဆပ်ခဲ့ ဘူး၊ အတိုးရော အရင်းရော တွက်ရင် မင်း စိတ်ဆင်းရဲ သွားရလိမ့်မယ်"

"အဲဒီတော့ ကျွန်မက ဒယ်ဒီ့ကိုယ်စား ဆပ်ရမယ်ဆိုပါ တော့၊ ကဲ … ဆပ်မယ်၊ ဘယ်လောက်လဲပြော"

ထိုစကားကြောင့် မေ့ကို ရယ်စရာမဟုတ်ပါဘဲ သားအမိတွေ ဝိုင်းရယ်ကြသည်။ ဘုရား … ဘုရား၊ ဒယ်ဒီချေး ခဲ့တဲ့ ငွေတွေ ဘယ်လောက်တောင် များနေလို့လဲ။ အတိုးရော အရင်းရောတဲ့။ ဒယ်ဒီဟာ သည်လောက်များပြားတဲ့ လုပ်ငန်းတွေ တစ်ပြိုင်တည်း တိုးတက်အောင်မြင်သွားအောင် ငွေကြေးတော် တော်များများ ရှိခဲ့လို့ပဲပေါ့။ ဒါဆိုရင် ဒေါ်ကေသီလှရဲ့ ငွေတွေဟာ သူမ ပြောသလို သူမမိဘတွေ ခွဲပေးသော အမွေတစ်ဝက်လုံးကို ချေးခဲ့လို့ပင်ဖြစ်မည်။ ဒယ်ဒီ ပိုင်ဆိုင်သမျှသည် ထုတ်ကုန်သွင်းကုန်၊ မြို့များကတ်နှစ်ခု၊ အဝေးပြေးကုန်တင်ကား ဆယ်စီး၊ ဆေးခန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



သုံးခု၊ မေသည် စိတ်မှန်းနှင့် တွက်ချက်ကာ ကယောင်တကမ်း ဖြစ်လာရသည်။

"ရော့ ... ဒီမှာကြည့်၊ ကိုယ့်ရဲ့ ငွေကြေးပမာဏက ဘယ် လောက် ချေးခဲ့ပါတယ်ဆိုတာ သက်သေပေါ့၊ အတိုးက တစ်နှစ်ကို (...)ရာခိုင်နှုန်းဆိုတော့ အခုဆိုရင် နှစ်ပေါင်း သုံးဆယ်ကျော်ပြီ၊ တိတိကျကျတွက်ရင် သုံးဆယ့်ငါးနှစ် တောင်ရှိပြီကွယ်"

"ကဲ ... မာမာ၊ သူ့ကို သက်သောင့်သက်သာဖြစ်သွား အောင် Relax လုပ်ခိုင်းထားလိုက်ပါ၊ ကိုယ်တို့ပြန်ကြမယ်၊ နောက်နေ့ လာခဲ့မယ်သိလား၊ ဒီနေ့တော့ ဒီစာချုပ်ကိုဖတ် လိုက်ရလို့ မင်းအတွက်စဉ်းစားဖို့ အချိန်ထပ်ပေးရတာပဲ"

"ဘာကို စဉ်းစားရမှာလဲ"

"ပြေပြေလည်လည်ပေါ့၊ နောက်မှ ... နောက်မှ၊ ဒီနေ့တော့ ဒီလောက်ရိုက်သွင်းထားလိုက်မယ်၊ မင်း အများကြီးလည်း စဉ်းစားလို့ရတယ်၊ အမွေတွေထဲက လေးပုံတစ်ပုံပဲ ယူရင် ကောင်းမလားလို့၊ မပေးဘဲနေရင် ကောင်းမလားလို့ပေါ့"

သေလိုက်စမ်း။ ငါ့ကို သည်လိုလာအနိုင်ကျင့်လို့ ဘယ်ရမလဲ။ ဒါ တမင်သက်သက် လူလည်ကျသွားတာပဲ။ ငါ့ ဒုက္ခပေးဖို့ ရောက်လာကြတာပဲ။ ဟင့်အင်း ... မပေးဘူး။ လုံး





အလျှော့မပေးဘူး။ ရိုးရိုးသားသား 'တို့ကိုလည်း နည်းနည်းခွဲပေး ပါ'ဟု လာတောင်းတာ ဆိုရင်တော့ မေက ရက်ရက်ရောရော ခွဲပေးမိမှာ။ အခုတော့ ခြိမ်းခြောက်သလိုမျိုးနဲ့ လာခဲ့တာကိုက မေ့စိတ်ကို ဆွပေးလိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေသည် ဓာတ်ညွှန်းဖိုင်ကို ကိုင်ထားရင်က တစ်ချက်တစ်ချက် ငေးငိုင်တွေဝေနေမိပြန်သည်။ နေစမ်းပါဦး။ အခု ငါ ဘာလုပ်နေတာပါလိမ့်။ ဪ ... သိပြီ ... သိပြီ။ ကလေးတွေကို တီဗီဓာတ်လမ်းကလေးအတွက် ဓာတ်တိုက်နေတာလေ။ အင်း ... ကလေးတွေ ... ကလေးတွေ ဘာသီချင်းတွေများ ကပေါက်တိကပေါက်ချာ ရွတ်နေကြပါလိမ့်။

"နံနက်ခင်းရဲ့ နေရောင်ခြည် အရှေ့အရပ်မှာ ထွက်ပေါ်ပြီ... ကျေးငှက်ကလေးတွေ စိုးစီစီ အစာရှာဖို့ နိုးထပြီ ... သားသားမီးမီး ကျောင်းသွားဖို့ သူတို့အသံနဲ့ နိုးတယ် ဗျို့"

စန္ဒရားသံနဲ့ မညီစွာဆိုသော တေးသံများ၊ မေက စိတ်ပျက်လက်ပျက်ဖြင့် တီခနဲ စန္ဒရားသံကို ရပ်ပစ်တော့ ကိုယ်ဟန်ကလေးများ ယိမ်းနွဲ့၍ သရုပ်ဆောင်သီဆိုနေကြသော ကလေးများနဲ့ အကဆရာမက အံ့သြစွာ မေ့ကို လှမ်းကြည့်ကြသည်။





"ဆရာမ ... အဲဒီအကွက်က သိပ်ရှုပ်ထွေးသလိုပဲ၊ ကျွန်မစိတ်ထဲမှာ ကလေးတွေနဲ့ အံမဝင်ဘူးထင်နေတယ်၊ နောက်တစ်ကွက် ပြောင်းပါလား၊ ပိုကောင်းသွားမှာပဲလို့ ကျွန်မထင်တယ်"

"မဟုတ်ဘူး ဆရာမရဲ့၊ မနေ့ကတည်းက ဒီအကွက်ကို ဆရာမနဲ့ ကျွန်မ တိုင်ပင်ပြီး သဘောကျလို့ လက်ခံလိုက်ကြတာလေ၊ ဆရာမ မေ့သွားပြီလား၊ ရှုပ်ထွေးနေတာက တော့ ကလေးတွေက မညီသေးလို့ပါ၊ နောက်တစ်ပတ်ရဲ့ ဒီအချိန်ဆို သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်နေမယ်"

"ဪ ... အင်း ... ဟုတ်သားပဲ၊ ဆောရီး ဆရာမ၊ ကျွန်မ အတွေးလွန်ပြီး မေ့တာတွေလည်း မေ့လို့ပါလားနော်"

မေက ခပ်ရှက်ရှက်ဖြင့်ရယ်လျက် ဓာတ်တိုက်ရတာကို စိတ်မပါတော့သလို ဖြစ်လာရသည်။ ဖြစ်နိုင်ရင် အိမ်ကို ချက်ချင်းပြန်ပြေး၊ တစ်ယောက်တည်း အခန်းအောင်းပြီး ဒယ်ဒီကျန်ခဲ့တဲ့ Benson and Hedges ကိုသောက်၊ ဘယ်လိုဆက်လုပ်ရင် သူတို့ကိုနိုင်မလဲဆိုတာ တွေးချင်နေသည်။ စန္ဒရားက အကဆရာမရဲ့စန္ဒရားမို့ ခမ မတီးချင်တော့ဘူးဆိုရင် သူမကတီးရင်း ကလေးတွေကို သင်နိုင်မယ်ထင်ပါရဲ့။ မေသည် ထိုအကြံဖြင့် အကဆရာမကို မေ စန္ဒရားမတီးချင်တော့ကြောင်း ပြောလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာမသည် မေ့ကို ရူးစမ်းရင်း သူမပဲ တီးပေးဖို့ သဘောတူလိုက်သည်။ ခါတိုင်းတော့ အကတိုက်ချိန်တိုင်း သိပ်တက်ကြွတဲ့ မေ၊ သိပ်ပြီး အပင်ပန်းခံတတ်လွန်းတဲ့ မေ၊ ကလေးတွေ မတတ်နိုင်တော့ပါဘူးလို့ သူမ သတိပေးမှသာ စိတ်လျှော့တတ်တဲ့ မေ။ တစ်ခုခုပါပဲဟု သူမ တွေးချင်တွေးနေလိမ့်မည်။

ဟင့်အင်း … ကိစ္စမရှိပါ။ မေ့ကို ဘယ်လိုတွေးချင်တွေး၊ မေက အခု သိပ်ဂရုမစိုက်ချင်တော့ပါ။ အခုလောလောဆယ် မေ အဖြစ်ချင်ဆုံးက ဒေါ်ကေသီလှနှင့် သားများကို အနိုင်ရရေးပင်ဖြစ်သည်။

သည်နေ့နံနက်တုန်းက မေသည် ရှေ့နေနဲ့ သည်ကိစ္စကို သွားတိုင်ပင်ခဲ့သေးသည်။ သူတို့က မေ့ကို ခြိမ်းခြောက်သလို ဆက်ဆံခြင်းကို မေက မခံမရပ်ဖြစ်ရ၍ တစ်စုံတစ်ယောက်ကိုလည်း တိုင်တည်လိုလှသည်။ ထို့ကြောင့် ဒယ်ဒီ့မိတ်ဆွေလည်းဖြစ်သော၊ မေ့ရဲ့ ရှေ့နေကြီးလည်းဖြစ်သော တစ်ယောက်ကို တိုင်ပင်ဖို့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"မကေသီက အခုမှ ဘာလို့ ဒီလိုလာရှုပ်သလဲ၊ ကိုကျော်ဆွေ ရှိကတည်းက ဒီအကြွေးကိစ္စ အတိုးကိစ္စတွေကို ရှင်းကြရင် ရရဲ့သားနဲ့၊ အကယ်၍ သမီးက လျော်ပေးမယ်ဆိုရင် သမီးဆီမှာ ပိုင်ဆိုင်မှု တော်တော်နည်းသွားလိမ့်မယ်ဆိုတာ သမီး သိသလား"





မေသည် လျော်ရမည်ဆိုသောကိစ္စကို အစက စဉ်းစားမိသားပင်။ သို့သော် ဒါဟာ မေ့ကို တစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုပြီး တမင်အနိုင်ကျင့်တယ်ဟု မေက တင်မြင်ယူဆလျက် သူတို့ကို အရှုံးပေးသလို သဘောသက်ရောက်သည်ဟု တွေးမိလျက် လျော်ကြေးဆိုသောကိစ္စကြီးကို လုံးဝ လက်မခံတော့ပါ။ အမှန်တကယ်ပြောရရင် မေသည် ငွေကြေးနေ ကြွယ်ဝရခြင်းကို ပီတိမဖြစ်ချင်ပါ။ ထိန်းသိမ်းရတာ ဦးနှောက်ခြောက်ရသေးရဲ့ဆိုသော ခံယူချက်ဖြင့် အမွေတစ်ဝက်ကိုတောင် ခွဲပေးဖို့အထိ ရက်ရောပါသည်။ အခုတော့ သူတို့က မေ့ကို နှိမ်ချင်သည့် သဘောတွေပါဝင်နေ၍ မေက အလျှော့ပေးဖို့ လုံးဝ မစဉ်းစားတော့ပါ။

"ဟင့်အင်း … ကျွန်မ လုံးဝမလျော်တော့ဘူး၊ အမွေတွေအကုန်လုံး ကျွန်မ ပိုင်ထားတာအားလုံး သိကြရဲ့သားနဲ့ တမင်လာလုနေတာလို့ ယူဆတယ်၊ ဒါတောင် သူတို့ ကျွန်မကို တရားစွဲမယ်ဆိုရင် ကျွန်မကို ကျေအေးဖို့တော့ နားမချပါနဲ့၊ ကျွန်မလည်း နိုင်အောင် ပြန်လုပ်ရမှာပဲ၊ ဒယ်ဒီက ကျွန်မအပေါ် တကယ် မေတ္တာတရား ကြီးမားပြီး ဒီအမွေတွေကို စေတနာသန့်သန့်နဲ့ ပေးခဲ့တာဆိုရင် ဒီအမှုကို ကျွန်မ နိုင်မှာပါ၊ ကျွန်မ ဘယ်သူ့အဆုံးအဖြတ်မှ လက်မခံချင်ဘူး၊ တရားရုံးက တရားသူကြီးပါးစပ်ကထွက်တဲ့ ဆုံးဖြတ်ချက်ကိုပဲ လက်ခံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်မတန် ခေါင်းမာတာပဲကွယ်၊ အေးလေ ... သမီး သဘောပေါ့၊ အန်ကယ်က တားပိုင်ခွင့်မှ မရှိတာ၊ ရှင်းရှင်း ဝန်ခံရရင် ရှေ့နေခေါင် ရသေးတယ်၊ ကဲ ... ကဲ ... သမီး ဘာမှ စိတ်ပူပင်သောကရောက်မနေပါနဲ့၊ အန်ကယ် အားလုံးအတွက် ကြိုတင်ပြင်ဆင်ထားလိုက်မယ်၊ စိတ် အေးအေးသာနေ၊ ဟုတ်ပြီလား"

ဒေါ်ကေသီလှ အင်း ... သည်မိန်းမဟာ မေ့ကို ဘာ ဖြစ်လို့ အခုမှ လာဒုက္ခပေးရသလဲ။ မေ တစ်ယောက်တည်းရှိချိန် ကျမှ မေ့အနားမှာ အားကိုးစရာ ဘယ်သူမှမရှိတော့မှ တမင် လာဒုက္ခပေးတာပဲ။ ရှေ့နေကြီးဆီမသွားမီ တစ်နေ့က သူမတစ် ယောက်တည်း ရောက်လာပြီး မေ့ကို ထပ်မံဆွေးနွေးသေးရဲ့၊ မေက လက်မခံခဲ့ဘဲ မချေမငံ ပြောလွှတ်လိုက်ပါသည်။ သူမ တော်တော်ဒေါသဖြစ်သွားပုံရသည်။ ပြီးတော့ သူမရဲ့စကားထဲမှာ သူမတို့ဟာ ဒယ်ဒီ မဆုံးခင်ကတည်းက မြန်မာပြည်မှာ ပြန်လာ ပြီး နေထိုင်ခဲ့ကြတယ် ဆိုတာလည်း ပါသေးရဲ့။ အဲသည်ကတည်း က ဒယ်ဒီ့ဆီမှာ အကြွေးတောင်းရင် ရရဲ့သားနဲ့။ ပြီးတော့ ဒယ်ဒီ ဆုံးပြီးချိန်မှာ လာပြီး ချက်ချင်း လာအကြွေးတောင်းရင်လည်း ရသားနဲ့။ ဒါဟာ မရိုးသားမှုပဲ။ မေ တစ်ယောက်တည်း ကျန်ခဲ့ ချိန်မှာ မေ့အနားမှာ မေ့ရဲ့ ကြွယ်ဝချမ်းသာမှုတွေကို စိတ်ရောကိုယ် ရော နှစ်မြှုပ်လုပ်ကိုင်ပေးပါတယ်ဆိုတဲ့ လင်းခေး မရှိတော့ချိန်ကျ မှ ဘာလို့ သည်ကိစ္စ ပေါ်လာရသလဲ။





မေသည် အခုချိန်မှာ မနက်ဖြန်တိုင်းကို စိုးထိတ်၍ နေခဲ့ရသည်မို့ မှန်တာတစ်ခု ဝန်ခံရလျှင် လင်းခေးကို တမ်းတချင် မိသည်။ သူ့ကို တိုင်တည်ပြီး ဖွင့်ပြောလိုက်ရရင် ရှေ့နေကြီးရှေ့ မှာ ဖွင့်ပြောရသည်ထက် ပိုပြီးတော့ ပေါ့ပါးသွားရမည်ထင်ရဲ့။ သူ့ဆီက အားပေးနှစ်သိမ့်မှုတချို့တလေကိုတော့ ရချင်သားပင်။ သူက မေ့ကို တကယ်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေပေါ့။ မေဘက်က မှန်ကန်နက်ရှိုင်းသော ချစ်ခြင်းတစ်ခုဖြင့် တိတ်တခိုး အားကိုးခွင့်တော့ ရချင်သားပင်။

"ဆရာမ ... ဒီနေ့တော့ နားလိုက်ကြရအောင်နော်၊ ကလေး တွေ ပင်ပန်းနေပြီ"

"ကောင်းသားပဲ"

"ကျွန်မ ကြည့်နေတာကြာပြီ၊ ဆရာမ အိုက်နေတယ်လို့ တောင်ထင်တာ၊ ဓာတ်ညွှန်းဖိုင်ကွဲကြီး ငုံ့ကြည့်ရင်း ငြိမ် နေလိုက်တာ"

မေသည် အကဆရာမကို ပြုံးပြနှုတ်ဆက်လျက် အိမ်ကို မြန်မြန်ပြန်ရောက်ဖို့ စိတ်စောနေမိသည်။ အိမ်ရောက်ရင် နှင်းဆီပင်တွေနားမှာဖြစ်ဖြစ်၊ သူထားခဲ့တဲ့ စံပယ်ပင်တွေနားမှာ ဖြစ်ဖြစ် ဝေါ်ခ်မင်းနဲ့ သီချင်းနားထောင်ရင်း စိတ်ကို လွှတ်လပ်ခွင့် ပေးလိုက်မည်။ ကျယ်ပြန့်ပြီး သာယာမှုတွေနဲ့ ပြည့်စုံတဲ့ ကောင်း ကင်ကြီးကို မော့ကြည့်ပြီး စိတ်ဖြေမည်။ အလုပ်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်များလှပါရဲ့။ တစ်ခါတစ်ရံ ဘာအလုပ်မှတောင် မလုပ်ဘဲ တစ်နေရာရာမှာ သွားထိုင်ပြီး လူတွေကို ငေးကြည့်ချင်သည်။ ထိုလူသားတွေရဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ လွတ်လပ်မှုတို့ကို မေက အားကျချင်သားပင်။ သို့သော် မေ့မှာ ထိုအခွင့်အရေးက ဆုံးရှုံးခဲ့ရသည်မှာ ကြာလှပြီပဲ။

အရင်ကတော့ မေ့ဝါသနာအရလုပ်သော အလုပ်ကလေးတွေရယ်၊ ကျောင်းစာရယ်ပဲ မေ့အတွက်ရှိခဲ့တာ။ အခုတော့ စီးပွားရေးလုပ်ငန်းတွေက ဦးနှောက်ထဲမှာ နေရာတွေ ယူခဲ့ပြီးပြီ။ တစ်ဖန် အမှုကိစ္စကြီးတစ်ခုကိုလည်း ရင်ဆိုင်ရဦးမည်။ ဘယ်လောက်တောင် အလုပ်တွေ စဉ်းစားစရာတွေ စိတ်ပူပင်စရာတွေနဲ့ ပြည့်နှက်နေတဲ့ဘဝလဲ။ ဖြစ်နိုင်ရင် အော်ငိုလိုက်ချင်စရာပင် ကောင်းသေးတော့။





၄

ပထမဆုံး ရုံးချိန်းခေါ်သည့်နေ့တွင် မေ့နံဘေးမှာ အဖော်ဆိုလို့ မတင်တစ်ယောက်သာရှိခဲ့သော ဘဝကို အတော်လေး ဝမ်းနည်းမိ၍ မျက်ရည်ဝဲချင်သော်လည်း ချက်ချင်း အားတင်းလိုက်ရပါသည်။ ဒေါ်ကေသီလှဘက်မှာတော့ သူမ၏ သားသုံးယောက်က ခြံရံလျက် အင်အားတောင့်တင်းနေသည်။ နာမည်ကြီး 'ဂန္ထဝင်'ကုမ္ပဏီလီမိတက်၏ အမွေမှုကြီးဖြစ်၍ စိတ်ဝင်စားသူတွေများပြားလှသော တရားရုံးတွင် မေသည် စိတ်ကို အတတ်နိုင်ဆုံး တင်း၍ အရာရာကို ဦးဆောင်ရင်ဆိုင်ရလေသည်။

ထိုနေ့က တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် စစ်ဆေးမေးမြန်းကြလျက် ရုံးချိန်းတစ်ရက်ပြီးဆုံးသွားသောအခါ မေသည် သည်အမှုကို ငါ နိုင်ရမယ်၊ ငါ ဘယ်တော့မှ မရှုံးရဘူး၊ ဒယ်ဒီ့အမွေတွေ အကုန်လုံး ငါတစ်ယောက်တည်းပဲ အပိုင်စီးမစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဟူသော စိတ်ဓာတ်များဖြင့် ပြည့်နှက်ခဲ့ရခြင်းမှာ ဒေါ်ကေသီလှ တို့ဘက်မှ ...

"ဒုတိယဇနီးရဲ့သမီး မေဂန္ဓဝင်" ဟူ၍ မကြာခဏ ထည့်သုံး ပြောဆိုခံရခြင်း ...

"ဒုတိယဇနီးဖြစ်သော ဒေါ်မြလေး (ခေါ်) ဒေါ်ရှယ်လီဘစ်နီ သည် မိဘအမွေဖြတ် စွန့်လွှတ်ခြင်းခံထားရသူ သမီးတစ်ယောက်ပါ"

လို့ ကွယ်လွန်ပြီးတဲ့ မာမီ့ရဲ့ဂုဏ်သိက္ခာကို ထိပါးစေခြင်းတို့ကြောင့် မေက နာကြည်းပါသည်။ သူတို့ကို အမုန်းကြိတ်ချင်လှအောင် မုန်းတီးသည်။ မေ့သိက္ခာကို၊ မေ့မာမီရဲ့ သိက္ခာကို ချချင်သော သူတို့သားအမိလေးယောက်ကို မေက တစ်သက်မကျေဘူးဟု ကြိမ်းဝါးခဲ့သေးသည်။

မေဂန္ဓဝင်ဆိုသည့် မိန်းမဟာ ဘယ်ဘဝက ဝဋ်ကြွေးပါခဲ့သလဲမသိပါ။ အခုတော့ ကျောင်းပြေးတက်လိုက်၊ ကုမ္ပဏီအလုပ်တွေ ဆက်လုပ်လိုက်၊ စတုတ္ထမြောက် ကဗျာစာအုပ်ထွက်လိုလှ၍ ကဗျာတွေ ဖိရေးလိုက်၊ ရုံးချိန်းရှိတိုင်း သွားလိုက်ဖြင့် ပင်ပန်းကြီးစွာ ဖြတ်သန်းရုန်းကန်ရသူဖြစ်နေခဲ့သည်။ ရုံးချိန်းတွေကို သွားရဖန်များလွန်းသောအခါ မေ့ကို ဝိုင်းဝန်းကြည့်ရှုကြသည့် လူအများစု၏ မျက်လုံးများကို အရင်ကလို မကြောက်ရွံ့တော့ပါ။ သို့သော် တစ်ခါတစ်ရံတော့ အားငယ်စိတ် ဝင်တတ်သေးသည်။





ထိုအခါမျိုးမှာ မေ့အနားမှာ အရှိစေချင်ဆုံးသူကတော့ လင်းခေး ဖြစ်နေသည်ကတော့ မထူးဆန်းတော့ချေ။

အခုတလောမှာ စီးကရက်သောက်တာတွေ အတော်များလာကြောင်း မေ့အခန်းကို ရှင်းပေးနေကျ မတင်က သိရှိ၍...

"မမမေ စီးကရက်တွေ သိပ်မသောက်ပါနဲ့လား၊ အန္တရာယ်များပါတယ်၊ နောက်ပြီး ကျန်းမာရေးလည်း ထိခိုက်တယ်ဆိုတာ မတင်ထက် ပညာတွေအများကြီးတတ်တဲ့ မမမေ သိပါတယ်၊ သိပ်မသောက်နဲ့နော်"

အမြဲလိုလို သတိပေးရစမြဲတည့်။ မေက ငါ့မှာ အဖော်မှမရှိတာ၊ စီးကရက်သောက်ပြီး စိတ်ကူးယဉ်ရတာ ငါ့ရဲ့ အဖော်ပဲဟု စိတ်ထဲ ပြန်ပြောလျက် စီးကရက်သောက်ခြင်းကို မလျှော့ခဲ့မိချေ။ မာမီ့လက်ထက်ကတည်းက အိမ်မှာ အလုပ်လုပ်ခဲ့သော ဒေါ်အုန်းခင်သည် မျက်ရည်လေးတစမ်းစမ်းဖြင့် မေ့ကို စီးကရက်မသောက်ဖို့ တားမြစ်သေးသည်။

"မမြလေးတုန်းကလည်း ဒီလိုပဲ သိပ်ခေါင်းမာတာ၊ စီးကရက်တွေ အစွဲ့ဟိုက်ပြီး သောက်ပြရင်းက စွဲသွားပြီး နောက်ဆုံး နှလုံးသွေးကြောကျဉ်းတဲ့ရောဂါနဲ့ ဆုံးရတဲ့အထိပဲ၊ သမီးအဖေကို အစွဲ့တိုက်ကောင်းလိုက်တာနဲ့ ရောဂါတစ်ခုကို ငွေနဲ့ဝယ်ယူခဲ့သလိုပဲကွယ်၊ သမီးလည်း အခု ကိုယ့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်ပေါက်ရှာရင်း သောက်နေတာဟာ ရောဂါတစ်ခုကို ဖိတ်ခေါ်သလိုဖြစ်လိမ့်မယ်"

မေက မထုံတက်တေးလေး ပြန်၍ဖြေခဲ့ပါသည်။ သို့သော် မေသည် ခေါင်းမာတယ်ဟု ဘွဲ့ပေးခြင်းခံထားရသူပီပီ ကိုယ်လုပ်ချင်တာကို လုပ်ဖြစ်အောင်လုပ်နေဆဲတည်း။ ထိုရက်များအတွင်း စိတ်ရှုပ်ရလွန်း၍ အိပ်ရေးပျက်သော ညပေါင်းလည်း များပြားခဲ့ရသည်။ နံနက်လင်းတိုင်း ခပ်ကြောင်ကြောင်မျက်လုံးများ၊ မျက်တွင်းချိုင့်ချိုင့်များဖြင့် မေ့ကို မထင်က စိတ်မကောင်းစွာ ငေးကြည့်တတ်သည်။ အသားအရေသည်လည်း ဖျော့တော့၍ ဖြူဖပ်ဖြူရော်နှုတ်ခမ်းများနှင့် မေးရိုးသွယ်သွယ် မေးစေ့ခပ်ရှည်ရှည်တို့ကြောင့် မေ့ကို အရမ်းပိန်သွားတာပဲဟု ရင်းနှီးသူတွေက ဝေဖန်ကြ၏။

မှန်တာဝန်ခံရရင် မေသည် အခုတလော အရမ်းမောနေတတ်ပြီး ထိုင်ရာကထရင်တောင် ပြိုလဲတော့မတတ် ခပ်ယိုင်ယိုင် ဖြစ်သွားတတ်တာကို ဘယ်သူမှ မသိအောင် ဖုံးကွယ်ထားတာပဲဖြစ်သည်။

"သမီးကြည့်ရတာ ကျန်းမာရေးချို့တဲ့နေသလိုပဲ၊ အလုပ်တွေ ပိနေပြီထင်တယ်၊ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ဦး"

ဟု ရှေ့နေကြီးကတော့ သတိထားမိသွားသေးရဲ့။ တကယ့် တကယ်တော့ မေ အခု ဘာအလုပ်မှ မည်မည်ရရ





မလုပ်ဖြစ်ပါ။ ကုမ္ပဏီရုံးခန်းမှာ သွားထိုင်ပြီး ငိုင်ချင်ငိုင်နေတတ်သည်။ ကဗျာတွေ ချရေးရင်လည်း ကပေါက်တိကပေါက်ချာ ဖြစ်နေတတ်ပြန်၍ စာရွက်တွေ ဖြဲပစ်ရပေါင်းလည်း များခဲ့ပြီ။ ကျောင်းချိန်နဲ့ ရုံးချိန် တိုက်နေရင် ကျောင်းချိန်ကို ဖျက်ပစ်ရပေါင်းလည်း များခဲ့သလို တစ်ခါတလေတော့ ကျောင်းခန်းထဲမှာ ထိုင်နေရင်းနဲ့တောင် တခြားတွေ စိတ်ရောက်ကာ ဘာတွေသင်လို့ သင်မှန်း မသိပေါင်းလည်း များခဲ့ရပြီ။

စိတ်တွေ အလွန်တရာ တင်းကျပ်လှသည်ဟု ထင်ခဲ့သောနေ့ကတော့ မေသည် ထွက်ပေါက်ရလိုရငြား မေ့ရဲ့မာနတွေကို မေ့ပစ်ကာ လင်းခေး၏ စာအုပ်အရောင်းဆိုင်ကလေးသို့ သွားခဲ့မိပါသည်။

မေ ရောက်သွားသောအခါ မှန်ကြောင်လူဖလံလေးက ပျာပျာသလဲဆီးကြိုခဲ့၏။ သို့သော် အရင်တစ်ခါကလိုပဲ ဆိုင်ထဲမှ သူတစ်ယောက်တည်းသာရှိနေပြီး၊ စာအုပ်လာဝယ်သူမှာလည်း မေတစ်ယောက်တည်းသာ။ မေက စာအုပ်တွေကို အရင်တစ်ခါကလောက် မက်မောလှသည်မဟုတ်ပါဘဲ ဗီရိုတွေ လျှောက်ဖွင့်ကြည့်မိသေးသည်။

"မမေဂန္ဓဝင် ... ဘာစာအုပ် ယူချင်လဲပြောလေ၊ ကျွန်တော်ရှာပေးမယ်၊ ဒါမှမဟုတ် လျှောက်ဖတ်ကြည့်ပြီးမှ ဝယ်မယ်ဆိုလည်း ရပါတယ်၊ ဖတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ငါ သည်ဆိုင်အထိ ရောက်လာပြီးမှ မတူးတော့ပါဘူး။ သူ ဘယ်သွားသလဲဆိုတာ မေးလိုက်တော့ရော ဘာဖြစ်သွားမှာမှတ်လို့ ဟု မေက ခွတ်တရွတ် တွေးလျက် မေ နာမည်မေ့သွားပြီဖြစ်တဲ့ မုန့်ကြော်ကလေးအား ...

"ကိုလင်းခေး ဘယ်သွားလဲ၊ မတွေ့ပါလား"

ဟု မေးလိုက်သည်။ အတော်ရှက်စရာတော့ ကောင်းသားပင်။ မေက စမေးရတာမျိုး ဘယ်တုန်းကမှ မဖြစ်ချင်ခဲ့သော်လည်း အခုတော့ အချစ်စိတ်ရဲ့ စေစားမှုက မေ့ကို အနိုင်ယူခဲ့ပြီလို့လည်း မေက ကျေကျေနပ်နပ် တွေးခဲ့သေးသတဲ့။ အဲသည်အချိန်ကလေးအထိ မေသည် အကယ်၍ လင်းခေးနဲ့သာ တွေ့ရရင် မေ့အကြောင်းတွေ သူ သိသွားအောင် ပြောပြပြီး သူ့ရဲ့နှစ်သိမ့်မှုကို ခံယူပစ်ဖို့ပင် စိတ်ကူးနေမိခဲ့ပါသည်။ သို့သော် မေ့ကို အလဲထိုးနိုင်သော စကားအား မုန့်ကြော်ကလေးက ပြောခဲ့သည်။

"လင်းခေးနဲ့ မမေဂန္ဓဝင်တို့ ရေ့ဆင့်နောက်ဆင့်လေး လွဲသွားကြတာ၊ ခုနလေးတင် မယမင်း စာအုပ်လာဝယ်ရင်း လင်းခေးနဲ့ လက်ဖက်ရည်သောက်ဖို့ ထွက်သွားကြတယ်၊ တွေ့ချင်ရင် ထိုင်စောင့်ပါလား"

"အို ... နေပါစေ၊ ကျွန်မ မအားပါဘူး"

မေသည် ရုတ်တရက်ကြီး လှည့်ထွက်သွား၍ မုန့်ကြော်ကလေး အံ့အားသင့်ကျန်ခဲ့လိမ့်မည်။ ဟင့်အင်း ... မေ





ဂရုမစိုက်တော့ပါ။ မုန့်ကြော်ကလေး ထင်ချင်ရာထင်ပါစေတော့။ လောကမှာ ငါ့လောက် ကံဆိုးတဲ့မိန်းမ မရှိဘူး။ အားလုံးက ဝိုင်းအားကျရတဲ့ ဘဝမှာနေချင်လို့ နေရတဲ့သူမှ မဟုတ်တာ။ နောက်ပြီး စစ်မှန်တဲ့ အချစ်တစ်ခုကိုမှ ပိုင်ဆိုင်ခွင့်ရတဲ့ မိန်းမမှမဟုတ်တာ ... တွေနှင့် နာကြည်းမှုတွေ ပြည့်သိပ်သော ညတစ်ည၊ စီးကရက် အလိပ်ပေါင်းများစွာ ကုန်ဆုံးသော ညတစ်ည၊ မျက်လုံးတွေ ကျိန်းစပ်သွားအောင် ငိုရသော ညတစ်ညကို ဖြတ်သန်းခဲ့ရပါသည်။

ထိုနေ့ပြီးသော ရက်များအတွင်း မေသည် စက်ရုပ်တစ်ရုပ်ပမာ အရာရာကို ပုံမှန်ဖြစ်အောင် လှုပ်ရှားလည်ပတ်နေရသော်လည်း ခန္ဓာကိုယ်ထဲမှာ တစ်စုံတစ်ရာ မရှိတော့သလို ခံစားနေရသေးသည်။ ယမင်းဟာ မေ့ကို အမြဲအနိုင်ရနေတဲ့ မိန်းမ မဖြစ်စေရဘူး။ လင်းခေးက ငါ့ကို ဘယ်လိုသဘောနဲ့ ချစ်တယ် ဆိုတာတွေလည်း ဂရုမစိုက်ဘူး၊ ငါ့ဘက်ပါအောင် ပြန်လုရမယ်လို့ မေ တစ်ခါမှ မတွေးခဲ့ဖူးသော အတွေးတို့ကိုလည်း သွေးရူးသွေးတန်း တွေးမိသေးရဲ့။

မေ့ဘဝမှာ အမှန်တကယ် လက်တွဲဖို့ အသင့်ဆုံး ယောကျ်ားတစ်ယောက်ဟာ လင်းခေးပဲ ဖြစ်ရမယ်။ သူက မေ့လုပ်ငန်းတွေကို ကူညီနိုင်တယ်။ သူ ရှိစဉ်တုန်းက မေ့ဘဝမှာ ဘာမှ မပူပန်ရဘူး။ မေ့ရဲ့စည်းစိမ်တွေကို သူ့ရဲ့စည်းစိမ်းတွေလို သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး တိုးတက်အောင်မြင်အောင် လုပ်ပေးနိုင်ခဲ့သားပဲ။ မေကသာ တစ်ဖက်သတ်အတွေးနဲ့ အမြင်မကြည်ခဲ့တာဟုလည်း ခွင့်လွှတ်ချင်ပြန်သတဲ့။

အကယ်၍ သူဟာ မေ့ရဲ့ စည်းစိမ်တွေကို မက်လို့ မေ့ကို လက်ထပ်တယ်ပဲ ထားပါ။ အဲဒါ ဘာဖြစ်သလဲ။ မေက ချစ်တဲ့သူကို ပိုင်ဆိုင်ရပြီး သူက သူလိုချင်တဲ့ စည်းစိမ်းတွေ ပိုင်ဆိုင်ရပြီဆိုတော့ ဘာများ နစ်ဖက်နစ်နာစရာရှိသလဲ။ သူဟာ သည်ဘဝမှာ နေချင်တဲ့ လူတစ်ယောက်ဖြစ်လို့ ဒယ်ဒီ့ခြေရာနင်းပြီးတော့ စီးပွားရေးကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်သေး။

မေသည် ထိုသို့ ပြောင်းလဲသွားသော အတွေးအခေါ်များဖြင့် သူ့ဆီပြန်ဆက်သွယ်မယ်ဆိုတဲ့ အတွေးရရှိခဲ့သော နံနက်တွင် မေ့အကြံအစည်ကို အကောင်အထည်ဖော်ခွင့်မရခဲ့ပါ။ ဘာဖြစ်လို့လဲဆိုရင် အိပ်ရေးပျက်သောဒဏ်၊ စီးကဲရက်အသောက်များသောဒဏ်၊ စိတ်ပင်ပန်းရသောဒဏ်၊ အလုပ်အကိုင်ပင်ပန်းရသောဒဏ်တို့ကြောင့် ကော်ဖီစားပွဲတွင် ဝင်ထိုင်လိုက်ချိန်မှာ အရာရာကို မှောင်အထိဖြစ်သွားခဲ့ပြီးနောက် မေသည် လေဟာနယ်တစ်ခုထဲသို့ ကျသွားသည့်ပမာ ခံစားလိုက်ရတော့သည်။





"ကိုလင်းရဲ့ စာအုပ်ဆိုင်ကို မေဂန္ဓဝင်က အမြဲလာဝယ်တယ်ဆိုတာ ယမင်း မသိပါလား၊ ကိုလင်းက တကယ်လှူဒါန်းတာပဲ၊ ဒါဟာ မရိုးသားလို့ပဲဖြစ်မယ်၊ ကိုမြင့်နိုင်က မေဂန္ဓဝင်ကို အင်မတန် လိုလားပုံရတယ်၊ ကိုလင်းကို ရောက်ရောက်ချင်း ပြောတဲ့ပုံစံများ ကိုလင်းနဲ့ မတွေ့လိုက်ရတာကို စိတ်မကောင်းဖြစ်နေပုံနဲ့နော်"

အဲဒါ မင်းနဲ့ ဘာဆိုင်သလဲ။ တစ်ဆိတ် နေရာတကာ ဝင်ပါတတ်လွန်းတယ်။ လွန်ခဲ့တဲ့ ဆယ်ရက် သူ့စာအုပ်အရောင်းဆိုင်ကို ဆေးပညာဆိုင်ရာ စာအုပ်တစ်အုပ်လာဝယ်၍ နည်းနည်းပါးပါး ခေါ်ပြောမိပါတယ်၊ အရင်ကလိုပဲ သူ့ကို ပြန်လည်အရောဝင်၍ ခြယ်လှယ်လိုသော သူမအား စိတ်ပျက်လှသည်။ သူက မိန်းမတစ်ယောက်ကို အထူးသဖြင့် သူမ၏သိက္ခာကို စောင့်စည်းသောအားဖြင့် သူမ၏အကြောင်းကို ကွယ်ရာမှာ အတင်းချတတ်သူမျိုး မဟုတ်၍သာ သူမ ကံကောင်းသည် ဆိုရမည်။ သူ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



တခြားယောကျ်ားတစ်ယောက်သာဆိုလျှင် သူမကို ဘယ်လောက်တောင် ကဲ့ရဲ့လိုက်မလဲ။

သူ့ကို သူမကပဲ ပိုင်ဆိုင်ထားပုံနဲ့ ဘယ်သူနဲ့ ဆက်ဆံပါတယ်၊ ဘယ်သူလာပါတယ်ဆိုတာမျိုး သံတော်ဦးတည်ရဦးမတဲ့။ ဟားတိုက်လှောင်ပြောင်ပစ်ချင်သေးရဲ့။ ငယ်ငယ်က သူငယ်ချင်းဆိုတဲ့ ပတ်သက်မှုကလေးကို အားနာနေ၍သာ။ နောက်မို့ အိမ်လာလည်ဖို့ မလိုဘူးဟူ၍တောင် တားမြစ်ချင်ပါသည်။ ဘယ်လို မိန်းမပါလိမ့်။ ယောကျ်ားလေးတစ်ယောက်တည်းနေတဲ့အိမ်ကို လာလည်ရသတဲ့။ မေနဲ့များ ကွာခြားလိုက်တာ။ မေဟာ ဘယ်တော့မှ သူ့ကို အထာပေးတဲ့စကားတို့၊ အရောဝင်တဲ့ စကားတို့ ပြောဖို့ဝေးစွ အင်မတန်မှ မာနကြီးပြီး မောက်မာသေးရဲ့။ သူ့ကို မတူမတန်သလို ဆက်ဆံသေးရဲ့။ မုန်းတီးနာကြည်းစရာကောင်းလိုက်တဲ့ အမူအရာတွေပေါ့။ သို့သော် အတ္တဆန်စွာ ပြောရလျှင် သူက ယမင်းအမူအရာများကို အမြင်ကတ်လှပြီး မေ့အမူအရာတွေကို စွဲလမ်းမိသတဲ့။

"သူက တော်တော်စိတ်ကူးညံ့ဖျင်းတဲ့ မိန်းမပဲ၊ ကိုယ့်ဘဝတစ်ခုလုံး ပုံအပ်ပြီးတဲ့ ယောကျ်ားတစ်ယောက်ကို နှင်ထုတ်ရဲတဲ့ စိတ်ကူးရှိသားပဲနော်၊ အခုတော့ ပြန်ခေါ်ချင်နေပြီထင်တယ်၊ ကိုလင်းဆီ စာအုပ်တွေ တမင်လာဝယ်ဆိုတော့ စဉ်းစားစရာပဲ၊ ကိုလင်းကို အပျော်တွဲဖို့ ကြံစည်ပြီး





စိုးဗလကို အပိုင်ဖမ်းတာ၊ စိုးဗလကသိပြီး ချက်ချင်းရှောင်သွားတော့ ဒုက္ခရောက်နေပြီ ထင်ပါရဲ့"

"မင်းပြောတာတွေ တစ်ခုမှမဟုတ်ဘူး၊ မေ့ကို အဲဒီလောက်ထိ ကဲ့ရဲ့စရာမလိုပါဘူး၊ မေဟာ အင်မတန်ရိုးသားတဲ့ မိန်းမပါ၊ ဒီမှာ မင်းသိအောင် ပြောပြရဦးမယ်၊ ကိုယ့်ကို ဦးကျော်ဆွေ အဲဒီအိမ်ကလေးကို ခေါ်သွားပြီး နေခိုင်းတာ ဘာဖြစ်လို့လဲသိလား၊ ဦးကျော်ဆွေဟာ သူ့သမီးနဲ့ ကိုယ့်ကို လက်ထပ်ပေးမလို့ နီးစပ်အောင် လာနေခိုင်းတာ၊ ဦးကျော်ဆွေရဲ့သဘောက သူက သဘောတူလက်ထပ်ပေးလို့ ကိုယ်နဲ့ မေတို့ လက်ထပ်ရတာထက် သူ့သမီးကိုယ်တိုင်က ချစ်ပြီး လက်ထပ်စေရမယ်ဆိုတဲ့သဘောနဲ့ ကိုယ့်ကို အားလုံးတိုင်ပင်ပြီးခေါ်ထားခဲ့တာ၊ ဦးကျော်ဆွေသာ မဆုံးခဲ့ရင် ကိုယ်တို့ အခုလောက်ဆို လက်ထပ်ပြီးခဲ့ပြီ၊ ဒါကြောင့် မင်းတို့ မေ့ကို ဘာမှဝေဖန်စရာ မလိုဘူး၊ သူဟာ ငါ့ဇနီးလောင်း၊ ငါကလည်း သူ့ရဲ့ခင်ပွန်းလောင်းပဲ"

ပြောရင်းဒေါသတွေ အလိပ်လိုက်ဖြစ်လာ၍ 'ကိုယ်' ဟု နာမ်စားသုံးနေရာက 'ငါ' ဟူ၍တောင် ရင့်ရင့်သီးသီး ပြောင်းသုံးခဲ့ခြင်းအား ယမင်းသည် သတိပြုမိသွားပုံရ၏။ အတော်အတန် ငေးငိုင်သွားလေသည်။ မေ ... မင်းကတော့ ဘာမှ သိမှာမဟုတ်ပါဘူး။ ကိုယ့်မှာတော့ မင်းနံ့ဘေးမှာ နေခွင့်ပြန်ရချင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ အခေါ်ကလေးကို အရှက်မရှိ စောင့်နေမိပြီ။ မေ့ရဲ့နံဘေးမှာ အရင်ကလို နေခွင့်ကလေးပါပဲ မေ။ မေက ချစ်သည်ဖြစ်စေ၊ မချစ်သည် ဖြစ်စေပေါ့။ မေ့ကို စောင့်ရှောက်ပြီး မေ့အရိပ်ကို ကြည့်နေရရင်းနဲ့ ကိုယ့်ဘဝကို မြှုပ်နှံချင်မိပြီး ကိုယ့်မှာ ဘာမာနမှ ရှိမနေတော့ဘူး မေဟု မေ့ကို စကားတွေ အများကြီးပြောချင်သည်။ တိုင်တည်ချင်သည်။ မေက ဟားတိုက်လှောင်ပြောင်တာကို ခံယူခွင့်ရချင်သေးသည်။ ဘယ်လောက် အံ့ဩဖို့ ကောင်းလိုက်သလဲ။

အရင်က အားလုံးသိထားကြတဲ့ လင်းခေးဟာ အင်မတန်မာနကြီးတဲ့ယောကျ်ား၊ မိန်းမတစ်ယောက်ကို ချစ်ခွင့်ရရေးအတွက် အချိန်ကုန်ခံပြီး မကြိုးပမ်းလိုတဲ့ ယောကျ်ား။ ကိုယ့်ထက် ငွေကြေးခနကြွယ်ဝတဲ့ မိန်းမတစ်ယောက်ကို လက်မတွဲလိုတဲ့ယောကျ်ား။ ကိုယ့်ကို အိမ်ဦးနတ်လို့ သဘောထားပြီး ရိုသေရမယ့်အစား အထင်သေးနှိမ်ချတဲ့ မိန်းမမျိုးကို မုန်းတီးလှတဲ့ ယောကျ်ားတစ်ယောက်ပေါ့။ အခုတော့ အင်း ... ပြောရမှာ တကယ့်ကို ရှက်စရာကောင်းပါရဲ့။ သူ မဖြစ်ချင်ဆုံးသောအဖြစ်တွေနဲ့ တကယ်ပင် ကြုံဆုံရသတဲ့။

ဒါကြောင့် ရှေးလူကြီးတွေပြောတာ၊ 'စကားကို အကုန်မပြောနဲ့'ဆိုတာပေါ့။ စကားကို အကုန်ပြောမိလို့ အခုဆို သူငယ်ချင်းအချင်းချင်းတွေတိုင်း သူ့အကြောင်းကို သိသွားပြီး





အဟားခံရပေါင်းလည်း များပြီ။ ခေါ်ဖွဲ့ငုံ့ငြိမ်သက်ရပေါင်းလည်း များပြီ။

"ဒါဆို ကိုလင်းကို သူက ဘာဖြစ်လို့နှင်ချသလဲ၊ ကိုလင်းကရော ဘာလို့ သူ့အပေ စီစဉ်ခဲ့တာတွေ မပြောပြဘဲ ခေါင်းငုံ့ခံပြီး ဆင်းလာရသလဲ"

"မေ စိတ်ဆိုးနေတုန်းအချိန်မှာ မေ စိတ်ချမ်းသာအောင် ခဏ ရှောင်ထွက်သွားတာပါ၊ တကယ်တော့ မေက တစ်နေ့တော့ ပြန်ခေါ်မှာပါ၊ သူ စိတ်မပြေသေးလို့ပါ၊ မင်း စောင့်ကြည့်နေဦးပေါ့"

သူ့စကားကို ယမင်းက သိပ်ယုံလှဟန် မပြချေ။ သူကိုယ်တိုင်လည်း သိပ်မထင်ပါ။ မေက မာနကြီးတဲ့ မိန်းမတစ်ယောက်မို့ သူ့ကိုပြန်ပြီး ဘယ်တော့မှ ဒူးထောက်လိမ့်မယ်မထင်ဘူး။ ကံဆိုးချင်တော့ မေ စာအုပ်ဆိုင်ကို ထူးထူးခြားခြားရောက်လာတဲ့နေ့မှ သူက ယမင်းကို အားနာနာနဲ့ လက်ဖက်ရည်လိုက်တိုက်မိရတယ်လို့ ... ယမင်းကို မုန်းတဲ့မေက သူ့ကို ပိုပြီးအထင်လွဲလို့ ကောင်းရောပေါ့။

ထိုအခိုက်အတန့်ကလေးမှာ သူသည် သည်ပုံအတိုင်းဆို မေနဲ့ တစ်သက်လုံးဝေးရတော့မှာပဲဆိုတဲ့ အတွေးနဲ့ ကြေကွဲမိခဲ့သေးသည်။ ဦးစော မရောက်လာခင် အခိုက်အတန့်ကလေးအထိဖြစ်သည်။ သူ့ပျဉ်ထောင်အိမ်ရဲ့ ခြံဝင်းသေးသေးလေးရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



*တိတ်ဆိတ်စွာ လာရပ်သော ကားတစ်စီးကို မြင်သွားချိန်မှာ ဒါ* ဟာ မေ မောင်းနေကျကားဟု ချက်ချင်း ရင်ခုန်သွားရသေးသည်။ သို့သော် ခဏလေးပါပဲ။ မှန်အကြည်များ တပ်ဆင်ထားသော ကားကလေးရဲ့နောက်ခန်းမှ ဦးစောတစ်ယောက်သာ ဆင်းလာတာကို မြင်လိုက်ရတော့ အစက မျှော်လင့်ချက်မဲ့သွားသလို ခံစားရသည်။

နောက်တော့ မလာစဖူး သည်တစ်ခါပဲ လာသော ဦးစော ဘာများမှာလိုက်လို့ လာသလဲဟူသော အတွေးဖြင့် ပြန်လည်ရင်ခုန်ရပြန်၏။

ကိုလင်းခေး ...

ဖြစ်ပျက်ခဲ့ပြီးသော မေ့ရဲ့အမှားများ၊ မေ့ရဲ့ ရိုင်းပျစော်ကားမှုများ၊ မေ့ရဲ့အဆင့်အတန်းခွဲခြားမှုများနဲ့ မေရဲ့ ရင့်သီးမှုများကို ခွင့်လွှတ်သေးတယ်ဆိုရင် ဒီစာနဲ့အတူ မေ့ဆီ အရင်ကလို ကူညီဖို့ ပြန်လာပါဦးလို့ တောင်းဆိုချင်ပါတယ် ...

မေ့မှာ အခက်အခဲတွေ၊ ပြဿနာတွေ၊ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါပြီ၊ ကိုလင်းခေး ပြောထားခဲ့တဲ့အတိုင်း မေ့ကို ကူညီဖို့ မေက လိုလားတောင့်တစွာ စောင့်နေပါ့မယ် ...

မေ





သူသည် ဦးစော ကမ်းပေးသော ပန်းနုရောင်စာအိတ်ထဲမှ စာရွက်ပန်းနုရောင်ကလေးတွင် ရေးထားသည့် မြန်မာစာကျောင်းသူပီသတဲ့ စာလုံးဝိုင်းကလေးတွေကို ဖတ်ပြီးသည့်အခါ ဘယ်သူ့ကိုမှ စောင့်မနေတော့ဘဲ ခြံရှေ့မှာရပ်ထားသောကားဆီ ခြေလှမ်း လှမ်းမိတော့သည်။ ထိုအခါ ယမင်းသည် အရင်တစ်ခါကလို လှော့င်ရယ်သံဖြင့် သူ့စိတ်ကို အနှောင့်အယှက် ပေးနေခဲ့သေးသည်။ သို့သော် သူသည် အရာအားလုံးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ဖို့ အင်အားတွေ အလိုလို ဝင်ရောက်လာပြီဖြစ်တဲ့ လူတစ်ယောက်ဖြစ်ခဲ့ရပြီမို့ အရင်တစ်ခေါက်ကလို ရှက်ရွံ့ဒေါသဖြစ်ရခြင်းများ မရှိတော့ချေ။

ဦးစောက ကားကက်ဆက်ကို ခ ပုတ်နှိပ်တော့ ...

"မေ ကိုယ့်ဘဝရဲ့ အားလုံးကို ပြည့်လာအောင် ဖန်တီးဖို့စွမ်းတယ် မေ" ဟူ၍ သီချင်းသံထွက်ပေါ်လာတော့ သူသည် ဦးစော အံ့သြတကြီး လှည့်ကြည့်ရအောင် အသံထွက်ရယ်မောမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# စူးရှ၍နက်ရှိုင်းသော...



ညှော်ခန်းကလေးက အရင်ကအတိုင်း မပြောင်းမလဲ အပြင်အဆင်ကလေးတွေနဲ့ တွေ့ရသည်။ တစ်ခုတော့ ထူးခြားသည်။ စားပွဲပေါ်တင်သည့် ပန်းအိုးထဲမှာ ပန်းနုရောင်နှင်းဆီပွင့်များသည် အရင်ကလို တစ်ဦးတည်း နေရာယူခွင့် မရတော့ဘဲ သူတို့နဲ့အတူ စံပယ်နိုင်များက အတူရှိနေခဲ့ခြင်းတည်း။ ဒါက ကိုယ့်ကို ကြိုဆိုတာလား မေ။

"အစ်ကိုလင်းခေး ... မမမေက သူ့အခန်းထဲမှာ ရှိနေပါတယ်၊ အဲဒီကို သွားတွေ့ပါ၊ မမမေ အရမ်းနေမကောင်းဘူး"

"ဟ ... ဖြစ်ပါ့မလား၊ သူ့အခန်းထဲမှာ သူတစ်ယောက်တည်း၊ ညည်းလည်း လိုက်ခဲ့လေ"

"မတင်ကို အဲဒီအတိုင်း မှာထားပြီးသား"

ဟင် ... မေ ဘာတွေလျှောက်လုပ်နေပါလိမ့်။ မတင်တို့၊ ဦးစောတို့၊ ဒေါ်အုန်းခင်တို့ မေ့ကို အပြစ်တင်ကြမှာ

www.burmeseclassic.com



မေ ဂရုမစိုက်တော့ဘူး၊ တစ်ခုခုတော့ မှားယွင်းနေပြီ။ ဘာပဲဖြစ်ဖြစ်ကွာဟူ၍ စိတ်ဆုံးဖြတ်လျက် သူမရှိရာ အပေါ်ထပ်အခန်းဆီ တက်လာခဲ့သည်။

မေ ... မေက ချူချာတယ်လို့ မတင် ပြောဖူးတယ်။ မေ ဘာများဖြစ်လို့လဲ။ ထိုသို့ အတွေးကို တွေးလိုက်မိချိန်တွင် သူသည် ကယောင်ကတမ်းဖြစ်ကာ အလျင်အမြန် ပြေးတက်လာမိပါသည်။

မေ့အခန်းတံခါးက စေ့ထားရုံကလေးဖြစ်၍ သူက လက်ဖြင့်အသာတွန်းလိုက်တော့ အလိုလိုပွင့်သွားပြီဖြစ်သည်။

"မေ"

မေသည် တစောင်းလှဲနေရာမှ သူ့ဆီမှ ခပ်တိုးတိုး ခေါ်သံအကြားတွင် မျက်လုံးမဖွင့်သော်လည်း တဖြည်းဖြည်း ပြုံးကျသွားသည့် အရောင်မှေးလျော့သော နှုတ်ခမ်းကလေးရယ်၊ မျက်တောင်ထူထူတို့ကို ဖြတ်၍စီးကျသွားသော မျက်ရည်စများရယ်ကြောင့် သူသည် အရာရာကို နားလည်လိုက်တော့သည်။

"မေ ... နေမကောင်းဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ကြည့်စမ်း ... အရမ်းပိန်သွားတာပဲ၊ ကိုယ့်ကို အစကတည်းက ခေါ်ပါလား မေရယ်၊ အခုတော့ မေ့မှာ အလုပ်တွေပိနေလွန်းလို့ ဒီလိုကြီး အိပ်ရာထဲ လဲတဲ့အထိ နေမကောင်းဖြစ်ရတာပေါ့၊ ကိုယ် စိတ်မကောင်းဘူး"





ကြည့်စမ်း ... ဘယ်လောက်ကျေနပ်စရာကောင်းတဲ့ ဘဝလဲ၊ ငါချစ်တဲ့သူကို ငါ့အရိပ်ထဲ ပြန်ခေါ်ခွင့်ရပြီ။ သည်တစ်ပွဲမှာ ယမင်းကို ငါနိုင်ပြီ။ တခြားသူတွေအားလုံးကိုလည်း နိုင်အောင် ခံတိုက်ဖို့ ငါ့နံဘေးမှာ လင်းခေးဆိုတဲ့ အားကိုးထိုက်တဲ့ လူတစ်ယောက် ရောက်နေခဲ့ပြီ။ မေသည် ရင်ဘတ်ထဲက တဒိတ်ဒိတ် ဆောင့်ခုန်လောက်အောင် မောဟိုက်နွမ်းနယ်သည့် ဝေဒနာကို ခံစားနေရသည့်ကြားက မေ့ရဲ့မေတ္တာတွေကို မလျှော့ချင်သေးချေ။

"မေ့မှာ ကိုလင်းခေး ပြောသလို အခက်အခဲတွေ အများကြီး ရှိနေခဲ့ပြီ၊ မေ့ကို အရင်ကလို ကူညီပါဦး၊ မေက မေ့ဝါသနာကို အောင်မြင်အောင်လုပ်မယ်၊ ကိုလင်းခေးက ဒယ်ဒီပေးခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေကို အရင်ကလိုဦးစီးပြီး လုပ်ပေးရင်း မေ့ကို ကူညီစောင့်ရှောက်ပါနော်၊ မေ တစ်ယောက်တည်း လုပ်လာရတာ ကြာတော့ ပင်ပန်းလှပြီ၊ မေ့အတွက် ကိုလင်းခေး တစ်ယောက်ကိုပဲ အားကိုးစရာ ရှိတော့တယ်"

"ဘယ်တော့လောက်အထိ အားကိုးမှာလဲ မေ"

သူမသည် အရင်က တွေ့ရလေ့ရှိသော မာနကြီး မောက်မာသည့် မျက်ဝန်းများ၊ အမူအရာများ ရှိမနေခဲ့တာက အံ့ဩစရာပင်။ ပြီးတော့ ပိုပြီး အံ့ဩစရာကောင်းတာက သူမ၏ ရှက်ရွံ့စွာပြုံးသော အမူအရာကလေးတည်း။ သူ့ရှေ့မှာ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မပြိုးဖူးသော ရက်စွဲ့သည့် ဟန်ပန်ဖြင့် ပြုံးသည့်အပြုံးကြောင့် သူသည် တစ်စုံတစ်ရာကို နားလည်သလိုလို ရှိလာခဲ့တော့သည်။ လောကကြီးဟာ အံ့သြစရာကောင်းလောက်တာ။ မေ့ဆီက အချစ်ဆိုသောအရာကို တစ်သက်လုံး မရနိုင်တော့ဘူးလို့ ထင်ထားခဲ့တာ။ အခုတော့ သူက ပိုင်ဆိုင်ရတော့မတဲ့။

"အမှန်ပြောရရင် ကိုလင်းခေး မေ့အနားမှာ ရှိနေချိန်၊ မေ့ပတ်ဝန်းကျင်မှာ ရှိနေချိန်ဆိုရင် မေ့ဘဝက နွေးထွေးတယ်၊ လုံခြုံတယ်၊ လှပတယ်၊ အပူအပင်တွေလည်း ကင်းမဲ့သလိုပဲ ခံစားရတယ်၊ ဒါကြောင့် ဖြစ်နိုင်ရင် မေ့ကို တစ်သက်လုံး အားကိုးခွင့် ပေးစေချင်တယ်"

ဘုရား ... ဘုရား၊ မေက သူ့ကို တစ်သက်လုံး အတွက်တောင် ရည်မှန်းသတဲ့။ ဘာတွေပြောင်းလဲသွားပြီလဲ မေ။ ပြောင်းလဲတော့ ဘာဖြစ်သလဲ။ မေ့အချစ်ကို ပိုင်ဆိုင်ရရင် သူ့အတွက် အရာရာကို ဂရုစိုက်စရာမှ မလိုတော့တာ။

"မေ့မှာ အခုဆို မေ့အမွေတွေကို လုယူမယ့်သူတွေနဲ့လည်း ရင်ဆိုင်နေရပြီ။ မေက သူတို့ကို မရှုံးချင်ဘူး၊ နိုင်ချင်တယ်၊ အဲဒီလိုနိုင်ဖို့ မေ့ကို နံဘေးကနေ အားပေးမယ့် ကိုလင်းခေး ရှိမှဖြစ်မယ်၊ မေ အဲဒါတွေ နောက်တော့ ပြောပြမယ်နော်၊ အခု မေ အသိချင်ဆုံး အရာက ကိုလင်းခေး မေ့ကို တစ်ဘဝလုံးအတွက် အားကိုးခွင့် ပေးမှာလား"





"အဲဒီလို မမေးပါနဲ့ မေ၊ ကိုယ်က ပြန်မေးရမှာပါ၊ မေက ကိုယ့်ကို တစ်ဘဝလုံးအတွက် အားကိုးပါ၊ ကိုယ့်ကို မေ့ဘဝလုံခြုံအောင် စောင့်ရှောက်ခွင့်ပေးပါလို့ ပြန်မေးရမှာပါ"

"ဒါဆိုရင် ယမင်းကကော"

"သူက ကိုယ့်သူငယ်ချင်းပဲ၊ ကိုယ်ချစ်တာ မေတစ်ယောက်တည်းပဲရှိတယ်၊ ယုံရဲ့လား"

"အင်း ... ယုံရမှာပေါ့"

သူသည် မေ့ဆီမှစကားကို သိပ်တော့မကျေနပ်ပါ။ သို့သော် ခွင့်လွှတ်ပြီးသားမို့ အပြစ်မယူချင်တော့ပါ။ အကယ်၍ မေသည် သူမ၏ဖခင်နဲ့ သူတို့ရဲ့အလောင်းအစားကိစ္စကိုသာ သိသွားခဲ့လျှင် သူ့ကို သည့်ထက်တောင်ပို၍ မယုံတော့မှာ သေချာသည်။ ရှုံးကြေးကြောင့်၊ ဦးကျော်ဆွေကို ပေးထားသော ကတိကြောင့်၊ ကတိမပျက်လိုသော ယောက်ျားတစ်ယောက် ဖြစ်လိုသောကြောင့် သူမ၏ဘဝကို စောင့်ရှောက်ပေးသည်ဟု ထင်ဦးမည်။ သူ့အချစ်ကို အထင်သေးဦးမည်။ သူမ၏မာနများဖြင့် သူ့ကိုမုန်းတီးဟန်ပြဦးမည်။

"မေက ယောက်ျားတစ်ယောက်ကို အားကိုးရမှာ အင်မတန်ဝန်လေးတဲ့ မိန်းမပါ၊ ဒါပေမဲ့ လက်တွေ့မှာ တကယ်ပဲ အားကိုးဖို့ လိုအပ်လာပြီဆိုတာ မေ သိလိုက်ပါပြီ၊ ဒါကြောင့် ကိုလင်းခေးကို စိတ်ချယုံကြည်စွာ အားကိုးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကတိတည်တဲ့ ယောကျ်ားတစ်ယောက်ပါ"

လင်းခေးသည် သူ့ဘဝမှာ အမှန်တကယ် ကတိတည်ခဲ့ကြောင်း မေဂန္ဓဝင်အား ပြောပြလိုသော်လည်း ထိုသို့ကတိတည်ခဲ့ရခြင်း၏ အကြောင်းရင်းကို တစ်သက်လုံး နှုတ်ပိတ်ထားဖို့ ဆုံးဖြတ်ခဲ့လေသည်။

မေဂန္ဓဝင်သည် သူမဘဝ၏ ကြီးမြတ်သော ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရလိုက်ခြင်းအတွက် အရာရာကို ထိမထင်စွာ ပြုံးပြလိုက်သည်။ တကယ်တော့ တစ်စုံတစ်ယောက်ရဲ့ဘဝမှာ စူးရှ၍ နက်ရှိုင်းသော အချစ်စိတ်က ဝင်ရောက်ကြီးစိုးလာခဲ့ပြီဆိုရင် ကိုယ့်ချစ်သူကို ဘယ်နည်းနဲ့မဆို ပိုင်ဆိုင်ရအောင် ကြိုးစားလိုသော ဆန္ဒသည် စိတ်အားထက်သန်ကြစမြဲဆိုတာ သူမ ကောင်းကောင်းကြီး နားလည်သွားခဲ့ပြီ။

ရွှင်မိုး

(ဆေးတက္ကသိုလ်)

7:30 P.M.

24th April.

Monday, 1995.

www.burmeseclassic.com